# April to June 2026

"The Parables of Jesus"

*by Rev Dr Quek Suan Yew*

-------------------------------------------------------

ဗုဒ္ဓဟူး၊ ဧပြီ (၁)
**မသဲ ၁၃း၁-၉**
ကျက်မှတ်ရန်၊ မသဲ ၁၃း၉

*"ထိုအခါ ဥပမာ စကားများတို့ကို မြွက်ဆိုတော်မူသည်"*

## ဥပမာ ဆိုသည်မှာ အဘယ်နည်း

ဥပမာ ဆိုသည်မှာ ဝိညာဉ်ဆိုင်ရာ သွန်သင်ချက်ပါသည့် ပုံပြင်အတို ဖြစ်ပါသည်။ ခရစ်ဝင်ကျမ်းများထဲမှ ဥပမာတို့သည် ခရစ်တော် ခေတ်ကာလရှိ ဣသရေလလူတို့၏ နေ့စဉ် အသက်တာ၌ ခြေခံသော စစ်မှန်သည့် အဖြစ်အပျက်များဖြစ်ပါသည်။ ကောင်းကင်နှင့်ဆိုင်သည့် အနက်အဓိပ္ပါယ် ရှိသော လောကပုံပြင်ဟု ဥပမာကို ဖော်ညွှန်းတတ်ကြပါသည်။ ထို့ကြောင့်၊ ဥပမာသည် ထာဝရနှင့် ဆိုင်သော သမ္မာတရားကို သွန်သင်ဖော်ပြသည့် နေ့စဉ် ဖြစ်ပျက်သည့် အမှုများပင်ဖြစ်ပါသည်။ ပုံဥပမာများကို များစွာသောလူတို့သည် ထိုဥပမာ၏ တန်ဖိုးရှိလှသော သမ္မာတရားကို မလေ့လာဘဲ၊ တစုံတရာ ဖော်ပြချက် အတွက်သာ အသုံးပြုတတ်ကြပါသည်။

"ဥပမာ" ဟု ဘာသာပြန်သည့် ဂရိစကားလုံး၏ အဓိပ္ပါယ်မှာ တစုံတခုနှင့် နှိုင်းယှဉ်ဖို့ရန် "အပြိုင်ထားခြင်း" (သို့) "ဘေးနား၌ ထားခြင်း" ဖြစ်ပါသည်။ ထို့ကြောင့်၊ ကျမ်းစာထဲမှ ပုံဥပမာများ သည် ဝိညာဉ်နှင့်ဆိုင်သော သမ္မာတရားနှင့် နှိုင်းယှဉ်လျက် ဖော်ပြသော နေ့စဉ် အဖြစ်အပျက်များ ဖြစ်ပါသည်။ တနည်းအားဖြင့်၊ ဥပမာ ဆိုသည်မှာ ပို၍ ရှည်လျားသော နှိုင်းယှဉ်ချက် ဟုဆိုနိုင်ပါ သည်။ နှိုင်းယှဉ်ချက်မှကား၊ "သူသည် ဝက်ကဲ့သို့ အစာ စားသည်" ဟူ၍ဖြစ်ပါသည်။ ထိုသူ၏ အစာ စားပုံကို ဝက်နှင့် ခိုင်းနှိုင်းလျက် "ကဲ့သို့" ဟူသော စကားဆက်ကို အသုံးပြုထားပါသည်။ ထိုခိုင်းနှိုင်းချက်ကို စကားလုံးများစွာ အသုံးပြုခြင်းဖြင့် ဖော်ပြခြင်းကို ပုံဥပမာ ဟုခေါ်ပါသည်။ ထို့ကြောင့်၊ ခရစ်တော်၏ ဥပမာစကားများတွင်၊ "ကောင်းကင်နိုင်ငံတော်သည် . . . နှင့်တူသည်" ဟူသော စကားစုကို အသုံးပြုလေ့ရှိ၏။ ဥပမာတိုင်းကို ထိုစကားစုဖြင့် အစ မပြုခဲ့ပါ (ဥပမာ၊ လုကာ အခန်းကြီး ၁၆ ၌တွေ့ရသော၊ မတရားသော ဘဏ္ဍာစိုးဥပမာ၊ သူဌေးကြီးနှင့်လာဇရု)။ သို့သော်လည်း၊ အဓိကအချက်သည် ထိုဥပမာ၌ ဖော်ပြထားသော အချက်အလက်ပင်ဖြစ်ပါသည်။

အဓိက သင်ခန်းစာကို ဥပမာ၏ နိဂုံးတွင် တွေ့ရတတ်ပါသည်။ ပုံဥပမာတွင် အဓိက ကျသော စကားလုံးများနှင့် ပုံဖော်သော စကားလုံးများ ပါဝင်တတ်ကြပါသည်။ ထို့ကြောင့်၊ အနက် ဖွင့်သောသူသည် ထိုနှစ်မျိုးကို ခွဲခြားတတ်ဖို့လိုပါသည်။ သို့မဟုတ်လျှင်၊ မှားယွင်းစွာ အနက်ဖွင့် မိပါလိမ့်မည်။ ဥပမာစကားများသည် ဝိညာဉ်နှင့်ဆိုင်သော သမ္မာတရားကို သွန်သင်ဖို့ရန် နေ့စဉ် ဖြစ်ပျက်သောအမှုကို ယေရှု အသုံးပြုခြင်း ဖြစ်သောကြောင့်၊ အချို့သော ဥပမာ၌ တွေ့ရသော မသင့်လျော်သည့် အပြုအမူနှင့် စိတ်သဘောတို့သည် အဓိက ဖော်ပြလိုသောအချက် မဟုတ်ကြောင်း သိထားဖို့လိုပါသည်။ ဥပမာအားဖြင့်၊ ငှက်တို့သည် လာစားကြမည်ကို သိလျက်ပင်၊ အဘယ်သူသည် လမ်း၌ မျိုးစေ့ကို ကြဲပါလိမ့်မည်နည်း။ ဖြုန်းတီးရာရောက်၏။ မတရားသော ဘဏ္ဍာစိုး ဥပမာသည် မကောင်းမှုကို အားပေးသလိုဖြစ်ပါလိမ့်မည်။

ဥပမာက သမ္မာတရားကို လွယ်ကူစွာ မှတ်သားစေတတ်၏။ ဥပမာက ပေးသော ဝိညာဉ် သမ္မာတရားကို သင်မိပြီ ဆိုလျှင်၊ ထိုဥပမာအားကို အောက်မေ့ခြင်းဖြင့် ထိုသမ္မာတရားကို အစဉ် သတိရတတ်၏။ မေ့ခဲ့သောအရာကို လိုက်လျှောက်၍ မရပါ။ ဥပမာစကားများကြောင့် ဘုရားသခင် အား ကျေးဇူးတင်ပါ၏။

**ဆင်ခြင်ရန်** - ယေရှု မြွက်ဆိုသော ဥပမာစကားများကို ကျွန်တော် နှစ်သက် လေ့လာလိုပါ သလား။
**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်၏ ဥပမာစကားများကို နာခံခြင်း စိတ်နှလုံးဖြင့် နားလည်းသဘောပေါက်မည်အကြောင်း ဉာဏ်ပညာ ပေးသနားတော်မူပါ။

အင်္ဂါ၊ ဇွန် (၃၀)
**လု ၁၈း၉-၁၄**
ကျက်မှတ်ရန်၊ လု ၁၈း၁၄

*"ကိုယ်ကိုကိုယ် ချီးမြှောက်သောသူမည်သည်ကား၊ နှိမ့်ချခြင်းသို့ ရောက်လတံ့။ ကိုယ်ကိုကိုယ် နှိမ့်ချသောသူမည်သည်ကား၊ ချီးမြှောက်ခြင်းသို့ ရောက်လတံ့"*

## မိမိကိုယ်ကို ဖြောင့်မတ်စေခြင်း ဥပမာ၊ အခွန်ခံ

အခွန်ခံသည် ဘုရားသခင်ထံချဉ်းကပ်ရာတွင် အဝေး၌ရပ်နေခြင်းဖြင့် စတင်၏။ သူသည် မိမိကိုယ်ကို မထိုက်တန်သူဟု ခံစားရသောကြောင့် ဘုရားသခင်နှင့် နီးနီးကပ်ကပ် မသွားဝံ့ပေ။ သူသည် ယုဒလူတို့တွင် အနိမ့်ကျဆုံးသောသူ ဖြစ်ကြောင်း သိ၏။ ရောမလူမျိုး အုပ်စိုးသူများထံတွင် အခွန်ခံအဖြစ် အမှုထမ်းသောကြောင့် ယုဒလူတို့က သူ့ကို အမျိုးသား သစ္စာဖောက်အဖြစ်သတ်မှတ်ကာ အထင်သေး ခံရပါသည်။ သူသည် ယုဒလူ့အဖွဲ့အစည်းတွင် မည်သည့် အဆင့်အတန်းမျှမရှိသော၊ အမှိုက်သရိုက် ကဲ့သို့ဖြစ်၏။ သူကိုယ်တိုင်ကပင် မိမိကိုယ်ကို ထိုသို့မြင်ထားပုံရပါသည်။ သူသည် ထိုအရပ်တွင် ရပ်နေစဉ်၊ မျက်စိသည် ကောင်းကင်သို့ မျှော်ကြည့်သော်လည်း ကိုယ်ကိုမူ ညွှတ်ကျလျက်ရှိ၏။ သူ့အမူအရာမှာ သန့်ရှင်းသော ဘုရားသခင်ရှေ့မှောက်တွင် မထိုက်တန်သောသူ၊ နိမ့်ကျသောကျွန်ကဲ့သို့ ဖြစ်၏။ သူသည် အလွန်ဝမ်းနည်းပူဆွေးသောသူကဲ့သို့ မိမိ၏ရင်ဘတ်ကို ထုလျက်နေ၏။ သူ၏အော်ဟစ်သံက သူ၏ကျိုးပဲ့သောစိတ်ကို ဖော်ပြလျက်နေ၏၊ "အို ဘုရားသခင်၊ အပြစ်များသော အကျွန်ုပ်ကို သနားခြင်း ကရုဏာစိတ် ရှိတော်မူပါ" (လု ၁၈း၁၃)။

သူ၏ဆုတောင်းချက်သည် မိမိ၏ကြီးမြတ်မှု မဟုတ်ဘဲ၊ ဘုရားသခင်၏ကြီးမြတ်မှုကိုသာ အလေးပေးထားပါသည်။ ဘုရားသခင်၏ ဂရုဏာတော်သာ မရှိလျှင်သူသည် အသက်ရှင်နိုင်မည် မဟုတ်ကြောင်း သိသဖြင့်၊ ဂရုဏာတော်ကို တောင်းခံခဲ့ပါသည်။ ဘုရားသခင်၏ ဂရုဏာတော်ကြောင့်သာ သူသည် အဝေးကရပ်လျက်၊ ကောင်းကင်သို့မျှော်ကြည့်၍ ဘုရားသခင်ရှေ့တော်၌ ရှိနေနိုင်ကြောင်း ဝန်ခံခဲ့ပါသည်။

ထိုအချက်ပင်လျှင် ယေရှု၏ ချီးကျူးခြင်း ခံထိုက်ပေသည်။ "ငါဆိုသည်ကား၊ ထိုသူသည် အပြစ်ပြေလျက် မိမိအိမ်သို့ ပြန်သွား၏။ ဖာရိရှဲမူကား အပြစ်မပြေ။ အကြောင်းမူကား၊ ကိုယ်ကိုကိုယ် ချီးမြှောက်သောသူမည်သည်ကား၊ နှိမ့်ချခြင်းသို့ ရောက်လတံ့။ ကိုယ်ကိုကိုယ် နှိမ့်ချသောသူမည်သည်ကား၊ ချီးမြှောက်ခြင်းသို့ ရောက်လတံ့ဟု မိန့်တော်မူ၏။" အခွန်ခံသည် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်သောသူ အဖြစ် သတ်မှတ်ခြင်းခံရလျက် အိမ်သို့ပြန်သွား၏။ သူသည် ဒုတိယမွေးဖွားခြင်းကို ခံရပြီ။ တစ်ဖက်တွင်၊ ဖာရိရှဲသည် မိမိကိုယ်ကို မဖြောင့်မတ်မှန်း မသိဘဲလျက် အိမ်သို့ပြန်သွားသည်။ သူသည် ဒုတိယမွေးဖွားခြင်း မခံရပေ။ သူသည် အခွန်ခံကဲ့သို့ နောင်တမရ၊ မိမိကိုယ်ကို မနှိမ့်ချလျှင် မကြာမီ မိမိအပြစ်၌သေဆုံးလျှင် ငရဲသို့ ရောက်လိမ့်မည်။ ထိုအချက်သည် ကျမ်းစာကျောင်းနှင့် ဓမ္မကောလိပ်အချို့၌ ကျမ်းစာ သင်ပေး နေရုံမျှဖြင့် ဒုတိယမွေးခြင်းခံရပြီဟုထင်မှတ်နေကြသည့် ဘာသာရေးအလေ့အထ၏ဆိုးကျိုးဖြစ်ပါသည်။ သူတို့၏မာနထောင်လွှားမှုက သူတို့ကို အပြစ်တင်လျက်ရှိ၏။ သူတို့သည် ခေတ်သစ်ဖာရိရှဲများပင် ဖြစ်၏။

ဒုတိယမွေးဖွားခြင်းခံရပြီးသော ယုံကြည်သူတစ်ဦး၏ စိတ်နေသဘောထားမှာ နှိမ့်ချခြင်းဖြစ်သည်။ သူသည် မိမိ၏ သခင် ကယ်တင်ရှင်ဖြစ်သော ယေရှုခရစ်တော်ကိုသာ ချီးမြှောက် ဂုဏ်ပြု၏။ သူသည် အခွန်ခံကဲ့သို့ပင် လုံးဝမထိုက်တန်သော အပြစ်သားတစ်ဦးဖြစ်သော်လည်း ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းခံရပြီး ဂရုဏာတော်ကြောင့်သာ အသက်ရှင်နေခြင်းဖြစ်ကြောင်း သိပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဖာရိရှဲလော၊ အခွန်ခံလော။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်တော်၏ကျေးဇူးတော်နှင့်ဂရုဏာတော် သက်သက်ကြောင့်သာ အကျွန်ုပ်သည် ပျက်စီးခြင်းသို့ မရောက်ရခြင်းဖြစ်ကြောင်း အစဉ် မမေ့လျော့ဘဲနေလိုပါ၏။



ကြာသပတေး၊ ဧပြီ (၂)
**မသဲ ၁၃း၁၀-၁၇**
ကျက်မှတ်ရန်၊ မသဲ ၁၃း၁၁

*"သူတို့သည် မြင်လျက် မမြင်၊ ကြားလျက် မကြား"*

## အဘယ်ကြောင့် ဥပမာစကား မြွက်ဆိုပါသနည်း

တပည့်တော်များက ယေရှုအား၊ "အဘယ်ကြောင့် ဥပမာကို ဆောင်၍ ဤလူတို့အား ဟောပြောတော်မူသနည်း" (မသဲ ၁၃း၁၀) ဟု မေးလျှောက်ကြ၏။ ယေရှုက ထိုသို့ ဥပမာ ဆောင်၍ ဟောပြောရခြင်းအကြောင်း၏ ရည်ရွယ်ချက် နှစ်ခုကို ဤသို့ ဖော်ပြခဲ့ပါသည်။ မသဲ ၁၃း၁၁၊ "သင်တို့သည် ကောင်းကင်နိုင်ငံတော်၏ နက်နဲသောအရာတို့ကို သိရသောအခွင့်ရှိကြ၏။ ထိုသူတို့မူကား အခွင့် မရှိကြ။"

ပထမ ရည်ရွယ်ချက်မှာ ဒုတိယမွေးဖွားခြင်း ခံရသောသူများ အတွက်ဖြစ်ပါသည်။ သူတို့ သည် ဒုတိယမွေးဖွားခြင်းခံရသော ယုံကြည်သူများဖြစ်ကြလျှင်၊ ဥပမာအားဖြင့် သွန်သင်ခဲ့သော ဝိညာဉ် သင်ခန်းစာကို သိလိုခြင်း ရှိကြပါလိမ့်မည်။ မသဲ ၁၃း၁၂၊ "အကြင်သူသည် ရတတ်၏။ ထိုသူ၌ ကြွယ်ဝပြည့်စုံစေခြင်းငှါ ပေးဦးမည်။ အကြင်သူသည် ဆင်းရဲ၏၊ ထိုသူ၌ ရှိသမျှကိုပင် နှုတ်လိမ့်မည်။" ဘုရားသခင် နှုတ်ကပတ်တရားတော်၏ အချိုသော ကျမ်းချက်ကဲ့သို့ပင်၊ ဥပမာစကား ၏ ဝိညာဉ်သင်ခန်းစာများကို အစဉ် နားမလည် ခဲ့ကြသည့်တိုင်၊ သူတို့သည် အားလျော့မည် မဟုတ်ပါ။ သူတို့သည် ဥပမာဆောင်၍ ဖော်ပြသော ထိုဘုရားသခင် တရားတော်၏ အနက်ကို ဆုတောင်း လျက်၊ ကြိုးစား ဆင်ခြင် လေ့လာ ပါလိမ့်မည်။ ထိုအချက်အားဖြင့် ယုံကြည်သူ၏ ကယ်တင်ခြင်း ခံရခြင်းအကြောင်းကို သက်သေပြတော်မူ၏။ ကောင်းကင်ဘုံရှိ အဖဘုရား၏ သွန်သင်ချက် သိလို ခြင်းသည် သူတို့၌ ကိန်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော် ပြုသော အမှုဖြစ်ပါသည်။ နာခံခြင်းရှိသော သားသမီးသည် အဖဘုရား၏ သွန်သင်ချက်ကို သိလိုခြင်း မရှိဘဲ၊ နာခံလိုခြင်း မရှိဘဲ၊ နေမည်လော။

ဒုတိယ ရည်ရွယ်ချက်မှာ၊ ပထမအချက်နှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ အပြစ်တင်ခြင်း ဖြစ်ပါသည်။ မသဲ ၁၃း၁၃၊ "ထိုကြောင့် သူတို့သည် မြင်လျက်မမြင်၊ ကြားလျက် မကြား၊ အနက်ကို လည်း နားမလည်သောကြောင့် ဥပမာကို ဆောင်၍ ငါဟောပြော၏။" ဥပမာစကားသည် ကယ်တင် ခြင်း ခံရသောသူအတွက် သက်သေ ဖြစ်သကဲ့သို့၊ မရသောသူကို အပြစ်တင်လျက်ရှိပါသည်။ သူတို့သည် သတင်းကောင်းကို ကြားကြသကဲ့သို့၊ ဥပမာအားဖြင့် ခရစ်တော် သွန်သင်တော်မူချက်ကို နားလည်ခဲ့သော်လည်း၊ လက်မခံဘဲ၊ ငြင်းပယ်ခဲ့ကြပါသည်။ အကြောင်းမှာ၊ သူတို့ကြားသိသောတရားကို မယုံကြည်ခဲ့ကြပါ။ ထို့ကြောင့်၊ တရားစီရင်ရာနေ့တွင် သူတို့၏ စိတ်နှလုံးက သူတို့ကို အပြစ်တင် ပါလိမ့်မည်။ သူတို့က ကျွန်တော်တို့ နားမလည်ဟု အမှန် ဆိုနိုင်ခဲ့ကြလျှင် ဘုရားသခင်သည် သူတို့ အား မည်သို့ အပြစ်တင် နိုင်လိမ့်မည်နည်း။

ယုံကြည်သူများသည် အစဉ် နားမလည် ခဲ့ကြသော်လည်း၊ နောက်ဆုံးတွင် နားလည် ကြလိမ့်မည်။ မယုံကြည်သူများသည် မယုံကြည်ကြသောကြောင့် နားလည်မည် မဟုတ်။ သူတို့သည် ငြင်းပယ်သောကြောင့်၊ နားလည်သောအရာကိုပင် လုယူခြင်း ခံရကြမည်။

**ဆင်ခြင်ရန်** - ကျွန်တော်သည် မိမိအပြစ်များမှ အမှန်နောင်တရလျက်၊ ယေရှုကို အမှန် ယုံကြည်ပါသလား။

**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်ကို ချစ်လျက် နှုတ်ကပတ်တရားတော်ကို အစဉ် နှစ်သက်မည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဧပြီ (၃)

**မသဲ ၁၃း၁-၂၃**

ချက်မှတ်ရန်၊ မသဲ ၁၃း၁၉

*"နိုင်ငံတော်၏ တရားတော်ကို ကြား၍နှလုံး မသွင်းသည်ရှိသော်"*

## လမ်း၌ အစေ့ကို ကြဲခြင်း (၁)

ယနေ့ ခေတ်သစ် စိုက်ပျိုးခြင်းနှင့်မတူဘဲ၊ ထိုခေတ် စိုက်ပျိုးရေးသမားများသည် လယ်ကို ထွန်ယက်ပြီးမှ မျိုးစေ့ကို ကြဲတတ်ကြပါသည်။ လယ်ကွက်သည် ကျယ်သောအခါ၊ ကြားထဲ၌ လူသွားလမ်းများ ရှိဖို့လိုအပ်ပါသည်။ ထိုလမ်းများကို နှစ်ချီ နင်းဖန်များ လာသောအခါ မာကြောလာခဲ့ပါသည်။ ထို့ကြောင့်၊ မျိုးစေ့ ကြဲသောအခါ၊ အချို့သည် ထိုမာကြောသော လမ်းပေါ်၌ ကျလေ့ရှိ၏။ ထိုအခါ၊ ငှက်တို့သည် လာ၍ ကောက်စားခဲ့ကြပါသည်။ မသဲ ၁၃း၄၊ "အစေ့ကို ကြဲသည်တွင်၊ အချို့သောအစေ့တို့သည် လမ်း၌ကျသဖြင့် ငှက်တို့သည် လာ၍ ကောက်စားကြ၏။"

လမ်း၌ အစေ့ကြဲခြင်း အဓိပ္ပါယ်ကို ယေရှုက ဤသို့ ရှင်းပြတော်မူခဲ့ပါသည်၊ မသဲ ၁၃း၁၉၊ "လမ်း၌ အစေ့ကို ကြဲခြင်းအကြောင်းအရာကား၊ နိုင်ငံတော် တရားစကားကို ကြား၍ နှလုံးမသွင်းသည် ရှိသော်၊ နတ်ဆိုးလာ၍ ကြဲသော အစေ့ကို နှုတ်ယူတတ်သည်ဟု ဆိုလိုသတည်း။" အစေ့များက နိုင်ငံတော်နှင့်ဆိုင်သော တရားစကားကို ဆိုလိုပါသည်။ မာကြောသော လမ်းက ကြားနာလျက် နားမလည်သူကို ဆိုလိုပါသည်။ ထိုတရား မျိုးစေ့ကို ကောက်စားသော ငှက်များက ကြားနာသောသူ၏စိတ်နှလုံးထဲ၌ ကြဲထားသော ထိုတရားကို နှုတ်ယူသွားသော နတ်ဆိုးကို ဆိုလိုပါသည်။ ထိုနတ်ဆိုးသည် မာရ်နတ်ဖြစ်၏။ မသဲ ၁၃း၁-၉ ၌တွေ့ရသော မြေ လေးမျိုးက ဘုရားသခင်၏ နှုတ်ကပတ်တော် လူတို့၏ ခံယူခြင်း လေးမျိုးကို ဆိုလိုပါသည်။ မသဲ ၁၃း၉၊ "ကြားစရာနားရှိသော သူမည်သည်ကား ကြားပါစေ။"

လူတဦးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားနာသောအခါ၊ တုန့်ပြန်မှု တခုခု ပြုဖို့ရန် အထိုက်အသင့် နားလည်ခြင်း ရှိကြောင်း တွေ့ရပါသည်။ ယေရှုက၊ နှလုံးထဲ၌ ကြဲသော အစေ့ဟု ဖော်ပြတော်မူခဲ့ပါသည်။ သို့သော်လည်း၊ ကျွန်တော် စိတ်မဝင်စား၊ မယုံကြည်၊ ထိုတရားကို ကျွန်တော် သဘောမတူ၊ စသဖြင့် တုန့်ပြန်သောအခါ၊ ထိုသူသည် မာကြောသော လမ်းနှင့်တူ၏။ ထိုသူသည်၊ ဘုရားကျောင်း တတ်ခြင်း၊ ကျမ်းစာ ဖတ်ခြင်းကို စိတ်မဝင်စားသော အပြစ်သားနှင့် မတူဘဲ၊ ဘုရားကျောင်းလည်း တတ်၏၊ ကျမ်းစာ လေ့လာ သင်ကြားခြင်း၌လည်း ပါဝင်တတ်ပါသည်။ သို့သော်လည်း၊ ထိုသူ၏ စိတ်ဝင်စားမှုသည် အမှန် မဟုတ်။ ထို့ကြောင့်၊ ဘုရားသခင်၏ သမ္မာတရားကို သင်ကြားသောအခါ၊ လက်မခံဘဲ ငြင်းပယ်ခြင်း ဖြစ်ပါသည်။ ထိုငြင်းပယ်ခြင်းသည် သူ့ စိတ်နှလုံးထဲမှ ငြင်းပယ်ခြင်း ဖြစ်သောကြောင့်၊ အပြင်ပိုင်းတွင်၊ ထိုသူသည် ဘုရားကျောင်း တတ်ပြီး၊ ကျမ်းစာ လေ့လာ သင်ကြားခြင်း၌ ပါဝင်သောကြောင့် လူတို့က ယုံကြည်သူဟု ထင်မှတ် တတ်ကြပါသည်။

ဤ "လမ်း" မြေက မိမိကိုယ်ကိုနှင့် သူတပါးကို လှည့်စားလျက်ရှိသော၊ အမည်ခံ ယုံကြည်သူများအား ထိုသို့ လှည့်စားခြင်း မပြုဖို့ သတိပေးလျက်ရှိပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ဟန်ဆောင်ခြင်းကို ကျွန်တော် ရပ်တန့်လိုပါသလား။

**ဆုတောင်းချက်-** အို အဖဘုရား၊ အကျွန်ုပ်သည် ဟန်ဆောင်ခြင်း ကင်းလျက်၊ ကိုယ်တော်၏ သန့်ရှင်းသော နှုတ်ကပတ်တရားတော်ကို နားထောင် နှလုံးသွင်းမည်အကြောင်း မစတော်မူပါ။



တနင်္လာ၊ ဇွန် (၂၉)

**လု ၁၈း၉-၁၄**

ချက်မှတ်ရန်၊ လု ၁၈း၁၁-၁၂

*"အကျွန်ုပ်သည် ခုနစ်ရက်တွင် နှစ်ရက် အစာရှောင်ပါ၏။ ဥစ္စာရှိသမျှတို့ကို ဆယ်ဘို့တဘို့ လှူပါ၏"*

## မိမိကိုယ်ကို ဖြောင့်မတ်စေခြင်း ဥပမာ၊ ဖာရိရှဲ

မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ထင်မှတ်ခြင်းသည် အလွန်ကြောက်စရာကောင်းသော အပြစ်ဖြစ်သည်။ အချို့က ၎င်းကို စိတ်ဖြင့်ပြစ်များသော အပြစ်များထဲတွင် အဆိုးရွားဆုံးဟု သတ်မှတ်ထားသည်။ မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ယူဆသူသည် မိမိ၏ကောင်းမှုကုသိုလ်များ အပေါ်အားကိုး၍ ကောင်းကင်နိုင်ငံသို့ဝင်ရောက်မည်ဟု ယုံကြည်တတ်၏။ သူသည် အခြားသူများကို အပြစ်သားများ၊ ကောင်းကင်နိုင်ငံနှင့် မထိုက်တန်သူများအဖြစ် အထင်သေးတတ်ပြီး သူတဦးတည်းသာလျှင် ကောင်းကင်ဘုံသို့ဝင်ရန် လုံလောက်သောအရည်အချင်းရှိသည်ဟု ထင်မှတ်တတ်၏။

ထိုသူသည် ကယ်တင်ခြင်းရရှိခြင်းကို၊ ယေရှုလက်ထက်က ယုဒလူတို့၏ "ဘာသာရေး ရဲများ" ဖြစ်သော ဖာရိရှဲများကဲ့သို့၊ ခရစ်ယာန် ကောင်းမှုများဖြင့် တိုင်းတာ၏။ ဖာရိရှဲတို့သည် ကျမ်းစာကို ကောင်းစွာသိသည်ဟု သူတို့ဘာသာ ထင်မှတ်ပြီး၊ ကျမ်းစာကို သင်ကြားပေးသူများဖြစ်၍ ကောင်းကင်နိုင်ငံသို့ ဝင်ရမည်ဟု ယုံကြည်ကြသည်။ သူတို့သည် ယုဒလူတို့၏ အပြုအမူများကို စောင့်ကြည့်စစ်ဆေးကြသည်။ ဥပမာအားဖြင့်၊ ဥပုသ်နေ့ကို သန့်ရှင်းစွာ စောင့်ထိန်းခြင်း ကဲ့သို့သော သူတို့နားလည်ထားသည့် ဘုရားသခင်၏ပညတ်တရား ဖောက်ဖျက်သူ မှန်သမျှကို ထောင်ချခြင်း၊ ရိုက်နှက်ခြင်းဖြင့် အပြစ်ပေးကြသည်။ သူတို့၏ဖြောင့်မတ်မှုသည် သူတို့ ဝေဖန် စီရင်ခဲ့သော ယုဒလူချင်းတို့နှင့် နှိုင်းယှဉ်လျက် မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု သတ်မှတ်ခြင်းပင်ဖြစ်ပါသည်။ သူတို့ အထင်သေးသောသူများထက် သူတို့ ပို၍ သန့်ရှင်းသည်ဟု ခိုင်မာစွာ ယူဆထားကြ၏။

ယနေ့တွင်လည်း ရှေးရိုးစွဲဆန်လွန်းသော အသင်းတော်များတွင် ဤအပြုအမူများကို တွေ့နေရသည်။ ဥပမာအားဖြင့်၊ သခင်ဘုရား၏နေ့ကို သန့်ရှင်းစွာ စောင့်ထိန်းရန်အတွက် လူတို့ဖန်တီး သော လုပ်ရမည့်အရာနှင့် မလုပ်ရမည့်အရာ ဟူ၍ စည်းကမ်းချက်များ ထားရှိကြသည်။ ဤ ခေတ်သစ် ဖာရိရှဲများသည် အသင်းသားများကို ထိုစည်းကမ်းများဖြင့် စစ်ဆေးကာ မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ထင်မှတ်လျက် စီရင်ကြသည်။ သူတို့သည် ဘာသာရေးရဲများ ဖြစ်ကြသော ကြောင့် မိမိကိုယ်ကို အသစ်တဖန် မွေးဖွားခြင်းခံပြီးသူများနှင့် ကောင်းကင်သားများ ဖြစ်နေပြီဟု ထင်မှတ်ကြ၏။ သူတို့သည် အသင်းတော်ခေါင်းဆောင်များဖြစ်လာပြီး ဤချမှတ်ထားသော စည်းကမ်းများကို လိုက်နာကြသောကြောင့် ခရစ်ယာန်စစ်စစ်များဖြစ်ကြသည်ဟု ထင်မှတ်ကြ၏။

အတွင်းစိတ်နှလုံးထက် အပြင်ပန်းကိုသာ ဦးစားပေးသော အသင်းတော်များတွင်၊ ဤကဲ့သို့မှားယွင်းသည့် တွေးထင်မှုမျိုး အလွန်များပြားပါသည်။ သူတို့သည် အခြားသူများထက် သာလွန်သည်ဟု ယူဆကာ ခေါင်းမော့၍ သွားလာကြ၏။ ဖာရိရှဲများကဲ့သို့ပင် ဘုရားသခင်ထံ ချဉ်းကပ်ဆုတောင်းကြ သောအခါ သူတို့၏ဖြောင့်မတ်ကြောင်းကို ပြသသော ဆုတောင်းချက်များကိုသာ ဖော်ပြကြ၏။ ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရသော အပြစ်သားကဲ့သို့ မဟုတ်ဘဲ၊ မိမိ၏ကောင်းမှုကြောင့် ကယ်တင်ခြင်းရသော သူတော်စင်ကဲ့သို့ ပြုမူကြပါသည်။ ဘုရားသခင်ရှေ့တော်၌ မိမိတို့၏ ဘာသာရေးဆိုင်ရာ အောင်မြင်မှုများကို ဝါကြွားတတ်ကြသည်။ လူများမြင်သာအောင် ဘာသာရေး အလုပ်များကို လုပ်ဆောင်ကြသည်။ သူတို့၏ ဆယ်ဖို့တစ်ဖို့နှင့် အလှူငွေများကို လူသိရှင်ကြား ပေးကမ်းကြသဖြင့် စေတနာ ရက်ရောသူများဟု ထင်ရသော်လည်း လက်တွေ့၌မူ အသွေးအသား ဆန္ဒနောက်သို့ လိုက်သောသူများ ဖြစ်ကြပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် စိတ်နှလုံးထဲ၌ ဖာရိရှဲကဲ့သို့ ဖြစ်ပါသလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်တော်အတွက် အသက်ရှင်စဉ် ခရစ်တော်၏ စိတ်သဘောထားကို အကျွန်ုပ်၌ မြင်ကြပါစေသော။

တနင်္ဂနွေ၊ ဇွန် (၂၈) ညနေ
**လု ၁၈း၁-၈**
ကျက်မှတ်ရန်၊ လု ၁၈း၇-၈

*“လူသားသည် ကြွလာသောအခါ ယုံကြည်ခြင်းကို မြေကြီးပေါ်မှာ တွေ့မည်လော”*

## အားမလျော့သော မုဆိုးမ ဥပမာ၊ အားမလျော့ဘဲ ဆုတောင်းခြင်း

ဤဥပမာ၏နိဂုံးတွင်၊ ယေရှုက လု ၁၈း၅ တွင်၊ မတရားသောတရားသူကြီး ပြောဆိုသည့်အတိုင်း မှတ်သားရန် မိန့်တော်မူသည်မှာ၊ “ဤမုဆိုးမသည် ငါ့ကို နှောင့်ရှက်သောကြောင့် သူ့ဘက်၌ တရားစီရင်မည်။ သို့မဟုတ် အစဉ်လာ၍ ငါ့ကို ပင်ပန်းစေလိမ့်မည်” ဟု ဆို၏။ ယေရှုက လု ၁၈း၇-၈ တွင်၊ “ဘုရားသခင် ရွေးကောက်တော်မူသော သူတို့သည် နေ့ညမပြတ် အော်ဟစ်၍ တောင်းလျှောက်လျှင်၊ ဘုရားသခင်သည် သူတို့ဘက်၌ တရားမစီရင်ဘဲ နေတော်မူမည်လော။ ကြာမြင့်စွာ သည်းခံတော်မူမည်လော။ ငါဆိုသည်ကား၊ သူတို့ဘက်၌ အလျင်အမြန် တရားစီရင်တော်မူမည်။ သို့သော်လည်း၊ လူသားသည် ကြွလာသောအခါ ယုံကြည်ခြင်းကို မြေကြီးပေါ် မှာ တွေ့မည်လော” ဟု မိန့်တော်မူ၏။

ဘုရားသခင်သည် တရားမျှတသော တရားသကြီးဖြစ်သည်။ သူသည် မတရားသော တရားသူကြီး ကဲ့သို့ ဘယ်တော့မှပြုမူမည်မဟုတ်ပါ။ သို့သော် ဘုရားသခင် ပေးသော သင်ခန်းစာမှာ သေးမွှားသော အရာကို အသုံးပြု၍ကြီးမားသောအရာကို သွန်သင်ခြင်းဖြစ်သည်။ ယုံကြည်သူတို့သည် ခရစ်တော်အတွက် ဆင်းရဲဒုက္ခခံရသောအခါ ဘုရားသခင်၏ ကာကွယ်မှုနှင့် ကယ်နှုတ်မှုကို တောင်းခံကြသည်။ သို့သော် ဘုရားသခင် နားမညောင်းသကဲ့သို့ပင် ညှဉ်းပန်းနှိပ်စက်ခြင်းများ ဆက်လက်ဖြစ်ပွားနေတတ်သည်။ ထိုအခါ ဘုရားသခင်သည် သူတို့၏အော်ဟစ်သံကို နားမထောင်ဟု ခံစားရကာ စိတ်မရှည်နိုင်ဖြစ်လာကြသည်။ စိတ်မရှည်သောအခါ အပြစ်ပြုမိပြီး အခြားသူများကိုလည်း မှားယွင်းစေတတ်သည်။

ဆုတောင်းခြင်း၌ ဇွဲရှိခြင်းသည် ခရစ်ယာန်တိုင်း၏ယုံကြည်ခြင်းအတွက် ကောင်းမွန်ပါသည်။ မိမိတို့၏ ယုံကြည်ခြင်း မည်မျှရင့်ကျက်သည် သို့မဟုတ် အားနည်းသည်ကို သိရှိရန် အထောက်အကူပြု၏။ အကယ်၍ စမ်းသပ်မှုကို အဆုံးတိုင်အောင် သည်းခံပါက မိမိတို့၏ယုံကြည်ခြင်း ခိုင်မာကြောင်း သိရပြီး၊ အပြစ်ပြုမိပါက မိမိတို့၏ယုံကြည်ခြင်းမှာ အားနည်းကြောင်း သိရှိနိုင်မည်။ ထိုသို့အပြစ်ပြုလျှင် နောင်တရပြီး ဘုရားသခင်ကို ပြန်လည်ကိုးစားရန်နှင့် ယုံကြည်ခြင်းပိုမို ကြီးထွားလာရန် လိုအပ်သည်။ မည်သို့ပင်ဖြစ်စေ ဘုရားသခင်၏ ကယ်နှုတ်ခြင်းကို စိတ်ရှည်စွာ စောင့်ဆိုင်းခြင်းသည် ယုံကြည်သူတိုင်း အတွက် ကောင်းမြတ်ပေ၏။

အကယ်၍ဘုရားသခင်သည် ယုံကြည်သူတို့၏အော်ဟစ်သံကို ချက်ခြင်းအဖြေပေးပါက သူတို့၏ ယုံကြည်ခြင်း အဆင့်အတန်းကို မည်သို့တိုင်းတာနိုင်မည်နည်း။ ယုံကြည်သူတို့အား ညှဉ်းပန်းနှိပ်စက် သောသူအားလုံးကို ဘုရားသခင်သည် တရားမျှတစွာ စီရင်လိမ့်မည်။ ယုံကြည်သူတို့သည် ညှဉ်းပန်း နှိပ်စက်ခြင်းကို သည်းခံလျှင် ခရစ်တော်၏ ပုံသဏ္ဌာန်တော်ကို ရှင်းလင်းစွာဖော်ပြကြ၏။ ထိုညှဉ်းပန်း နှိပ်စက်သူများသည် နောင်တမရလျှင် သူတို့သေဆုံးသောအခါ ပြစ်ဒဏ်စီရင်ခြင်းက စောင့်ကြိုနေ၏။ ပေါလုသည် အရင်က ခရစ်တော်ကို ညှဉ်းပန်းနှိပ်စက်ခဲ့သောသူ ဖြစ်သော်လည်း နောင်တရကာ ကယ်တင်ခြင်းခံရခဲ့ပါသည်။ ထိုအရာသည် ညှဉ်းပန်းနှိပ်စက်သူများ အပါအဝင် အပြစ်သားအားလုံးကို ဘုရားသခင်၏ ခွင့်လွှတ်ခြင်းနှင့် ကယ်တင်ခြင်း ရရှိနိုင်မည့် တခုတည်းသောနည်းလမ်းဖြစ်၏။ အဓိကအချက်မှာ ဆုတောင်းချက်အဖြေပေးရန် ဘုရားသခင် နှောင့်နှေးနေခြင်း မဟုတ်ဘဲ၊ ယုံကြည်သူများ သည် ဆုတောင်းခြင်း၌ ဇွဲရှိရန်နှင့် ယုံကြည်ခြင်း၌ ရင့်ကျက်မှုရှိမရှိ ဟူသော အချက်ပင်ဖြစ်သည်။

**ဆင်ခြင်ရန်** - ဆုတောင်းခြင်း၌ ကျွန်တော် စိတ်ရှည်သည်းခံခြင်း ရှိပါသလား၊ မရှိပါသလား။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ အကျွန်ုပ်၏ ဆုတောင်းမှုတိုင်း၌ ကိုယ်တော်၏ အလိုတော် ပြည့်စုံမည်အကြောင်း အစဉ် စိတ်ရှည်သည်းခံဖို့ရန် မစတော်မူပါ။ အာမင်။



စနေ၊ ဧပြီ (၄)
**မသဲ ၁၃း၁-၂၃**
ကျက်မှတ်ရန်၊ မသဲ ၁၃း၂၁

*“တရားစကားကြောင့် အမှုအခင်းနှင့် ညှဉ်းဆဲခြင်းကို ခံရသောအခါ ချက်ချင်း ဖောက်ပြန်တတ်သည်”*

## ကျောက်ပေါသောအရပ်၌ အစေ့ကို ကြဲခြင်း (၂)

ဘုရားသခင်၏ နှုတ်ကပတ်တော် ကြားနာခြင်း ဒုတိယ တမျိုးမှာ “ကျောက်ပေါသောမြေ” ဟု ခေါ်ပါသည် (မသဲ ၁၃း၅)။ မြေမျက်နှာပြင်ကို ကြည့်လျှင် မြေဩဇာကောင်းသောမြေ ဟုထင် ရပါသည်။ ထို့ကြောင့်၊ မျိုးစေ့ ကျလျက်၊ မြေကြီးထဲ စိမ့်ဝင်ပြီးသောအခါ၊ လယ်သမားသည် ရိတ်သိမ်း ချိန်၌ အသီးများစွာ ရိတ်ရမည်ဟု မျှော်လင့်ချက် ရှိခဲ့ပါသည်။ မသဲ ၁၃း၅-၆၊ “အချို့သောအစေ့ တို့သည် မြေနည်း၍ ကျောက်ပေါများသောအရပ်၌ ကျသဖြင့်၊ မြေတိမ်သောကြောင့် ချက်ချင်း အပင်ပေါက်သော်လည်း၊ နေထွက်သောအခါ ပူလောင်သည် ဖြစ်၍ အမြစ်မစွဲသောကြောင့် ညိုးနွမ်း ပျက်စီးခြင်းသို့ရောက်ကြ၏။” ဝမ်းနည်းစရာကောင်းသည်မှာ၊ ထိုအပေါ်ယံ မြေကြီးအောက်တွင်၊ ကျောက်ပေါများစွာ ရှိခဲ့ပါသည်။ ထိုအပေါ်ယံ ကောင်းသောမြေကြောင့် အစေ့သည် သေ၍ အပင် ပေါက်ခဲ့ပါသည်။ သို့သော်လည်း၊ မြေတိမ်သောကြောင့်၊ အမြစ် မစွဲဖြစ်၍၊ နေပူဒဏ် ခံရသောအခါ ညိုးနွမ်းလျက် သေခဲ့ရပါသည်။

ယေရှုက ကျောက်ပေါသောမြေအကြောင်းကို ဤသို့ ရှင်းပြတော်မူခဲ့၏။ မသဲ ၁၃း၂၀-၂၁၊ “ကျောက်ပေါသောအရပ်၌ အစေ့ကိုကြဲခြင်းအကြောင်းအရာကား၊ တရားစကားကို ကြား၍ ဝမ်းမြောက်သောစိတ်နှင့် ချက်ချင်း ခံယူသော်လည်း၊ စိတ်နှလုံး၌ အမြစ်မစွဲ ခဏသာ တည်သဖြင့်၊ တရားစကားကြောင့် အမှုအခင်းနှင့် ညှဉ်းဆဲခြင်းကို ခံရသောအခါ ချက်ချင်း ဖောက်ပြန် တတ်သည်ဟု ဆိုလိုသတည်း။” ဤသို့သော လူများကို အသင်းတော်နှင့် ကျမ်းစာ သင်ကြားခြင်း၌ တွေ့ရတတ်ပါသည်။ ကျောက်ပေါသောမြေသည် ဘုရားသခင်၏နှုတ်ကပတ်တော် ဟောပြောချက်ကို ကြားကြသောအခါ၊ ဝမ်းမြောက်စွာ လက်ခံလျက်၊ အာမင်ဟု ပြန်လည် ထူးတတ်သော ကြားနာသူများ ကို ဆိုလိုပါသည်။ တရားဟောဆရာ၏ ဟောပြောချက်ကို သဘောတူလျက် ခေါင်း တဆက်ဆက် ညိတ်ပြီး၊ စိတ်ပျော်ရွှင်မှု ရတတ်ပါသည်။ မျက်ရည်များပင် ကျသည်အထိ ဖြစ်ခဲ့နိုင်ပါသည်။ သို့သော် လည်း၊ သူ လက်ခံ လိုက်လျှောက်လိုသော နှုတ်ကပတ်တော်ကြောင့်၊ ညှဉ်းဆခြင်း၊ အခက်အခဲ ကြုံတွေ့သောအခါ၊ မလိုက်လျှောက်ဘဲ လက်လျော့တတ်ပါသည်။ ဤညှဉ်းဆဲခြင်း အခက်အခဲများ ထဲတွင်၊ အလုပ် ဖြုတ်ခံရခြင်း၊ မိသားစုဝင် ဆုံးရှုံးခြင်း၊ မိမိ၏ လွတ်လပ်မှု ဆုံးရှုံးခြင်း၊ အသိအမှတ် ပြု မခံရတော့ခြင်း စသည်တို့ ပါဝင်နိုင်ပါသည်။

ဤ “ကျောက်ပေါများသောမြေ” က၊ နာခံခြင်း မရှိဘဲ၊ ဦးနှောက် အသိဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော် လက်ခံသော အမည်ခံ ယုံကြည်သူများအား သတိထားဖို့ သတိပေးလျက် ရှိပါ သည်။ ခရစ်တော်အတွက် အခက်အခဲ ကြုံတွေ့ ခံစားရခြင်းသည် ယုံကြည်သူတိုင်း အသက်တာ၌ ခံစားရမည့်အရာ သက်သေ တစ်ခုဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ညှဉ်းဆဲခြင်းကို ကျွန်တော် ကြောက်လန့်ပါသလား။
**ဆုတောင်းချက်-** အို အဖဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်၏ နှုတ်ကပတ်တရားကို ကြားနာ သောသူ သာမဟုတ်ဘဲ၊ လိုက်လျှောက်သောသူ ဖြစ်မည်အကြောင်း၊ ညှဉ်းဆဲခြင်း ခံရသောအချိန်၌ ခွန်အား ပေးသနားတော်မူပါ။

တနင်္ဂနွေ၊ ဧပြီ (၅)
**မသဲ ၁၃း၁-၂၃**
ကျက်မှတ်ရန်၊ မသဲ ၁၃း၂၂

*"စည်းစိမ်ဥစ္စာ၏ လှည့်စားခြင်းသည် တရားစကားကို လွှမ်းမိုးညှဉ်းဆဲတတ်သောကြောင့် အသီးမသီးနိုင်"*

## ဆူးပင်တို့တွင် အစေ့ကို ကြဲခြင်း (၃)

တတိယမြေ အမျိုးအစားသည် ဆူးပင်ပေါ်များသောမြေ ဖြစ်ပါသည်။ မျိုးစေ့ မကြဲမီ အဘယ့်ကြောင့် ဆူးပင်များကို မနှုတ်ပါသနည်း ဟူသောအချက်သည် အဓိကအချက် မဟုတ်ပါ။ ယေရှု ခေတ်ကာလ၌ လယ်သမားများသည် ထိုသို့ ပြုတတ်ကြပြီး၊ သူတို့၏ စိုက်ပျိုးနည်းကို ဝေဖန်ဖို့ မလိုပါ။ ထိုစိုက်ပျိုးနည်းအားဖြင့် ယေရှုက ဝိညာဉ် သင်ခန်းစာ သင်ကြားခဲ့ခြင်း ဖြစ်ပါသည်။ မျိုးစေ့များသည် ဆူးပင်များအကြား ကျလျက်၊ ဆူးပင်များနှင့်အတူတကွ အပင်ပေါက်လျက် ကြီးထွားခဲ့ကြပါသည်။ လိုသလောက် မြေဩဇာ မရရှိသောကြောင့်၊ ကြီးထွားခဲ့သော်လည်း အသီးအပွင့် ရိတ်သိမ်းဖို့ မရှိခဲ့ပါ။ မသဲ ၁၃း၇၊ "အချို့သော အစေ့တို့သည် ဆူးပင်တို့တွင် ကျသဖြင့်၊ ဆူးပင်တို့သည် ကြီးပွါး၍ ညှဉ်းဆဲကြ၏။"

ယေရှုက ဆူးပင်ပေါ်များသောမြေကို ဤသို့ ရှင်းပြတော်မူခဲ့၏။ မသဲ ၁၃း၂၂၊ "ဆူးပင်တို့တွင် အစေ့ကို ကြဲခြင်းအကြောင်းအရာကား၊ တရားစကားကိုကြား၍ လောကီ အမှု၌ စိုးရိမ်ခြင်းနှင့် စည်းစိမ်ဥစ္စာ၏ လှည့်စားခြင်းသည် တရားစကားကို လွှမ်းမိုးညှဉ်းဆဲတတ်သော ကြောင့် အသီး မသီးနိုင်ဟု ဆိုလိုသတည်း။" ဤလူသည်လည်း၊ လမ်းမြေနှင့် ကျောက်ပေါ်သောမြေ ကဲ့သို့ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားနာခဲ့ပါသည်။ သို့သော်လည်း၊ ကျောက်ပေါ်သောမြေနှင့် တုန့်ပြန်မှု အပိုင်း၌ တူညီမှု ရှိခဲ့ကြပါသည်။ နှုတ်ကပတ်တော် ငြင်းပယ်ခြင်းအမှု၌ မတူညီ ခြားနားမှု ရှိခဲ့ပါသည်။ ကျောက်ပေါ်သောမြေသည် ညှဉ်းဆဲခြင်းခံရသောကြောင့် မနာခံ မလိုက်လျှောက်ဘဲ နေ၏။ သို့သော်လည်း၊ ဆူးပင်ပေါ်များသောမြေမူကား လောကီအမှု ဂရုစိုက်ခြင်းနှင့် စည်းစိမ်ဥစ္စာ၏လှည့်စားခြင်းကြောင့် နှုတ်ကပတ်တော်ကို မနာခံ မလိုက်လျှောက်ခြင်း ဖြစ်ပါသည်။ လောကီအမှု၌ စိုးရိမ်ခြင်းသည် အန္တရာယ် မရှိ၊ မိဘတို့သည် သားသမီးတို့၏ ပညာရေးနှင့် နေ့စဉ်လိုအပ်မှုအတွက် ကြိုးစားအားထုတ်ခြင်းနှင့် အတူတူပင် မဟုတ်ပါလောဟု ထင်ရနိုင်ပါသည်။ အမှန်မှာ၊ ထိုအမှုများကို ဖြေရှင်းဖို့ရန် စည်းစိမ်ဥစ္စာ၊ ငွေကြေးကို ရှာဖွေ တတ်ကြ၏။ သို့သော်လည်း၊ ငွေကြေး ချမ်းသာမှုက လိုအပ်မှု ပြဿနာကို ဖြေရှင်းနိုင်ပါသလား။ အဖြေမူကား၊ ဖြေရှင်းနိုင်သည်၊ မဖြေရှင်းနိုင်ပါ၊ ဟူ၍ နှစ်မျိုး ရှိနိုင်ပါသည်။ ဖြေရှင်းနိုင်၏၊ လိုအပ်သလောက် မရှိခြင်းကို ငွေကြေးများများ ပိုရှိခြင်းဖြင့် ဖြေရှင်းနိုင်၏။ မဖြေရှင်းနိုင်၊ အကြောင်းမှာ၊ လူ့အသက်ကို ငွေဖြင့် ဝယ်၍ မရ၊ သေခြင်းက လူတိုင်းကို စောင့်လျက် နေ၏။ ဘယ်လောက်ဘဲ ငွေကြေး ရှိသောသူဖြစ်ပါစေ၊ တနေ့တွင် ထိုသူသည် သေလိမ့်မည်၊ မယုံကြည်သူဖြစ်လျှင်၊ ငရဲက သူ့ကို စောင့်လျက်ရှိ၏။

ဆူးပင်ပေါ်များသောမြေသည် ပို၍ ကြောက်စရာကောင်းသော၊ လှည့်စားတတ်သော ရန်သူ ဖြစ်ပါသည်။ လောကီစည်းစိမ်နှင့် ငွေကြေး တပ်မက်ခြင်းကြောင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော် ငြင်းပယ်ခြင်း၊ မနာခံခြင်းသည် အလွန် လှည့်စားတတ်သောအမှုဖြစ်ပါသည်။ အပြစ်ထဲ၌ ကျင်လည်လျက်ပင်၊ ခရစ်တော်၌ သန့်ရှင်းသောသူဟု မိမိကိုယ်ကို ထင်မှတ်လျက်ရှိ၏။

**ဆင်ခြင်ရန်** - ကျွန်တော်သည် အမည်ခံ ခရစ်ယာန်သာ ဖြစ်ပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်တော်သည် စစ်မှန်သော ခရစ်ယာန် ဖြစ်မည်အကြောင်း မစတော်မူပါ။ လှည့်စားခြင်းနှင့် နားမလည်ခြင်း အပြစ်မှ အကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ။



တနင်္ဂနွေ၊ ဇွန် (၂၈) နံနက်
**လု ၁၈း၁-၈**
ကျက်မှတ်ရန်၊ လု ၁၈း၄-၅

*"ငါ့ကို နှောင့်ရှက်သောကြောင့် သူ့ဘက်၌ တရားစီရင်မည်။ သို့မဟုတ် အစဉ်လာ၍ ငါ့ကို ပင်ပန်းစေလိမ့်မည်"*

## အားမလျော့သော မုဆိုးမ ဥပမာ၊ ဆုတောင်းရသော အခွင့်

ဇွဲရှိသော မုဆိုးမဥပမာကို ခရစ်တော်က တပည့်တော်တို့အား "လူတို့သည် အားမလျော့ဘဲ ကြိုးစား၍ ဆုတောင်းရမည် ဟုသွန်သင်ခြင်းဖြင့် စတင်သည်။ ခရစ်ယာန်များသည် ကျမ်းစာကို အချိန်ကြာမြင့်စွာ အာရုံစိုက် မလေ့လာနိုင်သော်လည်း အမြဲတမ်းဆုတောင်းနိုင်၏။ ထို့ကြောင့်အမြဲ ဆုတောင်းရန်မှာ ပညတ်တော်ပင်ဖြစ်သည်။

ဘုရားသခင်ထံချဉ်းကပ်၍ဆုတောင်းခွင့်ကို အဘယ်အရာက ပေးသနည်း။ ဘုရားသခင်သည် ယုံကြည်သူများကို အဘယ်ကြောင့် လက်ခံပြီး သူတို့၏ ဆုတောင်းသံများကို နားညောင်းတော်မူသနည်း။ ယုံကြည်သူတို့သည် ခရစ်တော်ကို တရားသူကြီးအဖြစ် ပိုင်ဆိုင်သော ကောင်းကင်နိုင်ငံသားများ ဖြစ်ကြသည်။ ထို့ကြောင့် ဥပမာထဲက မုဆိုးမကဲ့သို့ပင် တရားသူကြီးထံ ချဉ်းကပ်၍အကူအညီ တောင်းပိုင်ခွင့် ရှိကြသည်။ ထိုတရားသူကြီးသည် မြို့အတွင်း၌ ဖြစ်ပွားသော မတရားမှုများကို ဖြေရှင်းပေးရန် တာဝန်ရှိသူဖြစ်သည်။

ထိုခေတ်က မုဆိုးမများသည် အကာအကွယ်မဲ့ဆုံး သူများဖြစ်ကြသည်။ သူတို့သည်မိဘမဲ့ကလေးများထက်ပင် ပို၍အားကိုးရာမဲ့နိုင်၏။ မိဘမဲ့ကလေးများကိုမူ အခြားသူများက မွေးစားခြင်း သို့မဟုတ် ငယ်ရွယ်ပြီးသနားစဖွယ်ကောင်း၍သနားကြင်နာခြင်းခံရနိုင်သော်လည်း မုဆိုးမများကိုမူ လူများက လျစ်လျူရှုထားတတ်ကြပြီး သူတို့မုဆိုးမ ဘဝကိုပင် ပြစ်တင်ကဲ့ရဲ့ခြင်း ခံရနိုင်သည်။ ဥပမာထဲက မုဆိုးမသည် ရန်သူ၏နှိပ်စက်မှုကို ခံရသဖြင့် မြို့၏တရားသူကြီးထံသို့ တရားမျှတမှု ရရှိရန် အသနားခံခဲ့သည်။ ထိုတရားသူကြီးသည် ဘုရားသခင်ကို ကြောက်ရွံ့သူမဟုတ်သဖြင့် မုဆိုးမကို ကူညီရန် စိတ်မပါခဲ့ပေ။ သူသည် လူတို့၏သူ့အပေါ် ထင်မြင်ချက်ကိုလည်း ဂရုမစိုက်ပေ။ သို့သော် သူအစိုးရိမ်ဆုံးသောအရာမှာ ထိုမုဆိုးမ၏ အမြဲတမ်း လာရောက်တောင်းဆိုမှုပင် ဖြစ်သည်။ သူမ၏ရန်သူကို အနိုင်ရဖို့တရားသူကြီး ကစီရင်ပေးရန် သူမ၏ဇွဲမလျော့ဘဲ တောင်းဆိုနေမှုက တရားသူကြီးကို စိတ်ကုန်စေသည်။ သူမအနေဖြင့် ထိုတရားသူကြီးမှတပါး အားကိုးရာမရှိပါ။ ရန်သူကလည်း သူမကို ဆက်လက်နှိပ်စက်နေဆဲဖြစ်သည်။ ထိုတရားသူကြီးသည် သူမကို ကယ်တင်နိုင်မယ့် တဦးတည်းသော မျှော်လင့်စရာဖြစ်သည်။ တရားသူကြီးကလည်း သူမကို မကူညီမချင်း သူမ လက်လျှော့မည် မဟုတ်ကြောင်း သိ၏။

သူ၏အကျိုးကို ငဲ့ကွက်ခြင်းကြောင့်ရင်း၊ မုဆိုးမ၏အနှောင့်အယှက်ပေးခြင်းကြောင့် စိတ်ပင်ပန်းခြင်းမှ ကင်းဝေးစေရန်ငှင်း တရားသူကြီးသည် သူမကို ကူညီခဲ့ပြီး ရန်သူ၏ နိုင်ထက်စီးနင်းပြုမှုကို တားဆီးပေးခဲ့သည်။ စီးဆင်းနေသော ရေစက်ကလေးများသည် မာကျောသောကျောက်ဆောင်ကို ပွန်းစားစေနိုင်သကဲ့သို့ ဇွဲရှိခြင်းသည်လည်း ခက်ထန်မာကျောသော နှလုံးသားကို ပျော့ပျောင်းစေနိုင်ပါသည်။ ယုံကြည်သူအားလုံးသည် ခရစ်တော်အားဖြင့် ဘုရားသခင်ထံ ဆုတောင်း ချဉ်းကပ်ပိုင်ခွင့်ရှိကြသည်။ ဂရုမစိုက်တတ်သော ဤတရားသူကြီးပင်လျှင် သူမကို ကူညီခဲ့လျှင် မေတ္တာနှင့်ပြည့်စုံသော တရားသူကြီးဖြစ်သည့် ဘုရားသခင်သည် မိမိသားသမီးတို့၏ အော်ဟစ် အသနားခံသောအခါ မကူညီဘဲ နေမည်လော။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံ ဆုတောင်းရသောအခွင့် ကျွန်ုပ်၌ ရှိပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်သည် ဆုတောင်းခြင်း၌ အားမလျော့မည်အကြောင်း မစတော်မူပါ။

စနေ၊ ဇွန် (၂၇)
**လု ၁၆း၁-၁၂**
ကျက်မှတ်ရန်၊ လု ၁၆း၁၀-၁၁

*"အနည်းငယ်သောအမှု၌ သစ္စာရှိသောသူသည် ကြီးသောအမှု၌လည်း သစ္စာရှိလိမ့်မည်"*

## မတရားသော ဘဏ္ဍာစိုး ဥပမာ၊ အနည်းငယ်သောအမှု၌ သစ္စာရှိသောသူ

မိမိကိုယ်ကိုယုံကြည်သူဟု ဝန်ခံထားသူတစ်ဦးက အိမ်ထောင်ရေး ကတိကဝတ်များ (သို့) စီးပွားရေးလုပ်ငန်းများကဲ့သို့သော အရေးကြီးသည့်အရာများတွင်သာ သစ္စာရှိပြီး၊ အရေးမကြီးသော အသေးအဖွဲ့များတွင်မူ ဖြတ်လမ်းလိုက်၍အချောင်ခိုခြင်းလုပ်ပါက ထိုသူသည် လူလိမ်သာဖြစ်သည်။ သူသည်မိမိကိုယ်ကို လှည့်ဖြားပြီး မဟုတ်မမှန်ပြောဆိုခြင်းသာဖြစ်သည်။ သစ္စာရှိခြင်းဆိုသည်မှာ ယုံကြည်ထိုက်ခြင်းပင်ဖြစ်သည်။ သစ္စာရှိသောသူသည် မိမိအားပေးအပ်သော တာဝန်တိုင်းကို အစွမ်းကုန်ကြိုးစားအားထုတ်မှုဖြင့် သတ်မှတ်ထားသော အချိန်အတွင်း ပြီးစီးအောင် လုပ်ဆောင်သည်။

ထိုသို့သစ္စာရှိသူဖြစ်ဖို့အတွက် ကြီးသည်ဖြစ်စေ၊ငယ်သည်ဖြစ်စေ အရာခပ်သိမ်း၌သစ္စာရှိရပါမည်။ မတရားသောဘဏ္ဍာစိုး ဥပမာတွင် ယေရှုက "အနည်းငယ်သော အမှု၌ သစ္စာရှိသော သူသည် ကြီးသောအမှု၌လည်း သစ္စာရှိလိမ့်မည်။ အနည်းငယ်သော အမှု၌ သစ္စာမရှိသောသူသည် ကြီးသော အမှု၌လည်း သစ္စာမရှိ။ သို့ဖြစ်၍ မမြဲသော လောကီစည်းစိမ်ကို သုံးရာတွင် သင်တို့သည် သစ္စာမရှိလျှင်၊ မှန်သော စည်းစိမ်ကို သင်တို့၌ အဘယ်သူ အပ်မည်နည်း" (လု ၁၆း၁၀-၁၁) ဟုမိန့်ဆို၏။

ယုံကြည်သူတစ်ဦး၏ဘဝတွင် အရေးမပါဆုံးသောအရာမှာ သူပိုင်ဆိုင်ထားသော လောကီစည်းစိမ်များသာဖြစ်၏။ လောကီစည်းစိမ်ကို စီမံခန့်ခွဲရာတွင် သစ္စာမရှိခြင်းဆိုသည်မှာ နှမြောတွန့်တိုပြီး စုဆောင်းထားခြင်းကို ဆိုလိုသည်။ ထိုသူသည် မိမိကြွယ်ဝမှုအပေါ် ကိုးစားသည်။ သူသည် စည်းစိမ်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားပြီး ၎င်း၏တန်ဖိုး လျော့နည်းသွားပါက ထိတ်လန့်တုန်လှုပ်တတ်သည်။ သူသည် ဈေးအပေါဆုံးအရာများကိုသာ အမြဲရှာဖွေတတ်သည်။ ဘဏ်ထဲတွင် သန်းနှင့်ချီသော ငွေရှိပါလျက်နှင့် အားလပ်ရပ် ခရီးသွားသောအခါ အသက်သာဆုံး ဟိုတယ်မှာတည်းပြီး ဈေးအပေါဆုံး အစားအစာကို စားရခြင်းကို အမြတ်ထွက်သော အရောင်းအဝယ် အလား ဂုဏ်ယူပြောဆိုတတ်၏။မိမိအတွက်ပင် ကပ်စေးနှဲသောသူသည် လိုအပ်နေသူတို့အား ကူညီ ဖို့ရန်လည်း ကပ်စေးနှဲတတ်ကြသည်။ သူသည်များစွာ ပိုင်ဆိုင်သော်လည်း လိုအပ်နေသူတို့အား မျှဝေရန် လက်တွန့်နေတတ်၏။

ထိုအပြုအမူများသည် ခရစ်တော်က ယုံကြည်သူများအသက်တာတွင် အငယ်ဆုံးသော အရာဟု သတ်မှတ်ထားသော စည်းစိမ်ဥစ္စာအပေါ် သစ္စာမရှိခြင်းကို ဖော်ပြသည်။ ဤလောကသည် မီးဖြင့် ဖျက်စီးဖို့ရန် လျာထားကြောင်းကို သိကြသော်လည်း အရာရာကို စုဆောင်းနေခြင်းမှာ သစ္စာမရှိခြင်းကို ပြသခြင်းဖြစ်သည်။ ထို့ပြင် ယုံကြည်သူသည် ဘုရားသခင်နှင့်ခရစ်တော်ကို ကိုးစားသောသူ ဖြစ်ရပါမည်။ ကပ်စေးနှဲသောသူသည် လောကီစည်းစိမ်အပေါ်တွင်သာ ဆက်လက်ကိုးစား နေဆဲဖြစ်ရာ ၎င်းမှာ ဘုရားသခင်ကို မုန်းတီးခြင်းပင်ဖြစ်သည်။ သူသည် မိမိကိုယ်ကို ခရစ်ယာန်ဖြစ်သည်ဟု ဆိုသော်လည်း သူ့အသက်တာတွင် ဝိညာဉ်ရေးရာ အသီးများ မသီးနိုင်ဘဲ ရှိနေ၏။ အထူးသဖြင့် လောကီစည်းစိမ် နှစ်သက်ခြင်း၌ အထင်အရှား တွေ့မြင်နိုင်သည်။

**ဆင်ခြင်ရန်** - လောကီစည်းစိမ် ကိုင်တွယ်မှု၌ ကျွန်တော် သစ္စာရှိပါသလား။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကြီးသောအမှု၌ သစ္စာရှိမည်အကြောင်း အနည်းငယ်သောအမှု၌ အကျွန်ုပ်အား သစ္စာရှိစေတော်မူပါ။ အာမင်။



တနင်္လာ၊ ဧပြီ (၆)
**မသဲ ၁၃း၁-၂၃**
ကျက်မှတ်ရန်၊ မသဲ ၁၃း၂၃

*"တရားစကားကိုကြား၍ နှလုံးသွင်းသဖြင့်"*

## ကောင်းသောမြေ၌ အစေ့ကို ကြဲခြင်း (၄)

စတုတ္ထမြေမျိုးသည် ကောင်းသောမြေဖြစ်ပါသည်။ ထိုမြေသည် အတွင်းအပြင် ကောင်း၏။ ထို့ကြောင့်၊ ထိုမြေသည် အမှန် အသီး သီးလိမ့်မည်။ မသဲ ၁၃း၈၊ "အချို့သောအစေ့တို့သည် ကောင်းသောမြေ၌ ကျသဖြင့် အဆသုံးဆယ်၊ အဆခြောက် ဆယ်၊ အဆတရာ ပွါးများ၍ အသီး သီးကြ၏။" ထိုဘုရားသခင်၏နှုတ်ကပတ်တော်သည် ကယ်တင်ခြင်း သတင်းကောင်းဖြစ်လျှင် (နို့ကဲ့သို့သော သွန်သင်ချက်)၊ အပြစ်သားကို ကယ်တင်လိမ့်မည်။ ငြင်းပယ်ခဲ့လျှင်၊ အရင် မြေသုံးမျိုး နည်းတူ၊ ကယ်တင်ခြင်း ရမည် မဟုတ်ပါ။ ထိုဘုရားသခင်၏နှုတ်ကပတ်တော်သည် သန့်ရှင်း စင်ကြယ်စေခြင်းတရား ဖြစ်လျှင် (မာသော အစာကဲ့သို့သော သွန်သင်ချက်)၊ သူသည် ကြားနာလျက် နာခံ လိုက်လျှောက်ပြီး၊ နှုတ်အားဖြင့်၎င်း၊ အပြုအားဖြင့်၎င်း၊ သူသည် ခရစ်တော်၏ သဏ္ဌာန်တော် ၌ သန့်ရှင်း ကြီးထွားခြင်း ရှိပါလိမ့်မည်။ နှုတ်ကပတ်တော်ကို အရင် မြေသုံးမျိုးကဲ့သို့ နာမခံ ခဲ့လျှင်၊ သူသည် ကယ်တင်ခြင်းခံရသောသူဖြစ်သည့်တိုင်၊ သူ့အသက်တာသည် ခရစ်တော်၏သဏ္ဌာန်တော် ၌ ကြီးထွားခြင်း မရှိဘဲ၊ လောကီသဏ္ဌာန် ဆောင်ပါလိမ့်မည်။ ဘုရားသခင်အပေါ် အပြစ်ပြုလျက်၊ စပ်ဆိုင်သောသူများအား လဲကျစေပါလိမ့်မည်။

ယေရှုက ထိုကောင်းသောမြေကို ဤသို့ ရှင်းပြတော်မူခဲ့၏။ မသဲ ၁၃း၂၃၊ "ကောင်းသော မြေ၌ အစေ့ကိုကြဲခြင်းအကြောင်းအရာကား၊ တရားစကားကိုကြား၍ နှလုံးသွင်းသဖြင့်၊ အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတရာ ပွါးများ၍ အသီး သီးတတ်သည်ဟု ဆိုလိုသတည်း။" ဒုတိယမွေးဖွားခြင်း ခံရသောသူသည် အပြစ်၌ ကျင်လည်မည် မဟုတ်ပါ။ သူသည် သန့်ရှင်းသော ဝိညာဉ်တော်၏ နိုးဆော်ခြင်းအားဖြင့် အပြစ်ပြု မိလျှင်လည်း၊ မကြာမီ နောင်တရမည်ဖြစ်ပါသည်။ နောင်တ မရ မချင်း၊ ဘုရားသခင် ပေးသနားတော်မူသော ငြိမ်သက်ခြင်း ခံရမည် မဟုတ်ပါ။ နောင်တရ သောအခါ၊ ထို စိတ်ချမ်းသာခြင်းကို ပြန်ရလိမ့်မည်ဖြစ်၏။ ထိုအပြစ်ကြောင့် ခံရသော စိတ်အနှောင့်အယှက်က သူ့ကို နောင်တရစေလိမ့်မည် ဖြစ်ပါသည်။ နောင်တရခြင်း၏ ကောင်းကြီးမင်္ဂလာကိုလည်း ခံစား ရမည်ဖြစ်ပါ သည်။ နောင်တရခြင်းနှင့် ဆိုင်သောတရား၌ ကြီးထွားခြင်း ရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် ယုံကြည်သူသည် အမှန် ကြီးထွားခြင်း ရှိလိမ့်မည်ဖြစ်၏။ ယေရှု မိန့်တော်မူသည်အတိုင်း၊ အချို့သည် အဆတရာ၊ အချို့သည် အဆခြောက်ဆယ်၊ အချို့သည် အဆသုံးဆယ် ကြီးထွားကြပါသည်။ ထိုကြီးထွားခြင်းသည် လူ့အလိုအားဖြင့် မဟုတ်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်ဖြင့် ယုံကြည်သူတိုင်း၏ အသက်တာ၌ ပြုသောအမှုဖြစ်ပါသည်။

လူသည် နှုတ်ကပတ်တော်ကို ကြားနာလျက်၊ ဘုရားသခင်ကို ယုံကြည်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တရားကို လက်ခံ၍ ခရစ်တော်၌ အသစ်ပြုပြင်သောသူ ဖြစ်လာခဲ့ပါသည်။ လုံးဝ ယိုယွင်းခြင်း ဇာတိသဘော သူ့၌ မရှိတော့ပါ။ ခရစ်တော်၏ သဏ္ဌာန်တော်တည်းဟူသော အသစ် သော ဇာတိသဘောကို ခံရခြင်းဖြင့်၊ သူသည် အပြစ်၏ကျေးကျွန် မဟုတ်တော့ဘဲ၊ ဖြောင့်မတ်ခြင်း၏ ကျေးကျွန် ဖြစ်လာခဲ့ပါသည်။

**ဆင်ခြင်ရန်** - သခင်ဘုရားသည် ကျွန်ုပ်စိတ်နှလုံးကို နှုတ်ကပတ်တရားဖြင့် နေ့စဉ် ပြုပြင်ပြောင်းလဲစေတော်မူပါသလား။
**ဆုတောင်းချက်-** အို ကောင်းကင်ဘုံ၌ ရှိတော်မူသော အဖဘုရား၊ အကျွန်ုပ် စိတ်ဝိညာဉ်ကို အသစ်ပြုပြင်တော်မူလျက်၊ ကိုယ်တော်၏ဘုန်းတော် ထင်ရှားစေဖို့ရန် အသုံးပြုတော်မူပါ။ ကျွန်ုပ် အသက်တာကို သူတပါးအတွက် ကောင်းကြီးမင်္ဂလာ ဖြစ်စေတော်မူပါ၊ အကျွန်ုပ်၏ နှိမ့်ချခြင်း ဆုတောင်းသံကို နားညောင်းတော်မူပါ။

အဂ္ဂါ၊ ဧပြီ (၇)
**မသဲ ၁၃း၂၄-၃၀**
ကျက်မှန်ရန်၊ မသဲ ၁၃း၂၈

*"လူတို့သည် အိပ်ပျော်သောအခါ သူ၏ ရန်သူသည်လာ၍၊ . . . တောမျိုးစေ့ကို . . . ကြဲ၍သွားလေ၏"*

## စပါးပင်နှင့် တောပင်

ဤပုံဥပမာသည် အနက်ဖွင့်ချက်ပါသည့် ခရစ်တော် သွန်သင်ပေးတော်မူသော ဒုတိယနှင့် နောက်ဆုံး ဥပမာဖြစ်ပါသည်။ မြေ လေးမျိုး အကြောင်း မျိုးစေ့ကြဲခြင်း ဥပမာက၊ ဘုရားသခင်၏ နှုတ်ကပတ်တော် ကြားနာခြင်းအကြောင်းကို ဖော်ပြပါသည်။ စပါးပင်နှင့် တောပင် ဥပမာက ယခု လက်ရှိ အသင်းတော်၏ အခြေအနေကို ဖော်ပြလျက်ရှိပါသည်။ အသင်းတော်၏ အမှုတော် စတင်ခြင်း မရှိခဲ့သေးသော်လည်း၊ သခင် ယေရှုက တပည့်တော်များအား ထိုအသင်းတော် စတင်သောအခါ၊ မည်သို့သော ဝိညာဉ်အခြေအနေရှိမည်ကို သိစေလိုသောကြောင့် သွန်သင်ခဲ့ခြင်း ဖြစ်ပါသည်။ လူမျိုး နိုင်ငံ အနေဖြင့် သက်သေခံခြင်းအမှုတွင်၊ ယုံကြည်သူနှင့် မယုံကြည်သူများ ပါဝင် နေထိုင်လျက်ရှိသော ဂတိတော်ပြည်၌ သန်းပေါင်းများစွာသော ဘုရားသခင်၏ လူများ၏ သက်သေခံခြင်း ဖြစ်ပါသည်။ အဲဂုတ္တုပြည်မှ ထွက်လာသော အချိန်မှ စ၍ ယနေ့တိုင်အောင်၊ ဣသရေလ သမိုင်း၌ ခရစ်တော်နှင့် ကိုယ်တော်၏ သွန်သင်ချက်များကို ငြင်းပယ်သော၊ ဘုရားသခင် နှုတ်ကပတ်တော် သင်ကြားပို့ချသည့် အမည်ခံ ယုဒဆရာများစွာ ရှိခဲ့ကြပါသည်။

အသင်းတော်၏အမှုတော်တွင်မူ၊ ဘုရားသခင်၏လူ အရေအတွက် ပိုနည်းမည်အဖြစ်သော ကြောင့်၊ ခြားနားမှု ရှိပါမည်လော။ စပါးပင်နှင့် တောပင် ဥပမာ ဖော်ပြချက်အရ၊ အရေအတွက် နည်းခြင်းနှင့် အသင်းတော်၏အမှုတော်သည် ကမ္ဘာလုံးဆိုင်ရာ ဖြစ်မည်ဟူသော အချက်မှ အပ၊ ခြားနားမှု ရှိမည် မဟုတ်ပါ။ သမ္မာတရားအတွက် တိုက်လှန်ခြင်းနှင့် သက်သေခံခြင်း သည် ဆက်လက် ဖြစ်ပွားနေမည်ဖြစ်၏။ အသင်းတော်သည်လည်း ဣသရေလ လူမျိုးနည်းတူ ပြည့်စုံခြင်း ရှိမည် မဟုတ်ပါ။ ခရစ်ယာန်တို့သည် ဒေသန္တရ အသင်းတော်၌ ပြည့်စုံခြင်းကို မမျှော်လင့် သင့်ပါ၊ သန့်ရှင်းခြင်းကိုသာ မျှော်လင့်ရပါမည်။ ယုံကြည်သူနှင့် မယုံကြည်သူ အတူတကွ ပါဝင်လျက် ရှိသော အသင်းတော်တွင် ပြဿနာနှင့် အပြစ် ဆက်လက် ရှိနေအုံးမည်ဖြစ်ပါသည်။ ခရစ်တော် တဖန် ကြွလာသည်အထိ၊ အသင်းတော်၏ သက်သေခံခြင်း အမှုတော်တွင်၊ ဟန်ဆောင် သောသူနှင့် စစ်မှန်သော ယုံကြည်သူများ အတူတကွ အမှုတော် ဆောင်လျက်၊ ဘုရားဝတ်ကို ပြုကြ အုံးမည်ဖြစ်ပါသည်။

ထို့ကြောင့်၊ ယုံကြည်သူများသည် အသင်းတော်၌ ပြဿနာ ကြုံတွေ့သောအခါ စိတ်ပျက် အားလျော့ခြင်း မရှိသင့်ပါ။ ထိုသို့သောအမှုကို ရင်ဆိုင်ဖို့ရန် စိတ် ဝိညာဉ် ကြိုတင် ပြင်ဆင်ရပါမည်။ ထိုသို့သော ပြဿနာကြောင့် စိတ်ပျက် အားလျော့လျက် အမှုတော် ဆောင်ခြင်းမှငင်း၊ အသင်းတော်မှ ငင်း၊ ထွက်သွားခြင်းသည် မိမိကိုယ်ကိုနှင့် ဘုရားသခင်အပေါ် အပြစ်ပြုရာရောက်၏။ ခွင့်လွှတ်ခြင်း တရားကို လက်တွေ့ ကျင့်သုံးဖို့လိုပါသည်။ ထိုသို့ ပြုခြင်းဖြင့် အပြစ်ပြုသောသူတို့သည် ခရစ်တော်၌ မိမိတို့၏ ကယ်တင်ခြင်း အမှန် ရမရ ပြန်လည် သုံးသပ်လိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အသင်းတော်၌ ကျမ်းစာနှင့်ကိုက်ညီသော မျှော်လင့်ချက် ထားပါလော့။

**ဆုတောင်းချက်-** အို ကောင်းကင်ဘုံ၌ ရှိတော်မူသော အဖဘုရား၊ အသင်းတော်၌ ကိုယ်တော်၏ လူများနှင့် အမှုတော် ဆောင်လျက် ဝတ်ပြုကိုးကွယ်သောအခါ၊ မှန်ကန်သော စိတ်သဘောထားနှင့် အကျင့် ပိုင်ဆိုင်မည်အကြောင်း အကျွန်ုပ်အား သနား တော်မူပါ။



သောကြာ၊ ဇွန် (၂၆)
**လု ၁၆း၁-၁၂**
ကျက်မှတ်ရန်၊ လု ၁၆း၉

*"အဆွေရှိစေခြင်းငှါ မမြဲသော လောကီစည်းစိမ်ကို သုံးဆောင်ကြလော့"*

## မတရားသော ဘဏ္ဍာစိုး၊ မိတ်ဖွဲ့လော့

မိတ်ဆွေဖွဲ့ခြင်းသည် ယုံကြည်သူတိုင်း၏ရည်မှန်းချက်ဖြစ်သင့်သည်။ ဤနည်းအားဖြင့် အခြားသူများကို ခရစ်တော်ထံသို့ခေါ်ဆောင်လာနိုင်မည်ဖြစ်သည်။ မိတ်ဆွေရှိရန်အတွက် မိမိကိုယ်တိုင် ခင်မင်ရင်းနှီးတတ်သူဖြစ်ရမည်ဟု ကျမ်းစာဆိုထား၏။ ခင်မင်ရင်းနှီးမှုပြုရန် အကောင်းဆုံးနည်းလမ်းမှာ ရက်ရောခြင်းပင်ဖြစ်သည်။ ကပ်ဆေးနဲ့သောသူသည် လူတို့ကို မိမိထံမှ ဝေးကွာစေတတ်သည်။ ထိုသို့သော သူတို့သည် အတူတကွ စားသောက်ချိန်များတွင် ကျသင့်ငွေကို သူတို့ရှင်းဖို့မတွေးဘဲ အခြားသူများကသာ ပေးချေဖို့ မျှော်လင့်တတ်ကြသည်။ အထူးသဖြင့် အသင်းတော်များရှိ အချိန်ပြည့်အမှုတော်ဆောင်များ တွင် ဤအရာကို တွေ့ရတတ်သည်။ သူတို့သည် အသင်းသားများအား ပစ္စည်းအချို့ကို ဝယ်ခိုင်းစဉ်တွင်ပင် ထိုအရာကို အသင်းသားများက လက်ဆောင်အဖြစ်ပေးကမ်းရန် မျှော်လင့်တတ်ကြသည်။ ဝယ်ခိုင်းထား သော ပစ္စည်းတန်ဖိုးကို ပေးဖို့မပြောဘဲ ဝမ်းသာစွာ ယူတတ်ကြသည်။ ထိုသို့ပြုမူခြင်းသည် သူတို့၏နာမည် ပျက်ရုံသာမက၊ ခရစ်တော်၏နာမကိုပါ အရှက်ရစေ၏။

မတရားသော ဘဏ္ဍာစိုး ဥပမာတွင်၊ ဘဏ္ဍာစိုးသည် ငွေကြေးကို မိမိကိုယ်ကျိုးအတွက် အသုံးပြုခဲ့ သည်။ ယေရှု၏သွန်သင်ချက်အရ ကောက်ချက်ချရလျှင် မယုံကြည်သူများသည် မိမိတို့၏ ပစ္စည်းဥစ္စာများ ကို ကိုယ်ကျိုးအတွက် မည်သို့အသုံးချရမည်ကို ကောင်းစွာသိကြသည်။ထိုသို့ဆိုလျှင် ယုံကြည်သူများက လည်း မိမိတို့၏ပစ္စည်းဥစ္စာများကို ဘုရားသခင်ဘုန်းတော်အတွက် အဘယ်ကြောင့် အသုံးမချနိုင်ရမည် နည်း။ ကယ်တင်ခြင်းမရမီက ပစ္စည်းဥစ္စာများသည် ကျွန်ုပ်တို့၏အနာဂတ်ကို အာမခံပေးနိုင်သော စစ်မှန်သော ကြွယ်ဝမှု ဟုမှတ်ယူခဲ့ကြသဖြင့် ဘဝတွင်အရေးကြီးဆုံးဖြစ်ခဲ့သည်။ ကျွန်ုပ်တို့၏ အနာဂတ်မှာ လောကီအမြင်နှင့် ပစ္စည်းဥစ္စာများအပေါ်တွင်သာ အခြေခံခဲ့သည်။ သို့သော် ကယ်တင်ခြင်းရရှိပြီးနောက် ထိုအရာတွေ ထက် ဘုရားသခင်သည် အရေးကြီးဆုံးဖြစ်လာသည်။ မသဲ ၆း၂၄၊ "အဘယ်သူမျှ သခင်နှစ်ဦး အစေကို မခံနိုင်။ သခင်တဦးကို မုန်း၍ တဦးကို ချစ်မည်။ သခင်တဦးကို မှီခို၍ တဦးကို မခန့်မညားပြုမည်။ သင် တို့သည် ဘုရားသခင်၏ အစေကိုငင်း၊ လောကီစည်းစိမ်၏ အစေကိုငင်း မခံနိုင်ကြ။"

ယုံကြည်သူများသည် လောကီစည်းစိမ်တည်းဟူသော ငွေကြေးနှင့်ပစ္စည်းဥစ္စာများကို မုန်းတီးကြ သည်။ ကျွန်ုပ်တို့သည် မိမိမုန်းသောအရာများကို ဦးစွာစွန့်လွှတ်ပြီး နှစ်သက်သောအရာများကိုမူ အတင်းအကျပ် အခြေအနေကြုံမှသာ နောက်ဆုံးမှ စွန့်လွှတ်ကြသည်။ အခြားသူများ၏ဝိညာဉ်ရေးရာကို ကူညီနိုင်ဖို့ရန်အတွက် သူတို့အား ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်ကို အရင်ကူညီကြပါစို့။ ကျွန်ုပ်တို့၌လုပ်နိုင်စွမ်း ရှိပါလျက်နှင့် တပါးသူအား ခြုံထည်မပေးဘဲ နွေးနွေးထွေးထွေးနေပါဟု နှုတ်ဖြင့်သာ ပြော၍မရပါ။ အလား တူပင် တစုံတဦးအား စာလေ့လာနေစဉ်တွင်ကူညီပေးနိုင်ပါလျက်နှင့်မကူညီဘဲ စာမေးပွဲအတွက် ဆုတောင်း ပေးမယ်ဟုသာပြော၍မရပေ။ လက်တွေ့ကူညီခြင်းသည် ဘဝကိုမျှဝေခြင်းဖြစ်ပြီး ခရစ်တော်ကို ထင်ရှား စေခြင်းဖြစ်သည်။

ထို့ကြောင့် ယုံကြည်သူတိုင်းသည် ရက်ရောသူများနှင့်ဖော်ရွေသူများဖြစ်ကြရပါမည်။ သူတပါး ကောင်းကြီးမင်္ဂလာခံစားနိုင်ရန်နှင့် ဘုရားသခင် ဘုန်းတော်ထင်ရှားစေရန် သင်၏ဘဝ၊ အချိန်နှင့် ပိုင်ဆိုင် သောအရာများကို မျှဝေပါ။ ကျေးဇူးတုန့်ပြန်မှုနှင့် အကျိုးအမြတ်ကို မမျှော်လင့်နှင့်။ ခရစ်တော်အတွက် ကြောင့်သာ ပြုလုပ်ပါ။ အခြေအနေပေါ် မမူတည်သောမေတ္တာနှင့် ပေးဆပ်သောမေတ္တာဖြင့် ချစ်ကြပါ။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဖော်ရွေလျက်၊ ရက်ရောသောသူ ဖြစ်ပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ရက်ရောလျက် ဖော်ရွေသောသူဖြစ်မည်အကြောင်း အကျွန်ုပ်အား သွန်သင်ပေးတော်မူပါ။

ကြာသပတေး၊ ဇွန် (၂၅)
**လု ၁၆း၁-၁၂**
ကျက်မှတ်ရန်၊ လု ၁၆း၈

*"လောကီသားတို့သည် မိမိတို့အမှုကို ဆောင်ရွက်ရာတွင်၊ အလင်းသို့ ရောက်သောသူတို့ထက် သာ၍ လိမ္မာကြ၏"*

## မတရားသော ဘဏ္ဍာစိုး ဥပမာ၊ လောကီ အသိဥာဏ်

မတရားသော ဘဏ္ဍာစိုး ဥပမာသည် အချို့ သူများအတွက် အခက်တွေ့စေတတ်သည်။ အကြောင်းမှာ ခရစ်တော်သည် ထိုဥပမာထဲရှိ ဘဏ္ဍာစိုး၏ မတရားသောလုပ်ရပ်ကို ချီးမွမ်းနေသကဲ့သို့ ထင်ရသောကြောင့်ဖြစ်သည်။ သို့သော် ဤကောက်ချက်မှာ မှားနေ၏။ ကျမ်းစာလာ ပုံဥပမာများ၏ အခြေခံသဘောတရားမှာ ခရစ်တော်သည် ထိုဥပမာများတွင် ဖော်ပြထားသော ကျင့်ဝတ်ပိုင်းဆိုင်ရာများကို ချီးမွမ်းခြင်း သို့မဟုတ် ရှုတ်ချခြင်း ပြုလုပ်နေခြင်းမဟုတ်ပေ။ ပုံဥပမာများသည် ဝိညာဉ်ရေးရာ အမှန်တရားကို သင်ကြားပေးရန်အတွက် ယေရှုခေတ်က လူတို့၏ နေ့စဉ်ဘဝ အတွေ့အကြုံများကို အသုံးပြုပြီး တင်စား ပြောဆိုခြင်းသာ ဖြစ်သည်။

မတရားသော ဘဏ္ဍာစိုး ဥပမာသည် အလုပ်ပြုတ်တော့မည်ကို သိထားသော ဘဏ္ဍာစိုးတစ်ဦး အကြောင်းဖြစ်သည်။ သူသည် လူ့သဘောသဘာဝအတိုင်း - အလုပ်လက်မဲ့ဖြစ်သွားသောအခါ မြေမတူးနိုင်၊ တောင်းရမ်းစားသောက်ရန်လည်း ရှက်ကြောက်ကြောင်း ဆင်ခြင်စဉ်းစားနေ၏။ သူသည် ခေတ်အဆက်ဆက် လူ့အဖွဲ့အစည်းများတွင် တွေ့ရလေ့ရှိသော အပြုအမူမျိုးကို လုပ်ဆောင်ခဲ့သည်။ ၎င်းမှာ သူအလုပ်လုပ်နေစဉ်ကာလ၌သူ့သခင်ထံတွင် အကြွေးတင်နေသူတို့၏ ကြွေးမြီများကိုလျှော့ ပေးလိုက်ခြင်းဖြစ်သည်။ ထိုသို့ ကျေးဇူးပြုခြင်းအားဖြင့် သူအလုပ်လက်မဲ့ ဖြစ်သွားသည့်အခါ ပြန်လည် အကူအညီတောင်းခံနိုင်မည့် မိတ်ဆွေများကို ရရှိအောင် ဖန်တီးခဲ့ခြင်းဖြစ်သည်။

ထိုဘဏ္ဍာစိုးသည်သူ့အနာဂတ်အတွက် ကြိုတင်စဉ်းစားပြီး အနာဂတ်အဆင်ပြေဖို့အတွက် ယခုတွင် လုပ်ဆောင်ခဲ့သည်။ သူသည် မိမိ၏ကိုယ်ကျိုးအတွက် သူပိုင်ဆိုင်သော အာဏာနှင့် စည်းစိမ် အရင်းအမြစ်ကို အသုံးပြုသည်။ မတရားသောဘဏ္ဍာစိုး၏ သခင်သည် (ယေရှုမဟုတ်ပါ) ထိုဘဏ္ဍာစိုး၏ လုပ်ဆောင်ချက်ကို သိသောအခါ သူ့ကိုချီးမွမ်းခဲ့သည်။ သူသည် အလုပ်တွင်ရှိနေစဉ်တွင် မိမိသခင်၏ အကြွေးများကို သူအလိုရှိသလို လျှော့ချပိုင်ခွင့်ရှိခဲ့သည်။ လုကာ ၁၆း၈၊ "မတရားသော ထိုဘဏ္ဍာစိုးသည် လိမ္မာစွာ ပြုသည်ကို သခင်သည် ချီးမွမ်းလေ၏။ အကြောင်းမူကား၊ လောကီသားတို့သည် မိမိတို့အမှုကို ဆောင်ရွက်ရာတွင်၊ အလင်းသို့ ရောက်သောသူ တို့ထက် သာ၍ လိမ္မာကြ၏။" ဤကျမ်းပိုဒ်၏ ဒုတိယပိုင်း သည် လက်တွေ့အသုံးချရမည့် အချက်ဖြစ်သည်။

ယေရှုသည် တပည့်တော်တို့အား ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့် ပတ်သက်၍အလွန်အရေးကြီးသော အမှန်တရားကို သင်ကြားပေးသည်။ ပစ္စည်းဥစ္စာများသည် လူတို့၏ဘဝတွင် ကိုးစားယုံကြည်မှု နှင့်ဘဝ လုံခြုံမှုအတွက် အခြေခံအုတ်မြစ်ဖြစ်နေတတ်သည်။ မိမိ ပိုင်ဆိုင်မှုများလေလေ၊ မိမိနှင့်မိမိချစ်ရသူတို့၏ အနာဂတ်အတွက် ပို၍စိတ်ချရလေလေဟု ယူဆထားသည်။ ထို့ကြောင့် အရာရာကို စုဆောင်းထားပြီး လုံခြုံမှုရှာခြင်းသည် တပည့်တော်တိုင်း၏ အသက်ရှင်မှုပုံစံဖြစ်ခဲ့သည်။ ကယ်တင်ခြင်းရရှိပြီးနောက်တွင်မူ သူတို့၏ပိုင်ဆိုင်မှုများကို ယခင်နှင့်မတူဘဲ ကွဲပြားသောနည်းလမ်းဖြင့် အသုံးပြုဖို့လိုအပ်လာသည်။ ဤဥပမာသည် ထိုသမ္မာတရားကို သင်ကြားပေးသည်။ လောကီသားတို့၏ ပညာသတိရှိပုံကို နမူနာ ယူကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ် ပိုင်ဆိုင်သောဥစ္စာများကို ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောဖြင့် ကိုင်တွယ်ပါသလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ဥစ္စာပစ္စည်း၏ အသုံးတော်ခံ မဖြစ်ဘဲ၊ ဥစ္စာပစ္စည်း ကို အသုံးပြုသောသူ ဖြစ်မည်အကြောင်း အကျွန်ုပ်အား မစတော်မူပါ။ အာမင်။



ဗုဒ္ဓဟူး၊ ဧပြီ (၈)
**မသဲ ၁၃း၂၄-၃၀၊ ၃၆-၄၃**
ကျက်မှတ်ရန်၊ မသဲ ၁၃း၂၉

*"အကျွန်ုပ်တို့သည် သွား၍ တောပင်တို့ကို ရွေးနုတ်စေခြင်းငှါ အလိုတော်ရှိသလော"*

## စပါးပင်နှင့် တောပင် ဖော်ပြချက်

စပါးပင်နှင့် တောပင် ဥပမာတွင်၊ လူတဦးသည် ကောင်းသော စပါးမျိုးစေ့ကို မိမိလယ်၌ ကြဲခဲ့ပါသည်။ ညအချိန် လူများ အိပ်နေစဉ်၊ ရန်သူသည် ထိုလယ်၌ တောမျိုးစေ့ကို ကြဲလျက် ထွက်သွား ခဲ့ပါသည်။ ဘယ်သူမှ မသိ ဟု ထင်မှတ်ခဲ့ပါသည်။ သို့သော်လည်း၊ အသီး စသီးသောအခါ၊ ထို တောပင်ကို တွေ့ခဲ့ကြပါသည်။ ကျွန်တို့သည် သူတို့၏သခင်ထံ တောပင် တွေ့ရကြောင်း သတင်းပို့ ခဲ့ကြ၏။ သူတို့က၊ "သခင်၊ ကောင်းသော မျိုးစေ့ကို လယ်၌ ကြဲတော်မူသည် မဟုတ်လော" ဟု လျှောက်ကြ၏။ သူတို့သည် သခင် ပေးခဲ့သော ကောင်းသော စပါးကိုသာ ကြဲခဲ့ကြကြောင်း ဆိုလိုခြင်း ဖြစ်ပါသည်။ သူတို့ ပြုသောအမှား မဟုတ်ပါ။ တဖန်၊ "တောပင်တို့သည် အဘယ်က ဖြစ်သနည်း" ဟု လျှောက်ကြ၏။ သခင်က၊ ရန်သူပြုသော အမှုဖြစ်ကြောင်း ဆိုခဲ့ပါသည်။ လယ်ကို ပိုင်သော ထိုသခင်မှ လွဲ၍ အဘယ်သူမှ ထိုအမှုကို မသိကြပါ။ ကျွန်တို့က၊ ထိုတောပင်တို့ကို လယ်မှ နုတ်ပစ် လိုပါသလားဟု သခင်အား လျှောက်ကြ၏။ သခင်က၊ စပါးပင်ကို မထိခိုက်ဘဲ တောပင်ကို နုတ်၍ မရကြောင်း ကျွန်တို့အား အသိပေးခဲ့ပါသည်။ စပါးပင်နှင့် တောပင်တို့သည် ရောနှော ပေါက်ရောက် ခဲ့ကြ၏။ ထို့ကြောင့်၊ တောပင်ကို နုတ်လျှင် စပါးပင်၏ အမြစ်တို့ကို ထိခိုက် လိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့်၊ စပါးပင်တို့သည် ဆက်လက် ရှင်သန် ကြီးထွားဖို့ရန် အချိန် လိုသေး၏။

ထို့ကြောင့်၊ သခင်က ရိတ်သိမ်းချိန်အထိ အတူတကွ ရှိပါစေဟု ဆိုခဲ့ပါသည်။ ရိတ်သိမ်း သောသူများက စပါးပင်နှင့် တောပင်ကို ရွေးနုတ် ကြလိမ့်မည်ဖြစ်၏။ ထိုအချိန်တွင် စပါးပင်သည် ရိတ်သိမ်းချိန် ရောက်ပြီဖြစ်သောကြောင့်၊ အမြစ် ထိခိုက်မည်၊ ပျက်စီးမည်ကို စိုးရိမ်စရာ မလိုတော့ ပါ။ တောပင်တို့ကို အရင် ဖယ်ရှား၍ မီးရှို့ခြင်း ခံလိမ့်မည်။ ထို့နောက်၊ စပါးကို ကျီ၌ စုသိမ်း သွင်းထားကြမည်ဖြစ်ပါသည်။

ယုံကြည်သူများနှင့် မယုံကြည်သူများသည် ဒေသန္တရ အသင်းတော်၌ အတူ ရှိနေကြပါ လိမ့်မည်။ အချို့သော မယုံကြည်သူများသည် အသင်းတော်၌ ကြိုးစားအားထုတ်လျက် အမှုတော် ဆောင်ရွက်သော၊ သင်းအုပ်ဆရာများ၊ သင်းအုပ်လူကြီးများနှင့် သင်းထောက်များ ဖြစ်နိုင်ပါသည်။ သူတို့၏ ကြိုးစားအားထုတ်မှုနှင့် ကျမ်းစာ သိကျွမ်းခြင်းကြောင့်၊ လူများတို့က ယုံကြည်သူများဟု ထင်မှတ် ကြလိမ့်မည်။ သို့သော်လည်း၊ ဤပုံဥပမာက၊ ကျွန်ုပ်တို့အား အသင်းတော်၌ ထိုသို့သောသူ ကို မသက်ာသောစိတ်ဖြင့် ရှာဖွေခြင်း မပြုဖို့ရန် သတိပေးလျက်ရှိပါသည်။ သင်ပေးတော်မူသော သင်ခန်းစာမူကား၊ မိမိ၏ ကယ်တင်ခြင်း စစ်မှန်ခြင်း ရှိမရှိ သေချာ စမ်းစစ်ဖို့ရန် ဖြစ်ပါသည်။ အကြောင်းမှာ၊ သခင်ဘုရားက နောက်ဆုံးသောနေ့တွင် လူတိုင်း၏ ဝိညာဉ် အခြေအနေကို ဖော်ထုတ် လိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - မိမိကိုယ်ကို ကျွန်တော် လှည့်စားနေပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကယ်တင်ခြင်း အမှန်တကယ် ရရှိကြောင်း အကျွန်ုပ်အား သိရှိလျက် စိတ်ချခြင်း ရှိမည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ ဧပြီ (၉)
**မသဲ ၁၃း၃၆-၄၃**
ကျက်မှတ်ရန်၊ မသဲ ၁၃း၃၈

*"လယ်၌ကြဲသော တောမျိုးစေ့၏ ဥပမာ အနက်အဓိပ္ပါယ်ကို အကျွန်ုပ်တို့အား ဘော်ပြတော်မူပါ"*

## တောမျိုးစေ့ မူကား

မျိုးစေ့ ကြဲသောသူသည် လူသားဖြစ်တော်မူ၏။ လယ်ကား ဤလောကဖြစ်၏။ ကောင်းသောအစေ့ကား နိုင်ငံတော်သား ဖြစ်ကြပါသည်။ တောမျိုးစေ့ကား နတ်ဆိုးသား ဖြစ်ကြ၏။ တောမျိုးစေ့ကို ကြဲသော ရန်သူသည် မာရ်နတ်ဖြစ်ပါသည်။ စပါးရိတ်သောကာလသည် ဤကမ္ဘာ ကုန်သောကာလဖြစ်၏။ ရိတ်သောသူများကား ကောင်းကင်တမန်များဖြစ်ကြပါသည်။ သခင်ယေရှု က ဤပုံဥပမာ၏ အချက်အလက်တိုင်းကို၊ မျိုးစေ့ကြဲခြင်း ဥပမာ နည်းတူ (မသဲ ၁၃း၃-၈၊ ၁၈-၂၃)၊ အနက် မဖွင့်ခဲ့ပါ။ ရိတ်သိမ်းခြင်း ကာလအကြောင်းကို ရှင်းပြလျက်၊ ထိုနောက်ဆုံးနေ့တွင် တောပင်နှင့် စပါးတွင် မည်သို့သော အဖြစ် ကျရောက်မည်ကို ဖော်ပြခဲ့ပါသည်။

ယေရှု အနက်ဖွင့်တော်မူသော ဤပုံဥပမာ နှစ်ခု၏ အရေးပါမှုကို ကျွန်တော်တို့ တွေ့ရပါသည်။ မျိုးစေ့ကြဲခြင်း ဥပမာတွင်၊ ခရစ်တော်က ဘုရားသခင်၏နှုတ်ကပတ်တော်ကို မှန်ကန်စွာ ကြားနာဖို့ လိုအပ်ကြောင်း ဖော်ပြတော်မူခဲ့၏။ ထိုတရားသည် ကယ်တင်ခြင်း ခံရသော နေ့မှ စ၍ အသက် ကုန်ဆုံးသည်အထိ ယုံကြည်သူ၏ အသက်တာနှင့် ဆိုင်သောတရားဖြစ်ပါသည်။ စပါးပင်နှင့် တောပင် ဥပမာသည်၊ ယုံကြည်သူကဲ့သို့ အပေါ်ယံ ထင်ရှားသော မယုံကြည်သူများ ရှိကြောင်း၊ ယုံကြည်သူများအား သတိပေးခြင်းဖြစ်ပါသည်။ ထိုသို့သောသူများကို အသင်းတော်၊ ကျမ်းစာကျောင်း နှင့် ခရစ်ယာန် အဖွဲ့အစည်းများ၌ တွေ့ရတတ်ပါသည်။ သူတို့သည် ယုံကြည်သူများကဲ့သို့ အမှုတော် ဆောင်၍ ဝတ်ပြုခြင်း ပြုလျက်၊ ချီးမွမ်းသီချင်း ဆိုတတ်ကြပါသည်။ သူတို့သည် လူများကို လှည့်စား ပါလိမ့်မည်၊ သို့သော်လည်း၊ သခင်ယေရှုကို မလှည့်စားနိုင်ပါ။ ထိုအမှုသည် မာရ်နတ် ပြုသော အမှုဖြစ်ပါသည်။

နောက်ဆုံးသောနေ့တွင် ခြားနားမှုကို တွေ့ရပါလိမ့်မည်။ ခရစ်တော်၏ ကောင်းကင်တမန်တို့သည် တောပင်များကို (ဘုရားသခင်၏ သားသမီးများနှင့်အတူ နေထိုင်ရာ ဤလောကမှ၊ ခရစ်တော်၏ နိုင်ငံတော်မှ) ရွေးနုတ်လျက် မီးထဲသို့ ပစ်လိမ့်မည်။ ထိုအရပ်၌ ငိုကြွေးခြင်းနှင့် အံသွား ခဲကြိတ်ခြင်း ရှိလိမ့်မည်။ ထိုသို့ စီရင်ခြင်းခံရခြင်း၏အကြောင်းရင်းမှာ သူတို့၏ ဇာတိအပြစ်နှင့် လွန်ကျူးသောအပြစ်ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံးသည် အပြစ်သားဖြစ်ကြပါသည်။ သို့သော် လည်း၊ သူတို့သည် အပြစ်မှ နောင်တ မရသော၊ ခရစ်တော်၏အသွေးတော်ဖြင့် အပြစ် သန့်စင် ဆေးကြောခြင်း မခံရသောသူများဖြစ်ကြ၏။ နောင်တမရဘဲ၊ သူတို့သည် မှားယွင်းသော ဩဝါဒကို သွန်သင်လျက်၊ မိုက်မဲစွာ မှားယွင်းသော လမ်းသို့ လိုက်ခဲ့ကြ၏။ ဘုရားသခင်ရှေ့တွင် ခရစ်တော်၌ သူတို့သည် နောင်တရမှသာ တောင်ပင်ဘဝမှ လွတ်ကြလိမ့်မည်ဖြစ်ပါသည်။ ခရစ်တော်ကို ကယ်တင်ရှင် သခင်အဖြစ် အစစ်အမှန် လက်ခံမှသာလျှင် သူတို့၏အပြစ်များကို ဖယ်ရှား ခွင့်လွှတ်ခြင်း ခံရကြလိမ့်မည်။ ထိုသို့ ကယ်တင်ခြင်း အမှန် ရလျှင်၊ အပြစ်ပြုသောအခါ အစဉ် နောင်တ ရကြမည်ဖြစ်ပါသည်။ သမ္မာကျမ်းစာ၏ လမ်းပြမှုအားဖြင့်၊ အပြစ်ပြုသောအခါ၊ ဆင်ခြေ မရှာဘဲ၊ အပြစ်မှန်း သိကြလိမ့်မည်။ ကိန်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်က အသိပေး တော်မူ လိမ့်မည်။ တောပင် မှန်လျှင်၊ နောက်ဆုံး တရားစီရင်ရာ နေ့အထိ အပြစ်၌ ကျင်လည် ကြလိမ့်မည်။

**ဆင်ခြင်ရန်** - နောင်တရသော စိတ်နှလုံး အကျွန်ုပ်၌ ရှိပါသလား။
**ဆုတောင်းချက်-** အဖဘုရား၊ ခရစ်တော်အားဖြင့် အကျွန်ုပ်အား နောင်တရခြင်း အစစ်အမှန် ပေးသနားတော်မူပါ။



ဗုဒ္ဓဟူး၊ ဇွန် (၂၄)
**လု ၁၅း၁၁-၃၂**
ကျက်မှတ်ရန်၊ လု ၁၅း၃၁-၃၂

*"ငါ့သား၊ သင်သည် ငါ့ထံမှာ အစဉ်နေ၏။ ငါ၏ဥစ္စာ ရှိသမျှသည် သင်၏ ဥစ္စာဖြစ်၏"*

## ပျောက်သောသား ဥပမာ၊ သင်သည် သားဖြစ်ပါသလား

သားကြီး၏တုန့်ပြန်မှုသည် ထိတ်လန့်ဖွယ်ကောင်းပြီး နည်းလမ်းမကျပေ။ သူ၏ညီသည် ပျောက်ဆုံးနေခဲ့ပြီး၊ စာရိတ္တပျက်ပြားကာ ကာမဂုဏ်၌ နစ်မွန်းသော အပြစ်ဘဝဖြင့် နေထိုင်ခဲ့သူဖြစ် သည်။ မိသားစုကလည်းထိုညီဖြစ်သူအသက်ရှင်သေးသလား၊ သေသွားပြီလား ဆိုသည်ကိုပင် မသိခဲ့ကြပေ။ သို့သော်၊ သူသည် အသက်ရှင်လျက် ပြန်လာသောအခါ သားကြီး၏ တုန့်ပြန်မှုမှာ အမျက်ဒေါသနှင့် မနာလိုဝန်တိုခြင်းသာ ဖြစ်ခဲ့သည်။ ထို့အပြင် သူသည် ညီ၏အပြစ်များကိုပင် ပြန်လည်မီးမောင်းထိုးပြခဲ့သည်။ သူက "ပြည့်တန်ဆာမိန်းမတို့နှင့် ပေါင်းဘော်၍ မိမိဥစ္စာကို ဖြုန်းသော ဤသားငယ် ရောက်လာသောအခါမူကား၊ အဘသည် ဆူအောင် ကျွေးသော နွားကလေး ကို သတ်လေပြီတကားဟု ဆို၏" (လု ၁၅း၃၀)။ သူ့ညီကို ငါ့ညီဟု ခေါ်မည့်အစား တမင်တကာ သင့်သား (သူ့ဖခင်၏သား) ဟုခေါ် ဆိုခဲ့သည်။ အကိုဖြစ်သူ၏ အမြင်တွင်မူ သူ့၌ညီငယ် မရှိတော့ ပေ။ ထိုညီသည် ဖခင်၏စည်းစိမ်များကို ပြည့်တန်ဆာများနှင့် ဖြုန်းတီးပစ်ခဲ့သူ ဖြစ်သော်လည်း ယခုအခါတွင်မူ ဖခင်က သူ့အတွက် ဆူဖြိုးသောနွားကလေးကို သတ်ပေးခဲ့သည်။

ဖခင်က သားငယ်အတွက် နွားကလေးသတ်ပေးခြင်းမှာ သားငယ်၏အပြစ်သားဘဝ ကြောင့် မဟုတ်ဘဲ၊မိမိအမှားကိုသိကာ နှိမ့်ချစွာဖြင့် နောင်တရလျှက်ပြန်လာခြင်းကြောင့်ဖြစ် သည်။ ထိုအရာသည် ပွဲကျင်းပရခြင်း၏ အကြောင်းရင်းဖြစ်သည်။ သားကြီးကမူ ထိုအရာကို နားမလည်နိုင်ခဲ့ ပေ။ အကြောင်းမှာ သူသည် ဖခင်အား မေတ္တာဖြင့် အစေခံခြင်းထက် ဝတ္တရားအရသာ အလုပ် အကျွေး ပြုခဲ့သောကြောင့် ဖြစ်သည်။ သူသည်ဖခင်အား သားကဲ့သို့မဟုတ်ဘဲ အစေခံကဲ့သို့ အလုပ်အကျွေးပြုခဲ့သည်ကို သတိမပြုမိခဲ့ပါ။ သူ့စကားများက သူအပြစ်ရှိကြောင်းဖော်ပြလိုက်ပြီး သူ၏အမှုဆောင်ရွက်ခဲ့ခြင်းမှာ တာဝန်ဝတ္တရားကြောင့်သာ ဖြစ်ပြီး လောကစည်းစိမ်ကိုသာ မျှော်ကိုး လုပ်ဆောင်ခဲ့ကြောင်း ဖော်ပြနေသည်။

ဖခင်၏ပြောစကားများမှာ မှတ်သားဖွယ်ရာ ဖြစ်သည်- "ငါ့သား၊ သင်သည် ငါ့ထံမှာ အစဉ်နေ၏။ ငါ၏ ဥစ္စာ ရှိသမျှသည် သင်၏ ဥစ္စာဖြစ်၏။ သင်၏ ညီမူကား အထက်က သေ၏၊ ယခု ရှင်ပြန်၏။ အထက်က ပျောက်၏၊ ယခု တွေ့ပြန်၏။ ထိုကြောင့် ပျော်မွေ့ ဝမ်းမြောက်စရာ အကြောင်းရှိ၏" (လု ၁၅း၃၁-၃၂)။ သားကြီးအနေဖြင့် မှန်ကန်သော စိတ်ရင်းဖြင့် အမှုဆောင်ရွက်ခဲ့ လျှင် ဖခင်ပိုင်ဆိုင်သမျှသည် မိမိပိုင်ဆိုင်မှုဖြစ်ကြောင်း သိရှိနားလည်မည်ဖြစ်သည်။ အကယ်၍ ထိုကဲ့သို့သောနှလုံးသားရှိခဲ့လျှင် ညီဖြစ်သူပြန်လာခြင်းသည် ဝမ်းမြောက်ရန်နှင့်ကျေးဇူးတော်ချီးမွမ်းရန် အကြောင်းရင်း ဖြစ်ကြောင်းကို သူသဘောပေါက်မည်။ ညီဖြစ်သူ အိမ်ကထွက်သွားခြင်းမှာ သေဆုံးသွားသကဲ့သို့ ဖြစ်သော်လည်း ယခုမူ ပြန်လည်ရှင်သန်လာပြီဖြစ်၏။ ညီဖြစ်သူ အိမ်က ထွက်ခွာခြင်းမှာ ပျောက်ဆုံးသွားသကဲ့သို့ဖြစ်သော်လည်း ယခုမူ ပြန်လည်တွေ့ရှိခဲ့ပြီဖြစ်၏။ သားကြီး သည် သူ့အလုပ်ကိုသာ အာရုံစိုက်နေခြင်းကို ရပ်တန့်ပြီး ဖခင်နှင့်မိမိကြားရှိ သားအဖ ဆက်ဆံရေး ကို အလေးထားရန် လိုအပ်သည်။

ဤသင်ခန်းစာ၏ အဓိကရည်ရွယ်ချက်မှာ ဘုရားသခင်၏အမှုတော်မဆောင်မီ ကိုယ်တော်နှင့် ရင်းနှီးသော ဆက်ဆံရေးရှိရန်ဖြစ်သည်။ ထိုသို့ရှိမှသာ ကျွန်ုပ်တို့သည် အပြစ်သားများသည် ခရစ်တော်ကို သိကျွမ်းလာစေရန် ကူညီပေးခြင်းဟူသော အမှုတော်ဆောင်ခြင်း၏ရည်ရွယ်ချက်ကို မျက်ခြည်ပြတ်မည် မဟုတ်ပေ။

**ဆင်ခြင်ရန်** - ကျွန်တော်သည် ဘုရားသခင်၏သား ဖြစ်ပါသလား။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်ကို ကယ်တင်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

အင်္ဂါ၊ ဇွန် (၂၃)
**လု ၁၅း၁၁-၃၂**
ကျက်မှတ်ရန်၊ လု ၁၅း၂၉-၃၀

*"သားအကြီးသည် အမျက်ထွက်၍ အိမ်သို့ မဝင်ဘဲနေ၏။ အဘသည် သူ့ဆီသို့သွား၍ ချော့မော့ရ၏"*

## ပျောက်သောသား ဥပမာ၊ ပျောက်သောသား အစစ်အမှန်

ယနေ့ခရစ်ယာန်လောကတွင် ဘာသာရေးအလွန်ကိုင်းရှိုင်းမှုသည် ပြဿနာတခုဖြစ်နေ သည်။ ကျမ်းတတ်ပုဂ္ဂိုလ်များနှင့်ဖာရိရှဲများကဲ့သို့ပင် လူများစွာသည် အသင်းတော်တွင် အမှုဆောင် ခြင်း၊ သမ္မာကျမ်းစာကို သွန်သင်ဟောပြောခြင်း၊ ဗတ္တိဇံပေးခြင်းနှင့် ပွဲတော် မင်္ဂလာတွင် ပါဝင်ခြင်း၊ သို့မဟုတ် လူသိများပြီး ရှေးရိုးစွဲသော သမ္မာကျမ်းစာ ကောလိပ် သို့မဟုတ် ဓမ္မတက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရထားရုံဖြင့်မိမိကိုယ်ကို အသစ်တဖန်မွေးခြင်း ခံရပြီးပြီဟု ထင်မှတ်ကြသည်။သူတို့သည် မိမိကိုယ်ကို လိမ်ညာလှည့်စားခြင်း ဘဝတွင် နေထိုင်ကျ ရသည်။ အပြစ်သည် သူတို့၏သခင်ဖြစ်နေ သေးပြီး၊ ငရဲသည် သူတို့ကို စောင့်ဆိုင်းနေ၏။

ထိုကဲ့သို့ လှည့်ဖြားခြင်းခံရသော နှလုံးသား၏ လက္ခဏာများကို လုကာ ၁၅း၂၅-၃၀ တွင် အထင်အရှား တွေ့မြင်နိုင်သည်။ သားကြီး၏ အပြစ်ရှိသောအပြုအမူသည် စကားလုံးများထက် ပို၍ကျယ်လောင်စွာ ပြောဆိုနေ၏။ လုကာ ၁၅း၂၅-၃၀၊ "သားအကြီးသည် တောင်ယာကလာ၍ အိမ်အနီးသို့ ရောက်သောအခါ၊ ကခြင်း၊ တီးမှုတ်ခြင်း၊ အသံကို ကြားလျှင်၊ ငယ်သားတယောက်ကို ခေါ်၍ အဘယ်သို့သော အခြင်းအရာနည်းဟု မေး၏။ ငယ်သားက၊ သခင်၏ညီသည် ရောက်လာပြီ။ ဘေးနှင့်ကင်းလွတ်လျက် ရှိသည်ကို အဘ တွေ့သောကြောင့်၊ ဆူအောင်ကျွေးသော နွားကလေးကို သတ်ပါပြီဟု ပြောဆို၏။ သားအကြီး သည် အမျက်ထွက်၍ အိမ်သို့ မဝင်ဘဲနေ၏။ အဘသည် သူ့ဆီသို့သွား၍ ချော့မော့ရ၏။ သား အကြီးကလည်း၊ အကျွန်ုပ်သည် ကာလတာရှည်စွာ အဘ၏အစေကို ခံပါပြီ။ အဘ၏အလိုကို တခါမျှ မလွန်ကျူးပါ။ သို့သော်လည်း အကျွန်ုပ်သည် အဆွေတို့နှင့်အတူ ပျော်မွေ့ခြင်းကို ပြုစေခြင်းငှါ၊ အဘသည် ဆိတ်ကလေး တကောင်ကို တခါမျှမပေး။ ပြည်တန်ဆာမိန်းမတို့နှင့် ပေါင်းဘော်၍ မိမိဥစ္စာကို ဖြုန်းသော ဤသားငယ် ရောက်လာသော အခါမူကား၊ အဘသည် ဆူအောင် ကျွေးသော နွားကလေးကို သတ်လေပြီတကား ဟုဆို၏။" သားကြီး၏ အမျက်ဒေါသသည် သူ၏ညီအပေါ် မေတ္တာကင်းမဲ့နေကြောင်း ဖော်ပြနေ သည်။ သူ့ညီ ပြန်လာသောအခါ မိသားစုနှင့်အတူ ပျော်မွေ့ရန် ငြင်းဆန်ခြင်းက သူ၏ခွင့်မလွှတ်နိုင် သော နှလုံးသားကို ထင်ဟတ်စေ၏။ဖခင်သည် အပြင်ထွက်၍သူ့ကို ချော့မော့သော်လည်း သားကြီး၏တုန့်ပြန်မှုက မနာလိုမှုနှင့်ခါးသီးသော စိတ်သဘောထားနှင့်ပြည့်နှက်သည်ကို ဖော်ပြနေသည်။သူသည်သားငယ်ကဲ့သို့ အိမ်မှမထွက်ခွာ ခဲ့သလို၊ အပြစ်လည်း မကျူးလွန်ခဲ့သော်လည်း သူ၏နှလုံးသားမှာမူ ဖခင်နှင့်ဝေးကွာလှ၏။

သူသည် အိမ်တွင်သားတစ်ယောက်ကဲ့သို့ အမှုမဆောင်ရွက်ဘဲ အစေခံကဲ့သို့ဆောင်ရွက်ခဲ့ သည်။ သူ၏ခန္ဓာကိုယ်မှာ အိမ်တွင်ရှိသော်လည်း နှလုံးသားမှာမူ အိမ်နှင့်ဝေးနေခဲ့သည်။ သားကြီးသည် အိမ်မှာ ရှိနေသောကြောင့် မိမိကိုယ်ကို သားကောင်းအဖြစ် ထင်မှတ်ထားသည်။ ထို့ကြောင့် သူသည် နောင်တရဖို့မလိုအပ်ဟု ယူဆထားသည်။ သူသည် အိမ်မှထွက်မသွားခဲ့သဖြင့် အိမ်ပြန်လာဖို့မလိုဟု ထင်၏။ သူသည် အိမ်တွင် သစ္စာရှိစွာ လုပ်ကျွေးသဖြင့် မိမိ၌အပြစ်မရှိဟူ၍ ၎င်း၊ နောင်တရဖို့ရန် အကြောင်းမရှိဟူ၍၎င်း ခံစားခဲ့သည်။သင်သည် သခင်ဘုရားကို မည်သို့အမှု ထမ်းသနည်း။ သားကြီးကဲ့သို့ ခန္ဓာကိုယ်ဖြင့်ဘဲလား၊ သို့မဟုတ် နှလုံးသားပါဝင်ပါသလား။

**ဆင်ခြင်ရန်** - ကျွန်တော် အမှန်တကယ် အိမ်၌ရှိပါသလား။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အမှုတော်ကို သစ္စာရှိစွာ ဆောင်ရွက်ပါမည်။



သောကြာ၊ ဧပြီ (၁၀)
**မသဲ ၁၃း၃၆-၄၃**
ကျက်မှတ်ရန်၊ မသဲ ၁၃း၃၉

*"တောမျိုးစေ့ကို ကြဲသော ရန်သူကား မာရ်နတ်ဖြစ်၏။ စပါးရိတ်သောကာလကား ဤကမ္ဘာကုန်သော ကာလဖြစ်၏"*

## ကောင်းသော မျိုးစေ့ မူကား

မသဲ ၁၃း၂၄ တွင်၊ စပါးကို "ကောင်းသော မျိုးစေ့" ဟု ဖော်ပြခဲ့ပါသည်။ "ကောင်းသော" ဟူသော စကားလုံးက ဇာတိသဘော ကောင်းခြင်းကို ဆိုလိုပါသည်။ အပြစ်သားသည် မိမိအပြစ်မှ နောင်တရလျက်၊ ခရစ်တော်အား မိမိ၏ ကယ်တင်ရှင် သခင် အဖြစ် လက်ခံ သောအခါ၊ ဘုရားသခင်က ထိုသူအား ကောင်းသောသူ အဖြစ် အသစ်ပြုပြင်တော်မူလျက်၊ ထိုသူသည် ဘုရားသခင် လက်ခံ တော်မူသော ကောင်းသောအမှုကို ယခု ပြုနိုင်ခဲ့ပြီဖြစ်ပါသည်။

ကောင်းသော မျိုးစေ့ကို မျိုးစေ့ကြဲသောသူ၏ လယ်၌ ကြဲခဲ့ပါသည်။ လယ်သည် ဤ လောကဖြစ်ပါသည်။ ဤလောကသည် မျိုးစေ့ကြဲသောသူ ခရစ်တော် အပိုင်ဖြစ်၏။ ခရစ်တော်သည် အပြစ်သားများကို ကယ်တင်လျက်၊ လူကောင်းဖြစ်စေတော်မူပြီး၊ မိမိလယ်ဖြစ်သော ဤလောက အကျင့် ပျက်ခြင်း နှေးကွေးစေဖို့ရန် ဤကမ္ဘာ၌ ထားတော်မူ၏။ ကောင်းသော မျိုးစေ့ မရှိသော ဤလောကသည် မည်သို့ဖြစ်လိမ့်မည်ကို ဆင်ခြင်ကြည့်ပါလော့။ မာရ်နတ်နှင့် အာဏာရှင်တို့သည် တားဆီးမရဖြစ်လျက်၊ အချို့သော တိုင်းနိုင်ငံ၌ တွေ့ရသည်အတိုင်း၊ ဤလောကသည် လူနေထိုင်ရန် မဖြစ်နိုင်သော လောကဖြစ်ပါလိမ့်မည်။ ယခုပင်၊ နေ့ည မပြတ်၊ ဒုစရိုက်အပြစ် ကျူးလွန်ခြင်းကို နေရာတကား တွေ့ရ၏။ များစွာသောလူတို့သည် အိမ်ပြင် မထွက်ရဲကြပါ။

ရိတ်သိမ်းချိန် ကာလအထိ (ဤကမ္ဘာ ကုန်သောကာလ)၊ မျိုးစေ့ကြဲသောသူက၊ နှစ်မျိုးစလုံး အတူတကွ ရှိကြပါစေဟု ဆိုခဲ့ပါသည်။ လောကီလူတို့၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရသော်လည်း၊ ယုံကြည်သူများသည် ခရစ်တော်နှင့် လောကီလူတို့အတွက် မိမိတို့၏အရေးပါမှုကို သတိရဖို့လိုပါ၏။ ယုံကြည်သူတို့၌ရှိသော ကောင်းမှုကို လောကီလူတို့သည် မြင်လျက်၊ ကောင်းမြတ်တော်မူသော ဘုရားသခင်သည် ဤလောကကို ဖန်ရှင်းတော်မူကြောင်း၊ သူတို့အား လက်လွှတ်တော် မမူကြောင်း သိကြလိမ့်မည်။ ထို့ကြောင့်၊ ရိတ်သိမ်းချိန်အထိ ကောင်းသောမျိုးစေ့ ကျန်ရှိဖို့ လိုအပ်ရခြင်း ဖြစ်၏။ သူတို့၏ သန့်ရှင်းသော အသက်တာနှင့် ပြုသော ကောင်းမှုအားဖြင့်၊ ဤလောက အထိန်းအကွပ်မဲ့ ယိုးယွင်းပျက်စီးခြင်းကို ကွယ်ကာလျက်၊ ခရစ်တော်၏သတင်းကောင်း ဝေငှခြင်းဖြင့် လူတို့သည် ကယ်တင်ခြင်း ခံရကြမည်ဖြစ်ပါ သည်။ ထိုကောင်းသောမျိုးစေ့များကြောင့်၊ မိသားစု၊ ကျောင်းနှင့် အလုပ်ရုံများသည် တိုးတက်မှု ရှိမည်ဖြစ်ပါသည်။ ဥရောပ၊ ဗြိတိန်နှင့် အမေရိက နိုင်ငံတို့သည် ထိုကောင်းသောမျိုးစေ့များ၏အကျိုးကြောင့် ယခုကဲ့သို့ ဖြစ်ကြခြင်းဖြစ်ပါသည်။ ဘုရားသခင်က ထိုကောင်းသောမျိုးစေ့များကို နိုင်ငံ့ ဥပဒေများ ချမှတ်ခြင်း၌ အသုံးပြုတော်မူ၏။ ထိုသို့အားဖြင့်၊ မြို့ရွာများနှင့် လူမျိုးများအကြားတွင် ကောင်းသော အုပ်ချုပ်မှုရှိလျက်၊ ဘုရားသခင် ဝတ်ပြုခြင်း၌ လည်း ငြိမ်သက်ခြင်း ရှိ၍၊ နှုတ်ကပတ်တော် သင်ကြားလေ့လာခြင်းတို့အားဖြင့် ဤလောကသို့ ကယ်တင်ခြင်း သတင်းကောင်းကို ဆက်လက် ဝေငှလျက်ရှိပါသည်။

တောပင်နှင့်အတူ ဆက်လက် ရှင်သန်ဖို့ရန် မျိုးစေ့ကြဲသောသူ ထားခဲ့တော်မူသော ကောင်းသော မျိုးစေ့ဖြစ်သည်နည်းတူ၊ သင့်အပြောအဆိုအားဖြင့်၎င်း၊ အထူးသဖြင့်၊ အကျင့်အားဖြင့် ကောင်းမှုကို သင့်အသက်တာ၌ သူတပါး မြင်စေပါ။ သမ္မာကျမ်းစာကို နာခံလျက်၊ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားဖို့ရန် ကောင်းသောအမှုကို ပြုပါလော့။

**ဆင်ခြင်ရန်** - ဤနောက်ဆုံးသောကာလ၌ ခရစ်တော်အတွက် သက်သေခံခြင်းအမှုသည် အခွင့်ထူးပင်ဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ခရစ်တော်၏ကောင်းမြတ်တော်မူခြင်းကို ကျွန်တော် ပြသလိုပါ၏။

စနေ၊ ဧပြီ (၁၁)

**မသဲ ၁၃း၃၁-၃၂**

ကျက်မှတ်ရန်၊ မသဲ ၁၃း၃၁

*"ကောင်းကင်နိုင်ငံတော်သည် လယ်၌စိုက်သော မုန်ညင်းစေ့နှင့် တူ၏"*

## မုန်ညင်းစေ့ ဥပမာ၏ အဓိပ္ပါယ်

မုန်ညင်းစေ့ ဥပမာသည် အနက်ဖွင့်ချက် မပါဘဲ ခရစ်တော် ပြောကြားသော ပထမဆုံးပုံဥပမာ ဖြစ်ပါသည်။ မျိုးစေ့ကြဲသောသူ ဥပမာ၊ စပါးနှင့်တောပင် ဥပမာ အနက်ဖွင့်ခြင်း အားဖြင့် ဥပမာများကို မည်သို့ အနက်ဖွင့်ရမည်အကြောင်း ကျွန်ုပ်တို့အား သွန်သင်တော်မူခဲ့၏။ စပါးနှင့်တောပင် ဥပမာနည်းတူ၊ ယခု ဥပမာသည်လည်း ကောင်းကင်နိုင်ငံနှင့် ဆိုင်သော ဥပမာဖြစ်ပါသည်။ ဤဥပမာက ကောင်းကင်နိုင်ငံတော်သည် ဤကမ္ဘာလောက၌ တည်ကြောင်း ဖော်ပြ၏။ ကောင်းကင်ဘုံရှိ ကောင်းကင်နိုင်ငံတော်သည် မဖော်ပြနိုင်လောက်အောင် ကြီးမားလွန်းလှသည်ဖြစ်၍၊ ဤကမ္ဘာ၌ သေးငယ်သော မုန်ညင်းစေ့ကဲ့သို့ စတင်ခဲ့ပါသည်။ လူတယောက်သည် သေးငယ်သော ထိုမုန်ညင်းစေ့ကို ယူ၍ မိမိ လယ်၌ စိုက်ခဲ့၏။ ယေရှု ခေတ်ကာလတွင် ဣသရေလ၌ ရှိသော အသီးအရွက်ပင်တို့တွင် အသေးငယ်ဆုံးဖြစ်ပါသည်။ ထိုမုန်ညင်းစေ့သည် ပေါက်လျက်၊ သစ်ပင်ကြီးအဖြစ် ကြီးထွားခဲ့ပါသည်။ ဟင်းသီးဟင်းရွက်ပင်တို့သည် ချုံပုတ်အမြင့်လောက်သာ ရှိကြပါသည်။ သို့သော်လည်း၊ ဥပမာ၌ ယေရှု ဖော်ပြသော မုန်ညင်းစေ့သည် ကြီးထွား၍ အကိုင်းအခက်နှင့် ပြည့်စုံသော အပင်ဖြစ်လာခဲ့ပါသည်။ ထိုမုန်ညင်းပင်သည် ငှက်များအဖို့ မှီခို နားနေရာဖြစ်လာခဲ့ပါသည်။

လယ်သည် ဤကမ္ဘာလောကဖြစ်၏။ မုန်ညင်းစေ့သည် ယေရှုခရစ်တော်၏ သတင်းကောင်းဖြစ်ပါသည်။ ထိုအစေ့ကို ယူ၍ စိုက်သောသူသည် ခမည်းတော်ဘုရား (သို့) သခင်ယေရှု ခရစ်တော်ဖြစ်တော်မူ၏။ မုန်ညင်းစေ့ အပင် ပေါက်ရောက် ကြီးထွားမှုကို မြင်ရပါသည်။ သတင်းကောင်းကို ဟောပြောသောအခါ၊ တယောက်သောသူသည် ကယ်တင်ခြင်း ခံရ၏။ ထိုသို့ သေးငယ်စွာ စတင်လျက်၊ ထိုတယောက်က ဆက်လက် ဟောပြောပြီး နောက်တယောက်၊ ထိုသို့ဖြင့် မိသားစု၊ မြို့ရွာများနှင့် တိုင်းနိုင်ငံအထိ ကယ်တင်ခြင်း ခံရသူ များပြားလာခဲ့ပါသည်။ ဤမုန်ညင်းစေ့ ဥပမာသည် တမန်တော် အခန်းကြီး ၂ တွင် ဖြစ်ပျက်သော၊ ပင်တေကုတ္တေနေ့မှ စ၍ ယနေ့အထိ အဖြစ်အပျက်ကို ဖော်ပြခြင်းဖြစ်ပါသည်။ ထိုအစေ့သည် အမှန် ကြီးထွားခြင်းရှိမည်ဖြစ်ပါသည်။ ယေရှုခရစ်တော်၏ သတင်းကောင်း မကယ်တင်နိုင်လောက်အောင် အပြစ်ကြီးသော အပြစ်သားဟူ၍ မရှိ၊ လူမျိုး ဘာသာ နိုင်ငံမရွေး ကယ်တင်နိုင်၏။ ဤသည်ကား သတင်းကောင်း မျိုးစေ့ပင်ဖြစ်ပါသည်။ ထို့ကြောင့် ဘယ်အရာနှင့်မျှ ထိုသတင်းကောင်းကို မရောနှောစေပါနှင့်၊ သို့မဟုတ်လျှင် ကြီးထွားမှု မှန်မည်မဟုတ်ပါ။ ထိုစစ်မှန်သော ခရစ်ယာန် ကြီးထွားမှု၊ ဘုရားသခင်၏အသင်းတော်များ ထဲသို့ မာရ်နတ်သည် တောပင်များကို ကြဲလိမ့်မည်ဖြစ်ပါသည်။

ဤမုန်ညင်းစေ့ ဥပမာ၏ အမှန်တရားကို အသင်းတော်သမိုင်း၌ အမှန်တွေ့ရပါသည်။ ဤကမ္ဘာပေါ် ရှိ တိုက်ကြီးများအားလုံးက ခရစ်တော်အကြောင်းကို ကြားသိခဲ့ရပါသည်။

**ဆင်ခြင်ရန်** - ယနေ့ တိုးတက်သော ကမ္ဘာသည် ခရစ်တော်၏ သတင်းကောင်း ပျံ့နှံ့ဖို့ရန် အလွန်ကောင်းသော အချိန်အခါ ဖြစ်ပါသည်။

**ဆုတောင်းချက်-** ကောင်းကင်ဘုံ၌ရှိတော်မူသော အဖဘုရား၊ ယနေ့ ဖြစ်ပျက်သောအရာများ၌ ကိုယ်တော်၏ အနန္တတန်ခိုး လက်တော်ကို သိမြင်တတ်မည်အကြောင်း အကျွန်ုပ်အား ဉာဏ်အလင်း ပေးသနားတော်မူပါ။



တနင်္လာ၊ ဇွန် (၂၂)

**လု ၁၅း၁၁-၃၂**

ကျက်မှတ်ရန်၊ လု ၁၅း၂၄

*"ငါ့သားသည် အထက်ကသေ၏၊ ယခုရှင်ပြန်၏။ အထက်က ပျောက်၏၊ ယခုတွေ့ပြန်၏"*

## ပျောက်သောသား ဥပမာ၊ ဖခင် မေတ္တာ

သူပြန်လာမည့်အချိန်ကို ဖခင်ဖြစ်သူက မိုးကုပ်စက်ဝိုင်းကို မျှော်ကြည့်ကာ စောင့်စားနေကြောင်းကို သားငယ်သည် မသိပေ။ သားဖြစ်သူ အဝေးကြီးမှာ ရှိနေသေးစဉ်ကပင် (လုကာ ၁၅း၂၀) ဖခင်က သူ့ကိုမြင်တွေ့ခဲ့သည်။ သားဖြစ်သူသည် အဝေးမှာ ရှိနေသေးသော်လည်း ဖခင်က သူ၏လမ်းလျှောက်ပုံနှင့် ပုံရိပ်ကို မှတ်မိနေသည်။ ဖခင်သည် သူ့ကိုသနားကြင်နာသေးသည်။ သူလုပ်ခဲ့သော အပြစ်များကို ဖခင်က မေ့ပျောက်ခဲ့သည်။ ဆိုလိုသည်မှာ၊ သူမှားသော အရာများကို ဖခင်က အပြစ်မယူတော့ပေ။ ဖခင်သည် သူ့ကို ခွင့်လွှတ်ပြီးသားဖြစ်သော်လည်း သူအိမ်သို့ပြန်မရောက်မခြင်း ခွင့်လွှတ်ခြင်း၏ ကောင်းကြီးမင်္ဂလာကိုခံစားရမည်မဟုတ်ပေ။ ဆိုလိုသည်မှာ ဖခင်နှင့် ပြန်လည်သင့်မြတ်ခြင်းကို ခံစားရမည်မဟုတ်ပေ။ ဖခင်ဖြစ်သူသည် သားဖြစ်သူ မိမိထံသို့ရောက်လာသည်ထိ မစောင့်နိုင်တော့ဘဲ သားထံသို့ ပြေးသွား၍ကြိုဆိုခဲ့သည်။ သား၏လည်ပင်းကိုဖက်၍နက်ရှိုင်းသော မေတ္တာပြသရန်သူတို့ ထုံးစံအတိုင်း ပါးကို နမ်းခဲ့သည်။

သားဖြစ်သူသည် သူစီစဉ်ထားသည့်အတိုင်း ဖခင်ထံသို့ စိတ်ရင်းမှန်ဖြင့် အပြစ်ဝန်ခံသည် (လုကာ ၁၅း၂၁)။ သို့သော်၊ ဖခင်ဖြစ်သူသည် သားဖြစ်သူ၏ အမှားထက် သူပြန်လည်ရောက်ရှိလာခြင်းကိုသာ ပိုမိုအလေးထားပြီး သူ့ကို ပွေ့ဖက်ကာ မေတ္တာပြခဲ့သည်။ လမ်းလွဲသောသား ပြန်လာသောအခါ မိဘများ၏ရင်ထဲတွင်ရှိသော ခံစားချက်မှာ ဖော်ပြ၍ပင် မရပေ။ ဝမ်းမြောက်မှုမှာလည်း နှုတ်ဖြင့်ဖော်ပြလို့ မရနိုင်အောင်ပါဘဲ။ ဖခင်က သားဖြစ်သူ အိမ်ပြန်လာခြင်းကို ဂုဏ်ပြုဖို့ရန် ပွဲတော်တစ်ခု ချက်ချင်းပြင်ဆင်ရန် အစေခံတို့အား ညွှန်ကြား၏။ ထိုမတိုင်မီ သားဖြစ်သူအား အကောင်းဆုံးဝတ်ရုံကို ဝတ်ဆင်စေပြီး သားဖြစ်နေသေးကြောင်းပြသ ခဲ့သည်။ သား၏အပြစ်ရှိသောအပြုအမူများအကြောင်း မည်သူကပင်ကြားဖူးခဲ့ပါစေ၊ သူ့ကိုခွင့်လွှတ်ပြီးဖြစ်ကြောင်းနှင့်ဖခင်အတွက် ချစ်လှစွာသော သားဖြစ်နေဆဲဖြစ်ကြောင်းကို လောကကို ပြသဖို့ရန်သူ၏လက်၌ လက်စွပ်ကို ဝတ်ဆင်ပေး၏။ ဖခင်ဖြစ်သူက လောကသားများကို သိစေချင်သောအရာမှာ၊ "ငါ့သားသည် အထက်ကသေ၏၊ ယခုရှင်ပြန်၏။ အထက်က ပျောက်၏၊ ယခုတွေ့ပြန်၏ဟု အစေအပါးတို့ကို ဆိုပြီးမှ၊ ထိုသူအပေါင်းတို့သည် ပျော်မွေ့ခြင်းကို ပြုကြ၏" (လု ၁၅း၂၄)။

ဘုရားသခင်၏အမြင်၌ အပြစ်သားတိုင်း၏ ကယ်တင်ခြင်းကို ဤနေရာတွင် ဖော်ပြထား၏။ အပြစ်သားတစ်ဦး အပေါ် ဘုရားသခင်၏မေတ္တာသည် ပျောက်သောသားပေါ် ထားရှိသော ဖခင်၏ မေတ္တာနှင့်တူ၏။ သင်သည် ခရစ်တော်ကို သင့်နှလုံးသားထဲက လက်ခံသောအခါ ဘုရားသခင်က သင့်ကိုလက်ခံပြီး ပွေ့ဖက်ကြိုဆိုမည်။ သင် နောင်တရ၍ပြန်လာမည့်နေ့ကို သူစောင့်မျှော်နေသည်။ စစ်မှန်သောနောင်တဖြင့် ပြန်လာပါ။ သင်ပြန်လာပြီးလျှင် ကိုယ်တော်ကို ဘယ်တော့မှပြန် မစွန့်ခွာပါနှင့်။ ခရစ်တော်ပြန်ကြွလာသည့်တိုင် ကျေးဇူးသိပြီး သစ္စာရှိစွာ နေထိုင်ပါ။

**ဆင်ခြင်ရန်** - ဖခင်၏ ချစ်ခြင်းမေတ္တာ ပွေ့ဖက်ခြင်းကို ကျွန်တော် ခံရပြီးပြီလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်တော်အား စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ် အစွမ်းရှိသမျှဖြင့် အစဉ် ချစ်မည်အကြောင်း မစတော်မူပါ။ ကိုယ်တော်အား ဘယ်တော့မှ ပစ်မသွားမည်အကြောင်း မစတော်မူပါ။ အာမင်။

တနင်္ဂနွေ၊ ဇွန် (၂၁)
**လု ၁၅း၁၁-၃၂**
ကျက်မှတ်ရန်၊ လု ၁၅း၁၈-၁၉

*"ကိုယ်တော်၏သားဟူ၍ ခေါ်ခြင်းကို မခံထိုက်ပါ"*

## ပျောက်သောသား ဥပမာ၊ အိမ်ပြန်ရောက်ချိန်

အိမ်သို့ပြန်လာခြင်းသည် ဤဥပမာ၏ အဓိကအချက်မဟုတ်ပါ။ သားငယ် အနေဖြင့် ယခင်ကကဲ့သို့ သူကျူးလွန်ခဲ့သော ပုန်ကန်မှုမျိုးကို ထပ်မံ မပြုမိစေရန် မှန်ကန်သော အကြောင်းပြချက်ဖြင့် အိမ်သို့ပြန်လာဖို့ လိုအပ်ပါသည်။ ပျောက်ဆုံးသော သားများစွာသည် အိမ်သို့ ပြန်လာကြသော်လည်း အိမ်တွင်ကြာကြာမနေကြပါ။ ခဏတာနေထိုင်ကြပြီးနောက် အရာအားလုံး ပုံမှန် ပြန်ဖြစ်သွားသောအခါ၊ မိမိတို့ ပထမအကြိမ် ထွက်ခွာရသည့် အကြောင်းရင်းနှင့် အိမ်ပြန်လာခဲ့ရသည့် အကြောင်းရင်းကို မေ့သွားကြသည်။ သားငယ်သည် အိမ်သို့ ပြန်လာ၍ နောက်တကြိမ်ထွက်ခွာခြင်း မပြုမည်အကြောင်း၊ ရှေးဦးစွာ နောင်တရခြင်း ရှိရမည်ဖြစ်ပါသည်။

ထိုသို့ဖြစ်လာစေရန် သားငယ်သည် ဖခင်အိမ်တွင် မိမိ၏မိုက်မဲမှုနှင့် မထိုက်တန်မှုကို သဘောပေါက်ရပါမည်။ သူသည်မာနထောင်လွှားမှုကို မယူဆောင်လာဖို့ရန် မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ယူဆသောသားအဖြစ် ပြန်လာလို့မရပါ။ သူ၏ပြန်လာခြင်းသည် အမြဲတမ်းအတွက်ဖြစ်ပြီး မှန်ကန်သောအကြောင်းရင်းအပေါ် အခြေခံရပါမည်။ သူသည်ဖခင်အပေါ် ကျူးလွန်ခဲ့သော အပြစ်များအတွက် နောင်တရရပါမည်။

ဤပုံဥပမာတွင် ဖခင်သည် ဘုရားသခင်ကို ကိုယ်စားပြုပြီး ပျောက်သောသားသည် အပြစ်သားတစ်ဦးကို ကိုယ်စားပြုသည်။ လုကာ ၁၅း၁၈-၁၉၊ "ငါထ၍ အဘထံသို့ သွားမည်။ အဘ၊ အကျွန်ုပ်သည် ဘုရားသခင်ကိုဍင်း၊ ကိုယ်တော်ကိုဍင်း ပြစ်မှားပါပြီ။ ယခုမှစ၍ ကိုယ်တော်၏သားဟူ၍ ခေါ်ခြင်းကို မခံထိုက်ပါ။ သူငှါး အရာ၌ အကျွန်ုပ်ကို ထားတော်မူပါဟု ငါပြောမည်" ဟုအကြံရှိ၏။ သူသည် ကောင်းကင်ဘုံ (ဆိုလိုသည်မှာ ဘုရားသခင်) နှင့် ဖခင်အပေါ် ပြစ်မှားမိကြောင်းကို သဘောပေါက်သည်။ သူသည် သားဟူ၍ အခေါ်ခံရရန် မထိုက်တန်တော့ကြောင်းဝန်ခံသည်။ သူသည်သားဖြစ်ရသော အခွင့်ဆုံးရှုံးပြီး လုပ်ခလစာရသော အစေခံအဖြစ် ထားခြင်းခံရဖို့ ဖခင်ဆုံးဖြတ်ရင်လည်း မမှုတော့ဘဲ အိမ်ပြန်လာလိုခဲ့သည်။ အတိုချုပ်ဆိုရလျှင် သူ့ဖခင်ကို အဖေဟု ခေါ်ခွင့် ဆုံးရှုံးကြောင်း သူဝန်ခံသည်။ အမွေကို အချိန်မတန်ခင် တောင်းဆိုခြင်းအားဖြင့် ဖခင်ကိုသေစေချင်ခဲ့သည်။ထိုအရာမှာ ကြီးလေးသော အပြစ်ဖြစ်သည်။ နှိမ့်ချမှုနှင့် နောင်တရသော နှလုံးသားဖြင့် အိမ်ပြန်သွားဖို့ ပြင်ဆင်ခဲ့သည်။ သားဖြစ်ခွင့်ကို တောင်းဆိုဖို့မဟုတ်ဘဲ အိမ်ပြန်ခွင့်ရရှိဖို့ရန်သာဖြစ်သည်။

ဤနေရာတွင် စစ်မှန်သောနောင်တရမှုကို ဖော်ပြထား၏။ထိုအရာကို ကျိုးပဲ့နေသော နှလုံးသားနှင့် စတင်၏။ ဘုရားသခင်အပေါ် သူပြစ်မှားခဲ့သော အပြစ်၏ကြီးလေးသော သဘောသဘာဝကို သဘောပေါက်စေရန် ဘုရားသခင်က သူ၏ဘဝ ပြင်ပအခြေအနေများကို အသုံးပြု၍ သူ့ကို ချိုးနှိမ်ခဲ့သည်။ စစ်မှန်သောနောင်တဖြင့် သူသည်အိမ်သို့ပြန်လာသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံ ကျွန်တော် ပြန်ရောက်ပြီးပြီလား။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ခရစ်တော်၏ကယ်တင်ခြင်းသည် ကိုယ်တော်ထံ ပြန်လည်ရောက်ရှိခြင်းဖြစ်ကြောင်း အကျွန်ုပ်အား နားလည်စေတော်မူပါ။ အာမင်။



တနင်္ဂနွေ၊ မေ (၁၂)
**မသဲ ၁၃း၃၁-၃၂**
ကျက်မှတ်ရန်၊ မသဲ ၁၃း၃၂

*"ကြီးပွားသောအခါ မြက်ပင်တကာတို့ထက် ကြီးသဖြင့်"*

## မုန်ညင်းစေ့ ဥပမာ၏ ထူးခြားလေးနက်မှု

ယောဟန် ၁း၂၉ တွင်၊ ". . . ယေရှု ကြွလာတော်မူသည်ကို ယောဟန်သည် မြင်လျှင်၊ ဤလောက၏ အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကို ကြည့်လော့" ဟုဆို၏။ ဤလောက ကမ္ဘာက ကာရာနီ ကားတိုင်ပေါ်၌ ခရစ်တော် ပြုတော်မူသောအကြောင်းကို မသိခဲ့လျှင်၊ ယေရှုသည် အဘယ်သို့ ဤလောက၏ ကယ်တင်ရှင် ဖြစ်နိုင်လိမ့်မည်နည်း။ ဤအမှုကို မုန်ညင်းစေ့ ဥပမာ၌ သတင်းကောင်း မျိုးစေ့အားဖြင့် ဘုရားသခင်က စုံလင်စေတော်မူခဲ့ပါသည်။ ထိုသတင်းကောင်းမှုကား၊ ဘုရားသခင်၏သားတော်၊ လူသားသည် ဤလောကသို့ ကြွလာခဲ့ပြီး၊ လောက၏အပြစ်များအတွက် အသေခံလျက်၊ ယုံကြည်သောသူအပေါင်း၏ ဖြောင့်မတ်ခြင်းတရားအတွက် သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူခဲ့၏ ဟူသောအချက်ပင်ဖြစ်ပါသည်။ အတိတ်၊ ပစ္စုပ္ပန် နိုင်ငံကြီးများနှင့် အင်ပါယာကြီးများ၌ တွေ့ရသည်အတိုင်း၊ လူသည် မိမိ၏စိတ်ကူးအတိုင်း အမျိုးမျိုးသော မျိုးစေ့ကို ကြဲခဲ့ကြပါသည်။ သို့သော်လည်း၊ ထိုအမှုတို့သည် ချုံပုတ်ပင်မျှလောက်သာရှိ၍ ကြာရှည် မခံခဲ့ပါ။ အာရှုရိ၊ ဗာဗုလုန်၊ ပေရသိ၊ ဂရိနှင့် ရောမ အင်ပါယာတို့သည် မိမိတို့၏ မိုက်မဲသော ရည်မှန်းချက် မျိုးစေ့များကို စိုက်ပျိုးခဲ့ကြသော်လည်း၊ သူတို့သည် ကြာရှည် မခံဘဲ ဖျက်ဆီးခြင်း ခံခဲ့ကြပါသည်။

သို့သော်လည်း၊ ကောင်းကင်နိုင်ငံတော်သည် သတင်းကောင်း မျိုးစေ့ဖြင့် စတင်၏။ ထိုသတင်းကောင်းသည် ယေရုရှလင်မြို့၊ ယုဒပြည်၊ ရှမာရိပြည်မှ မြေကြီးစွန်းတိုင်အောင်၊ ခရစ်တော်မိန့်တော်မူခဲ့သည့်အတိုင်း၊ ပျံ့နှံ့ခဲ့ပါသည်။ ယနေ့တွင်၊ ဤကမ္ဘာကြီးက ခရစ်တော်အကြောင်းကို သိလာခဲ့ပါပြီ။ ကောင်းကင်နိုင်ငံတော်သည် ဤလောကမှ စတင်ခဲ့၏၊ ယုံကြည်သူတိုင်း၏ စိတ်နှလုံးထဲ၌ ဝိညာဉ်တော် နိုင်ငံတော်တည်လျက်ရှိ၏။ ဤလောက ဘယ်ဒေသကိုမျှ ကောင်းကင်နိုင်ငံတော်ဟု မှည့်ခေါ်၍ မရပါ။ ကောင်းကင်နိုင်ငံသားတို့သည် ဤလောက၌ ခရစ်တော်ကို ဝတ်ပြုကိုးကွယ်လျက်၊ သက်သေခံလျက် ရှိကြပါသည်။ ထိုအမှုကို ကောင်းကင်နိုင်ငံတော်ဟု ဤဥပမာက ဖော်ပြခဲ့ပါသည်။ ထိုအမှုကို ကောင်းကင်ဘုံ၌လည်း တွေ့ရမည် မဟုတ်လော။

တမန် ၂ ၌တွေ့ရသော၊ ပင်တေကုတ္တေနေ့မှစ၍ သန်းပေါင်းများစွာသော အပြစ်သားတို့သည် ခရစ်တော်အား မိမိ၏ ကယ်တင်ရှင် သခင်အဖြစ် လက်ခံခဲ့ကြပါသည်။ ကယ်တင်ခြင်းသည် ဘုရားသခင် အပိုင်ဖြစ်တော်မူ၏။ သမ္မာကျမ်းစာအတိုင်း၊ သတင်းကောင်း ဟောပြောသောအခါ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုသတင်းကောင်း မျိုးစေ့ကို အသုံးပြုလျက်၊ အပြစ်သားများအား သူတို့၏အပြစ်ကို သိမှတ်စေပြီး၊ ကယ်တင်ရှင် သူတို့ လိုအပ်ကြောင်းကို သိစေတော်မူ၏။ ထိုသတင်းကောင်း ကြီးထွားမှုကို ယုံကြည်သူသာ မဟုတ်၊ ဤလောကီလူတို့ကလည်း မြင်တွေ့ခဲ့ကြ၏။ ယနေ့၌ လမ်းလွဲ ခရစ်ယာန်များ ရှိခြင်းကြောင့်၊ ဤဥပမာ မပြည့်စုံသေးဟု မဆိုနိုင်ပါ။ ပြည့်စုံလျက်ရှိပြီး၊ နောင်တချိန်တွင် ဤကမ္ဘာကြီးတခုလုံးသည် မှားယွင်းသော ခရစ်ယာန်ဖြစ်လာလိမ့်မည်ဖြစ်၏။

**ဆင်ခြင်ရန်** - ကျွန်တော်သည် ကောင်းကင်နိုင်ငံတော်သား ဖြစ်ပါသလား။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ အကျွန်ုပ်၏ကယ်တင်ခြင်း စိတ်ချမှု ရှိဖို့ရန် မစတော်မူပါ။

တနင်္လာ၊ ဧပြီ (၁၃)

**မသဲ ၁၃း၃၃-၃၅**

ကျက်မှတ်ရန်၊ မသဲ ၁၃း၃၃

*"ကောင်းကင်နိုင်ငံတော်သည် တဆေးနှင့်တူ၏။ မိန်းမသည် တဆေးကိုယူ၍"*

## မုန့်ညက်ထဲရှိ တဆေး ဥပမာ၏ အနက်အဓိပ္ပါယ်

တဆေးသည် အလွန် သေးငယ်သောအရာဖြစ်ပြီး၊ အနည်းငယ်သာ မုန့်ညက်ထဲသို့ ထည့်လေ့ရှိကြ၏။ တဆေးကို မုန့်ညက်နှင့် ရောနယ်သောအခါ၊ မုန့်ညက်တခုလုံးအပေါ် အာနိသင် သက်ရောက်မည်ဖြစ်ပါသည်။ တဆေးကို ကျမ်းစာထဲ၌ မကောင်းသောအရာ၊ အပြစ်ကို ရည်ညွှန်း၍ ဥပမာအဖြစ် အသုံးပြုလေ့ရှိ၏။ ထို့ကြောင့်၊ ဘုရားသခင်က ဣသရေလလူတို့အား နောင်တရခြင်းနှင့် အပြစ်ဖယ်ရှားခြင်း အရေးပါမှုကို သိစေဖို့ရန် တဆေးမပါသော မုန့်ပွဲတော်ကို နှစ်တိုင်း ဆင်နွှဲဖို့ သတ်မှတ်ပေးတော်မူ၏။ သို့သော်လည်း၊ ကျမ်းစာထဲတွင် ပထမအကြိမ်အဖြစ်၊ အပြစ်သား၏ အသက်တာ၌ သတင်းကောင်း ပြုတော်မူသောအမှုကို ဖော်ပြဖို့ရန် မုန့်ညက်၌ လက်တွေ့ သက်ရောက်သော တဆေး၏အာနိသင်အားဖြင့် ဥပမာ ပေးတော်မူခဲ့၏။

တဆေး ဥပမာတွင်၊ ကောင်းကင်နိုင်ငံတော်သည် မိန်းမတဦးက တဆေးကို ယူ၍ မုန့်ညက် သုံးတင်း (ပေါင် ၅၀ သို့မဟုတ် ၂၃ ကီလိုဂရမ်) ထည့်၍၊ မုန့်ညက်တခုလုံး ဖောင်းကြွစေသည်နှင့် တူ၏။

မုန်ညင်းစေ့ ဥပမာနှင့် မတူဘဲ၊ မုန့်ညက်၌ သက်ရောက်သော တဆေး၏အာနိသင်သည် လူ့ မျက်စိဖြင့် မြင်နိုင်၏။ တဆေးကြောင့် မုန့်ညက်သည် တဖြည်းဖြည်း ဖောင်းကြွလာလိမ့်မည်။ ထိုသို့ဖြစ်ခြင်းမှာ၊ တဆေး၌ပါသော သကြားဓာတ်သည် မုန့်ညက်ထဲသို့ စိမ့်ဝင်ပြီး၊ မုန့်ညက်ကို ဖောင်းကြွစေသောကြောင့်ဖြစ်ပါသည်။ ထိုသို့ လုံလောက်စွာ မုန့်ညက်ထဲသို့ စိမ့်ဝင်ပြီးနောက်တွင်၊ ထိုမုန့်ညက်သည် မုန့် ဖုတ်ဖို့ရန် အဆင်သင့် ရှိပြီဖြစ်ပါသည်။ ထိုသို့ မီးထဲ၌ ဖုတ်သောအခါ၊ မီးသည် တဆေးကို သတ်၍ နောက်ထပ် စိမ့်ဝင်ခြင်း မရှိနိုင်တော့ပါ။ ထိုသို့ ဖုတ်ပြီးသောအခါ၊ ထိုမုန့်သည် စားဖို့ရန် အသင့်ရှိပြီဖြစ်ပါသည်။ သတင်းကောင်းသည် ယုံကြည်သူ အသက်တာ၌ စတင် အမှုပြုပြီ ဆိုလျှင်၊ ခရစ်တော်၌ ဘုရားသခင်၏ သက်သေကောင်း၊ အစေခံကောင်း ဖြစ်သည် အထိ ရင့်ကျက် ကြီးထွားခြင်း ရှိဖို့ရန် တဖြည်းဖြည်း ဆက်လက် အမှုပြုမည်ဖြစ်ပါသည်။

တဆေး ဥပမာက၊ အပြစ်သား စိတ်နှလုံးထဲ၌ သတင်းကောင်း ပြုသောအမှုကို ဖော်ပြလျက် ရှိ၏။ သတင်းကောင်းသည် ထိုလူအထဲ၌ အမှုပြုလျက်၊ ချက်ချင်း မမြင်နိုင်ပါ။ သို့သော်လည်း၊ ခရစ်တော်၌ ဘုရားသခင် အကြောင်းနှင့် ကျေးဇူးတော်အကြောင်း သိကျွမ်းခြင်း၌ ကြီးထွားလာသည်နှင့်အမျှ၊ ထိုပြောင်းလဲမှုကို မြင်သာလာမည်ဖြစ်ပါသည်။

တဘက်တွင်၊ မုန်ညင်းစေ့ ဥပမာသည် ကမ္ဘာလုံးဆိုင်ရာ ခရစ်ယာန် ကြီးထွား ပျံ့နှံ့မှုကို ဖော်ပြခြင်းဖြစ်၏။

**ဆင်ခြင်ရန်** - ခရစ်တော်၏သတင်းကောင်းက သင့်အသက်တာ အစိတ်အပိုင်းတိုင်းကို ထိတွေ့ ပြောင်းလဲစေပြီးပြီလား။

**ဆုတောင်းချက်-** အို အမြင့်ဆုံးသော ဘုရားသခင်၊ အကျွန်ုပ်၏ကယ်တင်ခြင်း သေချာ စိတ်ချမှု ရှိကြောင်း သိရှိဖို့ရန် ကြောက်ရွံ့တုန်လှုပ်ခြင်းဖြင့် ကြိုးစားအားထုတ်မည် အကြောင်း မစတော်မူပါ။



စနေ၊ ဇွန် (၂၀)

**လု ၁၅း၁၁-၃၂**

ကျက်မှတ်ရန်၊ လု ၁၅း၁၅-၁၆

*"ဝက်တို့ကို ကျောင်းစေခြင်းငှါ သူ့သခင်သည် တောသို့ စေလွှတ်သဖြင့်"*

## ပျောက်သောသား ဥပမာ၊ အကျင့်စရိုက်

ပျောက်သောသား ဥပမာသည် ပျောက်သောသိုးနှင့် ပျောက်သောဒင်္ဂါး ဥပမာများနှင့် နှိုင်းယှဉ်ပါက ဖာရိရှဲများ နှင့် ကျမ်းတတ်များကို တိုက်ရိုက် ပစ်မှတ်ထားသည်။ ပထမ ပုံဥပမာနှစ်ခုက ပျောက်ဆုံးသောဝိညာဉ်၏တန်ဖိုးကို သင်ကြားပေးသည်။ ခရစ်တော်၏ အပြစ်သားများကို ကယ်တင်လိုသောဆန္ဒကို အမြဲနှစ်သက်ရမည်။ ပျောက်သောသား ဥပမာတွင် ယေရှုသည် ဤကျမ်းတတ်များနှင့် ဖာရိရှဲများကို ကယ်တင်လိုကြောင်း သင်ပြခဲ့သည်။ သူသည် ထိုသူတို့အပေါ် ရန်ငြိုးမထား၊ သူ့ကို သတ်လိုသူများအပါအဝင် အပြစ်သားများကို ကယ်တင်လိုသော နှလုံးသားကိုသာ ရှိခဲ့ပါသည်။

ပျောက်သောသား ဥပမာသည် သားနှစ်ယောက်ရှိသောလူတစ်ဦးဖြင့် စတင်သည်။ သားငယ်သည် ပုန်ကန်ပြီး ကျေးဇူးမသိတတ်သူဖြစ်သည်။ သူသည် ဖခင်ထံမှ အမွေကို တောင်းဆိုသည်။ ဖခင်သေဆုံးပြီးမှသာ အမွေသည် သားများနှင့်သက်ဆိုင်သည်။ ဖခင်မသေဆုံးမီ အမွေ တောင်းခြင်းသည် ဖခင်အား ဘာကြောင့် မသေသေးတာလဲ ဟု ပြောခြင်းနှင့်အတူတူပင် ဖြစ်သည်။ ဖခင်သည် သားငယ်၏ တောင်းဆိုချက်ကို လက်ခံပြီး သူ၏စည်းစိမ်ကို အပိုင်းနှစ်ပိုင်းခွဲဝေပေးခဲ့သည်။ တစ်ပိုင်းကို သားငယ်အတွက် ခွဲဝေပေး၏။ ရက်အနည်းငယ်အကြာတွင် သားငယ်သည် သူ၏အမွေအားလုံးကို ယူလျက် ဝေးလံသောနိုင်ငံတွင် နေထိုင်ရန် အိမ်မှထွက်ခွာခဲ့သည်။ ထိုအရပ်တွင် သူ၏ဥစ္စာများကို အလွန်အကျွံဖြုန်းတီးခဲ့သည်။ သူ၏ အမွေအားလုံးကို သုံးစွဲပြီးနောက် သူနေထိုင်သောနိုင်ငံတွင် အစာခေါင်းပါးမှု ဖြစ်ပွားခဲ့သည်။ သူ့မှာ ဘာမှမကျန်တော့သဖြင့် အသက်ရှင်ရန် အလုပ်ရှာခဲ့သည်။ သူသည် ထိုပြည်သား တစ်ဦးထံတွင် ခိုကပ်ပြီး ဝက်ကျောင်းသောအလုပ်ကိုလုပ်ခဲ့သည်။ ဝက်ကိုကိုင်တွယ်ခြင်းသည် ဝိညာဉ်ရေးအရ မစင်ကြယ်သော အလုပ်မဟုတ်ပါ။ အပြစ်လဲ မဟုတ်ပါ။ ယုဒလူတို့သည် ဝက်ကဲ့သို့သော မစင်ကြယ်သော တိရစ္ဆာန်များကို စားခြင်းအား တားမြစ်ထားသည်။ ဆိုလိုသည်မှာ ဝက်များသေဆုံးပြီးမှသာ မထိဖို့ရန် တားမြစ်ထားသည်။ သားငယ်သည် အလွန်ဆာလောင်မွတ်သိပ်သဖြင့် ဝက်စားသော ပဲမှော်များကိုပင် စားချင်စိတ်ဖြစ်ပေါ်ခဲ့သည်။ တနည်းအားဖြင့် သူသည် မိမိကိုယ်ကို ဝက်တစ်ကောင်ကဲ့သို့ (သို့) ဝက်များက သူ့ထက်ပင် အခြေအနေကောင်း နေသည် ဟု (ဝက်များက အစာဝသော်လည်း သူသည်ဆာလောင်နေရသောကြောင့်) ခံစား ရပါသည်။

သားငယ်သည် စည်းစိမ်ဥစ္စာအမြောက်အများနဲ့ ကာမဂုဏ်ခံစားမှုဖြင့် အစပြုသော်လည်း နောက်ဆုံးမှာတော့ အရာအားလုံး ဆုံးရှုံးခဲ့ရသည်။ သူ၏ရုပ်ပိုင်းဆိုင်ရာသည် အရင်က မခံစားဖူးသော ဆာလောင်မှုဖြင့် ပြည့်နှက်နေသည်။ သူသည် ဘုရားသခင်၏ပြောင်းလဲပေးမှုကိုခံယူရန် ဤကဲ့သို့သော စိတ်ပျက်အားငယ်သည့် အခြေအနေသို့ ရောက်ရှိရန် လိုအပ်ခဲ့သည်။ဘုရားသခင်သည် သူ့ကို ကယ်တင်ရန်အတွက်သူ၏ လောကီစိတ်ဆန္ဒကိုချိုးနှိမ်ရန်သူ့ဘဝတွင် ဆိုးရွားသော အခြေအနေများကို အသုံးပြုခဲ့သည်။

**ဆင်ခြင်ရန်** - ကျွန်တော်သည် ကယ်တင်ခြင်း မရမှီ ပျောက်သောသားကဲ့သို့ ဖြစ်ခဲ့ပါသလား (သို့) ယခုလည်း ထိုကဲ့သို့ ဖြစ်နေဆဲလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ယေရှုအားဖြင့် ကျွန်တော် အိမ်ပြန်လာနေပါပြီ။

သောကြာ၊ ဇွန် (၁၉)
**လု ၁၅း၈-၁၀**
ကျက်မှတ်ရန်၊ လု ၁၅း၁၀

*“ဘုရားသခင်၏ကောင်းကင်တမန်တို့သည် နောင်တရသောလူဆိုး တယောက်၌ ဝမ်းမြောက်ခြင်းရှိကြသည်”*

## ပျောက်သောငွေ ဥပမာ၊ ပျောက်ဆုံးဝိညာဉ် ရှာတွေ့ခြင်း

ပျောက်သောသိုး ဥပမာတွင်၊ ထိုသိုးသည် သိုးထိန်းထံမှ ထွက်သွားလျက် တောထဲ၌ ပျောက်ခဲ့ပါသည်။ ပျောက်သောငွေ ဥပမာတွင်၊ မိန်းမက ထိုငွေကို ပျောက်စေခဲ့ပါသည်။ မည်သို့ ပျောက်စေသည်ကိုမူ ဖော်ပြထားခြင်း မရှိပါ။ ထိုအချက်သည် ဤဥပမာ၏ ဝိညာဉ်သင်ခန်းစာအတွက် အဓိက မဟုတ်ပါ။

ထိုမိန်းမက ခရစ်တော်ကို ရည်ညွှန်းပါသည်။ ပျောက်သောငွေသည် အပြစ်သားကို ကိုယ်စားပြုပါသည်။ အိမ်က ဤကမ္ဘာလောကကို ရည်ညွှန်းပါ၏။

သူမအတွက် ထိုငွေသည် အလွန်တန်ဖိုးကြီးခဲ့သော်လည်း၊ အပြစ်သားသည် မိမိကိုယ်ကို တန်ဖိုးကြီးကြောင်း မသိသကဲ့သို့ ထိုငွေကလည်း မသိခဲ့ပါ။ ထိုပျောက်သောငွေသည် ပျောက်ပြီးနောက်တွင် အခန်းထောင့် တနေရာရာ၌ ညစ်ပတ်လျက် ရှိနေလိမ့်မည်ဟု ထင်ရပါသည်။ ထိုခေတ် အိမ်များ၏ ကြမ်းပြင်များသည် မညီမညာ ထုထားသော မြေသားကြမ်းပြင်ဖြစ်ပါသည်။ ထိုမိန်းမသည် ပျောက်သောငွေကို ရှာဖို့ရန် ဆီမီးထွန်းခဲ့ပါသည်။ ထို့နောက် အိမ်တခုလုံး ထောင့်များ မကျန် လှည်းကျင်းခဲ့ပါသည်။ ထိုသို့ လှည်းကျင်း စုပုံထားသော အမှိုက်များထဲတွင် လက်ချောင်းဖြင့် တဖြည်းဖြည်း ရှာဖွေခဲ့ပါသည်။ လက်ချောင်းများ ညစ်ပတ်မည်ကို ဂရုမစိုက်ဘဲ မျှော်လင့်ချက်ဖြင့် ရှာဖွေခဲ့ပါသည်။ ထိုပျောက်သောငွေကို မတွေ့မချင်း ကြိုးစားလျက် သေချာ ရှာဖွေလိမ့်မည်ဖြစ်ပါသည်။

ထိုပျောက်သောငွေ မတွေ့မချင်း၊ ထိုမိန်းမသည် မိမိ၏ အိမ်မှုအလုပ်များကို ပစ်ထားပါလိမ့်မည် (သို့) အခြားကိစ္စများကို ဘေးဖယ်ထားခဲ့ပါလိမ့်မည်။ ထိုပျောက်သောငွေ ရှာဖွေခြင်းအမှုက သူ့စိတ်ကို လွှမ်းမိုးထားပါသည်။ မိမိ၌ ငွေ ကိုးပြား ရှိနေသေးသော်လည်း၊ ထိုတပြား ပျောက်ဆုံးခြင်းအမှုကြောင့် အခြားအမှု ပြုခြင်း၌ အာရုံမစိုက်နိုင်ပါ။ ဤသည်ကား တစုံတခု ပျောက်စေသောသူ၏ ခံစားချက်ပင်ဖြစ်ပါသည်။ ထိုအရာကို သင်ပိုင်ဆိုင်ခဲ့ဖူး၏၊ ယခု ပျောက်လျက် ရှိ၏။ ထိုအခါ၊ ထိုဆုံးရှုံးမှုကို သင်မခံစားနိုင်ပါ။ သင့်လက်၌ ဘယ်လောက် ကျန်နေသေးသနည်းဟူသော အမှုမဟုတ်ဘဲ၊ သင်ဆုံးရှုံးသောအရာနှင့် ပတ်သက်သောအမှုဖြစ်ပါသည်။ ထိုမိန်းမသည် ရှာတွေ့သောအခါ၊ သူနှင့်အတူ ဝမ်းမြောက်ဖို့ရန် မိတ်ဆွေများနှင့် အိမ်နီးချင်းများကို ဖိတ်ခေါ်ခဲ့ပါသည်။ သူမ၏ သတင်းကောင်းကို သူတို့ထံ ပြောပြခဲ့ပါသည်။

ခရစ်တော်၌ ပျောက်သော အပြစ်သားကို ဘုရားသခင် ရှာတွေ့တော်မူသော အချိန်ခဏ၌၊ “ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် နောင်တရသောလူဆိုး တယောက်၌ ဝမ်းမြောက်ခြင်း ရှိကြသည်” (လု ၁၅း၁၀)။ ထိုသို့ ကောင်းကင်တမန်များနှင့်အတူ ဝမ်းမြောက်ခြင်း ရှိတော်မူသော သူသည် အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်တော်မူ၏။ အပြစ်သားသည် ကယ်တင်ခြင်း ခံရသောအခါ ကောင်းကင်ဘုံ၌ ဘုရားသခင် ဝမ်းမြောက်ခြင်း ရှိတော်မူ၏။

**ဆင်ခြင်ရန်** - အပြစ်သားထံ ခရစ်တော်အကြောင်း ဟောပြောဖို့ရန် သင် ကြိုးစားအားထုတ်ခဲ့ပြီးပြီလား။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကျွန်ုပ်ကို ရှာတွေ့သောကြောင့် ကျေးဇူးတင်ပါ၏။



အင်္ဂါ၊ ဧပြီ (၁၄)
**မသဲ ၁၃း၃၃-၃၅**
ကျက်မှတ်ရန်၊ မသဲ ၁၃း၃၄

*“မုန့်ညက်သုံးတင်း၌ ထည့်သဖြင့်၊ မုန့်ညက်ရှိသမျှကို ဖောင်းကြွစေတတ်သည်”*

## မုန့်ညက်ထဲရှိ တဆေး ဥပမာ၏ ထူးခြားလေးနက်မှု

ဤဥပမာထဲမှ မိန်းမသည် ခရစ်တော်၏ သတင်းကောင်းကို ဝေငှသော တရားဟောဆရာနှင့် ယုံကြည်သူတိုင်းကို ဆိုလိုပါသည်။ တဆေးကို ကျမ်းပိုဒ် အများစုတွင် မကောင်းသောအရာကို ဆိုလိုသော်လည်း၊ ယခု ဥပမာတွင်၊ ခရစ်တော်၏ သတင်းကောင်းကို ဆိုလိုပါသည်။ မုန့်ညက်က အပြစ်သားကို ရည်ညွှန်းပါ၏။ မုန့်ညက်၌ တဆေး အာနိသင် စိမ့်ဝင်ခြင်းအမှုသည် အပြစ်သားအသက်တာ၌ သတင်းကောင်း ပြုတော်မူသော သန့်ရှင်းစေခြင်းအမှုကို ဆိုလိုပါသည်။ လူတဦး၏ အတွင်း၌ ဖြစ်ပျက်သော ကယ်တင်ခြင်းအမှုကို မုန့်ညက်ထဲ၌ တဆေးပြုသောအမှုကဲ့သို့ မမြင်နိုင်ပါ။ ကယ်တင်ခြင်း ခံရသောအချိန်၌ ခရစ်တော်၏ စိတ်သဘောကို ချက်ချင်း ခံရခဲ့ပါသည်။ သူ၏ စိတ်နှလုံးသည် ဘုရားသခင်၏ချစ်ခြင်းနှင့် ပြည့်လျက်၊ သူတပါးကို အကြွင်းမဲ့ ချစ်တတ်လာ၏။ သူ၏ အပြောအဆိုသည်း တဖြည်းဖြည်းပြောင်းလဲလာပြီး၊ ချိုသာလာခဲ့ပါသည်။ ပြုသော အမှုသည်လည်း ကောင်းသောအမှုဖြစ်သဖြင့်၊ အသက်တာ၌ သန့်ရှင်းခြင်း ပေါ်လွင်လာခဲ့ပါသည်။

ကောင်းကင်နိုင်ငံတော်သည် ကောင်းကင်ဘုံ၌ ရှိ၏၊ သို့သော်လည်း၊ ဤဥပမာ၌ တွေ့ရသည်အတိုင်း၊ ခရစ်တော်၏ သတင်းကောင်း ယုံကြည်ခြင်းဖြင့် လူတိုင်း ဝင်ခွင့်ရှိပါသည်။ ကယ်တင်ခြင်းသည် ယုံကြည်သူ၏အသက်တာ တခုလုံး၊ စိတ်သဘော (ခရစ်တော်၏စိတ်သဘော) နှင့် စိတ်နှလုံး (ဘုရားသခင်၏ချစ်ခြင်း) ပြောင်းလဲစေခဲ့ပါသည်။ ထိုဘုရားသခင်၏ ပြုပြင်ပြောင်းလဲစေမှုအားဖြင့်၊ အပြစ် ဇာတိသဘောသည် ခရစ်တော်၏စိတ်သဘောအဖြစ်သို့ ပြောင်းလဲခဲ့ပါသည်။ ကျမ်းစာအရ၊ သူသည် ဘုရားသခင်၏သားဖြစ်ခြင်း လက္ခဏာများကို ယခု ပိုင်ဆိုင်လာခဲ့ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော် လေ့လာဆည်းပူးခြင်းဖြင့် သူ၏အတွေးအမြင်တို့သည် ပြောင်းလဲလာခဲ့၏။ သူ့ စိတ်နှလုံး၌ ဘုရားသခင်အကြောင်း သိကျွမ်းခြင်း ပြည့်ဝလာ၏။ ခရစ်တော် တွေးမြင်သကဲ့သို့၊ တွေးမြင်လာ၏။ ပြုသောအမှုတို့သည် ခရစ်တော်ပြုသော ကောင်းမှု အတိုင်းဖြစ်လာပြီး၊ အသက်တာအားဖြင့် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေလာခဲ့ပါသည်။

သူ၏အပြောအဆိုနှင့် အသက်တာ ပြောင်းလဲလာပါလိမ့်မည်။ အရင် ပျော်ရွှင်စွာ သွားခဲ့သော နေရာများသို့ ယခု သွားတော့မည် မဟုတ်ပါ။ ဘုရားကျောင်းသွားခြင်း၊ ကျမ်းစာ လေ့လာသင်ကြားခြင်းနှင့် ယုံကြည်သူများနှင့် မိသာဟာရဖွဲ့ခြင်းကို အလွန် နှစ်သက်ခြင်း ရှိလာခဲ့၏။ ထိုတောင့်တမှု အသစ်တို့သည် ခရစ်တော်၌ သူခံရသော ကယ်တင်ခြင်း၏ သက်သေဖြစ်ပါသည်။ ကယ်တင်ခြင်းသည် ခရစ်တော်၏သတင်းကောင်းဖြင့် စတင်၏။ ထိုသို့ စတင်ပြီ ဆိုလျှင်၊ တဆေးသည် မုန့်ညက် တခုလုံးကို ဖောင်းကြွစေ သကဲ့သို့၊ ထိုသတင်းကောင်းက ယုံကြည်သူ၏ အသက်တာအားလုံးကို ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းအတွက် ပြုပြင်ပြောင်းလဲစေမည် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်အသက်တာ၌ စစ်မှန်သော ယုံကြည်သူ၏လက္ခဏာများရှိပါသလား။
**ဆုတောင်းချက် -** ကောင်းကင်ဘုံရှိ အဖဘုရား၊ အကျွန်ုပ် အသက်တာ တခုလုံးသည် ကိုယ်တော်၏ ဘုန်းတော်ကို ထင်ရှားစေပါစေသော်။

ဗုဒ္ဓဟူး၊ မေ (၁၅)

**မသဲ ၁၃:၄၄**

ကျက်မှတ်ရန်၊ မသဲ ၁၃:၄၄

*"ကောင်းကင်နိုင်ငံတော်သည် လယ်၌ ဝှက်ထားသော ဘဏ္ဍာနှင့်တူ၏"*

## လယ်၌ ဝှက်ထားသော ဘဏ္ဍာ ဥပမာ၏ အနက်အဓိပ္ပါယ်

ဝှက်ထားသော ဘဏ္ဍာ ဥပမာက ခရစ်တော်အား ကယ်တင်ရှင် သခင် အဖြစ် "အမှတ်မထင်" တွေ့ရှိ လက်ခံခြင်းကို ဖော်ပြထားပါသည်။

ခရစ်တော် ခေတ်ကာလတွင်၊ လယ်၌ ဘဏ္ဍာ ဝှက်ထားခြင်းသည် ပုံမှန် အမှုဖြစ်ပါသည်။ ဘဏ်များကို ယုံကြည်ကိုးစား၍ မရခဲ့ပါ။ ဘဏ်အမှုထမ်းတို့သည် အကျင့်ပျက်လျက်၊ ဘဏ္ဍာနှင့်တကွ ထွက်ပြေးနိုင်ပါသည်။ သူခိုးများ အလွယ်တကူ မဖောက်ထွင်းနိုင်သော ယနေ့ ဘဏ်များကဲ့သို့ မဟုတ်ဘဲ၊ ထိုခေတ်ကာလ ဘဏ်များသည် လုံခြုံမှုလည်း မရှိခဲ့ပါ။ ထို့ပြင်၊ ထိုသို့ လယ်၌ ဘဏ္ဍာ ဝှက်ထားရခြင်း၏ ဖြစ်နိုင်ချေ အကြောင်းရင်း တခုမှာ ဖုံးကွယ်လိုခြင်း ဖြစ်ပါသည်။ ဘဏ္ဍာ ပိုင်ရှင်က၊ မိမိ ချမ်းသာကြွယ်ဝမှုကို သူတပါးနှင့် ဆွေမျိုးများ သိခဲ့လျှင် လာရောက် ခြေငှားမည်ကို စိုးရိမ်သောကြောင့်၊ သူတပါး မသိစေစေဖို့ရန် ထိုသို့ ဝှက်ထားခြင်း ဖြစ်နိုင်ပါသည်။

ထိုသို့ မိမိ မိသားစုဝင်များကသာ သိလျက် ဘဏ္ဍာကို ဝှက်ထားပြီးနောက်၊ အဖြစ်ဆိုး ကျရောက်လျက် တမိသားစုလုံး သေခြင်း ကြုံတွေ့နိုင်ပါသည်။ ဥပမာအားဖြင့်၊ လူဆိုး ဓားပြများ၏ သတ်ဖြတ်ခြင်း (သို့) သဘာဝဘေးအန္တရာယ် ကြုံလျက် သေခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။ ထိုအခါ၊ ထို လယ်၌ ဝှက်ထားသော ဘဏ္ဍာသည် ပိုင်ရှင်မဲ့ဖြစ်လာခဲ့ပါသည်။

အချိန်ကြာလာသောအခါ၊ တောကောင်က မြေကြီးကို တူးဆွပြီး၊ ထိုဘဏ္ဍာ တစိတ်တပိုင်း ပေါ်လာနိုင်ပါသည်။ လူတဦးသည် မိမိ၏ အလုပ်နှင့် ပတ်သက်ပြီး ခရီးသွား၍ ဖြတ်လမ်းအနေဖြင့် ထိုလယ်မှ လျှောက်သွားစဉ်၊ လယ်ထဲမှ ထောက်ပသော ထိုဘဏ္ဍာကို ရုတ်တရက် မြင်တွေ့နိုင်ပါသည်။ ထိုအခါ ချဉ်းကပ်လျက်၊ တူးဆွ သောအခါ၊ ဝှက်ထားသော ဘဏ္ဍာကို တွေ့လေ၏။

ခရစ်တော် ခေတ်ကာလတွင်၊ လူတဦးသည် ဘဏ္ဍာကို ပြန်လည် ဝှက်ထားလျက်၊ ထိုလယ်ကို မိမိ၏ ပိုင်ဆိုင်မှုအားလုံးဖြင့် ဝယ်ယူခြင်းအမှု ဖြစ်လေ့ရှိခဲ့ပါသည်။ ဥပမာထဲတွင်၊ ထိုသူသည် ထိုလယ်ကို ဝယ်ဖို့ရန် မိမိ၏ ပိုင်ဆိုင်မှုအားလုံးကို ရောင်းခဲ့သည်ဟု ဖော်ပြခဲ့ပါသည်။

သင်သည် ကယ်တင်ခြင်းကို မရှာခဲ့သော်လည်း၊ ခရစ်တော်သည် သင့်ကို ရှာတွေ့ခဲ့ပြီး၊ ကယ်တင်ခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နိုင်ငံတော်သည် ကျွန်ုပ်အတွက် ဤကမ္ဘာကြီးထက် ပိုအရေးကြီးပါသလား။

**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်၏နိုင်ငံတော်သည် ကျွန်ုပ်၏ အကြီးမြတ်ဆုံးသော ဘဏ္ဍာဖြစ်စေတော်မူပါ၊ ခရစ်တော်၏နာမတော်ဖြင့် ဆုတောင်းပါ၏။ အာမင်။



ကြာသပတေး၊ ဇွန် (၁၈)

**လု ၁၅:၈-၁၀**

ကျက်မှတ်ရန်၊ လု ၁၅:၉-၁၀

*"ပျောက်သောငွေကို ငါတွေ့ပြီ။ ငါနှင့်အတူ ဝမ်းမြောက်ကြလော့"*

## ပျောက်သောငွေ ဥပမာ၊ ပျောက်သောဝိညာဉ်သည် တန်ဖိုးကြီးလှ၏

အသက်ဝိညာဉ်တိုင်းသည် ဘုရားသခင်အတွက် အလွန်တန်ဖိုးရှိပါသည်။ သို့သော်လည်း၊ လူတို့သည် လူ့တန်ဖိုးကို လူ့အဖွဲ့အစည်းအတွက် အကျိုးရှိမှုနှင့် သူတို့ပိုင်ဆိုင်သော စည်းစိမ်အားဖြင့် တိုင်းတာတတ်ကြပါသည်။ ထိုလူ့စံနှုန်းအားဖြင့် ကြည့်လျှင်၊ လူ့အသက်သည် အလွန် တန်ဖိုးနည်းလှပါသည်။ ထို့ကြောင့်၊ များစွာ တိုင်းနိုင်ငံတို့တွင်၊ စစ်ပွဲအတွင်း သတ်ဖြတ်ခြင်း၊ ကိုယ်ဝန် ဖျက်ချခြင်း၊ မျှော်လင့်ချက် မရှိတော့သော လူနာကို ဆေးသွင်း အိပ်ပျော်သေစေခြင်း စသည်တို့ကို တရားဝင် ခွင့်ပြုခဲ့ကြပါသည်။ အင်အားကြီးသောသူများသည် အနိုင်ယူခြင်းဖြင့် မိမိတို့၏ တပ်မက်လိုချင်စိတ်ကို ရောင့်ရဲစေကြပြီး၊ သန်းပေါင်းများစွာသောလူများ အလကား အသက်ဆုံးရှုံးခဲ့ကြပါသည်။ ဆိုးသွမ်းသော ခေါင်းဆောင်များသည် သန်းပေါင်းများစွာသော လူ့အသက်ကို ရင်းလျက်၊ မိမိတို့၏ ကျော်ကြားမှုအတွက် သမိုင်းစာမျက်နှာ၌ နာမည် ကမ္ပည်းထိုး ခဲ့ကြပါသည်။

ရှက်စရာကောင်းသည်မှာ၊ အသင်းတော်သည် ပိုမကောင်းခဲ့ပါ။ သန်းပေါင်းများစွာသော ခရစ်ယာန်များသည် သူတို့၏ယုံကြည်ခြင်းတရားကြောင့် ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ကြပါသည်။ အကြောင်းမှာ၊ ဘုရားသခင်၏သမ္မာတရား၌ အခြေမခံသော အသင်းတော်၏ မိုက်ကန်းသော စိတ်အား ထက်သန်မှုကြောင့် ထိုသို့ ခံခဲ့ရခြင်းဖြစ်ပါသည်။ ၂၁ ရာစု တလျှောက်လုံး ခရစ်ယာန် လောက၌ တွေ့ရသော မှားယွင်းမှုသည် မာရ်နတ်နှင့် သက်ဆိုင်မှုရှိပါသည်။ ယနေ့ ဟောပြောသော သတင်းကောင်းသည်လည်း မှားယွင်းခြင်း၊ လိုရာဆွဲခြင်း၊ လှည့်စားခြင်းနှင့် မကင်းခဲ့ပါ။ ရောမန် ကာသိုလစ် အသင်းတော် ဟောပြောသည့် သတင်းကောင်းသည် အယူသီးခြင်း တမျိုးဖြစ်၍၊ ဘုရားသခင်၏နှုတ်ကပတ်တော်၌ မဟုတ်ဘဲ၊ အသင်းတော်၏ အစဉ်အလာ ဓလေ့ထုံးစံ၌ အခြေခံ ထားပါသည်။ Charismatics တို့၏ သတင်းကောင်းသည်လည်း ခရစ်တော် ရှုတ်ချတော်မူသော ကျန်းမာ ချမ်းသာကြွယ်ဝခြင်းကို ချီးမြှောက်ခြင်း ဖြစ်ပါသည်။ ဤလောက၌ သူတို့ ကျန်းမာ ချမ်းသာ ကြွယ်ဝဖို့ရန် ခရစ်တော် အသေခံ သကဲ့သို့ဟော ပြောကြ၏။ ဤသည်ကား ဘုရားသခင်ကို မထီမဲ့မြင်ပြုခြင်းပေတည်း။ ထို့ပြင်၊ neo-evangelicals တို့သည် အမှားများ ပါဝင်သည့် ကျမ်းစာမှ လာသော သတင်းကောင်းကို ဟောပြောခဲ့ကြပါသည်။ သူတို့သည် အလွန်အန္တရာယ် ရှိသောသူဖြစ်ကြ၏။ အကြောင်းမှာ သူတို့သည် သမ္မာတရားနှင့် ခပ်ဆင်ဆင်ဖြစ်ကြပါသည်။ သူတို့သည် ကယ်တင်ခြင်းမခံရသော အပြစ်သားများအား ကယ်တင်ခြင်း ခံရသကဲ့သို့ လှည့်စားခဲ့ကြပါသည်။

အသက်ဝိညာဉ်တိုင်းသည် ဘုရားသခင်အတွက် အလွန်တန်ဖိုးရှိပါသည်။ ထို့ကြောင့်၊ မိမိ၏ တပါးတည်းသော သားတော်၊ ယေရှု ခရစ်တော်ကို ကျွန်ုပ်တို့အား အပြစ်မှ ကယ်တင်ဖို့ရန် စေလွှတ်တော်မူခဲ့၏။ ထို့ကြောင့်၊ အသက်ဝိညာဉ်တိုင်းသည် ယုံကြည်သူတိုင်းအတွက် အလွန်တန်ဖိုးရှိရပါမည်။ လူတို့အား မမှားယွင်းစေပါနှင့်။ မှားယွင်းသော သတင်းကောင်းဖြင့် မလှည့်စားပါနှင့်။ ဘုရားသခင်နှင့် လူတို့ရှေ့၌ သန့်ရှင်းသော အသက်တာဖြင့် အသက်ရှင်ပါလော့။ ထိုအခါ၊ သင်၏ကောင်းသောအကျင့်များအားဖြင့် ခရစ်တော်ကို လူတို့သည် မြင်လျက်၊ ကောင်းကင်ဘုံရှိ အဖဘုရားကို ချီးမွမ်းကြမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်ဘဝ၌ လူတိုင်းသည် တန်ဖိုးရှိကြပါသလား။ ကျွန်ုပ်အသက်တာ၌ သန့်ရှင်းခြင်း ရှိရမည် မဟုတ်လော။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကျွန်ုပ်အတွက် ခရစ်တော် ပြုတော်မူသကဲ့သို့၊ သူတပါးကို ချစ်လျက်၊ သူတို့အတွက် အသက်ရှင်လျက် အသေခံမည်အကြောင်း သွန်သင်တော်မူပါ။ အာမင်။

ဗုဒ္ဓဟူး၊ ဇွန် (၁၇)
**လု ၁၅း၁-၇**
ကျက်မှတ်ရန်၊ လု ၁၅း၇

*“တွေ့ပြီးလျှင် ဝမ်းမြောက်သောစိတ်နှင့် ပခုံးပေါ်မှာ တင်ထမ်း၍”*

## ပျောက်သောသိုး ဥပမာ၊ ပျောက်သောသူကို ရှာဖွေခြင်း

သိုးထိန်းသည် သိုးတရာ ပိုင်ဆိုင်သည့်တိုင် ပျောက်သော သိုးတကောင်ကို ရှာဖွေ လိမ့်မည် ဖြစ်ပါသည်။ ခရစ်တော်ခေတ်တွင် ထိုသို့ အမှန်ပြုခဲ့ကြပါသည်။ ဤပျောက်သောသိုး ဥပမာတွင်၊ ခရစ်တော် အဓိက ဖော်ပြလိုသောအချက်သည်၊ ပျောက်သော အပြစ်သားကို ရှာလျက်ရှိသော ဘုရားသခင်ကြောင့် ဖာရိရှဲများနှင့် ကျမ်းပြုဆရာများ စိတ်အနှောင့်အယှက်ဖြစ်ရခြင်းအကြောင်းဖြစ်ပါသည်။

သိုးထိန်းသည် ခရစ်တော်ဖြစ်ပါသည်။ ပျောက်သောသိုးသည် အပြစ်သားဖြစ်၏။ တောသည် ဤကမ္ဘာလောကဖြစ်ပါသည်။

သိုးများသည် အလွန် ယဉ်ပါးသော သတ္တဝါဖြစ်ပြီး၊ ကောက်ကျစ်သောစိတ် မရှိကြပါ။ သို့သော်လည်း၊ သူတို့သည် မိမိကိုယ်ကို မကာကွယ်နိုင်သော၊ အလွန် ရိုးအ သတ္တဝါဖြစ်ကြ၏။ စိမ်းလန်းသော မြက်ပင်နှင့် အဆိပ်ရှိသော နွယ်ပင်များကို မခွဲခြားတတ်ကြပါ။ အလွန်ကြောက်တတ်ကြပြီး၊ ကြမ်းတမ်းစွာ စီးဆင်းသော စမ်းရေကို မသောက်ရဲကြပါ။ မြေကြီးပေါ်၌ လဲကျလျက်၊ တုန်လှုပ်သော စိတ်ဝင်လာလျှင်၊ ခြေလေးချောင်းစလုံး အပေါ်မြောက်လျက်၊ မိမိကိုယ်ကို ပြန်မထနိုင်တော့ပါ။ ထိုသို့ဖြင့်၊ နေပူထဲ၌ သေသည်အထိ နေတတ်ကြ၏ (သို့) သားရဲများလာ၍ ကိုက်စားတတ်ကြ၏။ တောင်ကမ်းပါးသို့လည်း ဘုမသိဘမသိ လျှောက်သွားလျက် ချောက်ထဲသို့ ကျလျက် သေတတ်ကြ၏။ အခြား တိရိစ္ဆာန်များနှင့်မတူဘဲ၊ သူတို့သည် မိမိဘာသာ အိမ်မပြန်တတ်ကြပါ။

သိုး၏အားနည်းချက်နှင့် သိုး၏သဘောသဘာဝကို သိသဖြင့်၊ သိုးထိန်းသည် ပျောက်သော သိုးကို လိုက်မရှာလျှင်၊ မိမိဘာသာ ပြန်လာမည်မဟုတ်ဘဲ၊ သေလိမ့်မည်ဖြစ်ကြောင်း သိခဲ့ပါသည်။ သိုးထိန်းက တောင်းကုန်း ချိုင့်ဝှမ်း မကျန်၊ ပျောက်သောသိုး ရှိနိုင်သည့်နေရာများ၌ ရှာဖွေခဲ့ပါသည်။ သူသည် အခက်အခဲများကို ဂရုမစိုက်ခဲ့ပါ။ သူ၏တခုတည်းသော ရည်ရွယ်ချက်က သူ့ကို မောင်းနှင်ခဲ့ပါသည်။ ဘယ်လောက်ဘဲ ခက်ခဲပါစေ၊ ဘယ်လောက်ဘဲ ကြာကြာ၊ ပျောက်သောသိုးကို မတွေ့မချင်း ရှာဖို့ ဆုံးဖြတ်ခဲ့ပါသည်။ ဒုတိယမွေးဖွားခြင်း မခံရမီ၊ ကျွန်တော်တို့ အပါအဝင်၊ အပြစ်သားတိုင်း၏ အခြေအနေကို ပီပြင်စွာ ဖော်ပြထားသည် မဟုတ်လော။ ခရစ်တော်သည် အကျွန်ုပ်တို့ကို ရှာဖွေဖို့ရန် ကြွလာတော်မူ၏။ ကျွန်ုပ်တို့၏အပြစ်များအတွက် ကားတိုင်ပေါ်၌ နာကျင်စွာ ခံစားလျက် အသေခံတော်မူခဲ့ပါသည်။ ယုံကြည်သူအပေါင်း၏ ဖြောင့်မတ်ခြင်းအတွက် ဘုရားသခင်က သူ့ကို သေခြင်းမှ ထမြောက်စေတော်မူ၏။ ကျွန်ုပ်တို့ကို သူ ရှာတွေ့ခဲ့ပါသည်။ ဘယ်အချိန်၌ တွေ့ခဲ့ပါသနည်း။ ကျွန်ုပ်တို့ထံ သတင်းကောင်း ဝေငှသောအချိန်၊ ခရစ်တော်က ကျွန်ုပ်တို့အား ကယ်တင်ခြင်း ပေးတော်မူခဲ့၏။ ထိုကယ်တင်ခြင်းတရားကို ကျွန်တော်တို့ လက်ခံခဲ့သောကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါ၏။ ထိုအခါ၊ ပျောက်သောသိုး ရှာတွေ့ခဲ့သောအချိန်ကဲ့သို့၊ ထိုအကြောင်းကို သိသော ဤလောကရှိ ယုံကြည်သူများ အကြား၌ရှင်း၊ ကောင်းကင်ဘုံ၌ရှင်း ဝမ်းမြောက်ခြင်း ရှိပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော် ပျောက်သောသူလော (သို့) ရှာတွေ့ခြင်း ခံရပြီလော။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ပျောက်သောသိုး အကျွန်ုပ်ကို ရှာတွေ့ခဲ့သောကြောင့် အလွန် ကျေးဇူးတင်ပါ၏။ အာမင်။



ကြာသပတေး၊ ဧပြီ (၁၆)
**မသဲ ၁၃း၄၄**
ကျက်မှတ်ရန်၊ မသဲ ၁၃း၄၄

*“ဝမ်းမြောက်သောစိတ်နှင့် သွားပြီးလျှင်၊ ရတတ်သမျှကို ရောင်း၍ ထိုလယ်ကို ဝယ်လေ၏”*

## လယ်၌ ဝှက်ထားသော ဘဏ္ဍာ ဥပမာ၏ ထူးခြားလေးနက်မှု

သင် အလုပ် လုပ်သော နေရာ (သို့) ကျောင်း တို့၌ ကယ်တင်ခြင်း သင် ရှာလိမ့်မည် မဟုတ်ပါ။ အလုပ်က သင့်ဘဝကို လွှမ်းမိုးသည် ဖြစ်သောကြောင့်၊ သေခြင်းနှင့် ရှင်ခြင်းအကြောင်းကို သင် စဉ်းစားဖို့ အချိန် မရှိခဲ့ပါ။ ဘဝသည် ရွေးချယ်ခြင်း မဟုတ်ဘဲ၊ လိုအပ်မှုအရ အချိန်မှန် လည်ပတ်နေသော ယန္တရားတခုကဲ့သို့ သင် မှတ်ယူ ခံစားခဲ့ပါသည်။ အလုပ်၏ ဖိအားနှင့် မပြီးဆုံး နိုင်သော သင်ကြားခြင်းက သင့် စိတ်နှလုံးကို ဒုက္ခပေးလျက် ရှိပါသည်။ နေ့စဉ် အလုပ်က သင့် ခန္ဓာကိုယ်နှင့် စိတ်နှလုံးကို လွှမ်းမိုးကြီးစိုးခဲ့၏။ အိပ်ယာပေါ်မှ မထချင်လည်း ထရပြီး၊ မသွားချင်လည်း အိမ်တံခါးမှ ထွက်လျက် ပြိုင်ဆိုင်မှု ပြင်းထန်သော အလုပ်လုပ်ခြင်းဟူသော အသက်ရှင်နေသရွေ့ လုပ်ရမည့် ဝန်ထုပ်ဝန်ပိုးက သင့်ကို ခြောက်လှန့်လျက် ရှိပါသည်။ ထို့ကြောင့်၊ သင့် စိတ်နှလုံး ဝမ်းနည်းခြင်း ရှိလျက် လွတ်မြောက်ဖို့ရန် လမ်းစ မရှိခဲ့ပါ။

ထိုအချိန်တွင်၊ ရုတ်တရက် ခရစ်တော်၏ သတင်းကောင်းကို ပထမအကြိမ် သင်ကြား ခဲ့ရပါ၏။ သင်သည် အခြား မဟုတ်၊ သနားစရာကောင်းလှသော သင့်ဘဝကိုသာ တွေးတောစဉ်းစား ခဲ့ပါသည်။ ထိုအခါ၊ သင်သည် ဘုရားသခင်အပေါ် အပြစ်လွန်ကျူးခဲ့ကြောင်း သဘောပေါက်လာခဲ့ ၏။ အပြစ်သား ဘဝဖြင့် သေဆုံးခဲ့လျှင်၊ သင်သည် ငရဲသို့ ပစ်ချခြင်း ခံရမည်ဖြစ်ပါသည်။ ခရစ်တော် ၏သတင်းကောင်းမှုကား၊ ဘုရားသခင်သည် သင့်ကို ချစ်တော်မူလျက်၊ မိမိ၌ တပါးတည်းသော သားတော်ကို ကောင်းကင်မှ စေလွှတ်ခဲ့ပြီး၊ အပျိုကညာမှ မွေးဖွားလာခဲ့ပါသည်။ ထိုသို့ဖြင့်၊ ဘုရား တရားမှာ တရာဖြစ်သော၊ လူသား တရာမှာတရာ ဖြစ်သော ယေရှုသည် သင့်အပြစ်များကို ယူဆောင်လျက် ကာရာနီ ကားတိုင်ပေါ်၌ အသေခံခဲ့ပါသည်။ ထို့နောက်၊ ဘုရားသခင်က သေခြင်း မှ ရှင်ပြန်ထမြောက်စေတော်မူပြီး၊ ခရစ်တော်၏ အသေခံ ပူဇော်ခြင်းကို လက်ခံသောသူ အပေါင်း တို့သည် ကယ်တင်ခြင်းကို ရကြလိမ့်မည်။ မိမိကိုယ်စား အသေခံတော်မူကြောင်း ခရစ်တော်ကို ယုံကြည်ခြင်းဖြင့် သူတို့၏အပြစ်များကို ဘုရားသခင် ခွင့်လွှတ်တော်မူ၏။ သင် မရှာဖွေသော ဘဏ္ဍာ ကို သင်ရရှိခဲ့၏။ ငရဲသို့ မသွားတော့ဘဲ၊ ကောင်းကင်နိုင်ငံတော်သို့ ဝင်ရမည်ဟူသော အသိသည် အလွန် ကြီးမြတ်လှသော ဘဏ္ဍာဖြစ်ပါသည်။ သင် မရှာဖွေသော်လည်း၊ ဘုရားသခင်သည် ခရစ်တော်၏ သတင်းကောင်းကို ကြားသိစေတော်မူခဲ့ပါသည်။ သင့်အား ရှာဖွေတော်မူခဲ့၏။

ထိုဘဏ္ဍာကို ပိုင်ဆိုင်ဖို့ရန် သင့်ဥစ္စာရှိသမျှကို ရောင်းလိုပါမည်လော။ အပြစ်သားသည် ခရစ်တော်ကို ပိုင်ဆိုင်ဖို့ရန် မိမိအသက်တာကို လုံးဝ စွန့်လွှတ် စတေးရပါမည်။ မိမိ စိတ်နှလုံး၊ ဉာဏ်ရှိသမျှနှင့် ခွန်အားများကို ခရစ်တော် ပိုင်ဆိုင်ဖို့ စတေးရပါမည်။ ခရစ်တော်၌ ဘုရားသခင် ရွေးနှုတ်တော်မူသော ထိုအသက်တာဖြင့် မိမိအလိုအတိုင်း မနေတော့ဘဲ၊ ခရစ်တော်၏ လမ်းပြမှုကို ရှာဖွေလျက်၊ ဘုရားအလို လိုက်လျှောက်ဖို့ ဂတိထားပါလိမ့်မည်။

ရွေးနှုတ်ခြင်းခံ အသက်တာသည် လုံးဝ စတေးခြင်း အသက်တာဖြစ်ပါသည်။ ခရစ်တော်တည်းဟူသော ထိုဘဏ္ဍာကို ပိုင်ဆိုင်ဖို့ အခြား နည်းလမ်း မရှိပါ။

**ဆင်ခြင်ရန်** - ခရစ်တော်နှင့် အတူကျင်လည်ဖို့ရန် ကျွန်ုပ်၏အရာအားလုံးကို ကျွန်တော် စတေး ပြီးပြီလား။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်တော့်ထံ ကျွန်ုပ်အသက်တာတခုလုံး စတေး လျက်၊ ကယ်တင်ခြင်း စိတ်ချမှုရှိကြောင်း ပြသဖို့ရန် မစတော်မူပါ။ အာမင်။

သောကြာ၊ ဧပြီ (၁၇)

**မသဲ ၁၃း၄၅-၄၆**

ကျက်မှတ်ရန်၊ မသဲ ၁၃း၄၅

*"ကောင်းကင်နိုင်ငံတော်သည် မြတ်သော ပုလဲတို့ကို ရှာသော ကုန်သည်နှင့် တူ၏"*

## အလွန်အဘိုးထိုက်သော ပုလဲ ဥပမာ၏ အနက်အဓိပ္ပါယ်

အေဒီ ၁၈၉၃ အထိ လူဖန်တီးသော ပုလဲ မရှိခဲ့ပါ။ ထိုလူဖန်တီးသော ပုလဲ စတင်ခဲ့သောသူသည် Kokichi Mikimoto ဖြစ်သည်ဟု ဆိုကြ၏။ ၁၉၃၅ ခုနှစ်တွင်၊ ဂျပန်နိုင်ငံရှိ ပုလဲ မွေးမြူရေးစခန်း ၃၅၀ မှ တစ်နှစ်တည်း၌ လူဖန်တီးသော ပုလဲ ၁၀ သန်းကျော် ထုတ်လုပ်ခဲ့ကြပါသည်။ ပုလဲတန်ဖိုး ကျဆင်းခဲ့ပါသည်။ သို့သော်လည်း၊ သဘာဝ ပုလဲကို လူကြိုက်များ လာခဲ့ပါသည်။ ထိုသဘာဝ ပုလဲ ဆွဲကြိုးများ ယနေ့တွင် သန်းပေါင်းများစွာ ရောင်းချခဲ့ကြပါသည်။ သဘာဝ ပုလဲများကို ပင်လယ်ရှိ ကမာကောင် များတွင် တွေ့ရပါသည်။

ပုလဲများသည် ကမာကောင် ထဲ၌ ယားယံစေသည့် သေးငယ်သောအမှုန် ဝင်ရောက်ခြင်း ဖြင့် စတင်ပေါ်ပေါက်ခြင်းဖြစ်ပါသည်။ ထိုသေးငယ်သောအမှုန် မိမိကိုယ်ကို လုံ့စွာ ပိတ်ထားသော ကမာကောင် ထဲသို့ ဝင်ရောက်ခြင်းသည် အလွန်ခဲယဉ်းသောအမှု ဖြစ်ပါသည်။ ပုလဲ မွေးမြူသောသူသည် ထိုသေးငယ်သောမှုန်ကို ကမာကောင် ထဲသို့ ထည့်တတ်ကြ၏။ ထိုသေးငယ်သောအမှုန်သည် အထဲသို့ ဝင်ရောက်သောအခါ၊ ကမာကောင် ထဲရှိ ခုခံမှု အစိတ်အပိုင်းက အတွင်းသို့ ပို့လျက်၊ ပုလဲ အမိဟု ခေါ်သော အဖြူရောင် ကပ်စေးက ထိုယားယံစေသည့် သေးငယ်သောအမှုန်ကို ဖုံးအုပ် ထားပါသည်။ ထိုထောင်ပေါင်း များစွာသောအဖြူရောင် ကပ်စေးများက ထိုအမှုန်ကို ရစ်ပတ်ဖုံးအုပ် ထားခြင်းဖြင့် ပုလဲ ဖြစ်တည်လာခဲ့ပါသည်။ Akoya ပုလဲများသည် ၉ မီလီမီတာ ကြီးထွားဖို့ရန် ၁၀ လ မှ ၁၄ လ လောက်ကြာမြင့်ပါသည်။ Tahitian ပုလဲများမှုကား ၁၀ မီလီမီတာ ကြီးထွားဖို့ရန် ၁၈ လ မှ ၂၄ လ လောက်ကြာမြင့်၏။ ဩစတေးလျ တောင် ပင်လယ် ပုလဲများသည် ၁၅ မီလီမီတာ ကြီးထွားဖို့ရန် ၂ နှစ်မှ ၃ နှစ် လောက်ကြာပါသည်။ လူဖန်တီးသော ပုလဲများ အတွက် ကမာကောင်များကို အသုံးပြုပါသည်။ သဘာဝ ပုလဲများကို ရှာဖွေသောသူများသည် ကောင်းသော ပုလဲများကို ရဖို့ရန် အသက်ကို ရင်းလျက် ရေအနက် ပေ ၁၀၀ လောက် ဆင်းခဲ့ကြပါသည်။ သူတို့သည် ထိုကမာကောင်များထဲမှ အဘယ် တကောင်တွင် ထိုသေးငယ်သော အမှုန် ဝင်ရောက် သည်ကိုရင်း၊ ပုလဲ ဘယ်လောက် ကြီးသည် မကြီးသည်ကိုရင်း မသိခဲ့ကြပါ။ ပုလဲ ရှာဖွေသော သူများသည် ကမာကောင် ၁ တန် (၁၀၀၀ ကီလိုဂရမ်) တွင်၊ ကောင်းသော ပုလဲလုံး ၃ ခု (သို့) ၄ ခု လောက်သာ ရရှိခဲ့ကြသည်ဟု ဆိုခဲ့ကြပါသည်။

ဤဥပမာ၌ တွေ့ရသော ကုန်သည်သည် ပုလဲ ကုန်သည်ကောင်း ဖြစ်ပါသည်။ သူသည် များစွာသော ကောင်းသော ပုလဲများ ပိုင်ဆိုင်ခဲ့ပါသည်။ သို့သော်လည်း၊ အပြင်၌ အလွန်အဘိုးထိုက်သော ပုလဲ ရှိသေးကြောင်း သိခဲ့ပါသည်။ ထိုပုလဲကို မတွေ့မချင်း ရှာမည်ဖြစ်ပါသည်။ တွေ့သောအခါ၊ မိမိ ပိုင်ဆိုင်သမျှကို ရောင်း၍ ထိုပုလဲကို ဝယ်မည်ဖြစ်၏။

နောက်ဆုံးတွင်၊ ထိုပုလဲကို သူ တွေ့ရှိခဲ့ပါသည်။ ပိုင်ဆိုင်သမျှကို ရောင်းလျက်၊ ထိုပုလဲကို ဝယ်ခဲ့၏။ ထို အလွန်အဘိုးထိုက်သော ပုလဲသည် ခရစ်တော်၏ သတင်းကောင်းဖြစ်ပါသည်။ အရာခပ်သိမ်းကို ရောင်း၍ (စတေးလျက်) ထိုပုလဲကို ဝယ်ခဲ့ပါသည် (ခရစ်တော်ကို လက်ခံခဲ့၏)။

**ဆင်ခြင်ရန်** - ခရစ်တော်ကို လက်ခံဖို့ရန် အကျွန်ုပ်၏ အရာအားလုံးကို ကျွန်တော် စတေး ပြီးပြီလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ခရစ်တော်အားဖြင့် အကျွန်ုပ်ကို ကယ်တင်တော်မူပါ။ အာမင်။



အင်္ဂါ၊ ဇွန် (၁၆)

**လု ၁၅း၁-၇**

ကျက်မှတ်ရန်၊ လု ၁၅း၁-၂

*"အခွန်ခံသောသူတို့နှင့် ဆိုးသောသူ အပေါင်းတို့သည် နားထောင်ခြင်းငှါ အထံတော်သို့ ချဉ်းကပ်သည် ဖြစ်၍"*

## ပျောက်သောသိုး ဥပမာ၊ သင် ဘယ်သူကို လက်ခံပါသနည်း

ယေရှုသည် အခွန်ခံများနှင့် ဆိုးသောသူများအား မိမိထံ ဆွဲခေါ်တတ်၏။ ထိုသူတို့သည် ယုဒလူမျိုး အသိုင်းအဝန်း၌၊ အထူးသဖြင့် ဝိညာဉ်ရေးရာ ခေါင်းဆောင်များ အမြင်တွင်၊ အမိုက်သရိုက်ဟု သတ်မှတ်ခြင်း ခံရသောသူများဖြစ်ကြပါသည်။ အခွန်ခံများသည် ရောမလူများ၏ အစေခံများဖြစ်ကြပါသည်။ သူတို့သည် အထူးအခွင့်အရေး ပေးခြင်း ခံရသောသူများဖြစ်ကြ၏။ ထိုသို့ မဟုတ် လျှင် ထိုအခွန်ခံ အလုပ်ကို လုပ်ကြလိမ့်မည် မဟုတ်ပါ။ ဤမိမိကိုယ်ကျိုးကိုကြည့်သောသူတို့သည် ယုဒလူများထံ အသစ်သော အခွန်များကို ကောက်ခံတတ်ကြပါသည်။ ဥပမာအားဖြင့်၊ ရောမလူများ က လေးဘီး ရှိသော လှည်းကိုသာ အခွန်ခံရန် အမိန့်ချခဲ့သော်လည်း၊ အခွန်ခံက သုံးဘီး (သို့) နှစ် ဘီး ရှိသော လှည်းကိုလည်း အခွန်ကောက်ခဲ့ပါသည်။ လေးဘီးလှည်း၏ အခွန်များကိုသာ ရောမလူများ ထံ အပ်ခဲ့ပြီး၊ သုံးဘီးနှင့် နှစ်ဘီးလှည်းတို့ထံမှ ကောက်ခံရသော အခွန်များကို မိမိတို့အတွက် သိမ်းထား တတ်ကြပါသည်။ ထို့ကြောင့်၊ သူတို့သည် ဖိမ်ဖြင့် နေထိုင်နိုင်ခဲ့ကြရပြီး၊ ယုဒလူချင်းတို့၏ မုန်းတီးခြင်း နှင့် ပစ်ပယ်ခြင်းကို ခံရကြပါသည်။ ဆိုးသောသူများသည် ပြည့်တန်ဆာများ ကဲ့သို့၊ လူသိရှင်ကြား အပြစ်၌ ကျင်လည်သောသူများနှင့်၊ သူခိုးဓားပြများ ကဲ့သို့ ဒုစရိုက်မှု ကျူးလွန်လျက် ထောင်ကျဖူးသောသူများကို ရည်ညွှန်းပါသည်။

ဘာသာရေး လိုက်စားသောသူ အဘယ်သူကမျှ ထိုသို့သောလူများနှင့် မပတ်သက်လိုကြပါ။ ပတ်သက်ခဲ့လျှင်၊ သူတို့၏အပြစ်ကို လက်ခံ သဘောတူသည်ဟု ထင်မှတ်စရာ ရှိလိမ့်မည်၊ ထိုသို့ ပတ်သက်မှုကြောင့် သူတို့ကဲ့သို့ ကျင့်သောသူဟု အထင်ခံကြလိမ့်မည်။ သို့သော်လည်း၊ လူ့ အသိုင်းအဝန်း၌ ပစ်ပယ်ခြင်း ခံရသော ထိုလူများသည် ယေရှု၏ စကားကို နားထောင်လိုသဖြင့် လာခဲ့ကြပြီး၊ ယေရှုက လက်ခံခဲ့ပါသည်။

ဘာသာရေးခေါင်းဆောင်များက ထိုအမှုကို မြင်ခဲ့ကြပြီး၊ ကဲ့ရဲ့ပြစ်တင်ခဲ့ကြပါသည် (လု ၁၅း၂)။ ထိုသူတို့အား ခရစ်တော် လက်ခံသောကြောင့် ကဲ့ရဲ့ခဲ့ကြသည့်အပြင်၊ ထိုအမှုသည် ဝိညာဉ်သဘောအရ မသန့်ရှင်းသောအရာ၊ မှားယွင်းသောအရာ ဖြစ်သောကြောင့်၊ ထိုအချက်ကို နားလည်သဘောပေါက်ခြင်း မရှိသည့် အသိဉာဏ်နည်းသောသူဟု ယေရှုအား အပြစ်တင်ခဲ့ကြပါ သည်။ ခရစ်တော်ခေတ်၌ တစုံတယောက်နှင့်အတူတကွ စားသောက်ခြင်းသည် ထိုသူအား မိသားစုဝင် သဖွယ် လက်ခံခြင်း၊ ရင်းနှီးသော မိတ်ဆွေအဖြစ် လက်ခံခြင်းဟူသော အဓိပ္ပါယ် သက်ရောက်ပါ၏။ ခရစ်တော်က ထိုသူတို့သည် ယုဒအသိုင်းအဝန်း၌ ပစ်ပယ်ခံရသောသူများဖြစ်ကြောင်း သိတော်မမူ ခဲ့သလော။

သင့်အသက်တာ၌ အဘယ်သူကို လက်ခံထားပါသနည်း။ သင့် မိတ်ဆွေများသည် ဘယ်သူများနည်း။ ထိုသူများက သင်၏အဖြစ်မှန်ကို ဖော်ပြလျက်ရှိကြပါသည်။ အပြစ်သားအပေါင်းတို့သည် ခရစ်တော်ကို သိကြဖို့ လိုပါသည်။ လူမျိုးခွဲခြားခြင်း မရှိဘဲ သတင်းကောင်း ဝေငှပါလော့။ ခရစ်တော် အကြောင်း သိလိုသဖြင့် သင့်ထံ လာခဲ့ကြလျှင်၊ ဝမ်းမြောက်စွာ ဝေငှရမည်ဖြစ်ပါသည်။ မိတ်ဆွေဖြစ်စေ၊ ရန်သူဖြစ်စေ၊ အဘယ် ယုံကြည်သူကမှ အပြစ်သားအား အပြစ်သားအဖြစ် သေလျက်၊ ငရဲထဲ ပစ်ချခံရမည် ကို မလိုလားရပါ။

**ဆင်ခြင်ရန်** - သတင်းကောင်း ဝေငှခြင်းအမှုတွင် အကျွန်ုပ်၌ ခွဲခြားမှု ဆက်ဆံမှု ရှိပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ခွဲခြားဆက်ဆံခြင်း မရှိဘဲ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှုအတိုင်း သတင်းကောင်း ဝေငှမည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ ဇွန် (၁၅)
**လု ၁၄း၁-၁၁**
ကျက်မှတ်ရန်၊ လု ၁၄း၁၁

*"ကိုယ်ကိုကိုယ် ချီးမြှောက်သောသူမည်သည်ကား နှိမ့်ချခြင်းသို့ ရောက်လတံ့"*

## ဖိတ်ကြားခြင်း ဥပမာ၊ ဘယ်မှာ ထိုင်ရပါမည်နည်း

ဖာရိရှဲနှင့် ကျမ်းပြုဆရာများ နည်းတူ၊ ကျွန်တော်တို့သည် အရေးကြီးသော ပုဂ္ဂိုလ်အဖြစ် လူတို့ သိမြင်ခြင်းကို ခံလိုခဲ့ကြပါသည်။ ပွဲ၌လည်း၊ အစွန်းအဖျား၊ အိမ်ရှင် မမြင်နိုင်သော နေရာနှင့် စားပွဲများတွင် မထိုင်လိုကြပါ။ အိမ်ရှင်နှင့် အနီးကပ်ဆုံး၊ လက်ျာဘက်နှင့် လက်ဝဲဘက်၌ ထိုင်သော သူများသည် ဖိတ်ကြားသော ဧည့်သည်တို့တွင် အရေးကြီးဆုံးသော ပုဂ္ဂိုလ်များဖြစ်တတ်ကြပါသည်။ အိမ်ရှင် ဘေး၌ ထိုင်လိုသောသူက ထိုသူကို မနာလို ဖြစ်လိမ့်မည်ဖြစ်ပါသည်။

ဖာရိရှဲအိမ်၌ ထိုအမှုကို ယေရှု မြင်တွေ့ခဲ့သောကြောင့်၊ ဤဖိတ်ကြားခြင်း ဥပမာကို မိန့်တော်မူခဲ့၏။ ဥပမာအဖြစ် မင်္ဂလာဆောင်ပွဲကို အသုံးပြုခဲ့ပါသည်။ ထိုသို့ ဖိတ်ကြားခြင်း ခံရလျှင်၊ မြင့်မြတ်သော နေရာ၌ မထိုင်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ အကြောင်းမှာ၊ အရေးကြီးသော ပုဂ္ဂိုလ် ကြွလာခဲ့လျှင်၊ နေရာ ဖယ်ပယ်လျက်၊ အနိမ့်ဆုံးနေရာ၌ ထိုင်ရလိမ့်မည်ဖြစ်ပါသည်။ သို့သော်လည်း၊ သင်သည် အနိမ့်ဆုံးသောနေရာ၌ ထိုက်လျက်၊ အိမ်ရှင်က သင့်အား မြင်၍ ပိုမြင့်မြတ်သော နေရာ၌ ထိုင်ခိုင်းခဲ့လျှင်၊ အခြားသူများက သင် ချီးမြှောက်ခံရခြင်းကို တွေ့ရမည်ဖြစ်ပါသည်။

ယေရှုက ဥပမာအဆုံး၌ ဤသို့ သင်ခန်းစာ ပေးတော်မူခဲ့၏။ လု ၁၄း၁၁၊ "ကိုယ်ကိုကိုယ် ချီးမြှောက်သောသူမည်သည်ကား နှိမ့်ချခြင်းသို့ ရောက်လတံ့။ ကိုယ်ကိုကိုယ် နှိမ့်ချသောသူမည်သည်ကား ချီးမြှောက်ခြင်းသို့ ရောက်လတံ့ဟု မိန့်တော်မူ၏။" ဇာတိလူများသည် သူတို့၏ လောကီ ဂုဏ်ပုဒ်များအားဖြင့် မိမိကိုယ်ကို တိုင်းတာတတ်ကြပါသည်။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ မန်နေဂျာဟု ခေါ်ခြင်းကို နှစ်သက်ကြပါသည်။ ထိုသို့သော ဂုဏ်ပုဒ်က လောကီလူသားများနှင့် မိမိအမြင်၌ ကြီးမြတ်သောသူ ဖြစ်စေသည်ဟု ထင်မှတ်ကြပါသည်။ သူတို့သည် အရေးကြီးသောပွဲများ၌ အထူး ဧည့်သည်အဖြစ်၊ အမြင့်မြတ်ဆုံးနေရာ၌ ထိုင်ဖို့ရန် ဖိတ်ကြားခြင်း ခံရကြပါသည်။ ထိုအချည်းနှီးသော အရာများ၌ သူတို့၏ထောင်လွှားသော စိတ်နှလုံးသည် ဝမ်းမြောက်ခြင်းရှိ၏။ ထိုအပြင်ပန်းအရာများ၌ အခြေခံသော တစုံတယောက်သည် ဘာမှ မဟုတ်ပါ။ ထိုအရာများသည် နောင်တချိန် ကွယ်ပျောက်မည့်အရာများဖြစ်၍ သူ့၌ ဘာမှ ကျန်လိမ့်မည် မဟုတ်ပါ။ ဘုရားသခင်၏သားသမီးများသည် မိမိကိုယ်ကို အပြစ်သား၊ ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းခံရသောသူဟု သိမြင်ကြပါသည်။ အဘယ်သို့သော လောကီ ချီးကျူးခြင်း ခံရလျှင်ပင်၊ ဘုရားသခင်ထံမှ ရရှိသောအရာနှင့် နှိုင်းယှဉ်လျှင် ဘာမှ မဟုတ်ကြောင်း သိမှတ်၏။ အသက်တာ၌ ခရစ်တော်အားဖြင့် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ဂရုဏာတော်ကို သိရှိခံစားခဲ့ပါသည်။ ခရစ်တော်၌ လိုအပ်သောအရာ အလုံးစုံကို ရရှိခဲ့ကြောင်း သိသဖြင့်၊ အစဉ် ဝမ်းမြောက်ခြင်း ရှိပါ၏။ ဤလောကီအရာ တစုံတခုမျှ သူ မလိုအပ်ပါ။ ထို့ကြောင့်၊ အနိမ့်ဆုံးသော ထိုင်ခုံ၌ ထိုင်ခြင်းသည် ချီးမြှောက်ခြင်းလိုသောစိတ်ဖြင့် ထိုင်ခြင်း မဟုတ်ဘဲ၊ ဘုရားသခင်ထံမှ ရရှိသော ဝိညာဉ်စိတ်သဘော၏ ရိုးသားမှု လက်တွေ့ ကျင့်သုံးခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာ မဟုတ်လျှင်၊ မိမိသည် ဘာမှ မဟုတ်ကြောင်း သိနားလည်လျက် ရှိပါသည်။

**ဆင်ခြင်ရန်** - ဖိတ်ခေါ်ခြင်း ခံရသောအခါ ကျွန်တော် ဘယ်နေရာ၌ ထိုင်လေ့ရှိပါသနည်း။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ အနိမ့်ဆုံး နေရာ၌ ထိုင်လိုပါ၏။ အာမင်။



စနေ၊ ဧပြီ (၁၈)
**မသဲ ၁၃း၄၅-၄၆**
ကျက်မှတ်ရန်၊ မသဲ ၁၃း၄၆

*"အလွန် အဘိုးထိုက်သော ပုလဲကို တွေ့သောအခါ၊ သွား၍ မိမိ၌ ရတတ်သမျှကို ရောင်းပြီးလျှင်"*

## အလွန် အဘိုးထိုက်သော ပုလဲ ဥပမာ၏ ထူးခြားလေးနက်မှု

ဝှက်ထားသော ဘဏ္ဍာ တွေ့ခဲ့သောသူ ကဲ့သို့ မဟုတ်ဘဲ (သူသည် သတင်းကောင်းကို မရှာခဲ့ပါ)၊ ယခု ကုန်သည် မူကား တစုံတခုကို ရှာခဲ့ပါသည်။ အလွန် အဘိုးထိုက်သော ပုလဲကို သူ ရှာနေခဲ့၏။ "ပုလဲများ" က ခေတ်အဆက်ဆက် ဘာသာတရားများကို ရည်ညွှန်းပါသည်။ ကုန်သည်သည် များစွာသော ဘာသာတရားကို မြည်းစမ်းခဲ့ပြီး၊ စိတ်ကျေနပ်မှု မရခဲ့ပါ။ သေခြင်း ကြောက်သောစိတ် လျော့မသွားခဲ့ပါ။ သေပြီးနောက် ဘယ်အရပ်သို့ ရောက်မည်ကို သူမသိခဲ့ပါ။ အပြစ်တရားက သူ့စိတ်ကို ချုပ်နှောင်ထားလျက်၊ သေမှာကို အလွန် ကြောက်ရွံ့ခဲ့ပါသည်။ မိမိ ချစ်သောသူများအား မထိခိုက်လိုသော်လည်း၊ နှုတ်အားဖြင့် ဆက်လက် စိတ်ထိခိုက်စေပါသည်။ စိတ်ထဲ၌ ဟာတာတာဖြစ်လျက်၊ ကျေနပ်မှု မရှိဖြစ်ခဲ့ပါသည်။ သူခံစားနေရသော ပြဿနာအားလုံး ဖြေရှင်းဖို့ရန်၊ အပြစ်ကြောင့် သေမှာကို ကြောက်သော စိတ်အား အနိုင်ယူဖို့ရန် အလွန်အဘိုးထိုက် သော ပုလဲကို ရှာတွေ့ဖို့ လိုပါသည်။

ယေရှုက အလွန် အဘိုးထိုက်သော ပုလဲဟု အသုံးပြုခဲ့၏။ အကြောင်းမှာ၊ "ပုလဲ" နှစ်မျိုး ကိုသာ ခိုင်းနှိုင်းထား၏ - ပျက်စီးခြင်းသို့ ခေါ်ဆောင်သော ကျယ်သော တံခါးနှင့် ထာဝရအသက် သို့ ခေါ်ဆောင်သော ကျဉ်းသော တံခါးတို့ဖြစ်ပါသည်။ "အလွန်" ဟူသော စကားလုံးကို ယေရှုက ခိုင်းနှိုင်းခြင်း၌ အသုံးပြုသောအခါ၊ အမြင့်ဆုံးကို ဖော်ပြလျက် အသုံးပြုတော်မူခြင်းဖြစ်ပါသည်။

အလွန် အဘိုးထိုက်သော ပုလဲက ခရစ်တော်၏ သတင်းကောင်းကို ရည်ညွှန်းသည် ဖြစ်သောကြောင့်၊ ကုန်သည်သည် ဘာသာတရားများစွာ မြည်းစမ်းခဲ့သော်လည်း စိတ်ကျေနပ်မှု မရခဲ့ သော အပြစ်သား ဖြစ်ပါသည်။ အလွန် အဘိုးထိုက်သော ပုလဲကို လိုချင်မှု ရှိခဲ့၏။ ကောင်းသော ပုလဲများစွာတို့၌ ထိုက်သင့်သော တန်ဘိုး ရှိသော်လည်း၊ ထိုပုလဲတို့က သူ့ကို စိတ်ကျေနပ်မှု မပေး နိုင်ခဲ့ပါ။ တနေ့တွင်၊ သူသည် ခရစ်တော်၏ သတင်းကောင်းကို ရှာတွေ့ခဲ့ပါသည်။ သတင်းကောင်း တရားမူကား၊ ယေရှုခရစ်တော်သည် ထိုသူ၏အပြစ်များအတွက် ကာရာနီ ကားတိုင်ပေါ်၌ အသေခံ ခဲ့ပြီး (ထို့ကြောင့် ထိုသူ သေစရာ မလိုတော့ပါ)၊ ထိုသူ၏ ဖြောင့်မတ်ခြင်းအတွက် သေခြင်းမှ ရှင်ပြန်ထမြောက် တော်မူခဲ့ ပါသည်။ ထို့ကြောင့်၊ သူသည် မိမိ ဥစ္စာရှိသမျှကို ရောင်းခဲ့ပါသည်။ ဆိုလိုသည်မှာ၊ အရာအားလုံးကို စတေးလျက်၊ မိမိ၏အပြစ်များကို ဝန်ခံပြီး၊ မိမိကိုယ်စား အသေခံ တော်မူသော ယေရှုခရစ်တော်ကို ယုံကြည်လက်ခံခဲ့၏။

ဟာတာတာဖြစ်နေသော သူ့အသက်တာသည် ယခု စုံလင်ခြင်းရှိ၏။ သူသည် ယေရှု ခရစ်တော်၏မြတ်သော ကယ်တင်ခြင်း (အလွန် အဘိုးထိုက်သော ပုလဲ) ကို ရှာတွေ့ခဲ့၏။ ပုလဲသည် ဖြူသောအစင်း ရှိပြီး၊ ဖြူစင်သန့်ရှင်းခြင်းကို ပြသပါသည်။ ထိုပုလဲသည် တန်ဖိုး ဖြတ်၍မရသောအရာ ဖြစ်ပြီး၊ ပိုင်ဆိုင်သော သူ၏သန့်ရှင်းခြင်းနှင့် ဖြူစင်မှုကို ပြသလျက်ရှိပါသည်။ ခရစ်တော်ကို ပိုင်ဆိုင် သောသူသည် သွားလေရာရာ၌ သန့်ရှင်းခြင်း ရှိရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ ခရစ်ယာန်အသက်တာက သန့်ရှင်း ဖြူစင်မှုကို ပြသပါသလား။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်သည် သန့်ရှင်းတော်မူသည်ဖြစ်၍၊ အကျွန်ုပ်အား သန့်ရှင်းမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဧပြီ (၁၉)
**မသဲ ၁၃း၄၇-၅၀**
ကျက်မှတ်ရန်၊ မသဲ ၁၃း၄၉

*"ကောင်းကင်နိုင်ငံတော်သည် ပင်လယ်၌ ချ . . . သော ပိုက်ကွန်နှင့်တူ၏"*

## ပင်လယ်၌ ချသော ပိုက်ကွန် ဥပမာ၏ အနက်အဓိပ္ပါယ်

ကောင်းကင်နိုင်ငံတော်သည် ပိုက်ကွန်နှင့် တူ၏။ ယေရှုက ရှင်းပြချက်အဖြစ် ပိုက်ကွန်ကို အသုံးပြုတော်မူခဲ့၏။ ပိုက်ကွန်သည် "ရေထဲသို့ ကျနိုင်အောင် တဖက်အစွန်းဖျားများတွင် ခဲများ ချိတ်ဆွဲထားသောပြီး၊ အခြားတဖက်တွင် ရေပေါ်၌ ပေါလောပေါ်နိုင်ဖို့ရန် ဖော့များ ချိတ်စွဲထားသော ပိုက်ဖြစ်ပါသည်။" ထိုပိုက်ကွန်အားဖြင့် တံငါသည်တို့သည် အမျိုးမျိုးသော ရေသတ္တဝါများကို ဖမ်းကြပါသည်။ ပိုက်ကွန် ပြည့်သောအခါ၊ "တံငါတို့သည်" ကမ်းသို့ ဆွဲထုတ်ကြပါသည်။ ထိုပိုက်ကွန်သည် ကြီး၍ များစွာသော ငါးများ အုပ်မိသည်ဟု ထင်ရပါသည်။ အကြောင်းမှာ၊ တယောက်တည်း မဟုတ်၊ တံငါသည်များက ပိုက်ကွန်ကို ဆွဲထုတ်ရ၏။ ကမ်းသို့ ရောက်သောအခါ၊ အုပ်မိသောငါးများကို ထိုင်လျက်၊ နှုတ်ယူ ခွဲခြားခဲ့ကြပါသည်။ ကောင်းသောငါးများကို စားဖို့၊ ရောင်းဖို့ ခြင်းထဲတွင် ထားကြပြီး၊ မကောင်းသောငါးများကို ပစ်လိုက်ကြ၏။

ဝတ်ပြုရာကျမ်း ၁၁း၉-၁၂ တွင်၊ "ပင်လယ်ရေ၊ မြစ်ရေအစရှိသော ရေ၌နေသော တိရစ္ဆာန်တကာတို့ တွင်၊ အယပ်နှင့် အကြေးရှိသော တိရစ္ဆာန်ကိုသာ စားရမည်။ အယပ်နှင့် အကြေးမရှိ၊ ပင်လယ်ရေ၊ မြစ်ရေ အစရှိသောရေ၌ လှုပ်ရှားလျက် အသက်ရှင်လျက်နေသော တိရစ္ဆာန်ရှိသမျှတို့သည် သင်တို့၌ ရွံရှာဘွယ် ဖြစ်ရမည်။ အယပ်အကြေးနှင့် မပြည့်စုံသော ရေတိရစ္ဆာန် အသားကို သင်တို့သည် မစားရ။ သူတို့ အသေကောင်ကိုလည်း ရွံရှာရကြမည်" ဟုအသီးအခြားနေခြင်း တရားကို သွန်သင်ခဲ့ပါသည်။

ပိုက်ကွန် ပစ်ချသောသူကို ရည်ရွယ်ချက်ရှိရှိ ဖော်ပြ မထားခဲ့ပါ။ သူတို့သည် အများဖြစ်ပါသည်၊ အကြောင်းမှာ ကမ်းသို့ ဆွဲသောသူ တဦးတည်း မဟုတ်၊ "အများ" ဖြစ်၏။ အဓိက ပစ်မှတ်သည် ပိုက်ကွန် ချခြင်း၊ အုပ်မိသော ငါးများ ပိုင်းခြား ခွဲခြားခြင်းဖြစ်ပါသည်။ ဤသည်ကား ဤလောက ကုန်ဆုံးသော ကာလ၌ ဖြစ်ပျက်မည့် နှုတ်ယူ ခွဲခြားခြင်းဖြစ်ပါသည်။ ဤဥပမာသည် စပါးနှင့် တောပင် ဥပမာနှင့် တူ၏ (မသဲ ၁၃း၂၄-၃၀၊ ၃၆-၄၃)။ ခြားနားချက်မှုကား၊ စပါးနှင့် တောပင် ဥပမာတွင်၊ အသင်းတော်၌ တောမျိုးစေ့ ကြဲသောသူသည် မာရ်နတ်ဖြစ်ပါသည်။ ပိုက်ကွန် ဥပမာက၊ ဤလောက၌ ခရစ်ယာန် ပျံ့နှံ့သောအခါ ဖြစ်ပျက်မည့်အရာကို ဖော်ပြပါသည်။ သတင်းကောင်း ပျံ့နှံ့ခြင်းအားဖြင့် ဒေသန္တရအသင်းတော်၌၎င်း၊ ဤလောက၌၎င်း စစ်မှန်သော ယုံကြည်သူနှင့် မှားယွင်းသော ယုံကြည်သူများ ပျံ့နှံ့လိမ့်မည်။ ဤလောက ကုန်ဆုံးသော ကာလတွင်၊ ထို နှုတ်ယူ ခွဲခြားခြင်းအမှုကို ကောင်းကင်တမန်များက ဆောင်ရွက်လိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် မည်သို့သော ယုံကြည်သူဖြစ်ပါသနည်း။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ အမြင့်ဆုံးသော ဘုရား ကိုယ်တော်ရှေ့တွင် ကျွန်ုပ် ဝိညာဉ်အရေး၌ ကျွန်တော် ရိုးသားသောသူ ဖြစ်လိုပါ၏။ အာမင်။



တနင်္ဂနွေ၊ ဇွန် (၁၄)
**လု ၁၄း၁-၁၁**
ကျက်မှတ်ရန်၊ လု ၁၄း၃-၄

*"ထိုသူတို့သည် စကား တခွန်းကိုမျှ မပြန်နိုင်ကြ"*

## ဖိတ်ကြားခြင်း ဥပမာ၊ နိုင်ငံရေး ခေါင်းဆောင်များလော

အသင်းတော် ဦးဆောင်သောသူများ နိုင်ငံရေး ခေါင်းဆောင် အဖြစ်ပြောင်းလဲ လာကြသောအခါ၊ ထိုအသင်းတော်သည် သေဆုံးပြီဟု သတ်မှတ်နိုင်ပါသည်။ အသင်းတော် ဦးဆောင်သောသူများသည် ဝိညာဉ်ရေးရာ ခေါင်းဆောင်များဖြစ်ကြပါသည်။ နိုင်ငံရေး ခေါင်းဆောင်များ၏ အကျင့်တွင်၊ မိမိအမြင်၌ မှန်သည်ဟု ထင်သောအရာကို ပြုခြင်း၊ လူ့အကြိုက် လိုက်ခြင်း၊ ဘာမှ မသိသော နောက်လိုက်များအား ကျမ်းစာကို ကိုးကားလျက် လှည့်စားခြင်းနှင့် အမျိုးမျိုးသောတရား ကိုင်စွဲခြင်းတို့ပါဝင်ပါသည်။ လှည့်စားခြင်းဖြင့် တည်ဆောက်သော သူတို့၏သိက္ခာ ကျမည်ကို ကြောက်သဖြင့်၊ နောင်တ မရလိုခဲ့ကြပါ။

ယေရှုသည် ဥပုသ်နေ့၌ ဖာရိရှဲ တယောက်၏အိမ်သို့ အစားအစာ သုံးဆောင်ဖို့ရန် ဝင်ခဲ့ပါသည်။ ထိုသို့သောအိမ်သို့ ဖိတ်ကြားခြင်း ခံရခြင်းသည် အလွန် ဂုဏ်ယူစရာ ကောင်းလှပါသည်။ ရန်သူများက ခရစ်တော်အား စောင့်ကြည့်ခဲ့ကြပါသည်။ ယေရှုက ရေဖျဉ်းနာစွဲသော သူတဦး၏ ရောဂါကို ငြိမ်းစေခဲ့ပါသည်။ ထိုသို့ မပြုမီ၊ ယေရှုက၊ ထိုအရပ်၌ ရှိသော သူများ (ကျမ်းတတ်များနှင့် ဖာရိရှဲများ) အား ဥပုသ်နေ့၌ အနာရောဂါကို ငြိမ်းစေ အပ်သလောဟု မေးတော်မူခဲ့ပါသည်။ သူတို့သည် တိတ်ဆိတ်စွာ နေခဲ့ကြ၏။ ထို့နောက် အနာရောဂါကို ငြိမ်းစေခဲ့ပြီး၊ မြည်း (သို့) နွားသည် ဥပုသ်နေ့၌ တွင်းထဲ ကျခဲ့လျှင်၊ မဆွဲမတင်ဘဲ နေမည်လောဟု သူတို့အား မေးတော်မူခဲ့၏။ သူတို့သည် တိတ်ဆိတ်စွာ နေကြပြန်၏။

အဘယ့်ကြောင့် သခင်ယေရှုအား သူတို့ အဖြေ မပေးကြပါသနည်း။ ထိုမေးခွန်းများ၏ အဖြေကို သာမန် ယုဒလူများပင် သိခဲ့ကြပါသည်။ ကျမ်းပြုဆရာနှင့် ဖာရိရှဲများသည် သာသာရေးရဲများကဲ့သို့ ဖြစ်လျက်၊ ယုဒလူများအား သူတို့၏ ဓလေ့ထုံးစံများ လိုက်လျှောက်ဖို့ရန် စေခိုင်းလျက်၊ နာခံခြင်း မရှိလျှင် ပြစ်ဒဏ်ပေးခြင်းခံရကြမည်ဖြစ်ပါသည်။

ခရစ်တော်အား သူတို့ အဖြေပေးခဲ့လျှင်၊ ဥပုသ်နေ့၌ ဘယ်သူမှ အနာငြိမ်းစေမည် မဟုတ်သောကြောင့်၊ မပြုအပ်ဟု ဖြေခဲ့ကြပါလိမ့်မည်။ ဒုတိယ မေးခွန်းကိုမူ၊ ဆွဲတင်မည်ဟု ဖြေပေးကြပါလိမ့်မည်။ အကြောင်းမှာ၊ သူတို့သည် သူတို့၏ မြည်း၊ နွားကို တွင်းထဲမှ အမှန် ဆွဲတင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့်၊ အဖြေ ပေးခဲ့လျှင် မိမိကိုယ်ကို ဆန့်ကျင်ရာရောက်ကြမည်ဖြစ်သောကြောင့်၊ မပေးဘဲ နေကြခြင်း ဖြစ်ပါသည်။ သူတို့သည် နှုတ်ကပတ်တော်ကို စောင့်သော၊ သွန်သင်သောသူဖြစ်ကြသောကြောင့်၊ မိမိတို့ မှားယွင်းသည်ဟု လက်မခံ လိုကြပါ။ တပည့်များရှေ့၌ မျက်နှာပျက်မခံကြပါ။ သူတို့သည် အရေးကြီးသော ပုဂ္ဂိုလ်၊ ပညာရှိအဖြစ် လူတို့ သိမှတ်ကြသောကြောင့်၊ မိမိတို့ မှားယွင်းကြောင်းကို ဝန်မခံလိုကြပါ။ ထိုသို့သော အသင်းတော်ခေါင်းဆောင်များကို သတိပြုပြီး၊ သူတို့ကဲ့သို့ မဖြစ်အောင် သတိထားပါ။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် မှားယွင်းသော အကျင့်ဖြင့် လူ့အကြိုက်ဆောင်သောသူ ဖြစ်ပါသလား။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်တော်သည် တိုးပွါးခြင်းရှိ၍ အကျွန်ုပ်သည် ဆုတ်ယုတ်ခြင်း ရှိမည်ဖြစ်သောကြောင့်၊ ကျွန်ုပ် ဘဝတခုလုံး ကိုယ်တော့်အလိုလိုက်လျှောက်သောသူ ဖြစ်စေတော်မူပါ။ အာမင်။

စနေ၊ ဇွန် (၁၃)
လု ၁၃း၁-၉
ကျက်မှတ်ရန်၊ လု ၁၃း၈-၉

*"အသီး သီးကောင်း သီးပါလိမ့်မည်။ သို့မဟုတ် နောက်မှ ခုတ်ပစ်တော်မူပါ"*

## သင်္ဘောသဖန်းပင် ဥပမာ၊ ယနေ့ နောင်တရပါလော့

စပျစ်ဥယျာဉ်ထဲ၌ သင်္ဘောသဖန်းပင် စိုက်ခြင်းသည် ထူးဆန်းသောအမှု မဟုတ်ပါ။ သင်္ဘောသဖန်းပင်သည် မြေသားကို ကောင်းစေလျက်၊ အပင်အမျိုးမျိုး အတူတကွ ကြီးထွားမှုကို အားပေးပြီး၊ စပျစ် အရည်အသွေး ကောင်းစေလျက်၊ သဖန်းသီးအားဖြင့် အပိုဝင်ငွေလည်း ရနိုင်၏။ သို့သော်လည်း၊ ဤသင်္ဘောသဖန်းပင်က စပျစ်ဥယျာဉ်၌ ထိုသို့သော အကျိုး ဘယ်တခုမှ မပေးခဲ့ပါ။ ထိုသင်္ဘောသဖန်းပင်သည် သေပြီဟု ထင်ရပါသည်။ ထိုသဖန်းပင် စိုက်သောသူ ပိုင်ရှင်သည် အသီး တစုံတရာ တွေ့ရမည်ဟု မျှော်လင့်ခဲ့သော်လည်း၊ မတွေ့ခဲ့ပါ။ ဘင်္ဘောသဖန်းပင်များသည် အသီး သီးမည့် ကာလဖြစ် မဖြစ် သိနိုင်ရန်၊ ရွက်နု မပေါ်မီ အသီးများ အရင် ဖူးထွက်လာတတ်ပါသည်။ သဖန်းပင်သည် သေခဲ့ပါလျှင်၊ စပျစ်ဥယျာဉ်ထဲ၌ ထိုအပင် ရှိခြင်းသည် အကျိုး မရှိပါ။ မြေသားများကို မြေဩဇာ ဖြည့်တင်းပေးမည့်အစား၊ စုပ်ယူလျက်၊ အနှောင့်အယှက်ပေးသော အပင်ဖြစ်လာပါသည်။

သင်္ဘောသဖန်းပင်က ဣသရေလကို ကိုယ်စားပြုပါသည်။ စပျစ်ဥယျာဉ်သည် ဤကမ္ဘာလောကဖြစ်ပါသည်။ စပျစ်ဥယျာဉ် ပိုင်ရှင်သည် ဘုရားသခင်၊ သခင် ယေရှု ခရစ်တော်ဖြစ်ပါသည်။

ပိုင်ရှင်သည် သုံးနှစ်လုံးလုံး သဖန်းပင်မှ အသီးကို ရှာဖွေခဲ့ပြီဖြစ်ပါသည်။ သို့သော်လည်း မတွေ့ခဲ့ပါ။ ခရစ်တော်သည် လွန်ခဲ့သော သုံးနှစ်လုံးလုံး ဣသရေလ၌ အမှုတော် ဆောင်ရွက်ခဲ့ပါပြီ။ ဣသရေလူ ခေါင်းဆောင်များ၌ ဘုရားသခင်၏နှုတ်ကပတ်တော် (ဓမ္မဟောင်းကျမ်း) ရှိခဲ့ပါသည်။ နာဇရက်မြို့သား ယေရှုအား မေရှိယ (ခရစ်တော်) ဖြစ်ကြောင်း သိမှတ်ခဲ့သင့်ပါသည်။ သုံးနှစ်လုံးလုံး ဘုရားသခင်၏နှုတ်ကပတ်တော်ကို သွန်သင် ဟောပြောခဲ့ပြီး၊ မိမိသည် လူ့ဇာတိခံ ဘုရားသခင်ဖြစ်တော်မူကြောင်း နိမိတ်လက္ခဏာများအားဖြင့် သက်သေပြခဲ့သော်လည်း၊ သူတို့ ငြင်းပယ်ခဲ့ပါသည်။ မယုံကြည် လိုကြပါ။ ကောင်းကျိုးပေးမည်အကြောင်း သဖန်းပင်အား စိုက်သကဲ့သို့၊ ကောင်းကြီးမင်္ဂလာ ယူဆောင်လာဖို့ ဣသရေလကို ရွေးနှုတ် တည်ရှိစေခြင်းဖြစ်ပါသည်။ မေရှိယကို နားမလည်၊ မယုံကြည်လျှင် ဣသရေလသည် အကျိုး မရှိပါ။ ထို့ကြောင့်၊ ဣသရေလ တည်ရှိခြင်းသည် အကျိုးမဲ့ဖြစ်ပါသည်။ ဣသရေလကို တည်ရှိစေတော်မူသောသူသည် ဘုရားသခင် ဖြစ်ပါသည်။ ဣသရေလ၏ သန့်ရှင်းသော နေ့များ၊ အစားအစာ ဥပဒေသများ၊ အဝတ်အစား ဝတ်ဆင်ပုံနှင့် ကိုးကွယ်ဝတ်ပြုပုံတို့သည် ဝိညာဉ်အမှုနှင့်ဆိုင်သောအရာများဖြစ်ကြပြီး၊ ဤလောကီလူသားတို့၏အပြစ်ကို ယူဆောင်သွားမည့် ဘုရားသခင်၏ သိုးသငယ် ခရစ်တော်ကို ရည်ညွှန်းခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဣသရေလ၏ အကျင့် (အသီး) သည် အပြစ်ထဲ၌ ကျင်လည်နေသော ဤလောကီလူသားများထံ ခရစ်တော်၌ ထင်ရှားခဲ့သော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ကို ထင်ရှားစေရမည် ဖြစ်ပါသည်။ ထိုအမှုကို မပြုလျှင်၊ ခရစ်တော်ကိုယ်တိုင် ရှိနေသည်ဖြစ်သောကြောင့်၊ ဣသရေလ တည်ရှိမှုသည် အကျိုးမရှိဖြစ်ပါလိမ့်မည်။ သို့သော်လည်း၊ ဥယျာဉ်စောင့်က ပိုင်ရှင်ထံ သဖန်းပင်အား နောက်ထပ်တနှစ် အချိန်ပေးဖို့ရန် တောင်းလျှောက်ခဲ့ပါသည်။ ထိုအချိန်အတွင်း အသီး မသီးလျှင်၊ ခုတ်လှဲပါမည်။ ထို့ကြောင့်၊ ဘုရားသခင်က ဣသရေလကိုယ်စား အသင်းတော်အား သက်သေခံစေတော်မူ၏။

**ဆင်ခြင်ရန်** - ယနေ့ နောင်တရပါလော့၊ နက်ဖြန် ရှိသေးသည်ဟု မတွေးလိုက်နှင့်။

**ဆုတောင်းချက်-** အဖဘုရား၊ ခရစ်တော်အားဖြင့် အကျွန်ုပ်အပြစ်များကို ခွင့်လွှတ်တော်မူပါ။ အာမင်။



တနင်္လာ၊ ဧပြီ (၂၀)
**မသဲ ၁၃း၄၇-၅၀**
ကျက်မှတ်ရန်၊ မသဲ ၁၃း၅၀

*"ကောင်းသော ငါးကို ခြင်းထဲသို့ ရွေးချယ်ထည့်ထား၍၊ မကောင်းသောငါးကို ပြင်သို့ ပစ်လိုက်ကြ၏"*

## ပင်လယ်၌ ချသော ပိုက်ကွန် ဥပမာ၏ ထူးခြားလေးနက်မှု

သခင်ယေရှုသည် မျိုးစေ့ကြဲခြင်း ဥပမာ (ဘုရားသခင်၏နှုတ်ကပတ်တော် ကြားနာလက်ခံခြင်း နည်းလမ်းမှန်ကို ဖော်ပြခြင်း) ပြောကြားပြီးနောက်၊ "ကောင်းကင်နိုင်ငံတော်သည်" ဟူသော စကားဖြင့် စတင်သည့် ဥပမာများကို ဆက်လက် ပြောကြားတော်မူ၏။ ထိုဥပမာတို့တွင်၊ စပါးနှင့် တောပင် ဥပမာ (မာရ်နတ်သည် တောမျိုးစေ့ကို ကြဲလျက်၊ ခရစ်တော်သည် ဤလောက၌ ဘုရားသခင်၏ နိုင်ငံတော်တွင် စပါးမျိုးစေ့ကို ကြဲ၏)၊ မုန်ညင်းစေ့ ဥပမာ (ခရစ်ယာန်သည် တလောကလုံး ပျံ့နှံ့လိမ့်မည်)၊ မုန့်ညက်ထဲမှ တဆေး ဥပမာ (သတင်းကောင်းသည် ကယ်တင်ခြင်း ခံရသောသူ၏ အသက်တာ တခုလုံးကို ပြောင်းလဲစေမည်)၊ ဝှက်ထားသော ဘဏ္ဍာ (ဘုရားသခင်သည် မိမိအား မရှာသောသူကိုပင် ရှာလျက် ကယ်တင်တော်မူမည်)၊ နှင့် အလွန် အဘိုးထိုက်သော ပုလဲ ရှာဖွေသော ကုန်သည် ဥပမာ (အပြစ်သားများသည် သတင်းကောင်းကို ရှာလျက်၊ ခရစ်တော်၌ ကယ်တင်ခြင်း ခံရကြမည်) စသည်တို့ ပါဝင်ပါသည်။ မသဲ ၁၃ ထဲမှ နောက်ဆုံး ဥပမာသည် ပိုက်ကွန် ဥပမာဖြစ်ပါသည်။ ခရစ်တော်က သတင်းကောင်း ပိုက်ကွန်သည် ကောင်းသောငါးနှင့် မကောင်းသောငါးတို့ကို အုပ်မိမည် (ဒေသန္တာရအသင်းတော်၌ စစ်မှန်သော ယုံကြည်သူ နှင့် အမည်ခံ ယုံကြည်သူများ အတူတကွရှိလျက် သက်သေခံကြလိမ့်မည်) ဟု သွန်သင်တော်မူ၏။

ဒေသန္တာရ အသင်းတော်ကို ကောင်းကင်ဘုံ (စစ်မှန်သော ယုံကြည်သူများသာ ရှိသောနေရာ) နှင့် လုံးဝ မခိုင်းနှိုင်းသင့်ပါ။ အကြောင်းမှာ၊ ဒေသန္တာရအသင်းတော်တွင် ကယ်တင်ခြင်း လိုအပ်လျက်ရှိသော အမည်ခံ ယုံကြည်သူများ ရှိကြပါသည်။ ဒေသန္တာရအသင်းတော်၌ သတင်းကောင်း ဆက်လက် ဟောပြောဖို့ လိုပါသည်။ ကယ်တင်ခြင်း ရပြီ ဆိုလျက် ဘာမှ မလုပ်ဘဲ မနေရပါ။ ကယ်တင်ခြင်း ခံရသောသူတိုင်းသည် ကြောက်ရွံ့ တုန်လှုပ်ခြင်းနှင့်တကွ ကယ်တင်ခြင်း အသီးအပွင့်ကို ပြလျက် ကြိုးစား အမှုတော် ဆောင်ရွက်ကြရပါမည်။ အသင်းတော်ရှိ မှားယွင်းသော ယုံကြည်သူများသည် စစ်မှန်သော ယုံကြည်သူများနှင့်အတူ နေထိုင် လှုပ်ရှားကြသောကြောင့်၊ မိမိကိုယ်ကို ယုံကြည်သူဟု ထင်မှတ်ကြပါသည်။ ယုံကြည်သူများ၏ ဝိညာဉ် အသက်တာကို ယုတ်လျော့စေသောသူအဖြစ် အသင်းတော် ဦးဆောင်ခြင်း တာဝန် ယူသော သူများလည်း ဖြစ်နိုင်ကြပါသည်။ ထို့ကြောင့်၊ ဝိညာဉ်ပိုင်းဆိုင်ရာ ဦးဆောင်သောသူ အပေါင်းတို့သည် အသင်းတော်၌ ဘုရားသခင်၏ လူတို့နှင့် အမှုတော် လုံခြုံမှုအတွက် သမ္မာကျမ်းစာ ဖော်ပြသော ခေါင်းဆောင်ဖြစ်ခြင်း အရည်အချင်းကို သေချာ ဆင်ခြင် သုံးသပ် လေ့လာဖို့ လိုပါသည်။

ခရစ်ယာန် ယုံကြည်ခြင်း အပြင်ပိုင်း လက္ခဏာများဖြစ်သည့်၊ အမှုတော်ဆောင်ခြင်း၊ နှုတ်ကပတ်တော် လေ့လာခြင်း၊ ကျက်မှတ်ခြင်း၊ သွန်သင်ခြင်းနှင့် ဟောပြောခြင်းတို့က အပြစ်သားကို ယုံကြည်သူ မဖြစ်စေနိုင်ပါ။ ဤသမ္မာတရားကို လှည့်စားခြင်းနှင့် ပြည့်နေသော ယခု နောက်ဆုံး ကာလ၌ အထူး ဖော်ပြဖို့ လိုပါသည်။ ကောင်းကင်တမန်တို့သည် ဤလောက ကုန်ဆုံးသောအချိန်တွင် ကောင်းသောငါးနှင့် မကောင်းသောငါးတို့ကို ခွဲခြား လိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်အသက်တာ၌ စစ်မှန်သော ယုံကြည်သူ၏ သက်သေ ပေါ်လွင်ပါသလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ အကျွန်ုပ်အား ဒုတိယမွေးဖွားခြင်း ခံ မခံ သိရမည် အကြောင်း မစတော်မူပါ။ အာမင်။

*"မိမိဘဏ္ဍာထဲက အထူးထူး အပြားပြားသော အသစ် အဟောင်းတို့ကို ထုတ်ဘော်သော အိမ်ရှင်နှင့် တူသည်"*

## သင် နားလည် သဘောပေါက်ပါသလား

ဥပမာစကားအားဖြင့် ဖော်ပြသော၊ ကောင်းကင်နိုင်ငံနှင့်ဆိုင်သော အံ့ဘွယ် သွန်သင်ချက် အဆုံးသတ်တွင်၊ "ဤအရာအလုံးစုံတို့ကို သင်တို့သည် နားလည်ကြသလော" (မသဲ ၁၃း၅၁) ဟု တပည့်တော်များအား ယေရှု မေးတော်မူ၏။ "ဤအရာအလုံးစုံ" ဟု မိန့်တော်မူသောကြောင့်၊ မသဲ ၁၃ ထဲမှ ဥပမာအားလုံးကို ယေရှု ရည်ညွှန်းခြင်း ဖြစ်ပါသည်။ ဥပမာ ခုနစ်ခုထဲတွင်၊ နှစ်ခု ခရစ်တော် အနက်ဖွင့်ပေးတော်မူခြင်းအားဖြင့်၊ တပည့်တော်တို့သည် ကျန် ဥပမာ ငါးခုကို ခရစ်တော် ရှင်းပြတော် မလူသော်လည်း နားလည် သဘောပေါက် နိုင်ကြပါသည်။

နားလည်သဘောပေါက်ခြင်း ဆိုသည်မှာ ဥပမာအားလုံး၏ အနက်ကို သိလျက် လက်တွေ့ အသုံးပြုခြင်းကို ဆိုလိုပါသည်။ တပည့်တော်များ၏ အဖြေကို အတည်ပြုခြင်းအားဖြင့်၊ ယေရှုက၊ "ကောင်းကင်နိုင်ငံတော်၏ အကြောင်းအရာကို သင်ပြီးသော ကျမ်းဆရာမည်သည်ကား၊ မိမိဘဏ္ဍာထဲက အထူးထူး အပြားပြားသော အသစ် အဟောင်းတို့ကို ထုတ်ဘော်သော အိမ်ရှင်နှင့် တူသည်" (မသဲ ၁၃း၅၂) ဟု ဥပမာစကား မိန့်တော်မူ၏။ ဥပမာများကို နားလည်သဘောပေါက်သော ယုံကြည်သူကို ကျမ်းဆရာနှင့် ခိုင်းနှိုင်းတော်မူခဲ့၏။ ကျမ်းဆရာသည် သမ္မာကျမ်းစာကို ကူးယူရေးသား သောသူ ဖြစ်ပါသည်။ ကျမ်းစာ ကူးရေးသောသူ ဖြစ်သောကြောင့်၊ ဘုရားသခင်၏ ပညတ္တိကျမ်းစာကို သိကျွမ်းသောသူ၊ ကျမ်းပြုဆရာ (သို့) ဥပဒေသကို ကျွမ်းကျင်သော "ရှေ့နေ" ဟု သိမှတ်ခြင်း ခံရ ၏။ သမ္မာကျမ်းစာကို သေချာ ကူးယူရေးသားကြသောကြောင့်၊ ကျမ်းစာ အများစုကို သိမှတ် အောက်မေ့ခဲ့ကြပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သိလျက်၊ ကောင်းကင်နိုင်ငံတော်နှင့် ဆိုင်သော ဥပမာစကားများကို နားလည်သောသူသည် အထူးထူး အပြားပြားသော ဘဏ္ဍာ အသစ် (ထိုကာလ၌ မရေးသေးသော ဓမ္မသစ်) နှင့် အဟောင်း (ဓမ္မဟောင်း) ကို ထုတ်ဖော်သော အိမ်ရှင် ကဲ့သို့ ဖြစ်၏။

ဓမ္မသစ်နှင့် ဓမ္မဟောင်းသည် အချင်းချင်း ဆန့်ကျင်မှု မရှိပါ။ ဓမ္မဟောင်းက ဤလောက၏ ကယ်တင်ရှင် မေရှိယ ပထမအကြိမ် ကြွလာတော်မူမည့်အကြောင်းကို ဟောပြော သွန်သင်ပြီး၊ ဓမ္မသစ်က ထိုမေရှိယ ကြွလာတော်မူခဲ့ပြီဖြစ်ကြောင်း အတည်ပြုခဲ့ပါသည်။ တပည့်တော်တို့သည် အမှန် နားလည်သဘောပေါက်ခြင်း ရှိခဲ့လျှင်၊ ထိုဥပမာများ ဖော်ပြခဲ့သော ထိုစုံလင်သည့် သမ္မာတရားကို သိမှတ်ကြရမည်ဖြစ်ပါသည်။

ယုံကြည်သူအပေါင်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်၊ သမ္မာကျမ်းစာ တည်းဟူသော "ဘဏ္ဍာ" ကို နှစ်သက်ခြင်း ရှိကြရပါမည်။ ထိုနှုတ်ကပတ်တော်ကို နားလည်လျက်၊ နာခံလျက်၊ သူတပါးအား ဝေငှရမည်ဖြစ်ပါသည်။ အချို့သော ကျမ်းချက်တို့သည် နားလည် ရလွယ်ကူပါသည်။ သို့သော်လည်း ဝိညာဉ်နှင့် ဆိုင်သော၊ အသက်ကို ပေးလျက် စောင့်ရှောက်သော ကျမ်းစာကို လေ့လာဆင်ခြင်သောအခါ၊ ဆုတောင်းခြင်း အစဉ် ပြုရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော် မှန်ကန်စွာ ဟောပြောပါသလား။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်တော်၏ သန့်ရှင်းသော နှုတ်ကပတ်တော်မှ အံ့ဘွယ် တရားများကို သိမြင်မည်အကြောင်း ကိုယ်တော်၏သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဉာဏ်အလင်း ပေးသနားတော်မူပါ။ အာမင်။





*"သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်"*

## သဘော်သဖန်းပင် ဥပမာ၊ ကျွန်တော် မဟုတ်ပါ

သူတပါးအပေါ် ဒုက္ခကျရောက်လျက်၊ ကျွန်တော်တို့အပေါ် မရောက်သောအခါ၊ ကျွန်တော်တို့သည် မိမိကိုယ်ကို ကောင်းသည်ဟု ထင်မှတ်တတ်ပါသည်။ သူတပါးအပေါ် အပြင်ပိုင်း အပြစ်တင်ခြင်းကို ခေတ်အဆက်ဆက် လူ့အသိုင်းအဝန်း၌ တွေ့ရပါသည်။ ထိုပြသနာ၏ အဓိကအချက်သည် မိမိကိုယ်ကို ဖြောင့်မတ်စေခြင်းပင်ဖြစ်ပါသည်။ သူတပါး အပေါ် ဒုက္ခပြသနာ ကျရောက်သောအခါ၊ သူတပါးထက် မိမိသည် ပိုကောင်းသည်ဟု ထင်မှတ်တတ်ကြပါသည်။

သို့သော်လည်း၊ ဘုရားသခင် လူတို့၏ မှားယွင်းသော စိတ်သဘောကို ကောင်းကောင်း သိတော်မူ၏။ လု ၁၃း၂-၃၊ "ယေရှုက၊ ထိုဂါလိလဲလူတို့သည် ထိုသို့ခံရသောကြောင့်၊ အခြားသော ဂါလိလဲလူအပေါင်းတို့ထက် သာ၍ အပြစ်ရှိသည်ဟု ထင်ကြသလော။ သာ၍ အပြစ်ရှိသည် မဟုတ်။ သင်တို့ ရှိသမျှသည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်ဟု ငါဆို၏။" ဤဂါလိလဲလူတို့သည် အခွန် မပေးဖို့ရန် သင်ပေးခဲ့သော ဂါလိလဲလူ ယုဒ၏ တပည့်များဖြစ်နိုင်ပါသည် (တမန် ၅း၃၇)။ ပိလတ်၏တာဝန်သည် ကဲသာဘုရင်ကိုယ်စား အခွန်ကောက်ခြင်းဖြစ်ပါသည်။ ပိလတ်၏ နယ်ပယ်သည် ဟေရုဒ်မင်း၏နယ်ပယ်ဖြစ်သော ဂါလိလဲနယ် မဟုတ်ဘဲ၊ ယုဒနယ် ဖြစ်ပါသည်။ သို့သော်လည်း၊ ယုဒ၏ သွန်သင်မှုသည် ပိလတ်၏နယ်အထိ သက်ရောက်မှု ရှိသည်ဟု ထင်မှတ်ရပါသည်။ ထို့ကြောင့်၊ သူသည် သူတို့ကို သတ်လျက်၊ သူတို့၏အသွေးကို ဤဂါလိလဲလူများ ပူဇော်သော ယဇ်များနှင့် ရောခဲ့ပါသည်။ ထိုအဖြစ်အပျက်ကို ယေရှုထံ ပြောကြားသောသူများက၊ ထိုသို့သော ကြောက်စရာအမှုကို ခံရသော ဂါလိလဲလူတို့သည် အလွန်ဆိုးသွမ်းသောသူများ ဖြစ်ခဲ့ကြမည်ဟု ယုံကြည်ခဲ့ကြပါသည်။ ယေရှုက သူတို့အား ထိုသို့သော စွပ်စွဲမှု မပြုဘဲ၊ မိမိတို့၏ စိတ်နှလုံးကို စစ်ကြောလျက် နောင်တရဖို့ရန် သတိပေးခဲ့ပါသည်။ ထိုသို့ မိမိကိုယ်ကို မစစ်ကြော၊ နောင်တမရလျှင်၊ ထိုဂါလိလဲလူများကဲ့သို့ သူတို့သည်လည်း ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။

ယေရှုက လူဆယ့်ရှစ်ဦး သေဆုံးခဲ့သော ရှိလောင် ပြအိုးလဲခြင်း အဖြစ်အပျက်ကိုလည်း ဥပမာအားဖြင့် ဖော်ပြတော်မူခဲ့ပါသည်။ ထိုသို့ ဆိုးရွားလှသော သေခြင်းဖြင့် သေခဲ့ကြသော်လည်း၊ သူတို့သည် ယေရုရှလင်မြို့၌ နေထိုင်သောသူတို့တွင် အဆိုးဆုံးသော အပြစ်သားများ မဟုတ်ကြပါ။

ထို့ကြောင့်၊ အသုဘ သတင်း ကြားရတိုင်း ကျွန်တော်တို့သည် မိမိကိုယ်ကို စစ်ကြောလျက်၊ ကျွန်တော် ဖြစ်ခဲ့လျှင်၊ အကျွန်ုပ် ဝိညာဉ် ဘယ်ကိုရောက်မည်နည်းဟု ဆင်ခြင်ကြပါစို့။ ငရဲလော၊ ကောင်းကင်ဘုံလော။ အလွန်မိုက်မဲသော အပြစ်ဟူမူကား၊ လူများတို့သည် သေလျှင် ကောင်းကင်ဘုံ ရောက်မည်ဟု ထင်လျက်၊ တကယ် သေသောအခါ၊ လွတ်မြောက်ခြင်း မရှိသော ငရဲသို့ ပစ်ချခြင်း ခံရခြင်း ပင်ဖြစ်ပါသည်။ "ကျွန်တော် မဟုတ်" ဟု မတွေးဘဲ၊ "ကျွန်တော် ဖြစ်ခဲ့လျှင်" ဟု ဆင်ခြင်လော့။ အလွန် ကြောက်စရာကောင်းသောအပြစ်ဖြစ်သည့်၊ မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ထင်မှတ်ခြင်း၏ ရလဒ်သည် ကယ်တင်ခြင်း ခံရသည်ဟု ထင်မှားခြင်းပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သေသောသူ ကျွန်တော်ဖြစ်ခဲ့လျှင် မည်သို့ဖြစ်မည်နည်း။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ခရစ်တော်၌ တည် မတည် အကျွန်ုပ်စိတ်ကို အစဉ်အမြဲ စစ်ကြောမည်အကြောင်း မစတော်မူပါ။ အာမင်။

*"အကြင်ကျွန်သည် မိမိသခင်၏အလိုကို သိလျက်နှင့် အသင့် မနေ"*

## ခရစ်တော် ကြွလာဖို့ အဆင်သင့် ရှိပါသလား၊ သက်သေ (၄)

စတုတ္ထ သက်သေမူကား၊ ခရစ်တော် တဖန်ကြွလာတော်မူခြင်းနှင့်ပတ်သက်ပြီး သံသယ မရှိခြင်းဖြစ်ပါသည်။ ခရစ်တော် တဖန်ကြွလာမည့်တရားကို ငြင်းပယ်ခြင်း၊ ထိုအချိန်အတွက် အဆင်သင့် မရှိခြင်း၏ ရလဒ်သည် အလွန်ကြောက်စရာကောင်းလှပါသည်။ အသင့်ရှိခြင်းသည် သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်ခြင်းဖြစ်ပြီး၊ ခရစ်တော်အဖို့ သက်သေခံခြင်း၊ အမှုတော် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အသင့်မရှိခြင်းသည် အပြစ်၌ကျင်လည်ခြင်း ဖြစ်ပါသည်။ ထိုသို့သော လူကို ယေရှုက လုကာ ၁၂း၄၅-၄၆ တွင် ဤသို့ ဖော်ပြခဲ့၏၊ "သို့မဟုတ်မူကား၊ အကြင်ကျွန်က၊ ငါ့အရှင်လာခဲလိမ့်မည်ဟု စိတ်ထဲ၌ အောက်မေ့သည်နှင့် ကျွန်ချင်း ယောကျ်ား မိန်းမတို့ကို ရိုက်ပုတ်လျက်၊ စားသောက်ယစ်မူးလျက်နေ၏။ ထိုကျွန် မကြည့်မမျှော်သော နေ့ရက်၊ မကြားမသိသော အချိန်နာရီ၌ သခင်သည် ရောက်လာလျှင်၊ ထိုကျွန်ကို ပြင်းစွာ ဆုံးမကွပ်မျက်၍ သစ္စာမရှိသောသူတို့နှင့်တကွ နေရာချလတံ့။" ထိုသူကို ယေရှုက မယုံကြည်သူဟု သတ်မှတ်လျက်၊ မယုံကြည်သူများနှင့် တူညီသော ပြစ်ဒဏ်ခံရမည်အကြောင်း မိန့်တော်မူ၏။

ခရစ်တော်၏ မိန့်တော်မူချက်သည် ရှင်းလင်းလှပါသည်။ ဒုတိယ မွေးဖွားခြင်း ခံရသောသူသည် ကျမ်းစာအတိုင်း အသက်ရှင်ဖို့ရန် နိုးဆော်တတ်သည့် သန့်ရှင်းသော ဝိညာဉ်တော် ပိုင်ဆိုင်ထားပါသည်။ ခရစ်တော် အချိန်မရွေး တဖန် ကြွလာတော်မူမည့်တရားကို နားလည်သဘောပေါက်လျက်၊ သန့်ရှင်းသော ဝိညာဉ်တော်က ထိုကယ်တင်ရှင်ကို တွေ့ဆုံဖို့ရန် သူ့ကို အသင့်ရှိစေတော်မူလတံ့။ တရားစီရင်ရာနေ့၌ ဘုရားသခင်ရှေ့တွင် ဘုရားသခင်၏ နှစ်သက် ချီးကျူးခြင်းကို ခံလိုပါသည်။ ခရစ်ယာန်ဖြစ်ခြင်း၏ သက်သေ တခုမူကား၊ မိမိ၏သခင်အား တွေ့ဆုံဖို့ရန် အဆင်သင့်ရှိခြင်းပင် ဖြစ်ပါသည်။

သိလျက်၊ ဘာမှ မပြုသောသူနှင့် မသိ၊ ပြုလည်း မပြုနိုင်သောသူတို့အား ခရစ်တော်က ဤသို့ သတိပေးတော်မူခဲ့ပါသည်၊ "အကြင်ကျွန်သည် မိမိသခင်၏ အလိုကို သိလျက်နှင့် အသင့်မနေ၊ သခင်၏ အလိုကို မဆောင်၊ ထိုကျွန်သည် များစွာသောဒဏ်ကို ခံရ၏။ သခင်၏အလို ကို မသိဘဲလျက်၊ ဒဏ်ခံထိုက်သောအမှုကို ပြုမိသောသူမူကား၊ အနည်းငယ်သောဒဏ်ကိုသာ ခံရ၏။ အကြင်သူသည် များစွာသောကျေးဇူးကို ခံ၏။ ထိုသူသည် အများကို ဆပ်ရ၏။ အကြင်သူ၌ များစွာသော ဥစ္စာကို အပ်နှင်း၏။ ထိုသူကို များစွာ တောင်းလိမ့်မည်" (လု ၁၂း၄၇-၄၈)။

အဆင်သင့်မရှိခြင်း၏ ကြောက်စရာကောင်းသော ဖြစ်ဒဏ်မှ လွတ်မြောက်ဖို့ လမ်းမရှိပါ။ နောင်တ မရမည်အကြောင်း၊ ပြုသောအမှုတိုင်း၌ ကျွန်တော်တို့ ပြင်ဆင်ခဲ့ကြပါသည်။ ဘုရားသခင် ဖြစ်တော်မူသော၊ ယေရှု ခရစ်တော်အား တွေ့ဆုံဖို့ရန် သမ္မာကျမ်းစာအတိုင်း ပြင်ဆင်ဖို့ လိုအပ်ပါသည်။ ထိုအဆင်သင့်ဖြစ်ခြင်းသည် စစ်မှန်သော ယုံကြည်သူ ဖြစ်ခြင်း၏ သက်သေ ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ယေရှုကို တွေ့ဆုံဖို့ရန် ကျွန်တော် ကျမ်းစာအတိုင်း အသင့်ရှိပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ယေရှုကို မိမိ၏ ကယ်တင်ရှင် သခင်အဖြစ် ဝန်ခံသည်အတိုင်း၊ ဘုန်းတန်ခိုးနှင့် ကြွလာတော်မူမည့်အချိန်အတွက် အဆင်သင့် ရှိမည်အကြောင်း အကျွန်ုပ်အား မစတော်မူပါ။





*"သခင်၊ ညီအစ်ကိုသည် အကျွန်ုပ်ကို ပြစ်မှား၍ အကျွန်ုပ်သည် သူ၏အပြစ်ကို ဘယ်နှစ်ကြိမ် လွှတ်ရပါအံ့နည်း"*

## ဘယ်နှစ်ကြိမ် ကျွန်တော် ခွင့်လွှတ်ရပါမည်နည်း

ခွင့်လွှတ်ခြင်း ဆိုသည်မှာ အဘယ်နည်း။ ခွင့်လွှတ်ခြင်း၌ နှစ်ဖက်လူများ ပါဝင်ကြပါသည်။ ခွင့်လွှတ်ခြင်းအမှု လိုအပ်ခြင်းမှာ ထိုနှစ်ဖက်လူများအကြား၌ ဆန့်ကျင် ကွဲလွဲမှုရှိသောကြောင့် ဖြစ်၏။ တဖက်လူက အခြားတဖက်လူအပေါ် အမှား ကျူးလွန်ခြင်း (သို့) နှစ်ဖက် စလုံးမှားယွင်းခြင်းလည်း ရှိနိုင်ပါသည်။ ပြန်လည်သင့်မြတ်မှု ရှိနိုင်ဖို့ရန်၊ နောင်တရခြင်းနှင့် ခွင့်လွှတ်ခြင်း ရှိရပါမည်။ ဘုရားနှင့် အပြစ်သား အကြားတွင်၊ ဘုရားသခင် မဟုတ်ဘဲ၊ လူသည် အပြစ်လွန်ကျူးသောသူ ဖြစ်၏။ ပြန်လည် သင့်မြတ်ဖို့ရန်၊ ဘုရားသခင်သည် ခွင့်လွှတ်ဖို့ အသင့် ရှိတော်မူသော်လည်း၊ လူသည် မိမိအပြစ်မှ နောင်တရဖို့ လိုအပ်ပါသည်။

ဘုရားသခင်၏ ခွင့်လွှတ်ခြင်းသည် အတိုင်းအဆမဲ့ ဖြစ်ပါသည်။ ခရစ်တော်၏ အနိုင်းမဲ့ သေခြင်း အဖိုးအခကြောင့်၊ ခရစ်တော်အားဖြင့် အပြစ်အားလုံးကို ဘုရားသခင် ခွင့်လွှတ်နိုင်တော်မူ၏။ ထိုတရားကို ယေရှုခရစ်တော်အား သုံးရက်မြောက်သောနေ့၌ သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူခြင်းဖြင့် အတည်ပြုတော်မူခဲ့ပါသည်။ ဘုရားသခင်၏ ခွင့်လွှတ်လိုခြင်း စိတ်သဘောက ဘုရားသခင်၌ မုန်းတီးလိုသောစိတ် မရှိဘဲ၊ ပြန်လာမည့် မိမိ၏သားကို စိတ်ရှည်စွာ စောင့်လျက် နေသော ဖခင်ကဲ့သို့၊ နူးညံ့သော၊ ကြင်နာတတ်သော စိတ်သဘောရှိကြောင်း ပြသလျက်ရှိ၏။ ထို ခွင့်လွှတ်လိုသောစိတ်သည် ဘုရားသခင်၌ရှိ၏။ ဟောပြောတော်မူသော ခရစ်တော်၏သတင်းကောင်း အားဖြင့် မိမိထံပြန်လာမည့် အပြစ်သားကို ဘုရားသခင် စောင့်လျက်ရှိတော်မူ၏။ ထိုနည်းတူ၊ ဘုရား အပေါ် အပြစ်လွန်ကျူးသောသူသည် လူသာလျှင် ဖြစ်ပါသည်။

ယုံကြည်သူ၏စိတ်သဘောသည် ဘုရားသခင်၏စိတ်သဘောကဲ့သို့ ဖြစ်ရပါမည်။ မိမိ အပေါ် တူညီသော အပြစ်ကို အကြိမ်ကြိမ် ပြုသော သူ့အား ခွင့်လွှတ်ဖို့ရန် အသင့်ရှိရပါမည်။ ပေတရုက ခုနစ်ကြိမ် ခွင့်လွှတ်ခြင်းသည် လုံလောက်၏ဟု ထင်ခဲ့သော်လည်း၊ သခင်ယေရှုက တပည့်တော်အား အကြိမ်ခုနစ်ဆယ် ခုနစ်လီမြောက်အောင်၊ အတိုင်းအဆမဲ့ ခွင့်လွှတ်ရမည်ဟု သွန်သင်တော်မူ၏။

ယုံကြည်သူတိုင်း ထိုသို့သော စိတ်သဘောရှိရမည့်အကြောင်းရင်းမူကား၊ ယေရှုခရစ်တော် သွန်းလောင်းတော်မူသော အသွေးတော်အားဖြင့် ဘုရားသခင်ထံမှ ခံစားရရှိသော ခွင့်လွှတ်ခြင်း ပင်ဖြစ်ပါသည်။ ခွင့်လွှတ်တတ်သော စိတ်သဘော ခံစားရရှိပြီဖြစ်သောကြောင့်၊ ယုံကြည်သူသည် အစဉ် ခွင့်လွှတ်ရမည်ဖြစ်ပါသည်။ အပြစ်သားမှ ယုံကြည်သူ ဖြစ်လာသောအချိန်၌ သန့်ရှင်းတော်မူသော အနန္တတန်ခိုးရှင် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ခံခဲ့ရပြီး၊ ထိုအချိန်တွင် ခွင့်လွှတ်ခြင်း စိတ်သဘော ပိုင်ဆိုင်ခဲ့သောကြောင့်၊ ကောင်းကင်ဘုံရှိ အဖဘုရားကဲ့သို့ သူတပါးကို ခွင့်လွှတ်ဖို့ရန် အသင့်ရှိရမည်ဖြစ်ပါသည်။ ထိုသို့ ခွင့်လွှတ်ဖို့ရန် ကျိန်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်က မစတော်မူမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကောင်းကင်ဘုံရှိ အကျွန်ုပ် အဖဘုရားကဲ့သို့ ခွင့်လွှတ်သော စိတ်နှလုံး အကျွန်ုပ်၌ရှိပါသလား။

**ဆုတောင်းချက်-** အို ဘုရားသခင်၊ အကျွန်ုပ်အပေါ် ပြစ်မှားသော အပြစ်အားလုံးကို ခွင့်လွှတ်မည်ကြောင်း မစတော်မူပါ။ အာမင်။

ကြာသပတေး၊ ဧပြီ (၂၃)
**မသဲ ၁၈း၂၁-၃၅**
ကျက်မှတ်ရန်၊ မသဲ ၁၈း၂၇

*"သူ၏ သခင်သည် သနားခြင်းရှိသဖြင့်"*

# ခွင့်လွှတ်တော်မူသော ရှင်ဘုရင်

ခွင့်လွှတ်ခြင်း စိတ်သဘော မရှိသောကျွန် ဥပမာသည်လည်း ကောင်းကင်နိုင်ငံတော်နှင့် ဆိုင်သော ဥပမာဖြစ်ပါသည်။ ရှင်ဘုရင်သည် ဘုရားသခင်၊ သခင်ယေရှု ခရစ်တော်ဖြစ်ပါသည်။ ကျွန်သည် အမည်ခံ ယုံကြည်သူများကို ရည်ညွှန်း၏။ ဥပမာထဲတွင်၊ ရှင်ဘုရင်အား ငွေအခွက် တသိန်း အကြွေးတင်သော ကျွန်တယောက်ရှိပါသည် (မသဲ ၁၈း၂၄)။ ငွေအခွက် တခွက်သည် ပြား ခြောက်ထောင်နှင့် ညီမျှ၏။ ပုံမှန် လုပ်သား၏ တပတ် လုပ်အားခသည် ခြောက်ပြား ဖြစ်၏။ ထို့ကြောင့်၊ (တသက်မှာ နှစ်ပေါင်း ခုနစ်ဆယ် အလုပ်လုပ်သည်ဟု ယူဆလျှင်) ငွေအခွက် တသိန်း အကြွေးဆပ်ဖို့ အသက်ပေါင်း ၂၇၄၇ သက်စာ အလုပ် လုပ်ဖို့လိုပါသည်။ ထိုကျွန်သည် ရှင်ဘုရင်ထံ ဆပ်၍ မကုန်နိုင်သော အကြွေးတင်ခြင်းဖြစ်ပါသည်။ ထိုအခါ၊ "ထိုသူသည် ကြွေးဆပ်ရန် မရှိသောကြောင့်၊ ကိုယ်မှစ၍ သားမယားဥစ္စာရှိသမျှတို့ကို ရောင်း၍ ကြွေးကို ဆပ်စေ" (မသဲ ၁၈း၂၅) ဟု မင်းကြီး စီရင်၏။

ထိုအကြွေးအားလုံး ဆပ်ဖို့ ထိုကျွန်နှင့် သူ၏မိသားစုသည် (ခေတ်အဆက်ဆက်) ကျွန်ဘဝ ဖြင့်နေထိုင်ကြရမည် ဖြစ်ပါသည်။ ခရစ်တော် ခေတ်ကာလ၌ အကြွေးအတွက် မိသားစုများသည် ကိုယ်အလိုအလျောက် ကျွန်ခံခဲ့ကြပါသည်။ ထိုကျွန်သည် ရှင်ဘုရင် ရှေ့၌ ပြပ်ဝပ် ကိုးကွယ်လျက်၊ "သည်းခံ" ဖို့ရန် (မသဲ ၁၈း၂၉၊ စိတ်ရှည်ဖို့ရန်) တောင်းလျှောက်ပြီး၊ အကြွေးကိုလည်း ဆပ်မည်ဟု ဆိုခဲ့ပါသည်။ ရှင်ဘုရင်က ထိုကျွန်သည် အကြွေးကို လုံးဝ မဆပ်နိုင်ကြောင်း သိခဲ့ပါသည်။ ထို့ကြောင့် တခုတည်းသော နည်းလမ်းမှာ သနားသောစိတ်ဖြင့် အကြွေးကို ရှင်ဘုရင် ခွင့်လွှတ်ပေးဖို့ရန် ဖြစ်၏။ ထိုသို့ ရှင်ဘုရင် ပြုခဲ့ပါသည်။ ထိုခွင့်လွှတ်ခြင်းကြောင့်၊ ရှင်ဘုရင်သည် ငွေအခွက် တသိန်း ဆုံးရှုံး ခဲ့ပါသည်။

ဘုရားသခင်၏ တရားမျှတမှုက အကြွေးကို တောင်း၏။ ခွင့်လွှတ်ခြင်းက အပြစ်သား၏ အပြစ်ကြွေးကို ဆပ်ပေးဖို့ တစုံတယောက်အား အနစ်နာခံ စေခဲ့ပါသည်။ ဒေါ်လာ ၁၀၀ အကြွေးတင် သောသူကို ကျွန်တော် ခွင့်လွှတ်လျှင်၊ ကျွန်တော် ဒေါ်လာ ၁၀၀ အရှုံးပေါ်ပါသည်။ ခမည်းတော် ဘုရားသည် ဤလောက၏အပြစ်ကို ဆောင်သွားဖို့ရန် သခင်ယေရှု ခရစ်တော်ကို စေလွှတ်တော်မူ ခဲ့ပါသည်။ ကျမ်းစာအတိုင်း၊ ခရစ်တော် ယေရှုသည် အပျိုကညာ မာရိမှ မွေးဖွားခဲ့ပြီး၊ စုံလင်သော အသက်တာဖြင့် အသက်ရှင်လျက်၊ အပြစ်သားများအား သူတို့၏အပြစ်မှ ကယ်နှုတ်ဖို့ရန် ကားတိုင် ပေါ်၌ အသေခံခဲ့ပါသည်။ အပြစ်သား ဖြောင့်မတ်ခြင်းသို့ ရောက်မည်အကြောင်း၊ ဘုရားသခင်က သေခြင်းမှ ယေရှုကို ရှင်ပြန်ထမြောက်စေတော်မူ၏။ အပြစ်သားများသည် ဘုရားသခင်၏ ဂရုဏာ တော်ကို ခံစားရပြီး၊ ခရစ်တော်က သူတို့၏အပြစ်များကို ခွင့်လွှတ်တော်မူလိမ့်မည်။ ရှင်ဘုရင်က ယေရှုအားဖြင့် ခွင့်လွှတ်တော်မူ၏။

**ဆင်ခြင်ရန်** - ရှင်ဘုရင်၏ ခွင့်လွှတ်ခြင်းကို ကျွန်တော် ခံစားရပြီးပြီလား။
**ဆုတောင်းချက်-** အို အဖဘုရား၊ အကျွန်ုပ်၏ အပြစ်အားလုံးကို ခွင့်လွှတ်တော်မူပါ။ အာမင်။



ဗုဒ္ဓဟူး၊ ဇွန် (၁၀)
**လု ၁၂း၃၁-၄၈**
ကျက်မှတ်ရန်၊ လု ၁၂း၄၅

*"အကြင်ကျွန်သည် ဤသို့ ပြုလျက်နေသည်ကို အရှင်သည် ပြန်လာ၍တွေ့၏။ ထိုကျွန်သည် မင်္ဂလာရှိ၏"*

# ခရစ်တော် ကြွလာဖို့ အဆင်သင့် ရှိပါသလား၊ သက်သေ (၃)

သခင်ယေရှုအား မြင်တွေ့လိုခြင်းသည် တတိယ သက်သေဖြစ်ပါသည်။ ယုံကြည်သူများက သခင်ယေရှုသည် အရာခပ်သိမ်း သိကျွမ်းတော်မူသော၊ အနန္တတန်ခိုးရှင်၊ နေရာတိုင်း ရှိတော်မူသော ဘုရားသခင်ဖြစ်ကြောင်း သိကြပါသည်။ ထိုသခင်နှင့် တွေ့သောအခါ၊ ပြောခဲ့သောစကားနှင့် ပြုခဲ့ သောအမှုတိုင်း၏ ရည်ရွယ်ချက်များကို စီရင်ခြင်းခံရမည်ကြောင်း သိထားကြပါသည်။ ထိုကြောက် စရာကောင်းသော စီရင်ခြင်း၌ ဖြောင့်မတ်သောသူအဖြစ် ရပ်တည်နိုင်မည်အကြောင်း တခုတည်း သော နည်းလမ်းသည် နောင်တအမှန်ရလျက် ခရစ်တော် အသွေးတော်၏ သန့်စင်ဆေးကြောခြင်း ခံရခြင်းပင်ဖြစ်ပါသည်။ ထိုသို့ နေ့စဉ် အသက်စဉ်သော ယုံကြည်သူအပေါင်းတို့သည် သခင်ဘုရား နှင့် တွေ့ဆုံမည့်အချိန်ကို ကြောက်ရွံ့လိမ့်မည်မဟုတ်ပါ။ ထိုသူတို့သည် ခရစ်တော်၌ တည်ကြသည် ဖြစ်သောကြောင့်၊ ဘုရားသခင်သည် သူတို့၌ ခရစ်တော်ကို မြင်တော်မူလိမ့်မည်။

သို့သော်လည်း၊ ဘုရားသခင်ကို တွေ့ဆုံဖို့ ကြောက်ရွံ့သောသူများကား မည်သူနည်း။ ဖုံးကွယ်စရာ အချို့ရှိသောသူများ ဖြစ်ကြပါသည်။ သူတို့၏အပြစ်များ ဖော်ပြခြင်းခံသောအခါ၊ သူတို့ သည် နောင်တရခြင်း မရှိခဲ့ပါ။ သူတို့သည် ဟန်ဆောင်သောသူ ဖြစ်ကြ၏။ သူတပါးရှေ့၌ ခရစ်ယာန် ကဲ့သို့ ပြောဆို ကျင့်ကြံကြ၏။ သူတို့သည် ကျမ်းစာအတိုင်း မှန်ကန်စွာ ဆုတောင်းကြသည်။ ယုံကြည်သူကဲ့သို့ နေထိုင်လျက်၊ အသင်းတော်၌ များစွာသောလူများကို လှည့်စားကြပါသည်။ သူတို့၏ စိတ်နှလုံးသည် အပြစ်၌ သေသည်ဖြစ်သောကြောင့်၊ ဘုရားသခင် ကြောက်ရွံ့ခြင်း မရှိကြပါ။ ဝိညာဉ် မျက်စိကန်းကြသည်ဖြစ်သောကြောင့်၊ မိမိတို့၏ မိုက်မဲမှုကို မမြင်နိုင်ကြပါ။ သူတို့၏ စိတ်နှလုံးသည် လုကာ ၁၂း၄၅ ၌ ဖော်ပြထားသော သူ၏ စိတ်နှလုံးကဲ့သို့ ဖြစ်ပါသည်။ သခင်ဘုရား အမြန် ကြွလာမည် မဟုတ်ဟု ထင်လျက်၊ အချိန်တိုင်း ဘာမှ မလုပ်ဘဲ နေခဲ့ကြပါသည်။ ခရစ်တော် ကြွလာတော် မမူမီ အချိန်လေးမှာ နောင်တရလျက်၊ အရာရာတိုင်း အဆင်ပြေလိမ့်မည်ဟု ထင်မှတ် ကြပါသည်။ ဒုတိယမွေးဖွားခြင်း အမှန် ခံသော ယုံကြည်သူသည် ထိုသို့ မိုက်မဲစွာ ထင်မှတ် လိမ့်မည် မဟုတ်ပါ။

ဘုရားသခင်က ခရစ်တော် အချိန်မရွေး ကြွလာတော်မူနိုင်သည်အကြောင်းကို ယုံကြည် သူများထံ ဖော်ပြတော်မူခဲ့သည် ဖြစ်သောကြောင့်၊ ဘုရားသခင် နှစ်သက်တော်မူသော အသက်တာ သည် သခင်ယေရှု တွေ့ဖို့ရန် အစဉ် အသင့်ရှိသော အသက်တာပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ပြင်ဆင်မှု၊ မပြင်ဆင်မှုက ကျွန်ုပ်တို့၏ ကယ်တင်ခြင်း ခံရခြင်း၊ မခံရခြင်းကို ဖော်ပြပါသည်။ အဘယ် အခြေအနေ၌ မဆို ထိုသခင်ယေရှု တွေ့ဆုံလိုသော ဆန္ဒသည် အစဉ်ရှိလျက်၊ အစဉ် အဆင်သင့် ရှိရမည်ဖြစ်ပါသည်။

အစဉ် အဆင်သင့် ရှိသောသူသည် တနေ့တွင် ခရစ်တော်နှင့်အတူ အုပ်စိုးရလိမ့်မည် ဖြစ်၏။ ထိုအမှုကို ဤဥပမာ၌ ခရစ်တော်က သေချာ ဖော်ပြတော်မူ၏။ ထိုသို့ အဆင်သင့် ရှိရမည့် ရည်ရွယ်ချက် သည် ခရစ်တော်နှင့်အတူ အုပ်စိုးလိုခြင်းကြောင့် မဟုတ်ဘဲ၊ ခရစ်တော်ကို ချစ်သော ချစ်ခြင်းမေတ္တာ ကြောင့် ဖြစ်ရပါမည်။

**ဆင်ခြင်ရန်** - နေ့ဖြစ်ဖြစ်၊ ညဖြစ်ဖြစ်၊ ခရစ်တော်ကို ကြိုဆိုမြင်တွေ့ဖို့ ကျွန်တော် အစဉ် အသင့် ရှိပါသလား။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကြွလာတော်မူမည့်အချိန်ကို စောင့်မျှော်ရင်း၊ ယေရှု အပေါ်၌သာ ကျွန်ုပ်၏ စိတ်နှလုံး၊ မျက်စိများ တည်မည်အကြောင်း မစတော်မူ ပါ။ အာမင်။

အင်္ဂါ၊ ဇွန် (၉)

**လု ၁၂း၃၁-၄၈**

ကျက်မှတ်ရန်၊ လု ၁၂း၃၇

*"အကြင်အရပ်၌ သင်တို့၏ ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့စိတ်နှလုံး ရောက်တတ်၏"*

## ခရစ်တော် ကြွလာဖို့ အဆင်သင့် ရှိပါသလား၊ သက်သေ (၂)

ခရစ်တော်ထံ မိမိ၏အသက်တာကို ဆက်ကပ်သော၊ နေ့စဉ် ယုံကြည်ခြင်းဖြင့် အသက်ရှင်ရမည်အကြောင်း သိနားလည်သော ယုံကြည်သူသည် ဘုရားသခင်၏ အလိုတော်ကို သိဖို့ လိုပါ၏။ မိမိကိုယ်ကျိုးဘဝအတွက် ထားရှိသော ရည်ရွယ်ချက်နှင့် လိုအင်ဆန္ဒများကို ပစ်ပယ်ဖို့ လိုပါသည်။ မိမိကိုယ်ကျိုးအတွက် မိမိလိုချင်သောအရာမှန်သမျှ လုပ်ဆောင်နေသောသူသည် ခရစ်တော် တဖန်ကြွလာတော်မူမည့်အချိန်အတွက် အဆင်သင့် မရှိသေးပါ။ ထိုသူသည် ဇာတိသဘောနှင့် အပြစ်၌ အသက်ရှင်သေး၏။ မိမိကိုယ်ကို ယုံကြည်သူဟု ထင်မှတ်သော်လည်း၊ ယုံကြည်သူ မဟုတ်ပါ။

ယုံကြည်သူသည် လျင်မြန်လွယ်ကူစွာ လှုပ်ရှားလျက်၊ တိုက်ခိုက်နိုင်မည်အကြောင်း၊ မိမိ၏ ခါးပတ်ကို ပတ်ထားလျက်ရှိရပါမည်။ ဤစကားစုကို အဆင်သင့်ဖြစ်ခြင်း ဖော်ပြချက်အဖြစ် အသုံးပြုခဲ့ကြပါသည်။ ရှေးခေတ်တွင်၊ ရှည်သော ဝတ်လုံကို ဝတ်ကြသောကြောင့်၊ ပြေးသောအခါ၊ တိုက်ခိုက်သောအခါ၊ ခြေလှမ်း လွယ်ကူစွာ လှမ်းနိုင်ဖို့ရန် ခါးပတ် ပတ်ထားဖို့လိုပါသည်။ သူတို့၏ မီးအိမ်သည်လည်း လင်းလျက် ရှိရပါမည်။ ထိုအချက်သည် ယုံကြည်သူများ၏ ဝိညာဉ်ရေးရာ အဆင်သင့်ဖြစ်မှုကို ဖော်ပြသော အချက်ဖြစ်ပါသည်။ သူတို့၏အတွေးသည်လည်း နှုတ်ကပတ်တော်၌ အမြစ်တွယ်လျက်၊ ဘုရားတရားနှင့်ဆိုင်သောအရာကိုသာ တွေးရပါမည်။ သူတပါးအကြောင်း၊ ဘဝအကြောင်း စဉ်းစားတွေးခေါ်သောအခါ၌လည်း သမ္မာကျမ်းစာ၌ အခြေခံလျက် စဉ်းစားရပါမည်။ သူတို့၏ လိုအင်ဆန္ဒသည်လည်း အထက်အရပ်အရာများနှင့် ဝိညာဉ်အရာများသာ ဖြစ်ရပါမည်။ သူတို့၏ သခင် ယေရှုခရစ်တော် မကြာမီ ကြွလာတော်မူမည်အကြောင်း သိထားကြပါသည်။ ယေရှုက ဆောင်ရွက်မည့်အမှု ပေးထားတော်မူ၏။ သခင် အမှန် ကြွလာတော်မူမည်။ ထို့ကြောင့်၊ နေ့ည မရွေး၊ အချိန်တိုင်း အသင့် ရှိရမည်ဖြစ်ပါသည်။ သေချာ အသင့် ပြင်ဆင်ရမည်ဖြစ်ပါသည်။

စောင့်လျက်နေခြင်း ဆိုသည်မှာ အိပ်ပျော်ခြင်း မရှိဘဲ နိုးကြားနေခြင်းကို ဆိုလိုပါသည်။ ယုံကြည်သူသည် ခရစ်တော်အတွက် မိမိ၏သန့်ရှင်းသော အသက်တာ သက်သေကို အစဉ် သတိ ပြုလျက် စောင့်ကြည့်ရပါမည်။ သမ္မာကျမ်းစာအတိုင်း အသက်ရှင်ရမည်ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို နေ့စဉ် လေ့လာလျက်၊ ခရစ်တော်အတွက် ထိုသို့ ကျင့်ရမည်ဖြစ်ပါသည်။ သို့မဟုတ် လျှင်၊ သူတပါးရှေ့၌ ခရစ်တော်၏အသက်တာကို မှားယွင်းစွာ ဖော်ပြလိမ့်မည်ဖြစ်ပါသည်။ယုံကြည်သူအပေါင်းသည် မှားယွင်းသောခရစ်တော်ကို သူတပါးထံ ပြလိုမည် မဟုတ်ကြပါ။

အဆင်သင့်ဖြစ်ခြင်း ဆိုသည်မှာ သန့်ရှင်းသော အမှုတော် ဆောင်ရွက်ခြင်း အသက်တာ ပင်ဖြစ်ပါသည်။ မိမိ၏သခင် ကြွလာတော်မူလျှင်၊ ဆက်လက် အမှုတော် ဆောင်ရွက်ရသောအချိန် မရှိတော့ကြောင်း သိသဖြင့်၊ သခင်၏အမှုတော်မြတ်ကို အစဉ် ကြိုးစားဆောင်ရွက်လျက် နေ၏။ထိုအမှု ဆောင်ရွက်ခြင်း၏ ကြီးမြတ်သော တန်ဖိုးကို နားလည်သဘောပေါက်ခဲ့ပါသည်။ တစ်မိနစ် အချိန် ဖြုန်းခြင်းသည် ထိုတစ်မိနစ်ကို ထာဝရ ဆုံးရှုံးခဲ့ပါသည်။ မယုံကြည်သူ ဖြစ်နေစဉ် များစွာ သော အချိန်ကို အလကား ဖြုန်းတီးပစ်ခဲ့ပြီဖြစ်ကြောင်း သိသဖြင့်၊ အချိန်ကို အကျိုးရှိစွာ အသုံး ပြုလျက်ရှိပါသည်။ ထိုသူသည် ခရစ်တော် ကြွလာမည့်အချိန်အတွက် အစဉ် အသင့် ရှိပါလိမ့်မည်။

**ဆင်ခြင်ရန်** - နေ့ဖြစ်ဖြစ်၊ ညဖြစ်ဖြစ်၊ ကယ်တင်ရှင် ကြွလာဖို့ ကျွန်တော် အစဉ် အဆင်သင့် ရှိပါသလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ အကျွန်ုပ်အပြစ်များမှ ကယ်တင်တော်မူလျက်၊ ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်ဖို့ရန် ဤလောက၌ အသက်ရှင်ခွင့် ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ အာမင်။



သောကြာ၊ ဧပြီ (၂၄)

**မသဲ ၁၈း၂၁-၃၅**

ကျက်မှတ်ရန်၊ မသဲ ၁၈း၂၆

*"သခင်၊ ကျွန်တော်ကို သည်းခံတော်မူပါ။ ကြွေးရှိသမျှကို ဆပ်ပါမည်"*

## ခွင့်လွှတ်ခြင်းခံရသော ကျွန်

ခွင့်လွှတ်ခြင်းခံရသော ထိုကျွန်သည် မိမိလုံးဝ မပေးဆပ်နိုင်သော၊ မထမ်းနိုင်သော၊ လေးလံလွန်းလှသည့် အကြွေး ဝန်ထုပ်ဝန်ပိုး ဖယ်ရှားခြင်း ခံရသောကြောင့် အလွန် စိတ်ပေါ့ပါးခြင်း ခံစားရပါလိမ့်မည်။ မိမိ၏ မိသားစု တခုလုံး ခေတ်အဆက်ဆက် ကျွန်ဖြစ်ရမည့် စီရင်ချက် ချခံရပြီးမှ ချက်ချင်း ခံစားရသော ထိုခွင့်လွှတ်ခြင်း ကျေးဇူးတော်ကို ဘယ်တော့မှ မမေ့သင့်ပေ။ သို့သော်လည်း၊ ထိုကျွန်က မေ့လျော့ခဲ့ပါသည်။

ရှင်ဘုရင်ထံမှ ထွက်ထွက်ချင်း၊ ခွင့်လွှတ်ခြင်းခံရသော ထိုကျွန်သည် မိမိအပေါ် အသပြာတရာ (ခုနစ်ပတ် သို့မဟုတ် လေးလ လုပ်အားခ) ကြွေးတင်သော ကျွန်ချင်းကို တွေ့၍ အကြွေး တောင်းခဲ့ပါသည်။ ထိုကျွန်က ကျွန်ချင်း၏ လည်ပင်းကို ကိုင်ညှစ်လျက်၊ "ငါ့ငွေကို ဆပ်ပေးလော့" (မသဲ ၁၈း၂၈) ဟု ဆိုခဲ့၏။ သူ့အပေါ် အကြွေးတင်သော ကျွန်ချင်းအား သူ သွားရှာခြင်းသည် အမှား မဟုတ်ပါ။ အကြွေးတောင်းသည်မှာလည်း အမှား မဟုတ်ပါ။ သို့သော်လည်း၊ လည်ပင်း ညှစ်ခြင်းသည် မှားပါ၏။ ရှင်ဘုရင်က သူ့ကို ရိုင်းစိုင်းစွာ မပြုခဲ့ပါ။ "ထိုကျွန်ချင်းသည် ကြွေးရှင်၏ ခြေရင်း၌ ပြပ်ဝပ်လျက် ကျွန်တော်ကို သည်းခံတော်မူပါ။ ကြွေးရှိသမျှကို ဆပ်ပါမည်ဟု" (မသဲ ၁၈း၂၉) တောင်းပန်ခဲ့၏။ သူသည် ရှင်ဘုရင် မဟုတ်သောကြောင့်၊ ကျွန်ချင်းက မရှိခိုးခဲ့ပါ။ သို့သော်လည်း၊ ရှင်ဘုရင်ထံ သူကိုယ်တိုင် မကြာသေးမီအချိန်၌ တောင်းပန်ခဲ့သည်အတိုင်း၊ ကျွန်ချင်းက သူ့ကို တောင်းပန်ခဲ့ပါသည်။ ခွင့်လွှတ်ခံရသော ထိုကျွန်သည် ကျွန်ချင်းအား အကြွေးဆပ် ဖို့ရန် အချိန် မပေးလိုဘဲ၊ အကြွေး မဆပ်မချင်း ထောင်ထဲသို့ ပို့ခဲ့ပါသည်။ ကျွန်ချင်းသည် ဘယ်လောက် ကြာကြာ ထောင်ချခြင်းခံရမည်ကို တင်သော အကြွေးပေါ် မူတည်၍ ဆုံးဖြတ် စီရင်ကြ၏။ ထို ကျွန်ချင်း၏ အကြွေးကို သူ့မိန်းမနှင့် သားသမီးများမှအပ အဘယ်သူ ဆပ်တော့ မည်နည်း။

ခွင့်လွှတ်ခြင်းခံရသော ကျွန်၏ ရက်စက်သော အပြုအမူက ခွင့်လွှတ်လိုစိတ် မရှိသော စိတ်သဘောကို ပြသလျက်ရှိပါသည်။ ခွင့်လွှတ်ခြင်းခံရသော ကျွန်သည် မိမိအပေါ် အကြွေးတင် သော ကျွန်ချင်းအား ဥပဒေအရ ထောင်ထဲသို့ ချရသောအခွင့်ရှိပါသည်။ သို့သော်လည်း၊ ကျွန်ချင်း အပေါ် တရား ဥပဒေအတိုင်း မပြုမူ သင့်၊ သနားကြင်နာခြင်း စိတ်သဘောအတိုင်း ပြုမူ သင့်၏။ ရှင်ဘုရင်၏ များစွာသော အကြွေး ခွင့်လွှတ်ခဲ့ခြင်းအကြောင်းကို လျင်မြန်စွာ မေ့လျော့ခဲ့ပါသည်။

သင့်အကြွေး ခွင့်လွှတ်ခံရခြင်းသည် သင့်အပေါ် အကြွေးတင်သော သူတပါးအား ခွင့်လွှတ် ဖို့ရန် ဖြစ်ပါသည်။ ဘုရားသခင်၏ ခွင့်လွှတ်ခြင်း အမှန် ခံစားရသော ယုံကြည်သူသည် ထို ခွင့်လွှတ်ခြင်းကို လက်တွေ့ ပြသကြရပါမည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်အပေါ် ပြစ်မှားသော အပြစ်အားလုံးကို ကျွန်တော် ခွင့်လွှတ်နိုင်ပါသလား။

**ဆုတောင်းချက်-** အို အဖဘုရား၊ အကျွန်ုပ်ကို ကိုယ်တော် ခွင့်လွှတ်သည်နည်းတူ၊ ခွင့်လွှတ်နိုင်မည်အကြောင်း မစတော်မူပါ။

စနေ၊ ဧပြီ (၂၅)

**မသဲ ၁၈း၂၁-၃၅**

ကျက်မှတ်ရန်၊ မသဲ ၁၈း၃၅

*"သင်သည်လည်း ကျွန်ချင်းကို မသနားအပ်သလော"*

## ခွင့်လွှတ်ဖို့ရန် ခွင့်လွှတ်ခြင်း ခံရခြင်း

ခွင့်လွှတ်ခြင်းခံရသော ကျွန်သည် ကျွန်ချင်းအပေါ် ပြုသောအမှုအားဖြင့် ခွင့်လွှတ်ခြင်း စိတ်သဘော မရှိသောသူဖြစ်ကြောင်း တွေ့ရပါသည်။ ကျွန်ချင်းအပေါ် ပြုသောအမှုအားဖြင့် ခွင့်လွှတ်ခြင်းခံရသော ကျွန်သည် ခရစ်တော်အားဖြင့် ဘုရားသခင် ပေးသနားတော်မူသော ခွင့်လွှတ်ခြင်း မခံရကြောင်း ထင်ရှားပါသည်။ ဤသည်ကား ဤဥပမာ၏ ဝိညာဉ်နှင့်ဆိုင်သော သွန်သင်ချက် တရားဖြစ်ပါသည်။

မိမိအပေါ် အကြွေးတင်သော ကျွန်ချင်းအပေါ် ခွင့်လွှတ်ခြင်းခံရသော ကျွန်၏ အပြုအမူကို အခြား ကျွန်ချင်းတို့က မြင်သောအခါ၊ အလွန် ဝမ်းနည်းခြင်း ရှိကြ၏။ ထို့နောက် သူတို့ မြင်တွေ့သော အမှုကို ရှင်ဘုရင်ထံ လျှောက်ခဲ့ကြပါသည်။ ခွင့်လွှတ်ခြင်းခံရသော ကျွန်သည် ရှင်ဘုရင်ရှေ့သို့ ခေါ်ခြင်း ခံရ၏။ ရှင်ဘုရင်က ထိုကျွန်အား ကျေးဇူး မတင်တတ်ခြင်းကြောင့် ပြင်းထန်စွာ အပြစ်တင်ခဲ့ပါသည်။ သူသည် တောင်းပန်သောကြောင့် ဆပ်၍ မကုန်သော အကြွေးကို ရှင်ဘုရင်က ခွင့်လွှတ်ခဲ့၏။ သူသည်လည်း ထိုနည်းတူ တောင်းပန်သော ကျွန်ချင်းအပေါ် ပြုသင့်သည် မဟုတ်လော။ ရှင်ဘုရင်သည် သူ့အပေါ် သနားကြင်နာခြင်း ရှိသကဲ့သို့၊ သူသည်လည်း ကျွန်ချင်းအပေါ် သနားကြင်နာခြင်း ရှိသင့်သည် မဟုတ်လော။ ရှင်ဘုရင်သည် ခွင့်လွှတ်ခြင်းခံရသော ကျွန်၏ အပြုအမူကြောင့် အမျက်ထွက်လျက်၊ ရှင်ဘုရင်အပေါ် တင်သောအကြွေးအားလုံး မဆပ်မချင်း ညှင်းဆဲသောသူတို့၏လက်ထဲသို့ အပ်ခဲ့ပါသည်။ ရှင်ဘုရင်သည် မိမိ၏ခွင့်လွှတ်ခြင်းကို ရုပ်သိမ်းသည် မဟုတ်ပါ။ ခွင့်လွှတ်ခြင်းခံရသော ထိုကျွန်သည် အစကတည်းက ရှင်ဘုရင်၏ ခွင့်လွှတ်ခြင်း မခံခဲ့ပါ။

ဘုရားသခင်၏ ခွင့်လွှတ်ခြင်း အဖိုးအခသည် ခရစ်တော်၏ အသက်ဖြစ်ပါသည်။ လူတဦးသည် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို စိတ်နှလုံးထဲ၌ ခံခဲ့လျှင်၊ မိမိအပေါ် အပြစ်လွန်ကျူးသော သူတိုင်းကို ခွင့်လွှတ် နိုင်ရမည်ဖြစ်ပါသည်။ ထိုခွင့်လွှတ်နိုင်ခြင်းသည် သားသမီးများအပေါ် ဘုရားသခင် ပေးသနားတော်မူသော ကျေးဇူးတော် လက်ဆောင်ဖြစ်ပါသည်။

ဘယ်လောက်ပင် နာကျင်ခံစားရသည်ဖြစ်စေ၊ ခွင့်လွှတ်ဖို့ မတောင်းပန်သည့်တိုင် ခွင့်လွှတ်ရမည်ဖြစ်ပါသည်။ စိတ်ထဲမှ ခွင့်လွှတ်ပြီးသားဖြစ်ရပါမည်။ သို့သော်လည်း၊ ခွင့်လွှတ်ဖို့ တောင်း မပန် ခဲ့လျှင်၊ ပြန်လည် ခွင့်လွှတ်ခြင်း၏ ကောင်းကြီးမင်္ဂလာဖြစ်သော၊ ပြန်လည်သင့်မြတ်ခြင်း လက်တွေ့ အကောင်အထည် ဖော်၍ မရပါ။

သို့သော်လည်း၊ ယုံကြည်သူသည် မိမိ၏ စိတ်ကို အမျက်ထွက်ခြင်းမှ ကွယ်ကာရပါမည်။ သူတပါးကို ခွင့်မလွှတ်လျှင် အမျက်ထွက်လျက် အပြစ်ပြုနိုင်ပါသည်။ ထိုအမျက်ဒေါသသည် ကင်ဆာ ရောဂါကဲ့သို့ လူ၏စိတ်နှလုံးကို ကိုက်စားနိုင်ပါသည်။ ထိုအခါ၊ ဝမ်းမြောက် ငြိမ်သက်စွာ ဘုရားသခင်ကို ဝတ်မပြုနိုင်၊ ဆုမတောင်းနိုင်၊ အမှုတော် မဆောင်နိုင် ဖြစ်လိမ့်မည်။

အပြစ်ပြုသော သူတို့အား ခွင့်လွှတ်နိုင်သော အစွမ်းခွန်အားသည် ဘုရားသခင်က မိမိ သားသမီးများအား ပေးသနားတော်မူသော လက်ဆောင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သူတပါးကို ကျွန်တော် ခွင့်မလွှတ်လျှင်၊ ကျွန်တော်သည်လည်း ဘုရားသခင်၏ ခွင့်လွှတ်ခြင်း မခံခဲ့ရကြောင်း ထင်ရှားပါ၏။

**ဆုတောင်းချက်-** အို အဖဘုရား၊ ခရစ်တော်ကြောင့် ကျွန်ုပ်ကို ကိုယ်တော် ခွင့်လွှတ်သကဲ့သို့၊ လူတိုင်းကို ခွင့်လွှတ်မည်အကြောင်း မစတော်မူပါ။ အာမင်။



တနင်္လာ၊ ဇွန် (၈)

**လု ၁၂း၃၁-၄၈**

ကျက်မှတ်ရန်၊ လု ၁၂း၃၁

*"သင်တို့အဘသည် သင်တို့အား နိုင်ငံကို ပေးခြင်းငှါ အလိုရှိတော်မူ၏"*

## ခရစ်တော် ကြွလာဖို့ အဆင်သင့် ရှိပါသလား၊ သက်သေ (၁)

ဘုရားသခင်သည်၊ နာဇရက် ယေရှုအား ခရစ်တော်ဖြစ်ကြောင်း မယုံကြည်သော လောကီ လူသားများ မဟုတ်ဘဲ၊ မိမိသားသမီးများအား ကျမ်းစာ၌ ပရောဖက်ပြုချက်များ ပေးတော်မူခဲ့ပါသည်။ သူတို့သည် ခရစ်တော်၏ ပထမကြွလာတော်မူခြင်းကို စိတ်မဝင်စားသောကြောင့်၊ တဖန် ကြွလာတော်မူခြင်းကိုလည်း စိတ်ဝင်စားခြင်း မရှိကြပါ။ ဘုရားသခင်၏သားသမီးတို့သည် ကောင်းကင်ဘုံ၌ ရှိတော်မူသော အဖဘုရား၏ ဖော်ပြတော်မူချက်ကို လေ့လာ နားလည်သဘောပေါက်ရမည်ဖြစ်ပါ သည်။ ဖော်ပြတော်မူသော သမ္မာတရားအတိုင်း ယနေ့ အသက်ရှင်ကြရမည်ဖြစ်ပါသည်။ ထိုသို့ မဟုတ်လျှင်၊ ထိုပရောဖက်ပြုချက်များကို ဟန်ဆောင် လေ့လာသောသူ၊ ဘုရားသခင်ကို မထီမဲ့မြင်ပြု သောသူများဟု အပြစ်တင်ခြင်း ခံရကြမည်ဖြစ်ပါသည်။

ပရောဖက်ပြုချက်များကို အနာဂတ် အဖြစ်အပျက်များအဖြစ်သာ နားလည်သဘောပေါက် ဖို့ မဟုတ်ပါ။ ဒီနှစ်ကုန် မိသားစု ခရီးထွက် ကြမည်ဟု ဖခင်က မိမိသားသမီးများအား ကတိပေးသကဲ့သို့ ထိုပရောဖက်ပြုချက်များသည် အနာဂတ်၌ ဘုရားသခင် ပြုတော်မူမည့်အမှုများ ဖြစ်ပါသည်။ သားသမီးတို့က ထိုသို့သော မိသားစု ခရီးထွက်ဖို့ရန် ဖခင်၌ လိုအပ်သောအရာများ ပိုင်ဆိုင်ထား ကြောင်း သိကြပါသည်။ မိမိဖော်ပြထားသော အရာအားလုံးကို အမှန် ဖြစ်စေမည်အကြောင်း၊ ဘုရားသခင်၌ တန်ခိုးအာဏာရှိတော်မူသည်ကို ကျွန်တော်တို့ ယုံကြည်ပါသလား။

ယုံကြည်သူ၏ မိမိပိုင်ဆိုင်သော စည်းစိမ်ဥစ္စာအပေါ် ထားရှိသော စိတ်သဘောထားသည် အဆင်သင့် ရှိမရှိ ဖော်ပြသော ပထမဆုံး သက်သေဖြစ်ပါသည်။ ကယ်တင်ခြင်း မခံရမီ၊ ပိုင်ဆိုင်သော စည်းစိမ်ဥစ္စာ အားကိုးခြင်းသည် လောက၏ သဘောသဘာဝ ဖြစ်ပါသည်။ လူတဦး၏ အနာဂတ် လိုအပ်မှုများသည် ယခု လက်ရှိ ရရှိသော ဝင်ငွေအပေါ် အခြေခံလျက်ရှိပါသည်။ အနားယူသော အခါ၊ ခက်ခက်ခဲခဲ မနေထိုင်ရမည်အကြောင်း တတ်နိုင်သမျှ နည်းလမ်းအမျိုးမျိုးဖြင့် ရှာဖွေ စုဆောင်း ခဲ့ပါသည်။ အကူအညီမဲ့နေသော မိဘမဲ့ကဲ့သို့ နေထိုင်ကျင့်ကြံလေ့ရှိပါသည်။

သို့သော်လည်း၊ ကယ်တင်ခြင်းခံရပြီးနောက်တွင်၊ သူသည် ဘုရားသခင်၏သား ဖြစ်လာ၏။ ထို ကောင်းကင်ဘုံ၌ ရှိတော်မူသော အဖဘုရားက လိုအပ်သမျှသောအရာများကို ထောက်ပံ့ပေးတော် မူမည်အကြောင်း ဂတိထားတော်မူသည်ဖြစ်၍၊ ထိုသားသည် မိမိ၏ဝိညာဉ်အရေးကိုသာ အာရုံပြု ရမည်ဖြစ်ပါသည်။ မသဲ ၆း၃၃၊ "ဘုရားသခင်၏ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်ကို ရှေ့ဦးစွာ ရှာကြလော့။ နောက်မှ ထိုအရာများကို ထပ်၍ ပေးတော်မူလတံ့။" ရှိသမျှကို ရောင်းလျက်၊ နောက်တော်သို့ လိုက်လော့ဟု ဘုရားသခင် မိန့်တော်မူလျှင်၊ နာခံခြင်းဖြင့် ထိုသို့ ပြုလိမ့်မည်ဖြစ် ပါသည်။ စိတ်ထဲ၌၊ မိမိ၏ စည်းစိမ်အမှန်သည် လောကီအရာများ မဟုတ်တော့ဘဲ၊ ဝိညာဉ်အရာများ ဖြစ်ကြောင်း သိလာခဲ့ပါသည်။ ထိုသို့ ပိုင်ဆိုင်သော စည်းစိမ်ဥစ္စာ ကိုးစားခြင်း မရှိခြင်းသည် သန့်ရှင်း သော ဝိညာဉ်တော် ပြုတော်မူသည့် အမှုဖြစ်ပါသည်။ ဘုရားသခင်၏သားသမီးတို့သည် ဘုရားသခင် ၏ ကောင်းမြတ်ခြင်းနှင့် ကြီးမြတ်တော်မူခြင်းကို နားလည်သဘောပေါက်သောအခါ၊ ယုံကြည် ကိုးစားမှု တိုးပွားလာတတ်ပါသည်။ ထိုယုံကြည်ကိုးစားမှုသည် ဘဝအပြောင်းအလဲများအကြား တသက်လုံး ရှိရမည့်အရာ ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ် စိတ်နှလုံး ဘဏ္ဍာ ဘယ်မှာရှိသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ဤလောကီ ဥစ္စာကြွယ်ဝခြင်း၌ မဟုတ်ဘဲ၊ ကိုယ်တော်ကိုသာ ကိုးစား မည်အကြောင်း မစတော်မူပါ။

*"ကိုယ်အဘို့ ဘဏ္ဍာများကို ဆည်းဖူး၍၊ ဘုရားသခင်ရှေ့တော်၌ ဆင်းရဲသောသူ"*

## သူဌေးမိုက် ဥပမာ၊ မိုက်ရခြင်း အကြောင်းရင်း

"မိုက်မဲ" ဟူသော စကားလုံးက သိနားလည်ခြင်း မရှိသောသူကို ရည်ညွှန်းထားပါသည်။ မိမိ၏ အသက်တာကို ပြန်လည် ဆင်ခြင်ခြင်း မရှိ မသေချာသော မနက်ဖြန်အတွက် ဆုံးဖြတ်ချက် မချတတ်၊ အရင်အတိုင်း ဘဝ လည်ပတ်လျက်ရှိသည်ဟု ထင်တတ်ပါသည်။ သူဌေးမိုက်သည် မိမိ၏ များစွာသောစပါးနှင့် ထိုစပါးများ သိုထားဖို့ရန် ပိုကြီးသော စပါးကျီ လိုအပ်လျက်ရှိကြောင်းကိုသာ စဉ်းစားလျက်၊ ထိုမိမိ၏ စည်းစိမ်ကို ဇိမ်ဖြင့် စားသောက်ဖို့ရန် ကြာရှည်စွာ အသက်ရှင်မည်ဟု တွေးထားခဲ့ပါသည်။ သေးငယ်သော စပါးကျီဟောင်းကို ဖျက်လျက်၊ ပိုကြီးသော စပါးကျီသစ် ဆောက်ဖို့ရန် စဉ်းစားခဲ့ပါသည်။ ကြွယ်ဝချမ်းသာခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းကိုသာ တွေးတောခဲ့ပါသည်။ လု ၁၂:၁၉၊ "ငါ့ဝိညာဉ်အားလည်း၊ အချင်းဝိညာဉ်၊ သင်သည် နှစ်ပေါင်းများစွာ သုံးဆောင်ရန် ဥစ္စာများကို သိုထားလျက်ရှိပြီ။ ငြိမ်ဝပ်စွာနေလော့။ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းကို ပြုလော့" ဟု မိမိကိုယ်ကို ဆို၏။

သူ၏အနာဂတ်သည် မိမိ၏ အသစ်သော ကြွယ်ဝခြင်းက လုံခြုံမှု ပေးသည်ဟု ထင်မှတ်ခဲ့ပါသည်။ ယခု သူ၏ ဇာတိသဘောနှင့်ဆိုင်သော လောကီအသက်တာသည် အသစ် စုဆောင်းထား သော ထိုစပါးများစွာ စားသုံးခြင်းဖြင့် ဆက်လက် ရှင်သန်မည်ဖြစ်ပါသည်။ သူသည် အစားအသောက် နှင့် အပျော်ကျူးခြင်းကိုသာ တွေးတောခဲ့ပါသည်။ ဘုရားသခင်က သူ့ကို မိုက်မဲသောသူဟု ဆိုခဲ့ပါ သည်။ "ယနေ့ညပင် သင် (ထိုသူ) ၏ဝိညာဉ်ကို ရုပ်သိမ်းရာ အချိန်ရောက်လိမ့်မည်။ သို့ဖြစ်၍ သင် (ထိုသူ) သည် ပြင်ဆင်သိုထားသော ဥစ္စာကို အဘယ်သူ ပိုင်မည်နည်း" (လု ၁၂:၂၀)။

ဘုရားသခင်က ထိုသူအား ကြွယ်ဝချမ်းသာသောကြောင့် မိုက်မဲသူဟု ခေါ်ခြင်း မဟုတ်ပါ။ မိမိ မထိန်းချုပ်နိုင်သော ထိုကြွယ်ဝခြင်း၌ ကျေနပ်ခြင်း ရှိခဲ့သောကြောင့်၊ ဘုရားသခင်က ထိုသူအား မိုက်မဲသောသူဟု ခေါ်ခြင်းဖြစ်၏။ သူသည် သူတပါး စားသုံးဖို့ရန် ထိုဥစ္စာများကို ကြိုးစား ရှာဖွေ ခဲ့ခြင်းသာ ဖြစ်ပါသည်။ ထို့ပြင်၊ သူ၏အသက်သည် သူ့လက်ထဲ၌ မရှိကြောင်း သိခဲ့သင့်ပါသည်။ သူသည် အဘယ်အရာကိုမျှ မထိန်းချုပ်နိုင်သောကြောင့်၊ မိမိ၏ အနာဂတ် လုံခြုံမှု ရှိသကဲ့သို့ ထင်မှတ်ခြင်းသည် မိုက်မဲခြင်း ဖြစ်ပါသည်။ ထိုသို့ ထင်မှတ်လျက်၊ သေသည်အထိ အပျော်ကျူးခြင်း ဖြင့် အသက်ရှင်လိုခဲ့ပါသည်။ ထိုအခါ၊ သူ၏မိုက်မဲသော အသက်တာသည် သူ့ကို အပြစ်စီရင်လျက် ငရဲထဲသို့ ပစ်ချလိမ့်မည်ဖြစ်ပါသည်။

ဤသူဌေးသည် မိမိ၏အသက်တာကို မဆင်ခြင်ခဲ့ပါ။ သူ၏ဇာတိသဘော တပ်မက်ခြင်းနှင့် မျက်စိ တပ်မက်ခြင်းတို့က သူ့ကို မျက်စိကွယ်စေလျက်၊ ကာမဂုဏ် စည်းစိမ်ခံစားခြင်းဟူသော အပျော်ကျူးလွန်ခြင်း ပိုးကောင်က သူ့ကို ဖျက်ဆီးလျက်ရှိပါသည်။ လောကီစည်းစိမ်၏ အားကြီးသော သွေးဆောင်ခြင်းသည်၊ မိမိ၏ နိယာမဖြစ်သော "မလုံလောက်သေး" ဟု ကြွေးကြော်လျက်၊ လူ့ဘဝကြီး ကို ဖျက်ဆီးလျက်ရှိပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်ဝိညာဉ်အား ကျွန်တော် နေ့စဉ် ဘာပြောဆိုသနည်း။ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းကို ပြုလော့ဟု ဆိုပါသလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ခရစ်တော်အားဖြင့် ကျွန်တော် မိုက်မဲသောသူ မဖြစ်မည်အကြောင်း မစတော်မူပါ။





*"အကျွန်ုပ်တို့သည် ရှိသမျှကို စွန့်ပစ်၍ ကိုယ်တော်နောက်သို့ လိုက်ကြပါပြီ။ အဘယ်အကျိုးကို ရကြပါမည်နည်း"*

## အကျိုးကို မမျှော်လင့်ဘဲ အမှုတော် ဆောင်ရွက်ပါသလား

စတေးခြင်း အသက်တာ ဆိုသည်မှာ စည်းစိမ်ဥစ္စာများကို မရှာဖွေသော အသက်တာဖြစ်ပါ သည်။ ပြုသမျှသောအမှု၌ သူ၏ရည်ရွယ်ချက်သည် ငွေကြေး အမြတ်ရဖို့ မဟုတ်ပါ။ ကြွယ်ဝချမ်းသာ ဖို့ရန် ဆန္ဒ မရှိပါ။ လူ့အဖွဲ့အစည်း၌ ကျော်ကြားဖို့ရန် မိမိကိုယ်ကို ကြိုးစားခြင်းသည် အချည်းနှီးဖြစ်ပါ သည်။ ကမ္ဘာတဝန်း စီးပွားရေး ချဲ့ထွင်ခြင်းသည်လည်း မိုက်မဲမှုပင်ဖြစ်ပါသည်။ သို့သော်လည်း၊ ဤလောက၌ အကျိုးမဲ့ အလုပ်လုပ်ခြင်းသည် ခရစ်ယာန်များ အပါအဝင် လူများ မတွေးတောသော အရာဖြစ်ပါသည်။ ခရစ်တော်၏ နောက်တော်သို့ လိုက်ဖို့ရန် အရာရာတိုင်းကို စွန့်ခဲ့ကြသော တပည့်တော်များ ကိုယ်စား ပေတရုက၊ "အဘယ်အကျိုးကို ရကြပါမည်နည်း" (မသဲ ၁၉:၂၇) ဟု မေးလျှောက်ခဲ့ပါသည်။ ယေရှုက အနာဂတ်နှင့် ပစ္စုပန်အပေါ် အခြေခံလျက် ဖြေတော်မူခဲ့၏။

အနာဂတ်တွင်၊ "လူသားသည် ဘုန်းရှိသော ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောအခါ" (မသဲ ၁၉:၂၈)၊ ခရစ်တော်၏ တပည့်တော်အားလုံးသည်လည်း အတူ ထိုင်ကြရလိမ့်မည်။ သူတို့သည် ဤလောကရှိ လူများ၊ မယုံကြည်သူများနှင့် မသဲ ၁၉:၂၈ ၌တွေ့ရသည်အတိုင်း၊ "ဣသရေလလူ ဆယ်နှစ်မျိုး" တို့ကို တရားစီရင်ကြပါလိမ့်မည်။ မယုံကြည်သော ဣသရေလလူအပေါင်းကို ဆိုလို ပါသည်။ ယုံကြည်သူများသည် ခရစ်တော်ကို ယုံကြည်သောသူများကို စီရင်မည် မဟုတ်ပါ။ တပည့်တော် ဆယ့်နှစ်ပါး တွင် မာသိ (တမန် ၁) ဖြင့် အစားထိုးခဲ့သော ယုဒရှင်ကာယုတ် မပါဝင်ပါ။ ဤတပည့်တော် ဆယ့်နှစ်ပါးတို့ သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံကြည်သော ဓမ္မသစ်နှင့် ဓမ္မဟောင်း သန့်ရှင်းသူ အားလုံးကို ကိုယ်စားပြုကြပါသည်။

ယခု ကာလတွင်၊ ခရစ်တော်ကြောင့် မိမိအိမ်၊ ညီအစ်ကို မောင်နှမများ၊ မိဘ၊ ဇနီးနှင့် သားသမီးများ စွန့်လွှတ်ခဲ့သော များစွာသော ယုံကြည်သူတို့သည် အဆတရာသော အကျိုးနှင့်တကွ ထာဝရအသက်ကိုလည်း ရရှိလိမ့်မည်ဖြစ်ပါသည်။ ဤလောက၌ ယုံကြည်သူတိုင်း ပိုင်ဆိုင်သော အကြီးဆုံးသော မိသားစုသည် အသင်းတော် မိသားစုဖြစ်ပါသည်။ ယုံကြည်သူချင်း၏ လိုအပ်မှုများကို ယုံကြည်သူများက ဖြည့်ဆည်းခဲ့ကြပါသည်။ မိမိတို့၏ ယုံကြည်ခြင်းအတွက် အသေ သတ်ခြင်း ခံရသော၊ ထောင်ချခြင်း ခံရသော မိသားစုဝင်များသည် သူတို့လိုအပ်သော အစားအစာ၊ အဝတ် အစားနှင့် နေစရာ အိမ်များ ထောက်ပံ့ခြင်း ခံကြရပါသည်။

အမှုတော် ဆောင်ရွက်ခြင်းအမှုကို အစပြုသောသူ ဖြစ်ရုံဖြင့် အဆုံးအဖြတ် ပေး၍ မရပါ။ အကြောင်းမှာ၊ အစပြုသော သူများသည် နောက်ဆုံးဖြစ်တတ်ကြ၏။ နောက်ဆုံးမှ ဆောင်ရွက် သောသူများသည် ပထမနေရာကို ရတတ်ကြ၏။ ဘယ်လောက်ကြာကြာ ဆောင်ရွက်သည်ဟူသော အချက်ထက်၊ စစ်မှန်သော ခရစ်ယာန် ဟုတ်မဟုတ် ဟူသောအချက်က ပိုအရေးကြီးပါသည်။ ယုဒ လူတို့သည် ဘုရားသခင်၏ ကျေးဇူးတော်နှင့် သမ္မာတရားကို အရင် လက်ခံ ခဲ့ကြသော်လည်း၊ ခရစ်တော်ကို ငြင်းပယ်ခဲ့ကြပါသည်။ တပါးအမျိုးသားတို့သည် နောက်မှ ကြားသိကြရသော်လည်း၊ ခရစ်တော်ကို ကယ်တင်ရှင် သခင်အဖြစ် လက်ခံ ခဲ့ကြလျှင် အရင်နေရာ ကျကြလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်ကို အရာအားလုံး စတေးလျက် ဆောင်ရွက်ခြင်းမှ တပါး၊ အခြားသော နည်းလမ်းရှိပါသလား။

**ဆုတောင်းချက်-** အို အဖဘုရား၊ အမြင့်ဆုံးသော ဘုရားသခင်၊ ခရစ်တော် ကြွလာတော်မူသည် အထိ၊ အရာအားလုံးကို စတေးလျက် ဖြူစင် ရိုးသားသော စိတ်နှလုံးဖြင့် ကိုယ်တော်၏ အမှုတော်ကို ဆောင်ရွက်မည်အကြောင်း မစတော်မူပါ။ အာမင်။

တနင်္ဂနွေ၊ ဧပြီ (၂၆) ညနေ
**မသဲ ၂၀း၁-၁၆**
ကျက်မှတ်ရန်၊ မသဲ ၂၀း၄

*“ကောင်းကင်နိုင်ငံတော်သည်*
*. . . အိမ်ရှင်နှင့်တူ၏”*

## လုပ်ဆောင်သောသူများ၏ ဆောင်ရွက်မှုသည် မတူညီကြပါ

ငှါးရမ်းခံ လုပ်ဆောင်သူများ ဥပမာက ယေရှု ခေတ်ကာလရှိ နေ့စား လုပ်သမားများ၏ အလုပ်ချိန်ကို ဖော်ပြလျက်ရှိပါသည်။ သန်မာ၍ ခွန်အားရှိသောသူများသည် ဈေး၌ သွားလျက် အလုပ်လုပ်ဖို့ ရှာခဲ့ကြပါသည်။ အိမ်ရှင်သည် မိမိစပျစ်ဥယျာဉ်၌ အလုပ်လုပ်မည့်သူ ငှါးဖို့ရန် စောစော ထွက်ခဲ့ပါသည်။ တနေ့ လုပ်အားခအဖြစ် အသပြာ တပြား ရမည်ဟု နံနက်အချိန် ငှါးရမ်း သော အလုပ်သမားများနှင့် သဘောတူခဲ့ကြပါသည်။ ထို့နောက်၊ အလုပ်သမား ထပ်လိုအပ်သော ကြောင့်၊ နံနက်တချက်တီးအချိန် (နံနက် ၉ နာရီ) တွင် အလုပ်သမားများ ထပ်ငှါးခဲ့ပါသည်။ ဤဒုတိယ အလုပ်သမား များနှင့် လုပ်အားခ မဆွေးနွေးခဲ့ပါ။ အိမ်ရှင်က တော်လျော်စွာ ပေးမည်ဟူ သော စကားကို ယုံကြည်ခဲ့ကြပြီး၊ စပျစ်ဥယျာဉ်သို့ အလုပ် သွားလုပ်ခဲ့ကြပါသည်။ ထိုနည်းတူ၊ နှစ်ချက်တီးအချိန် (နေ့လည်)၊ သုံးချက်တီးအချိန် (ညနေ ၃ နာရီ) နှင့် ဆယ်တစ်နာရီ အချိန် (ညနေ ၅ နာရီ) တို့၌ ငှါးရမ်းသော အလုပ်သမားများကိုလည်း နံနက် ၉ နာရီ၌ ငှါးရမ်းသော အလုပ်သမားများနည်းတူ သဘောတူညီမှု ပြုလုပ်ခဲ့ကြပါသည်။ ဤ နောက်ကျမှ ငှါးရမ်းသော အလုပ်သမားအားလုံးသည် အိမ်ရှင်က ပေးမည်ဟု သတ်မှတ်သော၊ တော်လျော်သော အခကို လက်ခံလျက် အလုပ်လုပ်ခဲ့ကြပါသည်။

အချို့သည် အသက်ရှည်သောကြောင့်ငှင်း၊ ခရစ်တော်ကို စောစော သိခဲ့ကြသောကြောင့် ငှင်း၊ သူတပါးထက် အမှုတော် ကြာရှည်စွာ ဆောင်ရွက်ခဲ့ကြရ၏။ သို့သော်လည်း၊ ကြာချိန်ကို ကျွန်တော်တို့ အဓိက ထားသည် မဟုတ်ပါ။ ကျွန်တော်တို့၏ အကျင့်သည် ပို၍ အရေးကြီးပါသည်။ ဘယ်လောက် ကြာရှည်စွာ အမှုတော် ဆောင်သည် ဆိုသောအချက်ထက်၊ ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်သည် ပိုအရေးကြီးပါသည်။ သို့မဟုတ်လျှင်၊ မှားယွင်းသော ရည်ရွယ်ချက်ဖြင့် ကျွန်တော်တို့ အမှုတော် ဆောင်မိနိုင်ပါသည်။

ယုံကြည်သူအပေါင်းသည် ထူးခြားခြင်း ရှိကြပါသည်။ ဘုရားသခင်က မိမိ၏ အမှုတော် အတွက် ယုံကြည်သူများကို အထူး ပြင်ဆင်ထားတော်မူ၏။ ဘယ်လောက် ရှည်ကြာ အမှုတော် ကျွန်တော်တို့ ဆောင်ရွက်မည် ဟူသောအချက်သည် အဆုံးစွန် အာဏာရှိတော်မူသော ဘုရားသခင် ၏ လက်တော်ထဲ၌ ရှိပါသည်။ ကယ်တင်ခြင်းခံရပြီးနောက် အမှုတော် ဆောင်ရွက်ရသော အခွင့် ရခြင်းသည် တကယ့် အခွင့်ထူးပင်ဖြစ်ပါသည်။ ကယ်တင်ခြင်း မရမီ၊ ကျွန်တော်တို့သည် အပြစ်၏ အမှုကို ဆောင်ရွက်ခဲ့ကြ၏။ ယခုတွင်၊ ဘုရားသခင်နှင့် ခရစ်တော်၏ အမှုတော်ကို ဘုရားသခင် ချစ်ခြင်းမေတ္တာ၏ နိုးဆော်မှုအားဖြင့် ဆောင်ရွက်ကြပါသည်။ ဤအသက်တာသည် တပည့်တော် အပေါင်းထံ ခရစ်တော် ဂတိထားတော်မူသော ကြွယ်ဝသည့် အသက်တာပင် မဟုတ်ပါလော။

ကျွန်တော်တို့သည် ဘုရင်တကာတို့၏ ဘုရင်၊ အရှင်တကာတို့၏ အရှင်၊ ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူသော ဖန်ဆင်းရှင်၊ ဤလောက ကယ်တင်ရှင်၏ အမှုတော်ကို ဆောင်ရွက်ကြ ကြောင်း အောက်မေ့ကြပါသလား။ အချိန် ကာလ ရှည်ကြာမှု အပိုင်း၌ အဘယ် အမှုတော်ဆောင်မှ တဦးနှင့် တဦး မတူညီကြပါ။ သို့သော်လည်း၊ အမှုတော်ဆောင် အားလုံးသည် တူညီသော ချစ်ခြင်းမေတ္တာ အားဖြင့် အမှုတော် ဆောင်ရွက်ကြရပါမည်။

**ဆင်ခြင်ရန်** - ဆောင်ရွက်ပြီးခဲ့သောကာလကို မကြည့်ဘဲ၊ စစ်မှန်သော စိတ်နှလုံးဖြင့် ဆောင်ရွက်ရမည်အကြောင်း အစဉ် သတိရလိုပါ၏။

**ဆုတောင်းချက်-** အဖဘုရား၊ သစ္စာရှိစွာ ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်မည်အကြောင်း မစတော်မူပါ။



စနေ၊ ဇွန် (၆)
**လု ၁၂း၁၃-၂၁**
ကျက်မှတ်ရန်၊ လု ၁၂း၁၅

*“စည်းစိမ် ရှိသော်လည်း စည်းစိမ်၌*
*အသက် မတည်”*

## သူဌေးမိုက် ဥပမာ၊ ကြွယ်ဝချမ်းသာခြင်းသည် အပြစ်ဖြစ်ပါသလား

လူတယောက်သည် ရိုးသားစွာ ကြိုးစား အလုပ်လုပ်ပြီး၊ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာလျှင် မှားပါသလား။ ဘုရားသခင်သည် မိမိ၏အစေခံကျွန်များဖြစ်သော အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နှင့် ရှင်ဘုရင် ဒါဝိဒ် စသည်တို့အား စည်းစိမ်ဥစ္စာများစွာ ကောင်းကြီးပေးတော်မူခဲ့ပါသည်။ ကြွယ်ဝ ချမ်းသာခြင်းသည် အပြစ်ဖြစ်ခဲ့လျှင်၊ ဘုရားသခင်သည် အပြစ်သား ဖြစ်ခဲ့ပါလိမ့်မည်။

ဘုရားသခင်သည် ဤကမ္ဘာကြီးကို ဖန်ဆင်းတော်မူ၏။ ဤကမ္ဘာပေါ်၌ ရှိသောအရာ အားလုံးကို လူတို့ အဖို့ ဖန်ဆင်းတော်မူ၏။ ဤကမ္ဘာကြီး၌ စစ်မှန်သော ကြွယ်ဝချမ်းသာခြင်းအားဖြင့် တိုင်းတာမည်ဆိုလျှင် တန်ဖိုးရှိသောအရာ မရှိပါ။ လူတို့၏ အစားအစာနှင့် ပျော်ရွှင်ဖို့အတွက် ဘုရားသခင် ဖန်ဆင်းတော်မူသော အံ့ဘွယ် ကမ္ဘာကြီးသာလျှင်ဖြစ်ပါသည်။ ဤကမ္ဘာကြီး၌ အပြစ် မရှိပါ၊ အကြောင်းမှာ ကမ္ဘာလောကကြီးသည် အပြစ်မပြုနိုင်၊ သို့သော်လည်း၊ လူသည် အပြစ်ပြုနိုင်ပြီး၊ ပြုလည်း ပြုခဲ့ပါသည်။ ထို့ကြောင့်၊ လူသည် စည်းစိမ်ဥစ္စာများစွာ ပိုင်ဆိုင်သောအခါ၊ ကြွယ်ဝ ချမ်းသာလျက်၊ သူတပါးထက် အောင်မြင်သည်ဟု မိုက်မဲစွာ ထင်တတ်၏။ ထိုသို့ ပိုချမ်းသာသည်၊ ပိုအောင်မြင်သည်ဟူသော ထင်မြင်မှုသည် အချည်းနှီးနှင့်အချည်းနှီး နှိုင်းယှဉ်ခြင်းသာ ဖြစ်၏။ လူသည် အဝတ်မပါဘဲ ဤလောကသို့ ဝင်လာခဲ့ပြီး၊ အဝတ်မပါဘဲ ဤလောကမှ ထွက်သွားရမည် ဖြစ်ကြောင်းကို မေ့လျော့ခဲ့ပါသည်။ အိမ်နီးချင်းထက် “ပိုကောင်းသော” အစားအစာ စားရုံမျှဖြင့် ပို၍ချမ်းသာသည်ဟု မဆိုနိုင်ပါ။ ထိုသူ၌ စားသောက်ဖို့ ရွေးချယ်စရာ ပိုရှိရုံသာ ဖြစ်ပါသည်။ ဘဝ၌ သူများထက် ရွေးချယ်စရာ ပိုရှိခြင်းကို ကြီးမြတ်ခြင်းဟု ယူဆသောသူသည် အနိမ့်မှန်ဖြစ်ပါ သည်။ မကြာမီ၊ သူသည်လည်း သူများနည်းတူ သေလိမ့်မည်ဖြစ်၏။ ထိုအခါ၊ အဘယ်အရပ်၌ နေလိမ့်မည်နည်း။

ကမ္ဘာကြီးအပေါ် ထားရှိသော လူ၏ စိတ်သဘောထား အမြင်သည် ပြောင်းလဲခဲ့ပါပြီ။ လူသည် အပြစ်သား မဖြစ်မီ၊ ဤကမ္ဘာကြီးကို အပြစ်ကင်းသော မျက်စိဖြင့် ကြည့်ခဲ့၏။ ဘုရားသခင် ဖန်ဆင်းပေးတော်မူသော ဤကမ္ဘာကြီး၌ ပျော်ရွှင်စွာ နေထိုင်လျက်၊ ပိုင်ဆိုင်လိုစိတ် (သို့) လောဘစိတ် မရှိခဲ့ပါ။ ထိုကမ္ဘာကြီးသည် မိမိစားစရာ၊ သောက်စရာ ရှာဖွေရာ၊ ပျော်ရွှင်ခြင်း စုံလင်သောနေရာ ဖြစ်ခဲ့ပါသည်။ သို့သော်လည်း၊ အပြစ်ဝင်လာသောအခါ၊ လူသည် ထိုကမ္ဘာကြီးကို အရင်လို မမြင် တော့ပါ၊ အရင်လို မပျော်နိုင်တော့ပါ။ လူ၏ မိုက်မဲသော ဇာတိနှင့် တပ်မက်ခြင်း ထင်ရှားရာ နေရာ ဖြစ်လာခဲ့ပါသည်။ လူတို့၏ လောဘနှင့် မိုက်မဲစွာ အချင်းချင်း တိုက်ခိုက်မှုများသည် ဤကမ္ဘာ လောက၌ ရှိသောအရာများပေါ်၌ အခြေခံထားပါသည်။ ရှေးခေတ် လူ့ အင်ပါယာများကို ကြည့်လျှင်၊ သတ်ခဲ့သော သန်းပေါင်းများစွာသော လူ့အသက်နှင့် ဖျက်ဆီးခဲ့သော မိသားစုများကို လျစ်လျူရှု လျက်၊ အုပ်စိုးသော နယ်ပယ် အကျယ်အဝန်းကို ကြည့်၍ ကြီးမြတ်သည်ဟု သတ်မှတ်ကြ၏။

ကြွယ်ဝချမ်းသာခြင်းသည် အပြစ်မဟုတ်ပါ။ သို့သော်လည်း၊ အပြစ်သားသည် မိမိပိုင်ဆိုင်သော စည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို တိုင်းတာလျှင်၊ မိမိကိုယ်ကို ဆန့်ကျင် ပစ်မှားရာရောက်၏။ မကောင်းမှု အပေါင်း၏ မူလအမြစ်ဖြစ်သော၊ ငွေ တတ်မက်ခြင်းက သူ့ကို နှိုးဆော် မောင်းနှင်လျက်ရှိပါသည်။

**ဆင်ခြင်ရန်** - လစာကြောင့် နှိုးကြားခြင်း ရှိပါသလား၊ သို့ဖြစ်လျှင် ငွေတပ်မက်ခြင်းဖြစ်၏။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ခရစ်တော်ထံမှ အကျွန်ုပ်အကြည့်ကို ဘယ်တော့ မှ မလွှဲစေပါနှင့်၊ ထာဝရနှင့်ဆိုင်သောအရာကိုသာ စွဲလမ်းမည်အကြောင်း မစ တော်မူပါ။ အာမင်။

သောကြာ၊ ဇွန် (၅)
လု ၁၂း၁၃-၂၁
ကျက်မှတ်ရန်၊ လု ၁၂း၁၄

*“အချင်းလူ၊ အဘယ်သူသည် သင်တို့အမှုကို စီရင်ခွဲဝေပိုင်သော အခွင့်ကို ငါ့အား ပေးအပ်သနည်း”*

## သူဌေးမိုက် ဥပမာ၊ ကြွယ်ဝသော အသက်တာ

ကြွယ်ဝသောအသက်တာကို ပိုင်ဆိုင်သော စည်းစိမ်ဥစ္စာဖြင့် တိုင်းတာပါသလား။ အာဒံ အပြစ်ထဲသို့ ကျသောအချိန်မှစ၍ စည်းစိမ်ဥစ္စာသည် လူ့အဖွဲ့အစည်းကို ဒုက္ခပေးသောအရာ ဖြစ်လာခဲ့ပါသည်။ စည်းစိမ်ဥစ္စာ တပ်မက်ခြင်းက ခေတ်အဆက်ဆက် အပြစ်သားတိုင်း၏ စိတ်နှလုံးကို ချည်နှောင်ထားပါသည်။ ဤလောကကြီးသည် အင်တာနက်နှင့် အေအိုင်ကြောင့် အလွန်သေးငယ်လာခဲ့ပြီးဖြစ်၍ စည်းစိမ်ဥစ္စာ တပ်မက်ခြင်း ရောဂါသည် လိုချင်တပ်မက်ဖွယ် ပျံ့နှံ့လာခဲ့ပါသည်။ အငယ်ဆုံးမှ အကြီးဆုံးအထိ၊ လူတိုင်းက ဘဝအသက်တာကို ပိုင်ဆိုင်သော စည်းစိမ်ဥစ္စာ၊ ဒေါ်လာ ကြွယ်ဝမှုဖြင့် တိုင်းတာလာခဲ့ကြပါသည်။ ဆယ်ကျော်သက်များသည် သန်းကြွယ်သူဌေးဖြစ်ဖို့၊ လှည့်စားတတ်သော ကြွယ်ဝချမ်းသာခြင်းကို လိုက်လျက် အစွမ်းကုန် ကြိုးစားခဲ့ကြပြီး၊ ငယ်ရွယ်သောအချိန်သည် အခိုးအငွေ့ကဲ့သို့ ကွယ်ပျောက်လျက်၊ ဆံဖြူ သွားကျိုးဖြစ်၍ နောင်တရ တတ်ကြပါသည်။ မိုက်မဲသောသူများသည် အရင်ခေတ်လူများ၏အမှားမှ သင်ခန်းစာ မယူကြဘဲ၊ ပို၍ပြင်းသော အရှိန်ဖြင့် ထိုအမှားကို လွန်ကျူးလျက်၊ ပိုးဖလံမျိုး မီးကိုတိုး ဆိုသလို ပျက်စီးခြင်းသို့ ဦးတည်တတ်ကြပါသည်။

လူတဦးသည် ယေရှုထံလာ၍ မိမိထံ အမွေ ခွဲဝေပေးဖို့ရန် သူ့အစ်ကိုအား ပြောပေးမည် အကြောင်း တောင်းလျှောက်ခဲ့ပါသည်။ သူ့အစ်ကို ရရှိသော အမွေထဲမှ အနည်းငယ်သာ သူရ၏ (သို့) ဘာမှ မရရှိခဲ့ပါ။ ထို့ကြောင့်၊ ယေရှုက တောင်းပေးလျှင် သူ့အစ်ကိုက ပေးလိမ့်မည်ဟု ထင်လျက် ထိုသို့ ချဉ်းကပ်လာခဲ့ခြင်းဖြစ်ပါသည်။

ယေရှုက မတောင်းပေးဟု ဖြေခဲ့ပါသည်။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ခမည်းတော်ဘုရား စေခိုင်းတော်မူသော ခရစ်တော် ပြုရမည့်အမှုသည် အပြစ်မှ အပြစ်သားများကို ကယ်တင်ဖို့ရန်ဖြစ်ပြီး၊ ဇာတိသဘောနှင့်ဆိုင်သောအမှု၌ ဝင်ပါဖို့ မဟုတ်ပါ။ ခရစ်တော်၏ သတိပေးချက်သည် ထိုလူအတွက်ဘဲ မဟုတ်၊ ကျွန်တော်တို့ အားလုံးအတွက် အရေးပါလှပါသည်။ လူ့အသက်သည် ပိုင်ဆိုင်သော စည်းစိမ်ဥစ္စာ၌ မတည်။ တပ်မက်ခြင်း အပြစ်သည် များစွာလူတို့အား လဲကျစေခဲ့ပါသည်။ ထိုအချည်းနှီးသောအရာအတွက် မိမိတို့၏အသက်ကို စတေးခဲ့ကြ၏။ ထိုနေ့ည၌ မိမိ သေမည်ကို မသိဘဲလျက်၊ မိမိ၏ စပါးကျီဟောင်းကို ဖျက်လျက်၊ ရိတ်သိမ်းရရှိသော စပါးများစွာကို သိုထားဖို့ရန် ပိုကြီးသော စပါးကျီကို ဆောက်ခဲ့သော၊ မိုက်မဲသည့် သူဌေးကြီးကဲ့သို့ ဖြစ်ကြပါသည်။

ကျွန်တော်တို့သည် အဝတ်မပါဘဲ ဤလောကထဲသို့ ဝင်လာခဲ့ပြီး၊ အဝတ်မပါဘဲ ဤလောကမှ ထွက်သွားကြလိမ့်မည် ဖြစ်ပါသည်။ မကြာမီ ပျက်စီးမည့် သင့်ခန္ဓာကိုယ်ထက်၊ သင့် ဝိညာဉ်ကို ပိုဂရုစိုက် ပါလော့။

**ဆင်ခြင်ရန်** - သင်းအုပ်အရာ အမှုတော်သည် လုပ်ငန်း မဟုတ်၊ ဘုရားသခင် ခေါ်တော်မူခြင်းအားဖြင့် ပြုသောအမှုဖြစ်၏။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ထာဝရတည်သောအရာများကိုသာ ဆင်ခြင်ကြည့်မည်အကြောင်း ကျွန်ုပ် စိတ်နှလုံးနှင့် မျက်စိကို စောင့်ရှောက်တော်မူပါ။ အာမင်။



တနင်္လာ၊ ဧပြီ (၂၇)
မသဲ ၂၀း၁-၁၆
ကျက်မှတ်ရန်၊ မသဲ ၂၀း၁၅

*“ငါသည် ကိုယ်ဥစ္စာကို ပြုလိုသမျှ မပြုရသလော”*

## အကျိုးကို မမျှော်လင့်သော ကျွန်များကဲ့သို့ ဆောင်ရွက်လော့

ဘုရားသခင်သည် မိမိ၏ သစ္စာရှိသော ကျွန်များကို ဆုချီးမြှင့်တော်မူ၏ ဟူသောအချက် သည် အမှန် ဖြစ်သော်လည်း၊ ယုံကြည်သူသည် ဆုကို လိုချင် သောစိတ်ဖြင့် အမှုတော် မဆောင်ရွက် ရပါ။ ထာဝရတည်သော ဆုကို မျှော်မှန်းလျက် ဆောင်ရွက်သော အမှုတော်သည် ဘုရားသခင် လက်ခံတော်မူသော အမှုတော် ဖြစ်လိမ့်မည် မဟုတ်ပါ။ သစ်သား၊ ကောက်ရိုးဖြင့် ဆောက်သော အိမ်ကဲ့သို့ ဖြစ်လျက် တရားစီရင်ရာ နေ့တွင် အကုန် လောင်ကျွမ်း လိမ့်မည်ဖြစ်ပါသည်။ ပေတရုက မသဲ ၁၉း၂၇ ထဲတွင်၊ ယုံကြည်သူအပေါင်း ကိုယ်စား မေးလျှောက်ခဲ့ပါသည်။ ယုံကြည်သူများသည် လည်း ဆုကို လိုချင်သောကြောင့် အမှုတော် ဆောင်ရွက်ကြ၏။ ဤသည်ကား၊ အပြစ်သို့ ကျရောက် ချိန်မှ စ၍ လောကလူတို့၏ စိတ်သဘောဖြစ်ခဲ့ပါသည်။

သို့သော်လည်း၊ ယုံကြည်သူများသည် ဆုလိုချင်သော စိတ်သဘောဖြင့် အမှုတော် မဆောင် ရပါ။ လုပ်အားခ သဘောတူခဲ့သော နံနက် စောစော ငှါးရမ်းသည့် အလုပ်သမားများမှအပ၊ အခြားသော အလုပ်သမားများကဲ့သို့ တော်လျော်သည်ဟု ထင်မှတ်သော အဖိုးအခကို ပေးမည့် ဘုရားသခင် လက်တော်ထဲသို့ အပ်ထားရမည်ဖြစ်ပါသည်။ ညအချိန် ရောက်၍ အလုပ်သမားအားလုံးကို လုပ်အားခ ပေးသောအခါ၊ သူတို့၏ မှားယွင်းသော စိတ်သဘော ပေါ်လွင်လာခဲ့ပါသည်။ အိမ်ရှင်သည် နောက်ဆုံးမှ အလုပ်ဝင်သော အလုပ်သမားဖြင့် စတင်လျက် ရည်ရွယ်ချက် ရှိရှိ လုပ်အားခ ပေးခဲ့ပါ၏။ ညနေ ၅ နာရီမှ စလုပ်သောသူများနှင့် နံနက် ၉ နာရီမှ စလုပ်သော အလုပ်သမားအားလုံးအား အသပြာ တပြားစီ ပေးခဲ့ပါသည်။ အိမ်ရှင်က တော်လျော်သော လုပ်အားခ ပေးမည်ဟု ဆိုသော အချက်ကို သဘောတူခဲ့ကြသောကြောင့်၊ သူတို့အားလုံးသည် ကျေနပ်ခဲ့ကြ၏။

ပထမဆုံး လုပ်ဝင်သော အလုပ်သမား အဖွဲ့၏ အလှည့် ရောက်လာသောအခါ၊ သူတို့သည် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ၊ ၁၂ နာရီ အချိန်ပြည့် အလုပ် လုပ်ကြသောကြောင့်၊ အသပြာ တပြား ထက် ပိုရမည်ဟု ထင်မှတ်ခဲ့ကြပါသည်။ အိမ်ရှင်က သူတို့အား အသပြာ တပြားစီကိုသာ ပေးခဲ့ပါသည်။ ထိုအခါ သူတို့သည် အိမ်ရှင်အပေါ် မကျေနပ်ခဲ့ကြပါ။ ညနေ ၆ နာရီမှ စလုပ်သော အလုပ်သမားတို့သည် ၁ နာရီသာ လုပ်ခဲ့ကြပြီး၊ သူတို့မူကား နေပူအောက်၌ တနေ့လုံး လုပ်ခဲ့ကြကြောင်း၊ ၁ နာရီသာ လုပ်သော အလုပ်သမားများအား သူတို့နှင့် တူညီသော လုပ်အားခကို အိမ်ရှင် အဘယ်ကြောင့် ပေးခဲ့နိုင်သနည်းဟု မြည်တမ်းခဲ့ကြပါသည်။

အိမ်ရှင်က မြည်တမ်းခဲ့သော သူများထဲမှ တဦးကို တုန့်ပြန်ခဲ့ပါသည်။ အဆွေဟု ခေါ်လျက်၊ အစကတည်းမှ သဘောတူခဲ့သည်အတိုင်း မိမိ ပေးခဲ့ခြင်းဖြစ်သောကြောင့်၊ မတရားသဖြင့် ပြုသည် မဟုတ်ကြောင်း ဆိုခဲ့ပါသည်။ သူတို့၏လုပ်အားခကို ယူ၍ ထွက်သွားဖို့ရန် ဆိုခဲ့၏။ မိမိဥစ္စာကို အိမ်ရှင် ပြုလိုသလို မပြုရသလော။ အိမ်ရှင်သည် သဘောကောင်းသောကြောင့်၊ ပထမဆုံး အလုပ် ဝင်သော အလုပ်သမားသည် မျက်မုန်းကြိုးရသလော။ အသပြာ အတွက် အလုပ်လုပ်သောကြောင့်၊ ထိုသူသည် မတရား ဆက်ဆံခြင်း ခံရသည်ဟု မှတ်ယူခဲ့၏။ သို့သော်လည်း၊ အကျိုးကို မမျှော်လင့်ဘဲ၊ အိမ်ရှင်၏ ကောင်းသော စိတ်သဘောကို ယုံကြည်လျက်၊ လုပ်အားခကို မကြည့်ဘဲ အလုပ်လုပ်သော သူတို့သည် လုပ်အားခ ဘယ်လောက်ဘဲ ရရ ကျေနပ်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - အကျိုးကို မျှော်လင့်လျက် ကျွန်တော် အမှုတော် ဆောင်ရွက်ပါသလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ သူတပါးနှင့် မိမိကိုယ်ကို ဘယ်တော့မှ မနှိုင်းဘဲ နေမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဧပြီ (၂၈)
**မသဲ ၂၁း၂၃-၃၂**
ကျက်မှတ်ရန်၊ မသဲ ၂၁း၂၇

*"ဤအမှုများကို အဘယ်အခွင့်နှင့် ငါပြုသည်ကို ငါမပြော"*

## သားနှစ်ယောက် ဥပမာ၊ မိမိကိုယ်ကို ဖြောင့်မတ်စေခြင်း သတိပေးခြင်း

ဖြစ်စဉ်မှာ၊ ယဇ်ပုရောဟိတ်ကြီးများနှင့် လူတို့၏ အကြီးအကဲများသာ ဝင်ထွက် ခွင့်ရှိသော ဗိမာန်တော် ထဲ၌ ယေရှုသည် ဩဝါဒ ပေးနေခဲ့ပါသည်။ ထိုဘာသာရေး ခေါင်းဆောင်များက ယေရှုအား ချဉ်းကပ်လျက်၊ "ကိုယ်တော်သည် ဤအမှုများကို အဘယ်အခွင့်နှင့် ပြုသနည်း။ ထိုအခွင့်ကို အဘယ်သူ ပေးသနည်း" (မသဲ ၂၁း၂၃) ဟု မေးခဲ့ကြပါသည်။ အဖြေ ပေးမည့်အစား၊ ယေရှုက၊ မိမိ မေးမည့် မေးခွန်းကို ဖြေကြလျှင်၊ သူတို့၏ မေးခွန်းကို အဖြေပေးမည်ဟု ဆိုလျက်၊ "ယောဟန်၏ ဗတ္တိဇံတရားသည် အဘယ်က ဖြစ်သနည်း။ ဘုရားက ဖြစ်သလော။ လူက ဖြစ်သလော" (မသဲ ၂၁း၂၅) ဟု မေးတော်မူ၏။ ထိုအခါ၊ ထိုခေါင်းဆောင်များက အဖြေ မပေးနိုင်ခဲ့ကြပါ။ အကြောင်းမှာ၊ ဘုရားကဖြစ်သည်ဟု ဆိုလျှင်၊ အဘယ်ကြောင့် ယောဟန်ကို မယုံသနည်းဟု မေးဦးမည်၊ လူက ဖြစ်သည်ဟု ဆိုလျှင်လည်း၊ လူတို့သည် ယောဟန်ကို ပရောဖက်ဟု ယုံကြည်ကြသောကြောင့်၊ လူတို့ကို ကြောက်ကြ၏။ ထို့ကြောင့်၊ ယေရှုကလည်း၊ အဘယ်အခွင့်နှင့် ဝင်ရောက်လျက် ဩဝါဒပေးသည်ကို ငါလည်း မပြောဟု ပြန်ဖြေခဲ့ပါသည်။

ယေရှုက သားနှစ်ယောက် ဥပမာကို မိန့်တော်မူခဲ့ပါသည်။ ဤဥပမာကို "ကောင်းကင်နိုင်ငံတော်သည်" ဟူသော စကားစုဖြင့် မစတင်ခဲ့ပါ။ ဤဥပမာသည် ဘာသာရေးခေါင်းဆောင်များကို အပြစ်တင်သော ဥပမာဖြစ်ပါသည်။ ဤဘာသာရေးခေါင်းဆောင်များသည် အပြစ်မှ နောင်တရလျက်၊ သူတို့၏အပြစ်အတွက် အသေခံမည့် မေရှိယတည်းဟူသော နာဇရက်မြို့သား ယေရှုကို လက်ခံခြင်း မရှိလျှင်၊ သူတို့အတွက် ကောင်းကင်နိုင်ငံတော် မရှိပါ။ သူတို့သည် ကောင်းကင်နိုင်ငံ ဝင်ခွင့် ရမည် မဟုတ်ပါ။ သူတို့သည် ဘုရားသခင် လူတို့၏ ဝိညာဉ် ခေါင်းဆောင်များဟု မိမိကိုယ်ကို ထင်မှတ်လျက်၊ ယေရှုအား သမ္မာတရား ဟောပြောခြင်း အခွင့်အာဏာ ချိုးဖောက်သောသူဟု သတ်မှတ် ခဲ့ကြပါသည်။ အမှန်တရားကို သိလိုသောကြောင့်၊ ယေရှုအား မေးခဲ့ကြခြင်း မဟုတ်ပါ။ မိမိကိုယ်ကို မှန်သည်ဟု ထင်မှတ်လျက်၊ သူတပါးအား မှားသည်ဟု မှတ်ယူသောကြောင့်၊ မေးခဲ့ကြခြင်း ဖြစ်ပါသည်။ ယေရှုသည် သူတို့ မေးကြရခြင်း ရည်ရွယ်ချက်ကို သိတော်မူခဲ့၏။ သူတို့သည် သင်ကြား လိုသောကြောင့် မဟုတ်ဘဲ၊ အပြစ်ရှာလိုသောကြောင့် မေးခွန်းထုတ်ကြခြင်းဖြစ်ပါသည်။

ယေရှုသည် ရိုးသားသော သူများ၏ မေးခွန်းများကို အစဉ် ဖြေပေးတော်မူ၏။ တပည့်တော်များနည်းတူ၊ သင်ကြားလိုသော၊ နာခံ လိုက်လျှောက်လိုသော စိတ်ဖြင့် သမ္မာတရားကို ရှာသောသူတို့ကို အဖြေပေးတော်မူ၏။ သို့သော်လည်း၊ အခြားသော ရည်ရွယ်ချက်ဖြင့် မေးခွန်းထုတ်သောအခါ၊ တန်ပြန် မေးခွန်းထုတ်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ ယေရှု၏ မေးခွန်း သူတို့ မဖြေလိုခြင်းက သူတို့၏ မရိုးသားမှုကို ပေါ်လွင်စေခဲ့ပါသည်။

**ဆင်ခြင်ရန်** - အပြစ်ရှာဖို့၊ ကြွားဝါဖို့၊ သင်ယူဖို့၊ အဘယ်တခုအတွက် ကျွန်တော် မေးခွန်း ထုတ်ပါသနည်း။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်တော် ပို့ဆောင်တော်မူသော အကျွန်ုပ် ဆရာများ၏ သွန်သင်ချက်ကို နှိမ့်ချသော စိတ်သဘောဖြင့် အစဉ် နာခံ သင်ယူမည်အကြောင်း မစတော်မူပါ။ အာမင်။



ကြာသပတေး၊ ဇွန် (၄)
**လု ၁၁း၁-၁၃**
ကျက်မှတ်ရန်၊ လု ၁၁း၁၃

*"ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသော ဝိညာဉ်တော်ကို သာ၍ ပေးတော်မူမည် မဟုတ်လော"*

## သန်းခေါင်ချိန် အဆွေခင်ပွန်း ဥပမာ၊ ဆုတောင်းချက် နားညောင်းခြင်း

ထိုမိတ်ဆွေသည် မိမိမိတ်ဆွေအား ကူညီဖို့ရန် တံခါး မဖွင့်ပေးလိုခဲ့သော်လည်း၊ အား မလျှော့ဘဲ တောင်းနေသောကြောင့်၊ လုအပ်သလောက် ပေးခဲ့ပါလျှင်၊ အားမလျှော့ဘဲ တောင်းလျှောက် နေသော မိမိ သားသမီးများအား ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏ အဖဘုရားသည် ပို၍ များစွာ ပေးတော်မူမည် မဟုတ်သလော။

ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့၏ အဖဘုရားသည် သားသမီးတို့အား၊ သဘောတရား မဟုတ်ဘဲ၊ စိတ်နှလုံးထဲမှ ယုံကြည်ခြင်းဖြင့် စိတ်အားထက်သန်စွာ တောင်းလျှောက် စေလိုတော်မူ၏။ ထိုတရားကို ဖော်ပြဖို့ရန်၊ ယေရှုက ဤသို့ မိန့်တော်မူ၏၊ "တဖန် ငါဆိုသည်ကား၊ တောင်းကြလော့။ တောင်းလျှင် ရမည်။ ရှာကြလော့။ ရှာလျှင် တွေ့မည်။ တံခါးကို ခေါက်ကြလော့၊ ခေါက်လျှင် ဖွင့်မည်။ တောင်းသောသူမည်သည်ကား ရ၏။ ရှာသောသူ လည်း တွေ့၏။ ခေါက်သော သူအားလည်း တံခါးကို ဖွင့်၏" (လု ၁၀း၉-၁၀)။ ယုံကြည်သူ ဆုတောင်းခြင်းတိုင်း၌ တောင်းခြင်း၊ ရှာခြင်း၊ ခေါက်ခြင်းသည် အလွန် အရေးကြီးလှပါသည်။ ထိုသို့ ဆုတောင်းသောအခါ၊ ဘုရားသခင် အဖြေပေးတော်မူလျှင်၊ သူ၏ဝိညာဉ်အသက်တာ အားရှိလျက်၊ ဘုရားသခင်အပေါ် မိမိ၏ ယုံကြည် ကိုးစားခြင်း ပိုခိုင်မာလာမည်ဖြစ်ပါသည်။ မခြားမလပ် ကျွန်တော်တို့ ဆုတောင်းသောအခါ၊ ထိုသို့ ဝိညာဉ်အကျိုးများကို ကျွန်တော်တို့ ခံစားရမည်ဖြစ်ပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့အား နားညောင်းတော်မူမည်အကြောင်း၊ အဖြေပေးမည်အကြောင်း ဂတိထားတော်မူ၏။ အရေးကြီးသည်မှာ ဘုရားသခင်၏သားသမီးများသည် တောင်းပါသလား၊ ရှာပါသလား၊ ခေါက်ပါသလား ဟူသောအချက် ဖြစ်ပါသည်။

မခြားမလပ် အစဉ် ဆုတောင်းပါ၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်၏အဖဘုရားသည် သင့်ဝိညာဉ်အတွက် အကောင်းဆုံးသောအရာကို အစဉ် ပေးတော်မူလိမ့်မည်။ သင်သည် မုန့်၊ ငါးနှင့် ကြက်ဥကို တောင်းလျှင်၊ သင်၏အဖဘုရားသည် မုန့်၊ ငါးနှင့် ကြက်ဥ ပေးတော်မူလိမ့်မည်။ ဆိုးသော ကျွန်တော်တို့သည် သားသမီးများထံ ကောင်းသောအရာကို ပေးတတ်သည်မှန်လျှင်၊ ချစ်ခြင်းနှင့်ၾင်း၊ ကျေးဇူးတော်နှင့်ၾင်း ပြည့်စုံတော်မူသော ကျွန်ုပ်တို့၏ အဖဘုရားသည် အကောင်းဆုံးအရာများနှင့်၊ ယုံကြည်သူအပေါင်း၌ ကျိန်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်ကိုလည်း ပေးသနားတော်မူလိမ့်မည်။ ယုံကြည်သူ အသက်တာ၌ ဘုရားသခင်ထံ သန့်ရှင်းသော ဝိညာဉ်တော်၏မစတော်မူခြင်း တောင်းလျှောက်ခြင်းသည် အကောင်းဆုံးသော တောင်းလျှောက်ခြင်းဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် နှိမ့်သိမ့်ခြင်း၊ ခွန်အား၊ ဉာဏ်အလင်းကိုပေးလျက်၊ ယုံကြည်သူကို လမ်းပြပို့ဆောင်ပေးတော်မူပြီး၊ ဘုရားသခင်၏အလိုတော်ကို ပြုစေတော်မူလိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် အလိုတော်အတိုင်း ယုံကြည်ခြင်းဖြင့် အစဉ် ဆုတောင်းလျှင်၊ ဘုရားသခင် သည် စုံလင်သောအဖြေ အစဉ် ပေးတော်မူလိမ့်မည်။ ထို့ကြောင့် ယုံကြည်သူအပေါင်းသည် ထိုသို့ အစဉ် ဆုတောင်းရပါမည်။ အဖြေပေးခြင်းခံရသောအခါ၊ မိမိနှင့်အတူ ကောင်းကင်ဘုံ၌ ရှိတော်မူ သော အဖဘုရား ရှိတော်မူကြောင်း ခံစားရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဆုတောင်းခြင်းကို မရပ်လိုက်ပါနှင့်။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ အကျွန်ုပ်အား ယုံကြည်ခြင်းဖြင့် အစဉ် ဆုတောင်းမည်အကြောင်း မစတော်မူပါ။

*"အားမလျှော့ဘဲ တောင်း၍ နေသောကြောင့် ထ၍ လိုချင်သမျှကို ပေးလိမ့်မည်"*

## သန်းခေါင်ချိန် အဆွေခင်ပွန်း ဥပမာ၊ အားမလျှော့ဘဲ ဆုတောင်းခြင်း

ဘုရားသခင် သားသမီးများ၏ ယုံကြည်ခြင်းဖြင့် မြွက်ဆိုသော ဆုတောင်းချက်တိုင်း ချက်ချင်း အဖြေရခဲ့ပါလျှင်၊ ယုံကြည်သူနှင့် ဘုရားသခင်၏ ဆက်နွယ်မှုသည် တိုတောင်းလျက် အေးတိအေးစက် ဖြစ်လာလိမ့်မည်။ ယုံကြည်သူ၏ အသက်တာတွင် ဘုရားသခင်နှင့်ခရစ်တော်အတွက် စိတ်အား ထက်သန်မှု ရှိလိမ့်မည် မဟုတ်တော့ပါ။ အရာရာတိုင်းကို အလေးထားခြင်း မရှိတော့ဘဲ ပေါ့ပေါ့တန်တန် တွေးလိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင်သည် သားသမီးများအား စိတ်အား ထက်သန်စွာ ဆုတောင်းကြဖို့ အလိုရှိတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ ထို အားမလျှော့ဘဲ ဆုတောင်းခြင်းဖြင့်၊ ထိုသူ၏ စိတ်နှလုံးထဲ၌ရှိသော ယုံကြည်ခြင်းကို ပေါ်လွင်ထင်ရှားခဲ့ပါသည်။ သဘောတရား တောင်းလျှောက်ခြင်း မဟုတ်ဘဲ၊ ဆုံးဖြတ်ချက် ခိုင်မာစွာ ချလျက် တောင်းလျှောက် ကြောင်း ထင်ရှားစေပါသည်။ တောင်းလျှောက်သောအရာကို အလေးထားခြင်း မရှိလျှင်၊ ဆက်လက် တောင်းလျှောက်နေမည် မဟုတ်ပါ။ သို့သော်လည်း၊ တဘက်တွင်၊ တစုံတယောက် (သို့) တစုံတခုကို အတွက် အသည်းအသန် တောင်းလျှောက်ခြင်းလည်း ရှိပါသည်။ ဥပမာအားဖြင့်၊ ဒါဝိဒ်သည် အလွန် ဖျားနာလျက်ရှိသော မိမိသားပြန်လည် ကျန်းမာလာဖို့ရန် အစာရှောင်လျက် ဆုတောင်းခဲ့ပါသည်။

ဘုရားသခင်နှင့် ယုံကြည်သူ ဆက်ဆံမှုတွင် အားမလျှော့ဘဲ ကြိုးစား ဆုတောင်းခြင်း လိုအပ်ပါသည်။ ဘုရားသခင်ထံ မှန်ကန်သောနည်းလမ်းဖြင့် ဆုတောင်းမည်အကြောင်း ကျမ်းစာ သင်ပေးသော ဆုတောင်းနည်းကို နားလည်ဖို့လိုအပ်ပါသည်။ အားမလျှော့ဘဲ ဆုတောင်းခြင်းကို၊ မိမိ ချစ်သော ဖခင်နှင့် အစဉ်မပြတ် အတူ နေထိုင်သော သား ကဲ့သို့ ဘုရားသခင်နှင့် အစဉ် မိသာဟာရဖွဲ့ခြင်းဟု ဆိုရပါမည်။ ဤဥပမာတွင်၊ သန်းခေါင်အချိန် ရောက်ရှိလာသော မိမိ၏မိတ်ဆွေ အား ကျွေးမွေးဖို့ရန် မုန့်သုံးလုံး တောင်းသောသူ တဦးကို ဖော်ပြခဲ့ပါသည်။ ယုဒ ဓလေ့ထုံးစံတွင် ဧည့်သည်များကို ကျွေးမွေးပြုစုရမည်ဖြစ်၏။ သူသည် မုန့်သုံးလုံးကို လက်ဆောင်အဖြစ် မဟုတ်ဘဲ၊ ချေးပေးဖို့ တောင်းခြင်း ဖြစ်ပါသည်။ သို့သော်လည်း၊ သူ့မိတ်ဆွေ၏ တုန့်ပြန်မှုဟူမူကား၊ အိမ်တံခါး ပိတ်ပြီဖြစ်၍ သားသမီးများနှင့်အတူ အိပ်ယာဝင်ပြီဖြစ်ပြီး၊ မထလိုသောကြောင့်၊ မိမိအား ဆက်လက် မနှောင့်ယှက်ပါနှင့် ဟူ၍ဖြစ်ပါသည်။

သခင်ယေရှုက ထိုသို့ သန်းခေါင်အချိန်၌ တောင်းလျှောက်သောကြောင့်၊ ထိုမုန့်သုံးလုံးကို ပေးမည် မဟုတ်ပါ။ သို့သော်လည်း၊ အားမလျှော့ဘဲ ဆက်လက် တောင်းနေပါလျှင်၊ သူသည် ထ၍ လိုအပ်သလောက် ပေးလိမ့်ပါလိမ့်မည်ဟု မိန့်တော်မူ၏။ ယုဒ ဓလေ့ထုံးစံသည် ဘယ်အချိန်ဖြစ် ဖြစ် ရောက်လာသော ဧည့်သည်ကို ကျွေးမွေးရမည်ဖြစ်ကြောင်း သူ့မိတ်ဆွေက နားလည်ခဲ့ပါသည်။ ထို့ကြောင့်၊ သူသည် ထိုမုန့်သုံးလုံး မရမချင်း အိမ်ပြင်၌ရပ်လျက် ဆက်လက်တောင်းနေပါမည် ဟု သိလျက် ပေးလိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့်၊ မိတ်ဆွေထက်ပိုသော ကျွန်ုပ်တို့၏ ဘုရားသခင်သည် ကျွန်တော်တို့ အားမလျှော့ဘဲ ကြိုးစား တောင်းလျှောက်လျှင် များစွာ ပေးတော်မူလိမ့်မည်။ ကျွန်ုပ်တို့၏ ဆုတောင်းသံကို ကြားလိုလျက်၊ အဖြေပေး တော်မူလိုသော၊ ကျွန်ုပ်တို့၏ ကောင်းကင်ဘုံ၌ရှိတော်မူသော အဖဘုရားဖြစ်တော်မူ၏။ မခြားမလပ် အစဉ် ဆုတောင်းကြပါစို့။

**ဆင်ခြင်ရန်** - ကျွန်တော် မခြားမလပ် အစဉ် ဆုတောင်းပါသလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ဆုတောင်းခြင်း၌ အားမလျှော့ဘဲ ကြိုးစား ဆုတောင်း မည်အကြောင်း သွန်သင်ပေးတော်မူပါ။





*"ထိုအကြောင်းကို သင်တို့သည် မြင်သော်လည်း ယုံကြည်မည်အကြောင်း နောက်တဖန် နောင်တမရကြ"*

## သားနှစ်ယောက် ဥပမာ၊ နောင်တရဖို့ရန် နောက်မကျသေး

မိမိ၏မေးခွန်းကို ယဇ်ပုရောဟိတ်ကြီးများနှင့် အကြီးအကဲများသည် အဖြေ မပေးလိုကြ သော်လည်း၊ ယေရှုသည် သူတို့အား သမ္မာတရား သိစေလိုခဲ့ပါသည်။ သားနှစ်ယောက် ဥပမာသည် သားနှစ်ယောက် ရှိသော စပျစ်ဥယျာဉ် ပိုင်ရှင်ဖြင့် စတင်ခဲ့ပါသည်။ သားအကြီးအား၊ မိမိ၏ စပျစ်ဥယျာဉ်သို့ "သွား၍ လုပ်ဆောင်လော့" (မသဲ ၂၁း၂၈) ဟု ဆိုခဲ့ပါသည်။ သားအကြီးက၊ ငါ မသွားဘူးဟု ပြန်ပြောသော်လည်း၊ နောက်မှ နောင်တရလျက် သွားခဲ့ပါသည်။ ဖခင်သည် သားငယ် ထံ သွား၍၊ မိမိ စပျစ်ဥယျာဉ်၌ အလုပ်လုပ်ရန် ခိုင်းခဲ့ပါသည်။ ဖခင်အား၊ ငါ သွားမည်ဟု ဖြေခဲ့ပါ သည်။ သို့သော်လည်း၊ သူသည် မသွားခဲ့ပါ။ ထိုအခါ၊ ယေရှုက ယဇ်ပုရောဟိတ်ကြီးများနှင့် လူတို့၏ အကြီးအကဲများအား၊ သားနှစ်ယောက်တွင် အဘယ်သူသည် ဖခင်၏အလိုကို ဆောင်ရွက်သနည်းဟု မေးတော်မူခဲ့ပါသည်။

သူတို့က၊ "သားအကြီး" (မသဲ ၂၁း၃၁) ဟု ဖြေခဲ့ကြ၏။ ကယ်တင်ခြင်း မိမိ လိုအပ်ကြောင်း သိသော အပြစ်သားများကို သားအကြီးက ကိုယ်စားပြုပါသည်။ သားငယ်က ယဇ်ပုရောဟိတ်များနှင့် အကြီးအကဲများကို ကိုယ်စားပြုပါသည်။ သူတို့သည် ဘုရားသခင်၏အမှုတော်ဆောင်များ ဖြစ်ကြ သောကြောင့်၊ ကယ်တင်ခြင်း ခံရပြီဟု ထင်လျက်၊ ကယ်တင်ခြင်း မလိုအပ်ဟု ထင်မှတ်ကြပါသည်။ ဥယျာဉ် ပိုင်ရှင်သည် ခမည်းတော် ဘုရားဖြစ်တော်မူ၏။ စပျစ်ဥယျာဉ်သည် ဤလောကဖြစ်ပါသည်။

ယေရှုက အခွန်ခံများနှင့် ပြည်တန်ဆာများသည် ယဇ်ပုရောဟိတ်များနှင့် အကြီးအကဲများ အရင် ကောင်းကင်နိုင်ငံသို့ ဝင်ရောက်ကြလိမ့်မည်ဟု မိန့်တော်မူခဲ့၏။ အကြောင်းမှာ၊ ထိုသူတို့သည် ဗတ္တိဇံဆရာ ယောဟန်၏ ဩဝါဒတရားကို ယုံကြည်ခဲ့ကြပြီး၊ ယဇ်ပုရောဟိတ်နှင့် အကြီးအကဲတို့သည် ထိုအပြစ်သားတို့၏ ပြောင်းလဲသော အသက်တာကို မြင်ကြရသည့်တိုင် ယုံကြည်ခြင်း မရှိခဲ့ကြသော ကြောင့် ဖြစ်ပါသည်။ ယဇ်ပုရောဟိတ်များနှင့် ထိုအကြီးအကဲများသည် မိမိတို့မှားယွင်းကြောင်းကိုငှင်း၊ ကယ်တင်ခြင်း လိုအပ်ကြောင်းကိုငှင်း၊ ဝန်မခံခဲ့ကြပါ။ ထိုသို့ ဝန်ခံဖို့ရန်၊ ယောဟန်၏ အမှုတော်ကို ယုံကြည်လျက်၊ သူသည် ဘုရားသခင် စေလွှတ်တော်မူသော ပရောဖက်ဖြစ်ကြောင်း လက်ခံဖို့လို၏။

သားနှစ်ဦး ဥပမာသည် ယဇ်ပုရောဟိတ်များနှင့် အကြီးအကဲများကို အပြစ်တင်ဖို့ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ အသက်ရှိနေသရွေ့ သူတို့အတွက် နောင်တရဖို့ အချိန်ရှိသေး၏။ သူတို့ သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို များစွာ ဟောပြောခဲ့ကြသော်လည်း၊ ထိုနှုတ်ကပတ်တော် အတိုင်း အသက် မရှင်ခဲ့ကြပါ။ နှုတ်ဖြင့် ဝန်ခံလျက်၊ နာခံခြင်း မရှိခြင်းသည်၊ နှုတ်ဖြင့် ငြင်းပယ်လျက်၊ နောက်မှ နောင်တရ၍ နာခံခြင်း ထက် ပို၍ဆိုးပါသည်။ အမည်ခံ ခရစ်ယာန်အပေါင်းနှင့်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဟောပြော သင်ကြားပေးသော အမှုတော်ဆောင်တို့သည် ဤဥပမာကို သတိပြုလျက်၊ ဘုရားသခင်၏နှုတ်ကပတ်တော် နာခံလိုက်လျှောက်ခြင်းဖြင့် မိမိတို့၏ ကယ်တင်ခြင်း မှန်ကန်ကြောင်း သေချာဖို့ လိုအပ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်ယာန်အကြောင်းကိုသာ ကျွန်တော်ပြောနေပါသလား၊ ခရစ်ယာန် အသက်တာဖြင့် ကျွန်တော် အသက်ရှင်ပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အား ကိုယ်တော်၏ နှုတ်ကပတ်တရားကို ကြားနာသောသူ လက်တွေ့ လုပ်ဆောင်သောသူ ဖြစ်မည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ ဧပြီ (၁၀)
**မသဲ ၂၁း၂၃-၃၂**
ကျက်မှတ်ရန်၊ မသဲ ၂၁း၃၂

*“အိမ်ရှင် တဦးသည် စပျစ်ဥယျာဉ်ကို စိုက်ပျိုး၍၊ . . . လုပ်ဆောင်သောသူတို့အား ဥယျာဉ်ကို ငှါး၍”*

## လုပ်ဆောင်သောသူ ဥပမာ၊ လိုအပ်သော ဆုံးမ ပြစ်တင်မှု

“ကောင်းကင်နိုင်ငံတော်သည်” ဟူသော စကားစုဖြင့် မစတင်သော နောက်ထပ် ဥပမာ တခုဖြစ်ပါသည်။ အရင် ဥပမာနည်းတူ၊ ယဇ်ပုရောဟိတ်ကြီးများနှင့် အကြီးအကဲများအတွက် ပြောကြား ခြင်းဖြစ်ပါသည်။ ယေရှုက သူတို့ကို ဆန့်ကျင်လျက် ဤဥပမာစကားကို ပြောခဲ့ပါသည်။ သူတို့က ယေရှုသည် မိမိတို့အား ပစ်မှတ်ထားကြောင်း နားလည်ခဲ့ကြ၏ (မသဲ ၂၁း၄၅)။ နောင်တ ရကြမည့်အစား၊ သူတို့သည် ယေရှုအား ဖမ်းဆီးဖို့ရန် ကြံရွယ်ခဲ့ကြ၏။ သို့သော်လည်း၊ လူထုကို ကြောက်သောကြောင့် မဖမ်းရဲကြပါ။

ဆုံးမ အပြစ်တင်ခြင်းသည် အပြစ်သားတိုင်းအတွက် ကောင်းသောအရာဖြစ်ပါသည်။ သူတို့ စိတ်နှလုံးထဲရှိ အပြစ်များကို မြင်ကြမည်အကြောင်း ယေရှုက ယဇ်ပုရောဟိတ်ကြီးများနှင့် အကြီးအကဲများကို အပြစ်တင်တော်မူခဲ့၏။ မိမိကိုယ်ကို ဖြောင့်မတ်စေခြင်းက သူတို့အား မျက်ကန်းဖြစ်စေ ခဲ့ပါသည်။ သူတို့၏ ဘာသာရေး အယူအဆက သူတို့သည် ကောင်းကင်လမ်းကို လျှောက်သွားနေ ကြသည်ဟုထင်မှတ်စေခဲ့ပါသည်။ မိမိသည် ခရစ်တော်ဖြစ်ကြောင်း၊ ငြင်း၍ မရ သော အံ့ဘွယ်နိမိတ် လက္ခဏာများဖြင့် ယေရှု သင်ပေးတော်မူသော တရားကို သူတို့သည် လက်မခံ ခဲ့ကြပါ။ သူတို့သည် မာနထောင်လွှားလျက် ရှိပြီး၊ နောင်တ မရလျှင်၊ အပြစ်စီရင်ခြင်း ခံရကြမည်။

သူတို့သည် ယုံကြည်ခြင်းရှိလျှင် ကယ်တင်ခြင်း တံခါးသည် ဖွင့်လျက်ရှိသေးကြောင်း၊ ဤသားနှစ်ဦး ဥပမာက ဖော်ပြခဲ့ပါသည်။ ယေရှု၏အပြစ်တင် ဆုံးမခြင်းသည် တသက်လုံး သူတို့၏ စိတ်နှလုံးကို ခိုင်မာစေခဲ့သော သူတို့၏ဝိညာဉ်ရေးရာ နုံအခြင်းမှ တုန်လှုပ်ခြင်းရှိစေဖို့ရန် ဖြစ်ပါသည်။ ထိုတုန်လှုပ်စေခြင်း အားဖြင့် သူတို့သည် မိမိတို့၏ စိတ်နှလုံးကို သေချာ စမ်းစစ်လျက်၊ အပြစ်မှ ကယ်တင်ခြင်း ရကောင်း ရနိုင်ကြပါ၏။

ကျွန်တော်တို့သည် ကျမ်းစာကို သိကျွမ်းလျက်၊ သင်ကြားပေးသောကြောင့်၊ ခရစ်ယာန်ဖြစ် ပြီဟု ထင်မှတ်တတ်ကြပါသည်။ ကျမ်းစာဘွဲ့ ရသောသူ၊ ဘိသိက်ပေးခြင်း ခံရသောသူ (သို့) ကျမ်းစာကျောင်း၌ ကျောင်းအုပ်ကြီး ရာထူးရရှိသောသူ များကို ခရစ်ယာန်ဖြစ်ပြီဟု ထင်မှတ်ထား တတ်ကြပါသည်။ ထိုသို့ မိမိကိုယ်ကို ထင်သောသူများသည် ယေရှု ခေတ်ရှိ ဤယဇ်ပုရောဟိတ်ကြီး များ၊ ဖာရိရှဲများထက် ပိုမကောင်းကြပါ။ ဘုရားသခင်ကို သိကြပြီ၊ လက်ထဲ၌ ကျမ်းစာ ကိုင်ကြသော ကြောင့် ဘုရားသခင်ကလည်း သူတို့ကို သိမှတ်ပြီ ဟု ထင်လျက်၊ နောင်တရဖို့ မလိုဟု ထင်မှတ်ကြပါ ၏။ အပြစ်သားသည် မျက်ကန်းဖြစ်လျက် အလွန်မိုက်မဲလှပါသည်တကား။ လူသည် ကောင်းကင်နိုင်ငံ ဝင်စားဖို့ရန် ဒုတိယ မွေးဖွားခြင်း ခံရမည်ဖြစ်ပါသည်။ ထိုသူသည် လူတို့အကြား၌ ခရစ်တော်၏ အသက်တာအတိုင်း အသက်ရှင်သောသူ ဖြစ်၏။ အပြုအမူ အကျင့်အားဖြင့် မိမိ၏ ယုံကြည်ခြင်းကို အမှန် ထင်ရှား ပေါ်လွင်စေတတ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်၌ ကျွန်တော် လက်တွေ့ ကျင်လည် အသက်ရှင်ပါသလား (သို့) စကား အဖြစ်သာ ပြောနေပါသလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ အကျွန်ုပ်၏ ကယ်တင်ခြင်း ခံရခြင်းအကြောင်းကို အပြောအားဖြင့် မဟုတ်ဘဲ၊ အကျင့်အားဖြင့် သက်သေပြမည်အကြောင်း မစတော်မူပါ။ အာမင်။



အင်္ဂါ၊ ဇွန် (၂)
**လု ၁၁း၁-၁၃**
ကျက်မှတ်ရန်၊ လု ၁၁း၂-၄

*“အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ၊ မကောင်းသော အမှုအရာမှလည်း ကယ်နှုတ်တော်မူပါ”*

## သန်းခေါင်ချိန် အဆွေခင်ပွန်း ဥပမာ၊ သမ္မာကျမ်းစာအတိုင်း ဆုတောင်းပါ

ယေရှုက တပည့်တော်များအား၊ ဓမ္မဟောင်း သန့်ရှင်းသူများ မခံခဲ့ရသော၊ ဆုတောင်းခြင်း နည်းလမ်း သင်ပေးတော်မူခဲ့၏။ ဘုရားသခင်အား “အဖ” ဟု ခေါ်ခြင်းသည် ဣသရေလလူအတွက် မတွေးဝံ့စရာဖြစ်ပါသည်။ အကြောင်းမှာ၊ သူတို့သည် ဘုရားသခင်အား သန့်ရှင်း ဖြောင့်မတ်သော၊ အနန္တတန်ခိုးရှင်းအဖြစ်သာ ချဉ်းကပ်ခဲ့ကြ၏။ သူတို့သည် ထိုအနန္တတန်ခိုးရှင် ဘုရားသခင်ကို အလွန် ကြောက်ရွံ့ ရိုသေခြင်းရှိလျက် တုန်လှုပ်ခြင်း ရှိခဲ့ကြပါသည်။ “. . . တောင်ပေါ်မှာ မိုးချုန်းခြင်း၊ လျှပ်ပြက်ခြင်းနှင့်တကွ မိုးတိမ်တိုက် လွှမ်းမိုး၍ ကြီးသောအသံနှင့် တံပိုးမြည်သဖြင့်၊ တပ်၌ ရှိသော လူအပေါင်းတို့သည် တုန်လှုပ်ကြ၏” (ထွက် ၁၉း၁၆)။

လုကာ ၁၁ ထဲတွင်၊ တပည့်တော်များက ခရစ်တော်အား ဆုတောင်းခြင်း သင်ပေးဖို့ရန် တောင်းလျှောက်ခဲ့ကြ၏။ ဘုရားသခင်အား ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏အဖ ဟု ခေါ်လျက် စတင်ခဲ့ပါသည်။ ထို့နောက်၊ ဆုတောင်းခြင်း၏ ရည်ရွယ်ချက်သည် ဘုရားသခင်၏ နာမတော် ချီးမြှောက်ခြင်း၊ ရိုသေလေးစားခြင်း ဖြစ်ပါသည်။ နိုင်ငံတော် တည်ထောင်ပါစေသော်၊ ဟူသော ဆုတောင်း ချက်သည် ကောင်းကင်ဘုံ၌ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရား လွှမ်းခြုံ သကဲ့သို့၊ ဤလောက ၌ ဘုရားသခင်၏ တရားမျှတခြင်း လွှမ်းမိုးဖို့ရန် တောင်းလျှောက်ခြင်း ဖြစ်၏။ ကောင်းကင်ဘုံ၌ ဘုရားသခင်၏ အလိုတော် အစဉ် ပြည့်စုံခြင်းရှိသည်ဖြစ်သောကြောင့်၊ ဤလောက၌ ဘုရားသခင်၏ အလိုတော် ပြည့်စုံခြင်းရှိဖို့ရန် တောင်းလျှောက်ကြပါလော့။ ဤဆုတောင်းခြင်း၏ အခြေခံတရားသည်၊ တပည့်တော်များ အတွက် လုံးဝ အသစ်ဖြစ်သော၊ ဖခင်နှင့်သား ဆက်နွယ်မှု ပင်ဖြစ်ပါသည်။

ခရစ်တော် သင်ပေးတော်မူသော ဆုတောင်းခြင်းသည် မသဲ ၆း၉-၁၃ တွင် တွေ့ရသော၊ ပဌနာတော်နှင့် အတူတူပင်ဖြစ်ပါသည်။ သခင်ယေရှုက ယုံကြည်သူအပေါင်းတို့အား ပဌနာတော်၌ ဖော်ပြ ထားသော အချက်အတိုင်း ဆုတောင်းကြဖို့ သွန်သင်ခဲ့ပါသည်။ အကြောင်းမှာ၊ ဆုတောင်းခြင်းသည် ဘုရားသခင်၏သားသမီးများအား ဝိညာဉ်တိုက်ပွဲ၌ အောင်နိုင်သူဖြစ်မည်အကြောင်း ဘုရားသခင် ပေးတော်မူသော အဓိက လက်နက်ဖြစ်ပါသည်။ ယုံကြည်သူများသည် မိမိကိုယ်ကို ကိုးစားခြင်း မပြုရပါ။ ထိုသို့ပြုလျှင်၊ ကျဆုံးလိမ့်မည်ဖြစ်၏။ မသား၏အဘဖြစ်သော၊ မာရ်နတ်၏ ပါးနပ်လှသော သွေးဆောင်မှုများ ကို ရင်ဆိုင်ဖို့ မိမိကိုယ်ကို အားကိုးခြင်းက ယုံကြည်သူအား အဘယ် အကူအညီ ပေးနိုင်လိမ့်မည်နည်း။ ဆုံးဖြတ်ချက် မချမီ၊ ဘုရားသခင်၏ လမ်းပြမှုကို တောင်းလျှောက်လျှင်၊ ခရစ်ယာန် အသက်တာ၌ မှန်ကန် သော ဆုံးဖြတ်ချက် ချနိုင်ဖို့ရန် ဘုရားသခင် မစတော်မူလိမ့်မည်။ ထို့ကြောင့်၊ မခြားမလပ် ဆုတောင်းဖို့ သားသမီးများအား ဘုရားသခင် မိန့်တော်မူခဲ့ခြင်းဖြစ်ပါသည်။ လုကာ ၁၁း၂-၃ ထဲ၌ သွန်သင်ထားသော ဆုတောင်းခြင်းနည်းလမ်းသည် ယုံကြည်သူတိုင်း ဆုတောင်းသောအခါ ဘုရားသခင် နားညောင်းတော်မူမည် အကြောင်း ရည်ရွယ်ခြင်းဖြစ်ပါသည်။

ယုံကြည်သူတိုင်း၏ အသက်တာ၌ ဆုတောင်းခြင်းသည် အလွန် မင်္ဂလာရှိသော၊ တန်ခိုးရှိသော အရာဖြစ်ပါသည်။ ဘုရားသခင်က သားသမီးများအား နေ့ည အချိန်မရွေး မိမိထံ ချဉ်းကပ်ရသောအခွင့်ကို ပေးတော်မူခဲ့ပါသည်။ အဘယ်အမှုကို မဆို ဘုရားသခင်ထံ ဆက်ကပ်ခွင့်ရှိပါသည်။ သားသမီးတို့သည် မိမိထံ ဆုတောင်းမည်အကြောင်း၊ ဆုတောင်းသံကို ကြားလျက် အဖြေ ပေးလိုသော ဘုရားသခင်ဖြစ်၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်အား ဆုတောင်းနည်း သွန်သင်ပေးဖို့ရန် ခရစ်တော်ကို ကျွန်တော် တောင်းလျှောက်ပါသလား။

**ဆုတောင်းချက်-** အို ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်တော်နှင့် မိသာဟာရ အစဉ်ဖွဲ့မည် အကြောင်း မစတော်မူပါ။

တနင်္လာ၊ ဇွန် (၁)
**လု ၁၁း၁-၁၃**
ကျက်မှတ်ရန်၊ လု ၁၁း၄

*"ကောင်းကင်ဘုံ၌ရှိတော်မူသော အကျွန်ုပ်တို့၏အဘ၊ ကိုယ်တော်၏နာမတော်အား ရိုသေလေးမြတ်ခြင်း ရှိပါစေသော။ နိုင်ငံတော် တည်ထောင်ပါစေသော။"*

## သန်းခေါင်အချိန် အဆွေခင်ပွန်း ဥပမာ၊ ဆုတောင်းခြင်း သင်ခန်းစာ

တပည့်တော်များက ယေရှု ဆုတောင်းနေသည်ကို မြင်ကြ၏။ ဆုတောင်းပြီးသောအခါ၊ ဗတ္တိဇံဆရာ ယောဟန်က မိမိတပည့်များကို သင်ပေးသကဲ့သို့၊ သခင်ယေရှုအား မိမိတို့ကို ဆုတောင်း သင်ပေးဖို့ရန် တပည့်တော်များက တောင်းလျှောက်ခဲ့ကြပါသည်။ ယေရှုထံမှ တိုက်ရိုက် သင်ကြား သောအချက်သည် လိုက်လျှောက်ရမည့် နည်းလမ်းဖြစ်ပါသည်။ တပည့်တော်များ၏ တောင်းလျှောက် မှုသည် မှန်ကန်သော တောင်းလျှောက်မှုဖြစ်ပါသည်။ အကြောင်းမှာ၊ သခင်ကိုယ်တိုင် ဆုတောင်းခဲ့လျှင်၊ တပည့်တော်များသည် ဘယ်လောက် ဆုတောင်းဖို့ ပိုလိုအပ်လိမ့်မည်နည်း။ ယေရှု သင်ပေး တော်မူသော ဆုတောင်းခြင်းသည် တောင်ပေါ်ဒေသနာထဲ၌ ပါဝင်သောအချက်နှင့် တူပါသည် (မသဲ ၆း၉-၁၃)။

ဆုတောင်းခြင်းကို ကောင်းကင်ဘုံ၌ ရှိတော်မူသော အဖဘုရားသခင်ထံ၊ သားတော် ပြီးစီး ပြုတော်မူခဲ့သော အမှုတော်အားဖြင့်၊ ယုံကြည်သူအပေါင်း၌ ကျိန်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်၏ မစတော်ခြင်းနှင့်တကွ ပြုရမည်ဖြစ်ပါသည်။ ဆုတောင်းခြင်းသည် ခလေးငယ် ငိုသကဲ့သို့ ကောင်းကင်ဘုံရှိ အဖထံ မစခြင်း တောင်းခံခြင်းဖြစ်ပါသည်။ ဤသည်ကား တပည့်တော် ကို ခရစ်တော် သင်ပေးတော်မူသော အခြေခံနည်းလမ်းဖြစ်ပါသည်။ သိနတောင် အဖြစ်အပျက်ကို ကြည့်ခြင်းဖြင့်၊ ဓမ္မဟောင်းထဲ၌ ဘုရားသခင်သည် ဣသရေလလူတို့ထံ မိမိကိုယ်ကို အလွန် ကြောက်ရွံ့ရိုသေ စရာကောင်းသောသူအဖြစ် ဖော်ပြခဲ့ပါသည်။ ဣသရေလသည် ဘုရားသခင်အား ကြောက်ရွံ့ တုန်လှုပ်လျက် ချဉ်းကပ်ခဲ့ကြ၏။ ဘုရားသခင်အား ချစ်ခြင်းမေတ္တာနှင့်၎င်း၊ ကျေးဇူးတော် နှင့်၎င်း ပြည့်စုံတော်မူသော ကောင်းကင်ဘုံ၌ရှိတော်မူသည့် အဖဘုရား၊ နေ့ည မရွေး၊ အချိန်တိုင်း ချဉ်းကပ်၍ ရသောသူဖြစ်ကြောင်း ဣသရေလလူများ လက်တွေ့ မခံစားခဲ့ပါ။ အပြစ်ကြောင့် ဘုရားသခင်ကို မချဉ်းကပ်ရဲကြ၊ ကြီးလေးသော ပြစ်ဒဏ်ခံရမည်ကို ကြောက်ကြ၏။ သို့သော်လည်း၊ ဖခင်နှင့်သား ဆက်နွယ်မှုအကြောင်း ခရစ်တော် သွန်သင်ခြင်းဖြင့်၊ ဘုရားသခင်နှင့် အသင်းတော်၏ ရင်းနှီး ကျွမ်းဝင်သော ဆက်နွယ်မှုကို ဖော်ပြတော်မူခဲ့ပါသည်။

ထို့နောက် ယေရှုသည် ဆက်လက်၍ တပည့်တော်များအား ဘုရားသခင်၏ဘုန်းတော် ထင်ရှားစေဖို့ရန်နှင့် မိမိတို့၏ နေ့စဉ် လိုအပ်သောအရာများအတွက် အစဉ်ဆုတောင်းရမည် အကြောင်း သင်ပေးတော်မူ၏။ သူတို့သည် ဆုတောင်းသောအခါ၊ စိတ်နှလုံးဖြင့် ဒုစရိုက်အပြစ်ကို မတွေးရပါ၊ ဖယ်ရှား ပစ်ရပါမည်။ သို့မဟုတ်လျှင်၊ ဘုရားသခင်သည် သူတို့၏ ဆုတောင်းခြင်းကို နားညောင်းတော်မူမည် မဟုတ်။ နောင်တရဖို့ အခက်ခဲဆုံးသော အပြစ်သည် ခွင့်မလွှတ်လိုခြင်း စိတ်သဘောပင်ဖြစ်ပါသည်။ ယေရှု၏ အသက်ပေးခြင်း အဖိုးအခဖြစ်သည့် ကယ်တင်ခြင်းကို ခံရ သော ယုံကြည်သူသည် မိမိအပေါ် အမှားပြု သောသူကို ခွင့်လွှတ်ရမည်ဖြစ်၏။ ထိုသို့ပြုလျှင် ဘုရားသခင်အပေါ် အပြစ်ကျူးလွန်မည်မဟုတ်ပါ။ ခွင့်မလွှတ် လိုခြင်းသည် ဒုတိယမွေးဖွားခြင်း မခံရသောသူ၏ စိတ်နှလုံးထဲ၌ အမြစ်တွယ်လျက် ရှိ၏။ ခွင့်လွှတ်လိုခြင်းမရှိခြင်း သည် အမျက်ဒေါသကို ဖြစ်စေပြီး၊ နောက်ဆုံးတွင် လူသတ်မှုပင် ကျူးလွန် စေနိုင်၏။

ဤဆုတောင်းခြင်း နည်းဥပဒေသတွင် ဘုရားသခင်အား ချီးမွမ်းခြင်း၊ ယုံကြည်ခြင်း အသက်တာ၊ နေ့စဉ် ဘုရားသခင်၏ ထောက်ပံ့မှု ကိုးစားခြင်း၊ အပြစ်တိုင်းကို ခွင့်လွှတ်လိုသော စိတ်နှလုံးနှင့် မကောင်းသောလူ၊ သွေးဆောင်ခြင်းများကို ရှောင်ရှားနိုင်ဖို့ရန် အသိဉာဏ် အလင်း စသည့် တောင်းလျှောက်ချက်များ ပါဝင်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်၌ အကျွန်ုပ်အား ဘုရားသခင် ခွင့်လွှတ်တော်မူသကဲ့သို့ ကျွန်တော် ခွင့်လွှတ်နိုင် မည်လော။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိ အဖဘုရား၊ ဘဝ တလျှောက်လုံး ကိုယ်တော်ကို ယုံကြည် ကိုးစားလျက်၊ ယုံကြည်ခြင်းဖြင့် အသက်ရှင်နိုင်မည်အကြောင်း၊ ပဌနာတော် ရွတ်ဆို ဆုတောင်းမည် အကြောင်း သွန်သင်လမ်းပြပေးတော်မူပါ။



သောကြာ၊ မေ (၁)
**မသဲ ၂၁း၃၃-၄၆**
ကျက်မှတ်ရန်၊ မသဲ ၂၁း၄၄

*"ထိုလူဆိုးတို့အား ဆိုးသောဖျက်ဆီးခြင်းကို စီရင်ပါလိမ့်မည်။ . . . အခြားလူတို့အား ထိုဥယျာဉ်ကို ငှါးပါလိမ့်မည်"*

## ဥယျာဉ်စောင့် ဥပမာ၊ ခရစ်တော်ကို မငြင်းပါနှင့်

ယေရှု ခရစ်တော်ကို လျစ်လျူမရှုသင့်ပါ။ ယဇ်ပုရောဟိတ်ကြီးများနှင့် ဖာရိရှဲတို့သည် ဥယျာဉ်စောင့် ဥပမာကို နားလည်သဘောပေါက်ခဲ့ကြပါသည် (မသဲ ၂၁း၄၅)။ သူတို့သည် ခရစ်တော် ပြောကြားသော ဥပမာများ၊ သားနှစ်ဦး ဥပမာကိုလည်း နားလည်သဘောပေါက်ခဲ့ကြပါလိမ့်မည်။ ဤဥပမာနှစ်ခုသည် "ကောင်းကင်နိုင်ငံတော်သည်" ဟူသော စကားစုဖြင့် မစတင်ခဲ့ပါ။ ဤဥပမာတို့ သည် ခရစ်တော်၏ ရန်သူများအား သတိပေး အပြစ်တင်ခြင်းဖြစ်ပါသည်။ ခရစ်တော်အား ရန်သူ ကဲ့သို့ ထင်မှတ်သော ထိုဝိညာဉ်နှင့်ဆိုင်သော ခေါင်းဆောင်များအပါအဝင် အပြစ်သားများကို ခရစ်တော် ကယ်တင်လိုခဲ့ပါသည်။ သူတို့သည် ခရစ်တော်ကို မုန်းတီးလျက်၊ "ဘမ်းဆီးခြင်း" (မသဲ ၂၁း၄၆) ငှါ ရှာကြံသော်လည်း၊ ယေရှုသည် သူတို့အား အပြစ်မှ ကယ်တင်လိုခဲ့ပါသည်။

အိမ်ရှင်၊ ဥယျာဉ်ရှင်သည် ခမည်းတော်ဘုရား ဖြစ်ပါသည်။ ဥယျာဉ်စောင့်တို့သည် ယဇ်ပုရောဟိတ်ကြီးများ နှင့် ဖာရိရှဲများ ဖြစ်ကြ၏။ ငယ်သားတို့သည် ဣသရေလသမိုင်း၌ တွေ့ရသော ဣသရေလအပြစ်ကို ဖော်ပြဖို့ရန် စေလွှတ်ခဲ့သော ပရောဖက်များ ဖြစ်ကြပါသည်။ ဥယျာဉ်ရှင်၏ သားသည် ယေရှု ခရစ်တော်ဖြစ်ပါသည်။ ဥယျာဉ်စောင့်များက ငယ်သားများအား ညှဉ်းဆဲ သတ်ဖြတ် ခြင်းသည် ဣသရေလသမိုင်း၌ တွေ့ရသော ဘုရားသခင်၏ပရောဖက်များ သတ်ဖြတ် ညှဉ်းဆဲခြင်းကို ဆိုလိုပါသည်။ ဤဥပမာ၌၊ ခရစ်တော်က သူတို့သည် ဘုရားသခင်၏ သားတော်၊ မိမိအား အသေ သတ်လိမ့်မည်အကြောင်း သတိပေးခဲ့ပါသည်။ သို့သော်လည်း၊ ခရစ်တော်က သူတို့ကို ဆီးတား တော်မမူခဲ့ပါ။ ခရစ်တော်၏ရန်သူများသည်လည်း နောင်တ မရခဲ့ကြပါ။ လူတို့၏ ခိုင်မာသော စိတ်နှလုံးကို ဤဥပမာ၌ ဘုရားသခင်၏ရန်သူများ ပြုသောအမှုအားဖြင့် ပေါ်လွင်ထင်ရှားခဲ့ပါသည်။

ခရစ်တော်က ဤဥပမာအဆုံးတွင်၊ ခရစ်တော်သည် ဘုရားသခင်၏ရန်သူများ ပယ်ထား သော တိုက်ထောင့်အထွဋ်ဖျားသို့ ရောက်သော ကျောက် ဖြစ်ကြောင်း သူတို့အား သတိပေးတော်မူခဲ့ ၏။ သူတို့သည် ခရစ်တော်ကို ဘယ်လိုဘဲ ငြင်းပယ်ဘာစေ၊ ဘုရားသခင်သည် ခရစ်တော်ကို ဆက်လက် ချီးမြှောက်မည်ဖြစ်ပြီး၊ ပြောင်းလဲမှု ရှိမည်မဟုတ်ပါ။ ကောင်းကင်နိုင်ငံတော် ဝင်ရမည် အကြောင်း၊ ဘုရားသခင် ပြုတော်မူသော စံနှုန်းသည် ခရစ်တော်တပါးပင်ဖြစ်ပါသည်။ ခရစ်တော်ကို နာကျင်စေသောသူသည် မိမိကိုယ်ကို နာကျင်စေ၏။ ခရစ်တော်အား ပစ်ထားခဲ့ပါလျှင်၊ ခရစ်တော် သည် သူတို့ကို ဘာမှ မလုပ်ဘဲ ပစ်ထားမည် မဟုတ်၊ သူတို့၏အပြစ်အတွက် စီရင်တော်မူလိမ့်မည်။ ခရစ်တော်သည် သူတို့အား ညက်ညက်ကြေ အမှုန့်ကြိတ်လိမ့်မည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ၊ တရားစီရင်ရာနေ့၌ သူတို့အား ငရဲထဲသို့ ပစ်ချတော်မူမည်ဖြစ်ပါသည်။ ခရစ်ယာန်ဘာသာ (သို့) ခရစ်တော်ကို ညှဉ်းဆဲခြင်းဖြင့် ဘုရားသခင်၏ စီရင်ခြင်းမှ လွတ်မြောက်မည်ဟု ထင်မှတ်သော သူတိုင်းသည် မိမိကိုယ်ကို လှည့်စားလျက်ရှိ၏။ ခရစ်တော်အား လျစ်လျူရှု၍ မရပါ။

**ဆင်ခြင်ရန်** - ခရစ်ယာန်ဖြစ်ခြင်းကို မဆန့်ကျင်၊ သို့သော်လည်း ခရစ်တော်ကို ငြင်းပယ်လျှင် ရပါသလား။

**ဆုတောင်းချက်**- ကောင်းကင်ဘုံရှိ အဖဘုရား၊ ခရစ်တော်ကို မငြင်းပယ်ဘဲ၊ ကျွန်ုပ်ဘဝ တခုလုံး ခရစ်တော်ကို ယုံကြည်မည်အကြောင်း မစတော်မူပါ။ အာမင်။

စနေ၊ မေ (၂)
**မသဲ ၂၂း၁-၁၄**
ကျက်မှတ်ရန်၊ မသဲ ၂၂း၂

*"တဖန် ယေရှုသည် ဥပမာကိုဆောင်*
*ပရိသတ်တို့အား မိန့်မြွက်တော်မူသည်ကား"*

## မင်္ဂလာဆောင်ပွဲ ဥပမာ၊ လူအားလုံးအတွက် ကယ်တင်ခြင်း

ဆက်လက်ပြီး၊ ယေရှုသည် ယဇ်ပုရောဟိတ်ကြီးများနှင့် ဖာရိရှဲတို့အား တတိယမြောက် ဥပမာ ပြောကြားခဲ့ပါသည်။ ဤမင်္ဂလာဆောင်ပွဲ ဥပမာသည် "ကောင်းကင်နိုင်ငံတော်သည်" ဟူသော စကားစုဖြင့် စတင်၏။ မိမိအား သတ်ချင်လောက်အောင် မုန်းတီးခဲ့ကြသော်လည်း၊ ယေရှုသည် သူတို့အား ကောင်းကင်နိုင်ငံတော်သို့ ဝင်စေလိုခဲ့ပါသည်။ ထို့ကြောင့်၊ ကယ်တင်ခြင်းသို့ ဖိတ်ခေါ်ခြင်းဖြစ်သော၊ ဤတတိယမြောက် ဥပမာကို ပြောကြားတော်မူခြင်းဖြစ်ပါသည်။ သားတော်၏ မင်္ဂလာဆောင်ပွဲသို့ ကြွလာဖို့ရန် မင်းကြီး၏ ဖိတ်ကြားမှု၌ တုန့်ပြန်မှု သုံးမျိုးတွေ့ရပါသည်။ သူသည် မိမိငယ်သားများကို ထိုသူတို့အား ကယ်တင်ဖို့ရန် စေလွှတ်တော်မူခဲ့ပါသည်။

ပုံမှန်အားဖြင့်၊ အရေးကြီး ပုဂ္ဂိုလ်များ၏ မင်္ဂဆောင်ပွဲ၌ လူတိုင်း ပါဝင်လိုကြပါသည်၊ ရှင်ဘုရင်၏သားတော် မင်္ဂလာဆောင်ပွဲဆိုလျှင် ပို၍ ပါဝင်လိုကြပါလိမ့်မည်။ ရှင်ဘုရင်၏ ဖိတ်ကြားခြင်းထက် ပို၍ ကြီးမြတ်သော ဖိတ်ကြားခြင်း မရှိပါ။ ဧည့်သည်အတွက် အလွန် ဂုဏ်ယူစရာကောင်းသော အခွင့်ထူးဖြစ်ပါသည်။ သမ္မတ (သို့) ဝန်ကြီးချုပ် ခင်းကျင်းသော ညစာစားပွဲ၌ အထူးဧည့်သည်များသာ အကန့်အသတ်ဖြင့် ဖိတ်ကြားခြင်း ခံရကြောင်း၊ ကျွန်တော်တို့ သိကြပါသည်။ အလွန်ရင်းနှီးသော မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်၊ အလွန်အရေးကြီးသော ပုဂ္ဂိုလ်များ၊ နာမည်ကြီးများနှင့် သူဌေးကြီးများသာ ဖိတ်ကြားခြင်း ခံရကြပါသည်။ ဖိတ်ကြားခြင်း ခံရသောအခါ၊ မငြင်းပယ်ရဲကြဘဲ၊ ဂုဏ်ယူ ခဲ့ကြပါသည်။

ဤဥပမာတွင်၊ ပထမဆုံး ဖိတ်ကြားခြင်း ခံရသောသူတို့သည် ငြင်းပယ်ခဲ့ကြပြီး၊ ဖိတ်ခေါ်ဖို့ စေလွှတ်ခြင်း ခံရသော ငယ်သားအချို့ကိုပင် သတ်ခဲ့ကြပါသည်။ ထို့နောက် လမ်းဘေးလူ၊ လူကောင်း လူဆိုးအပေါင်းတို့ကို ဖိတ်ကြားခဲ့ပါသည်။ သူတို့သည် လာရောက်ခဲ့ကြ၏။ ရှင်ဘုရင်သည် သူတို့ အထဲ၌ မင်္ဂလာဆောင်ပွဲ အဝတ် မဝတ်သောသူ တဦး တွေ့ခဲ့ပါသည်။ ထိုအခါ၊ ရှင်ဘုရင်သည် ထိုသူကို ထိုပွဲမှ နှင်ထုတ်ခဲ့လျက်၊ ငိုကြွေးခြင်းနှင့် အံသွားခဲကြိတ်ခြင်းရှိရာ ပြင်အမှောင်ရပ်သို့ ပစ်ထားခဲ့ပါသည်။

ကယ်တင်ခြင်းသည် လူတိုင်းအတွက် ဖြစ်ပါသည်။ ယုဒလူမရှိ၊ ဟေလသလူ ဟူ၍မရှိပါ၊ အတူတူပင်ဖြစ်ပါသည်။ ထိုကယ်တင်ခြင်းသည် ခရစ်တော် တပါးတည်းအားဖြင့်သာ ဖြစ်ပါသည်။ ဓမ္မဟောင်းနှင့် ဓမ္မသစ် အပါအဝင်၊ ခေတ်အဆက်ဆက် လူတို့သည် ကယ်တင်ခြင်း ခံရဖို့ရန် ခရစ်တော်ကို ယုံကြည်ရမည်ဖြစ်ပါသည်။ အာဒံမှစ၍ ဓမ္မဟောင်းသန့်ရှင်းသူတို့သည် ယဇ်ပူဇော်ခြင်း အားဖြင့် ခရစ်တော်၏အသေခံတော်မူခြင်းကို မျှော်ကြည့်ခဲ့ကြပြီး၊ ဓမ္မသစ် သန့်ရှင်းသူတို့မူကား၊ ကာရာနီ ကားတိုင်ပေါ်၌ ခရစ်တော် ပြီးစီးဆောင်ရွက်တော်မူသော ထိုအမှုကို ယုံကြည်ခြင်းဖြင့် ပြန်ကြည့်ခဲ့ကြပါသည်။

သတင်းကောင်း ဟောပြော ဝေငှသောအချိန်တိုင်း၌ ဘုရားသခင်သည် သင့်ကို ကယ်တင်ဖို့ရန် ဖိတ်ခေါ်လျက်ရှိကြောင်း သိမှတ်ပါလော့။ ဘုရားသခင်၏ ဖိတ်ခေါ်မှုကို လက်ခံပါလော့။

**ဆင်ခြင်ရန်** - သတင်းကောင်းကို ဘယ်နှစ်ကြိမ် သင်ငြင်းပယ်ခဲ့ပြီးပြီလဲ။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ယေရှုအားဖြင့် အကျွန်ုပ်ကို ကယ်တင်တော်မူပါ၊ ယေရှု နာမတော်အားဖြင့် ဆုတောင်းပါ၏။ အာမင်။



တနင်္ဂနွေ၊ မေ (၃၁)
**လု ၁၀း၂၅-၃၇**
ကျက်မှတ်ရန်၊ လု ၁၀း၃၃

*"ရှမာရိလူ တယောက်သည် ခရီးသွားရာတွင်*
*ထိုလူနာရှိရာသို့ရောက်၍*
*. . . ဂရုဏာစိတ်ရှိသည်နှင့်"*

## ကောင်းသော ရှမာရိလူ ဥပမာ၊ ရှမာရိလူ

အငယ် ၃၀ ၌၊ "လူတယောက်သည် ယေရုရှလင်မြို့မှ ယေရိခေါမြို့သို့ သွားရာတွင်" ဟု ဖော်ပြထားသောကြောင့်၊ ဤဒဏ်ရာရသောသူသည် ယုဒလူဖြစ်မည်ဟု ယူဆနိုင်ပါသည်။ ရှမာရိလူများကို ယုဒလူတို့သည် ရွံ့ရှာသောကြောင့်၊ ရှမာရိလူသည် ယေရုရှလင်မြို့မှ ထွက်လာလိမ့်မည် မဟုတ်ပါ။ ယုဒလူတို့သည် ရှမာရိလူတို့အား အလွန် မုန်းတီးခြင်းရှိခဲ့ကြပါသည်။ ယုဒလူတို့သည် မြောက်မှ တောင်သို့၎င်း၊ တောင်မှ မြောက်သို့၎င်း ခရီးသွားသောအခါ၊ ရှမာရိမြို့ကို မဖြတ်လျှောက်လိုကြသောကြောင့်၊ ထိုမြို့ကို ပတ်၍ ပိုရှည်သော ခရီးလမ်းဖြင့် သွားတတ်ကြပါသည်။

ထိုလူနာသည် ယုဒလူ ဖြစ်ခဲ့လျှင်၊ သူစိမ်းဧည့်သည်ဖြစ်သော ရှမာရိလူ ပြသသည့် သနားကြင်နာမှုသည် ပို၍လေးနက်ခြင်း ရှိပါလိမ့်မည်။ သူ၏ မုန်းတီးစိတ်ကို အနိုင်ယူလျက် ဒဏ်ရာရသော ယုဒလူကို ကူညီခဲ့ခြင်းဖြစ်ပါသည်။ မိမိအမှုကို လျစ်လျူရှုလျက် သူစိမ်း ယုဒလူကို ကူညီခဲ့ပါသည်။ ထို့ပြင် မိမိ၏ လုံခြုံမှုကိုလည်း ဂရုမစိုက်ဘဲ ကူညီခဲ့ခြင်းဖြစ်ပါသည်။ အကြောင်းမှာ၊ ဓါးပြများသည် ထိုဒဏ်ရာရသောသူအား ငါးစာအဖြစ်ထားလျက် ကူညီသောသူအား တိုက်ခိုက် လုယူဖို့ ချောင်းမြောင်းနေကြခြင်းလည်း ဖြစ်နိုင်ပါသည်။ ထိုဖြစ်လာနိုင်သော အန္တရာယ်အပေါင်းကို လျစ်လျူရှုလျက် ဒဏ်ရာရသောသူကို ပြုစုခဲ့ပါသည်။ အကြောင်းမှာ၊ ထိုသူအပေါ် သနားကြင်နာခြင်း ရှိ၏။ ထိုသနားကြင်နာမှုကို ထိုလူနာ ပြုစုခြင်းဖြင့် ပြသခဲ့ပါသည်။ သူ၏အနာကို စည်းပေးပြီး၊ မိမိ တိရိစ္ဆာန်ပေါ် မှာ တင်၍၊ စရပ်သို့ ခေါ် ဆောင်ခဲ့ပါသည်။ ထို့နောက်၊ နက်ဖြန်နေ့တွင် စရပ်ရှင်အား ဒေနာရိ နှစ်ပြားပေးလျက်၊ ကျန်းမာသည်အထိ စောင့်ရှောက်ပြုစုပေးဖို့ရန် မှာထားခဲ့ပါသည်။ ထိုသို့ ထွက်မသွားမီ၊ ဒေနာရိ နှစ်ပြား မလုံလောက်ခဲ့လျှင် နောက်ထပ် လိုအပ်သောအရာကို ပြန်လာမှ ထပ်ပေးမည်ဟု ဆက်လက် မှာထားခဲ့ပါသည်။ ဥပမာ ပြောကြားပြီးမှ၊ ယေရှုက၊ ကျမ်းတတ်အားမည်သူသည် ဒဏ်ရာရသောသူနှင့် စပ်ဆိုင်သောသူ ဖြစ်ပါသနည်းဟု မေးခဲ့ပါသည်။ "လူနာကို သနားသောသူ" ဟု ဖြေခဲ့ပါသည်။ ကျမ်းတတ်က "ရှမာရိလူ" ဟုပင် မပြောလိုခဲ့ပါ။ ယေရှုက ကျမ်းပြုဆရာအား၊ သွား၍ ထိုနည်းတူပြုလော့ဟု မိန့်တော်မူ၏။

သူ၏စိတ်နှလုံးထဲ၌ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာရှိခဲ့လျှင်၊ ရှမာရိလူနည်းတူ ပြုခဲ့ပါလိမ့်မည်။ ဘုရားသခင်ကို ချစ်လျှင်၊ လူသားအပေါင်း၊ ကျွန်ုပ်တို့၏ ရန်သူများကိုပင်၊ ချစ်ရပါမည်။ သူတို့ ဒုက္ခရောက်သောအခါ၊ ဖြစ်နိုင်လျှင် ကျွန်တော်တို့ ကူညီကြရပါမည်။ ကျွန်ုပ်တို့ စိတ်ထဲ၌ မကူညီလိုသောစိတ်၊ မုန်းတီးခြင်း ဘယ်တော့မှ မရှိသင့်ပါ။ မကူညီဘဲနေခဲ့လျှင်၊ ထိုသူသည် အပြစ်သားဖြစ်လျက် သေသဖြင့်၊ ငရဲထဲသို့ ထာဝရ ပစ်ချခြင်း ခံရနိုင်ပါသည်။

**ဆင်ခြင်ရန်** - သူတပါးအပေါ် ဂရုဏာစိတ်ရှိဖို့ရန်၊ အကျွန်ုပ်၏ စိုးရိမ်မှုများကို အနိုင်ယူလျက်၊ ကျွန်ုပ်၏အခွင့်အရေးတို့ကို ဘေးဖယ်ထားနိုင်ပါမည်လော။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ လောကီလူသားတို့ကို ကိုယ်တော် ချစ်သောကြောင့်၊ ယေရှုအား ဤလောကသို့ စေလွှတ်တော်မူသည်အတိုင်း၊ လူအပေါင်းတို့အား ကျွန်တော် ချစ်မည်အကြောင်း မစတော်မူပါ။ အာမင်။

စနေ၊ မေ (၃၀)
**လု ၁၀း၂၅-၃၇**
ကျက်မှတ်ရန်၊ လု ၁၀း၃၂

*"ခရီးပြတို့သည် ထိုသူ၏ အဝတ်ကို ချွတ်၍ နာကျင်စွာ ရိုက်နှက်ပြီးမှ သေလုမတတ်ရှိသောအခါ ပစ်ထား၍ သွားကြ၏"*

## ကောင်းသော ရှမာရိ ဥပမာ၊ လေဝိလူ

ယဇ်ပုရောဟိတ်များကဲ့သို့၊ လေဝိလူတို့သည်လည်း ဗိမာန်တော်အမှုအတွက် မိမိတို့အသက်တာကို ဆက်ကပ်ခဲ့ကြပါသည်။ ဝတ်ပြုသောသူများက မိမိတို့၏ ယဇ်ကောင်များကို ယူလာသောအခါ၊ ယဇ်ပုရောဟိတ်များ၏ ယဇ်ပူဇော်ခြင်းအမှုကို ကူညီခဲ့ကြပါသည်။ ထို့ပြင် ဓမ္မဟောင်းခေတ်တွင်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာလျက် သွန်သင်ပေးခဲ့ကြပါသည်။ ထို့ကြောင့်၊ သူတို့သည် နယ်မြေ မပိုင်ဆိုင်ရဘဲ၊ လေဝိအမျိုးတို့၏ ၄၈ မြို့တွင် နေထိုင်ခဲ့ကြပါသည်။ ဣသရေလအမျိုး ဆယ့်နှစ်ပါးတို့၏ ဆယ်ဘို့တဘို့ဖြင့် ထောက်ပံ့ခြင်း ခံရကြပါသည်။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သွန်သင်လျက်၊ ယဇ်ပုရောဟိတ်တို့၏ ဝိညာဉ်နှင့်ဆိုင်သော အမှုဆောင်ရွက်ခြင်းကို တဲတော်၌၎င်း၊ နောက်မှ ဗိမာန်တော်၌၎င်း ကူညီခဲ့ကြပါသည်။

ခရစ်တော် ခေတ်တွင်၊ အချို့သော လေဝိလူတို့သည် ကျမ်းပြုဆရာများလည်း ဖြစ်နိုင်ပါသည်၊ အကြောင်းမှာ ကျမ်းပြုဆရာတို့သည် ဘုရားသခင်၏ပညတ္တိကျမ်းကို ကောင်းကောင်းကျွမ်းကျင်ခဲ့ကြပါသည်။ အငယ် ၃၂ ထဲတွင်၊ "ထိုနည်းတူ လေဝိလူ တယောက်သည်" ဟု ဆိုခဲ့ပါသည်။ ဖြစ်နိုင်သည်မှာ၊ သူသည်လည်း ဗိမာန်တော်တွင် ယဇ်ပုရောဟိတ်အား ကူညီ ခဲ့ပြီးနောက်၊ ယေရုရှလင်မြို့မှ ထွက်လာခဲ့၏။ ယဇ်ပုရောဟိတ်ထက် လေဝိလူသည် အနည်းငယ် ပိုသာခဲ့ပါသည်၊ သူသည် လာ၍ ဒဏ်ရာရသော ထိုလူနာကို ကြည့်ခဲ့ပါသည်။ ထိုသူသည် သေခဲ့သည့်တိုင်၊ လေဝိလူမထိသောကြောင့်၊ မစင်ကြယ်ဖြစ်လိမ့်မည် မဟုတ်ပါ။ သူသည်လည်း ယဇ်ပုရောဟိတ်ကဲ့သို့၊ ထိုလူနာကို လျစ်လျူရှုလျက်၊ ရှောင်ထွက်သွားခဲ့ပါသည်။

ဤလေဝိလူ၌လည်း ထိုဒဏ်ရာရသောသူအား မကူညီခြင်းအတွက် ခိုင်လုံသော အကြောင်းပြချက် မရှိခဲ့ပါ။ ယဇ်ပုရောဟိတ်နည်းတူ၊ သူ့၌ အကြောင်းပြချက်ရှိခဲ့လျှင်လည်း၊ ထိုသို့မစင်ကြယ်ဖြစ်စဉ် ဘုရားသခင်၏ အမှုတော် မဆောင်နိုင်ဘဲနေရခြင်းသည် ထိုဒဏ်ရာရသောသူမကူညီခြင်းအတွက် ခိုင်လုံသော အကြောင်းပြချက် ဖြစ်နိုင်ပါမည်လော။

ကျွန်တော်တို့သည် အိမ်မှ ထွက်လျက်၊ နေရာတခုမှ တခုသို့ လုပ်စရာရှိသောကြောင့် သွားလာနေသောသူများ ဖြစ်ကြပါသည်။ လမ်း၌ မတော်တဆမှု ကြုံတွေ့သောသူ၊ ကူညီမှု ချက်ချင်းလိုအပ်နေသောသူကို ဂရုမစိုက် နိုင်လောက်အောင်၊ ကျွန်ုပ်တို့၏ အလုပ်သည် အလွန်အရေးကြီးလှပါသလား။ အဘယ်အကျိုး (သို့) ချီးကျူးခြင်းမှ မမျှော်လင့်ဘဲ ကူညီမှု ပေးရမည်ဖြစ်ပါသည်။

ဤဥပမာ၌တွေ့ရသော၊ ယဇ်ပုရောဟိတ်နှင့် လေဝိလူတို့အား "လူဆိုး" (သို့) "ဂရုစိုက်ခြင်းမရှိသောသူ" ဟု ကျွန်တော်တို့ ကဲ့ရဲ့ကောင်း ကဲ့ရဲ့ပါလိမ့်မည်။ သို့သော်လည်း၊ ကျွန်တော်တို့သည် သူတို့ကဲ့သို့သော လူများဖြစ်တတ်ကြပါသည်။ မိမိအလုပ်ကို ပစ်ထားလျက် အကူအညီ လိုအပ်သောသူ တစုံတယောက်ကို ကျွန်တော်တို့ ကူညီခဲ့ဖူးပါသလား။

**ဆင်ခြင်ရန်** - ဒုက္ခကြုံတွေ့နေသောသူကို မကူညီနိုင်လောက်အောင်၊ သင် မစတေးနိုင်သော အလွန်အရေးကြီးသည့်အမှု ရှိပါသလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ သူတပါးကို ကူညီမည်အကြောင်း အကျွန်ုပ်အား အစဉ် အသင့်ရှိစေတော်မူပါ။



တနင်္ဂနွေ၊ မေ (၃)
**မသဲ ၂၂း၁-၁၄**
ကျက်မှတ်ရန်၊ မသဲ ၂၂း၃

*"ဖိတ်ပြီးသောသူတို့ကို ခေါ်စေခြင်းငှါ လုလင်တို့ကို စေလွှတ်သောအခါ"*

## မင်္ဂလာဆောင်ပွဲ ဥပမာ၊ ကယ်တင်ခြင်းသို့ ဖိတ်ခေါ်ခြင်း

ရှင်ဘုရင်သည် ခမည်းတော်ဘုရား ဖြစ်ပါသည်။ သားတော်သည် သခင် ယေရှုခရစ်တော်ဖြစ်၏။ ငယ်သားတို့သည် ("*doulous*" ကျွန်များ) သတင်းကောင်း ဟောပြောသော ပရောဖက်များဖြစ်ပါသည် (အငယ် ၃-၁၀)။ မင်္ဂလာဆောင်ပွဲသည် ကယ်တင်ခြင်းဖြစ်ပါသည်။ အခြံအရံတို့သည် ("*diakonos*" လုပ်ဆောင်သောသူများ - အငယ် ၁၃) ကောင်းကင်တမန်များ ဖြစ်ပါသည်။ ဧည့်သည်များသည် ယုဒလူနှင့် တပါးအမျိုးသားများ ဖြစ်ပါသည်။ မင်္ဂလာဆောင်ပွဲ၏ အဝတ်သည် ခရစ်တော်၏ ဖြောင့်မတ်ခြင်း ဝတ်လုံဖြစ်ပါသည်။ ဤသည်ကား ဥပမာ၌ တွေ့ရသော အဓိကအချက်များ၏ အနက်အဓိပ္ပါယ်ဖြစ်ကြပါသည်။

ရှင်ဘုရင်သည် မိမိ၏ငယ်သားများအား မင်္ဂလာဆောင်ပွဲသို့ ဖိတ်ခေါ်သောသူများကို သွားခေါ်ဖို့ရန် စေလွှတ်ခဲ့ပါသည်။ အိမ်သို့ ထမင်းစား ဖိတ်ခြင်းသည် ခရစ်တော် ခေတ်၊ အရှေ့ အလယ် ပိုင်း ယဉ်ကျေးမှုတွင် အလွန် ရင်းနှီး ကျွမ်းဝင်ခြင်းကို ပြသသောအမှုဖြစ်ပါသည်။ ရှင်ဘုရင်က မိမိ၏နန်းတော်သို့ ထိုသို့ ဖိတ်ခြင်းသည် အလွန် ဂုဏ်ယူစရာပင် မဟုတ်ပါလော။ ထိုမင်္ဂလာဆောင် ပွဲသို့ ထိုသူများ လာရောက်စေလိုသော ရည်ရွယ်ချက်ဖြင့် ရှင်ဘုရင်က ငယ်သားများအား သွားခေါ် စေခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ ဖိတ်ခေါ်ခြင်းခံရသောသူများက မိမိတို့သည် ရှင်ဘုရင်အတွက် အရေးပါသော သူများဖြစ်ကြောင်း သိမှတ်သင့်ပါသည်။ ထိုသို့ အရေးပါသောသူ မဟုတ်လျှင် ဖိတ်ခေါ် လိမ့်မည် မဟုတ်ပါ။ ထို့ကြောင့်၊ ထိုသို့သော ကြီးကျယ်ခမ်းနားလှသည့် ပွဲသို့ တသက်တခါ ဖိတ်ခေါ်ခြင်း ခံရသော ထိုဧည့်သည်များသည် အခွင့်ထူးခံဖြစ်ကြသောကြောင့်၊ ဝမ်းမြောက်ခြင်း ရှိကြမည်အကြောင်း ရှင်ဘုရင် မျှော်လင့်ခဲ့ပါ၏။ ရှင်ဘုရင်နှင့်အတူ၊ ဘုရင့် အစားအစာများ စားသောက်ဖို့ရန် တသက်တခါ ဖိတ်ခေါ်ခံရခြင်းကို ငြင်းရ လောက်အောင် အဘယ်သူသည် မိုက်မဲ ထောင်လွှား မောက်မာ ခဲ့ပါလိမ့်မည်နည်း။ သာမန်လူတို့အဖို့ ရှင်ဘုရင်နှင့်အတူ၊ ဘုရင့် အစားအစာ စားသုံးခြင်းသည် နေ့စဉ် ကြုံတွေ့ရသောအမှု မဟုတ်၊ တသက်တခါ ပင်ဖြစ်ပါသည်။ အဖိုးအခ ယူလာဖို့ မတောင်းဆိုခဲ့ပါ။ ဘာမှ ယူဆောင်လာဖို့ မလိုပါ။ အလကား ဧည့်ခံခြင်း ဖြစ်ပါသည်။ ဧည့်သည်အပေါင်း ပြုရမည့်အမှုမှာ လာဖို့သာလျှင် ဖြစ်ပါသည်။ မိမိ စိတ်ကြိုက် စားသုံးဖို့ရန် အကောင်းဆုံးသော အစားအစာများဖြင့် ခင်းကျင်း ဧည့်ခံထားခဲ့ပါသည်။

ကယ်တင်ခြင်းကို၊ ထိုသို့ ဘုရားသခင်က မိမိနှင့်အတူ မိသာဟာရဖွဲ့ဖို့ရန် ဖိတ်ခေါ်ခြင်းအဖြစ် သင် မြင်ပါသလား။ ဤဖိတ်ခေါ်ခြင်းထက် ပို၍ ဂုဏ်ယူစရာကောင်းသော အခွင့်ထူး ရှိနိုင်ပါမည်လော။ ထို ကယ်တင်ခြင်း ဖိတ်ခေါ်ခြင်းကို မထိုက်တန်သော အပြစ်သား ကျွန်တော်တို့ ခံရကြကြောင်း သိမှတ်ရပါမည်။ ကယ်တင်ခြင်းကို ဘုရားသခင် စိတ်ကျေနပ် စေဖို့ရန် ကျွန်တော်တို့ ပြုသော အမှုကဲ့သို့ လုံးဝ မထင်မှတ်ရပါ။ အမိဝမ်းထဲမှပင် အပြစ်သားဖြစ်သော ကျွန်တော်တို့အတွက် ဘုရားသခင် ပြုတော်မူသော၊ အမြင့်မြတ်ဆုံးသောအမှုပင် ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်ကို ဆန့်ကျင်ခဲ့ကြသော်လည်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့ထံ ကယ်တင်ခြင်း သတင်းကောင်း ဟောပြောဖို့ရန် မိမိ၏အစေခံကျွန်များကို စေလွှတ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်၌ ဘုရားသခင်၏ ကယ်တင်ခြင်းခံရခြင်းသည် အလွန် ဝမ်းမြောက် စရာ ဘယ်လောက် ကောင်းလိမ့်မည်နည်း။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်တော့်အပေါ် ကျွန်ုပ်၏ ဝမ်းမြောက်ခြင်းကို ပြသခြင်းဖြင့် နောက်ဆုံးအချိန်အထိ ခရစ်တော်အတွက် သစ္စာရှိစွာ နေထိုင်မည်အကြောင်း မစတော်မူပါ။ အာမင်။

တနင်္လာ၊ မေ (၄)
**မသဲ ၂၂း၁-၁၀**
ကျက်မှတ်ရန်၊ မသဲ ၂၂း၈

*“ထိုမင်းကြီးသည် ကြားလျှင် အမျက်ထွက်၍”*

## မင်္ဂလာဆောင်ပွဲ ဥပမာ၊ ယုဒလူများအား ဖိတ်ခေါ်ခြင်း

ယုဒလူတို့သည် ဘုရားသခင်၏လူများဖြစ်ကြောင်းကို အဘယ်ခရစ်ယာန်ကမှ မငြင်းပါ။ ဣသရေလသည် အစကတည်းမှ ဘုရားသခင်က ထူးခြားစွာ ပြင်ဆင်တော်မူသော လူမျိုးဖြစ်ပါ၏။ သူတို့၏ ဖြစ်တည်မှု၊ ဝတ်စားရမည့် အဝတ်အစား၊ စားရမည့် အစားအစာ၊ ဘယ်နေရာ၌ မည်သို့ ဝတ်ပြုရမည်၊ တဲတော် ပုံသဏ္ဍာန်နှင့် နေရာ၊ ယဇ်ပုရောဟိတ် ဖြစ်မည့်သူ၊ ဝတ်ရမည့် ဝတ်လုံ၊ အသက် ဘယ်လောက်မှ အမှုတော်ကို စတင်၍ ဘယ်လောက်၌ အနားယူမည်၊ စသည်တို့အားလုံးကို ဘုရားသခင်က ခွဲခန့်မှတ်သားတော်မူခဲ့ပါသည်။ မိမိလူတို့၏ အမှုတော်ဆောင်ခြင်း သက်သေခံခြင်း အမှု၌ အခြားသောသူ ပါဝင်ခွင့် ပေးတော် မမူခဲ့ပါ။ အကြောင်းမှာ၊ သူတို့သည် ဘုရားသခင်၏ တရားများအတိုင်း အသက်ရှင်လျက်၊ သူတို့၏ နေထိုင်အမှု အကျင့်အားဖြင့် ခရစ်တော်၏ သန့်ရှင်း သော ပုံသဏ္ဍာန်တော် ထင်ရှားဖို့ရန်ဖြစ်ပါသည်။ ထိုသို့သော မင်္ဂလာရှိသည့် ပြင်ဆင်မှုဖြင့် အစပြု ခဲ့သော၊ ယုဒလူတို့သည် မေရှိယ ကြွလာသောအခါ သိမှတ်လျက်၊ သူ၏ဩဝါဒ စကားများကို ယုံကြည်ဖို့ရန် အသင့်တော်ဆုံး လူမျိုးဖြစ်ခဲ့ကြပါသည်။

သို့သော်လည်း၊ အစကတည်းမှ သူတို့သည် ခရစ်တော်ကို ငြင်းပယ်ခဲ့ကြ၏။ ဘုရားသခင် က ကယ်တင်ခြင်း သတင်းကောင်း ဝေငှဖို့ရန် မိမိ၏ အစေခံကျွန်များ (ပရောဖက်များ) ကို စေလွှတ် တော်မူခဲ့၏။ ယုဒလူတို့သည် စိတ်မဝင်စားခဲ့ကြပါ။ ထို့နောက်၊ ရှင်ဘုရင်က မင်္ဂလာဆောင်ပွဲ ပြင်ဆင် ပြီဟု ငယ်သားများစွာကို ဆက်လက် စေလွှတ်တော်မူခဲ့၏။ သို့သော်လည်း၊ လူတို့သည် စိတ်ဝင် စားခြင်း မရှိ၊ အချို့သည် ထိုငယ်သားများကို ညှဉ်းဆဲ သတ်ဖြတ်ခဲ့ကြပါသည်။ ထိုအခါ၊ ရှင်ဘုရင်က ထိုလူသတ်သမားများကို သတ်လျက်၊ သူတို့၏မြို့များကို မီးရှို့ခဲ့ပါသည်။ ဤအမှုက ဣသရေလ (၇၂၂ ဘီစီ) နှင့် ယုဒ (၅၈၆ ဘီစီ) တို့၏ ပျက်စီးခြင်းကို ရည်ညွှန်းခဲ့ပါသည်။ ယခုလက်ရှိ ယုဒ မျိုးဆက်တို့သည် ငြင်းပယ်ခြင်းနှင့် ပျက်စီးခြင်းဖြင့် အဆုံးသတ်ကြလိမ့်မည် မဟုတ်ပါ။

ပြင်ဆင်ပြီဖြစ်သော စားသောက်ပွဲက ဆုံးဖြတ်ချက် မြန်မြန် ချဖို့ရန် နှိုးဆော်လျက်ရှိပါ သည်။ ထိုစားသောက်ပွဲ ပြီးဆုံးသောအခါ၊ ကောင်းကင်နိုင်ငံ ဝင်ရသော တံခါးသည် ပိတ်ထားခြင်း ခံရပါသည်။ အပြစ်သားသည် နောင်တမရဘဲ မိမိအပြစ်၌ သေလျှင် ပြီးဆုံးပြီဖြစ်၍ အခွင့် မရှိတော့ ပါ။ ဤလောကကို စီရင်ဖို့ရန် ဘုန်းတန်ခိုးတော်ဖြင့် သခင်ယေရှု ကြွလာသောအခါ အခွင့် ရှိတော့ မည် မဟုတ်ပါ။ ယဇ်ပုရောဟိတ်ကြီးများနှင့် ဖာရိရှဲတို့ထံ ခရစ်တော် ပြောကြားသောတရားသည် ရှင်းလင်းလှပါသည်။ သူတို့သည် သူ့ကို ဖမ်းဆီးလိုကြသော်လည်း၊ သူသည် သူတို့အား သူတို့အပြစ်မှ ကယ်တင်တော်မူ လိုခဲ့ပါသည်။ ကယ်တင်ရှင်၏ စိတ်သဘောသည် ချစ်ခြင်းမေတ္တာနှင့်ငှင်း၊ ကယ်တင်ခြင်းနှင့်ငှင်း ဆိုင်သော စိတ်သဘော အစဉ်ဖြစ်တော်မူ၏။ အဘယ်အပြစ်သားမျှ၊ မိမိကို မုန်းတီးသော ရန်သူအပါအဝင်၊ သူတို့အပြစ်၌ သေကြရမည်ကို လိုလားတော်မမူခဲ့ပါ။ ခမည်းတော် ဘုရား စေလွှတ်လျက်၊ ဤလောကသို့ ကြွလာရခြင်း၏ ရည်ရွယ်ချက်သည် ဤလောကလူသားများ ၏အပြစ်အတွက် အသေခံဖို့ရန် ဖြစ်ပါသည်။ သူတို့သည် မုန်းတီးသော်လည်း၊ သူသည် သူတို့အား ချစ်တော်မူ၏။ ခရစ်တော်၏ နာမတော် (သို့) ကျမ်းစာကို ဆန့်ကျင်သောသူသည် သူ့ကို ဆန့်ကျင်ခြင်း ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ယေရှုကို သင်ငြင်းပယ် ဆန့်ကျင်မည်လော (သို့) ယုံကြည်လက်ခံမည်လော။
**ဆုတောင်းချက်-** အဖဘုရား၊ အပြစ်သား ကျွန်ုပ်ကို ကယ်တင်တော်မူသောကြောင့် ကျေးဇူးတင် ပါ၏။



သောကြာ၊ မေ (၂၉)
**လု ၁၀း၂၅-၃၇**
ကျက်မှတ်ရန်၊ လု ၁၀း၃၁

*“ထိုလူနာကိုမြင်လျှင် လွဲရှောင်၍ သွားလေ၏”*

## ကောင်းသော ရှမာရိလူ ဥပမာ၊ ယဇ်ပုရောဟိတ်

ယဇ်ပုရောဟိတ်များသည် ဣသရေလလူအပေါင်းတို့တွင် အသန့်ရှင်းဆုံး ဖြစ်ကြပါသည်။ ဘုရားသခင်နှင့် လူအကြား သံတမန်အမှုကို ဆောင်ရွက်ဖို့ရန်၊ ဤလောကလူတို့တွင် ဘုရားသခင်က သူတို့အား ထိုသို့ ခွဲခန့် တာဝန်ပေးထားတော်မူစဉ် သန့်ရှင်းစေတော်မူခဲ့ပါသည်။ ဝတ်ပြုသောသူများ သည် မိမိတို့၏ ယဇ်ကောင်များကို ယူလာသောအခါ၊ ယဇ်ပုရောဟိတ်တို့သည် သတ်လျက်၊ ထာဝရဘုရားထံ ပူဇော်ရမည်ဖြစ်ပါသည်။ ထိုအမှုကို သူတို့မှလွဲ၍ ဣသရေလ ရှင်ဘုရင် အပါအဝင် အဘယ်သူမျှ ပြုခွင့် မရှိပါ။ ထို့ကြောင့်၊ ယဇ်ပုရောဟိတ်တို့သည် ဝိညာဉ်အရေးနှင့်ဆိုင်သော အလွန် ထူးခြားသည့် တာဝန် ဆောင်ရွက်မည့်သူဖြစ်ကြသောကြောင့်၊ မိမိကိုယ်ကို သန့်ရှင်းစွာ ထိန်းသိမ်း လျက်၊ ထိုအမှု မဆောင်ရွက်နိုင် အောင် မိမိတို့အား ညစ်ညူးစေမည့်အမှုမှန်သမျှကို ရှောင်ကြရပါ မည်။ ယဇ်ပုရောဟိတ် တို့သည် လူသေအလောင်းကို ထိလျှင်၊ ခုနစ်ရက် မသန့်ရှင်းဖြစ်ကြလိမ့်မည်။ တောလည် ၁၉း၁၁၊ “လူသေကောင်ကို ထိသောသူသည် ခုနစ်ရက် မစင်ကြယ် ဖြစ်လိမ့်မည်။” သေသည်ဟု ထင်မှတ်ရသောသူကို သွား ချဉ်းကပ်ခြင်းသည် သန့်ရှင်းသောအမှု ဆောင်ရွက်သော ယဇ်ပုရောဟိတ် အဖို့ “ဆုံးရှုံးမှု” များစွာ ရှိနိုင်ပါသည်။ ထိုသူ သေ မသေ၊ သေချာ သိရဖို့ရန်၊ ထိဖို့လည်း လိုအပ်ပါသည်။ အငယ် ၃၀ ထဲတွင်၊ သေလုမတတ်ရှိသည်ဟု ဖော်ပြခဲ့ပါသည်။ ထို့ကြောင့်၊ ဥပမာထဲ၌ ယဇ်ပုရောဟိတ် သည် လွဲရှောင်၍ သွားခဲ့ပါသည်။ ဆိုလိုသည်မှာ၊ ထိုဒဏ်ရာ ရသောသူ အနီးသို့ပင် မသွားခဲ့ပါ။ ကူညီလိုစိတ် မရှိခဲ့ပါ။ အကြောင်းမှာ၊ ထိုလူကို သွားချဉ်းကပ်ခြင်း ထက်၊ မိမိ၏ ဝိညာဉ်နှင့်ဆိုင်သောအမှုတော်အတွက် သန့်ရှင်းမှု စောင့်ထိန်းခြင်းသည် ပိုအရေးကြီး၏ ဟု ထင်မှတ်ထားပါသည်။

သို့သော်လည်း၊ ထိုဥပမာ၏ အငယ် ၃၁ ထဲတွင်၊ သူသည် “ထိုလမ်းသို့ . . . သွား၍” ဟု ဖော်ပြခဲ့ပါသည်။ ဤဥပမာ အစတွင်၊ ဒဏ်ရာရသောသူသည် ယေရုရှလင်မြို့မှ သွား၍ဟု ဖော်ပြခဲ့သော ကြောင့်၊ ဤယဇ်ပုရောဟိတ်သည်လည်း၊ ယေရုရှလင်မြို့မှ သွားခြင်း ဖြစ်သည်ဟု ယူဆနိုင်ပါသည်။ ထိုသို့ဆိုလျှင်၊ ဤယဇ်ပုရောဟိတ်သည် ယေရုရှလင်မြို့၌ မိမိ၏ ယဇ်ပုရောဟိတ် တာဝန် ဆောင်ရွက်ပြီးစီး ခဲ့ပြီဟု ထင်မှတ်နိုင်ပါသည်။ ယဇ်ပုရောဟိတ် တာဝန် ဆောင်ရွက်ဖို့ရန် ယေရုရှလင်မြို့သို့ သွားခြင်း မဟုတ်ဘဲ၊ အိမ်ပြန်ခရီးဖြစ်ကြောင်း ထင်ရပါသည်။ ထို့ကြောင့်၊ လူသေ အလောင်း ထိခြင်းဖြင့် မိမိကိုယ်ကို မစင်ကြယ်ဖြစ်စေမည်ဟူသော အတွေးသည် အသုံးမဝင်ပါ။ ထိုဒဏ်ရာရသောသူအား မကူညီစရာ အကြောင်း မရှိပါ။ ထိုသူသည် သေ၍ ယဇ်ပုရောဟိတ်က ထိခဲ့လျှင်ပင်၊ မိမိအိမ်၌ ခုနစ်ရက် မစင်ကြယ်ဖြစ်လျက်၊ ထို့နောက်တွင်၊ မိမိ၏ ဝိညာဉ်ပိုင်း တာဝန်ကို ပြန်လည် ဆောင်ရွက်ခွင့် ရှိပါသည်။ ထို့ပြင်၊ ယေရုရှလင်မြို့၌ ယဇ်ပုရောဟိတ် အမှု ဆောင်ရွက်နိုင် သောသူ၊ သူတစ်ဦးတည်း ရှိသည် မဟုတ်ပါ။ ယေရုရှလင်မြို့သို့ အမှုတော်ဆောင်ရွက်ဖို့ရန် သွားရာ လမ်း၌ ဖြစ်ခဲ့သည့်တိုင်၊ ဒဏ်ရာရသောသူအား ကူညီခြင်းသည် ပို၍ အရေးကြီးသည် မဟုတ်လော။ ထိုသူသည် ပြင်းထန်စွာ ဒဏ်ရာရ၍ အကူအညီ လိုအပ်လျက်ရှိ၏၊ အထူးသဖြင့် ကယ်တင်ခြင်းနှင့်ဆိုင်သော အကူအညီ လိုအပ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဝတ်ပြုကိုးကွယ်ဖို့ရန် ကျွန်တော် ဘုရားကျောင်း သွားနေစဉ်၊ ဒုက္ခကြုံတွေ့သော သူ တွေ့လျှင် ကျွန်တော် ကူညီပါမည်လော။
**ဆုတောင်းချက်-** အဖဘုရား၊ မှန်ကန်သော ဆုံးဖြတ်ချက် ချနိုင်ဖို့ရန် ဉာဏ်ပညာ ပေးတော်မူပါ။

ကြာသပတေး၊ မေ (၂၈)
**လု ၁၀း၂၅-၃၇**
ကျက်မှတ်ရန်၊ လု ၁၀း၃၇

*“လူတို့သည် စင်ကြယ်သော ဩဝါဒကို နားမခံနိုင်ဘဲ၊ . . . မိမိတပ်မက်ခြင်းအတိုင်း များပြားသော ဆရာတို့နောက်သို့ လိုက်ကြလိမ့်မည်”*

## ကောင်းသော ရှမာရိလူ ဥပမာ၊ မှန်လျက်နှင့် မှား

ယေရှုသည် ထောင်ချောက်ကို ရှောင်လျက်၊ ကျမ်းပြုဆရာအား အပြစ်မှ ကယ်တင်ဖို့ရန်၊ ကယ်တင်ခြင်းသည် ကောင်းမှု ပြုခြင်းအားဖြင့် မဟုတ်ဘဲ၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဖြစ်ကြောင်း သွန်သင်တော်မူခဲ့ပါသည်။ ထို့ကြောင့်၊ ယေရှုက၊ “သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့် ချစ်လော့။ ကိုယ်နှင့် စပ်ဆိုင်သော သူကို ကိုယ်နှင့်အမျှ ချစ်လော့” ဟု ပြန်လျှောက်ရမည့် မေးခွန်းကို မေးခဲ့ပါသည်။ ထိုအခါ၊ “သင်၏စကားသည် မှန်ပေ၏။ ထိုသို့ပြုလျှင် အသက်ကို ရမည်ဟု” ယေရှုက ကျမ်းတတ်အား မိန့်တော်မူ၏။

ကျမ်းတတ်၏ အဖြေသည် မှန်ပါ၏၊ အကြောင်းမှာ၊ ခရစ်တော်အား မိမိ၏ကယ်တင်ရှင်သခင်အဖြစ် ယုံကြည်သောသူအပေါင်းတို့သည် ဘုရားသခင်အား ထိုသို့ ချစ်ကြပါသည်။ ဘုရားသခင်အား စိတ်နှလုံး အကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့် ချစ်လျက်၊ ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်နိုင်ကြပါသည်။ ထိုအမှုသည် ကယ်တင်ခြင်း၏ ရလဒ်ဖြစ်ပြီး၊ ကယ်တင်ခြင်းရဖို့ ပြုသောအမှု မဟုတ်ပါ။ အကြောင်းမှာ၊ အပြစ်သားသည် ဘုရားသခင်ကို မချစ်နိုင်၊ ကိုယ်နှင့်စပ်ဆိုင်သူကိုလည်း ကိုယ်နှင့်အမျှ မချစ်နိုင်ပါ။ ထို့ကြောင့်၊ ခရစ်တော်က ကျမ်းတတ်အား သင်၏စကားမှန်ပါ၏ဟု ဆိုခြင်းဖြစ်ပါသည်။ ထိုကြောင့်၊ ကယ်တင်ခြင်း၊ ထာဝရအသက် ရဖို့ရန် ထိုသို့ ပြုဖို့ ကျမ်းတတ်အား ဆိုခဲ့ပါသည်။ ဘုရားသခင်အား အကြွင်းမဲ့ချစ်ဖို့၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ဖို့ လိုအပ်ကြောင်း၊ ကျမ်းပြုဆရာက နားလည်သဘောပေါက်မည်ဟု ယေရှု သိတော်မူခဲ့ပါသည်။

ဘုရားသခင်အား အကြွင်းမဲ့ချစ်၏ ဟူသောအချက်ကို စုံလင်စွာ မြင်၍မရ၊ တိုင်းတာ၍ မရပါ။ ထိုဘုရားသခင်အပေါ် ထားရှိသော ချစ်ခြင်းကို ကိုယ်နှင့်စပ်ဆိုင်သောသူအပေါ် ထားရှိသော ချစ်ခြင်းအားဖြင့်မှအပ တိုင်းတာ၍ မရပါ။ ပထမအချက်ကား၊ ဘုရားသခင်ကို ကျွန်တော်တို့ မမြင်နိုင်ပါ။ မမြင်နိုင်သောသူကို သင်ဘယ်လို ချစ်နိုင်မည်နည်း။ ဒုတိယအချက်မှုကား၊ ဘုရားသခင်အပေါ်ထားရှိသော ထိုစုံလင်သည့် ချစ်ခြင်းကို အဘယ်သူက လက်တွေ့တိုင်းတာနိုင်မည်နည်း။ ဘုရားသခင်က အသက်နှင့် ဥစ္စာရှိသမျှကို တောင်းခဲ့လျှင်၊ ထိုအရာကို အဘယ်သူထံ ပေးရပါမည်နည်း။ ထိုချစ်ခြင်းကို ကိုယ်နှင့်စပ်ဆိုင်သောသူအပေါ် ထားရှိသော ချစ်ခြင်းအားဖြင့် တိုင်းတာရပါ၏။ ကိုယ်နှင့်စပ်ဆိုင်သောသူကို၊ ကိုယ်ထက် မဟုတ်၊ ကိုယ်နှင့်အမျှ ချစ်ရပါသည်။ မိမိကိုယ်ကိုထက် ကိုယ်နှင့်စပ်ဆိုင်သောသူကို ပိုချစ်လျှင်၊ ထိုစပ်ဆိုင်သောသူသည် မိမိ၏ရုပ်တု ဘုရားဖြစ်လာလိမ့်မည်။ ထို့ကြောင့်၊ ကိုယ်နှင့်စပ်ဆိုင်သောသူအား ကိုယ်နှင့်အမျှ ချစ်ခြင်းသည်၊ ဘုရားသခင်အား စိတ်နှလုံး အကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့် ချစ်ခြင်းပင်ဖြစ်ပါသည်။ ကိုယ်နှင့်စပ်ဆိုင်သောသူအား ကိုယ်နှင့်အမျှ ချစ်ခြင်းသည်၊ ထာဝရနှင့်ဆိုင်သော၊ သစ္စာရှိခြင်းနှင့်ဆိုင်သောအရာ၌ မိမိအတွက် လိုချင်သည်အတိုင်း၊ ကိုယ်နှင့်စပ်ဆိုင်သောသူအတွက် လိုချင်မှုရှိခြင်းပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သင်နှင့် စပ်ဆိုင်သောသူကို သင်နှင့်အမျှ ချစ်ပါသလား။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်နှင့် စပ်ဆိုင်သောသူအပေါင်းတို့ကို ချစ်ခြင်းအားဖြင့်၊ ကိုယ်တော်ကို ချစ်မည်အကြောင်း မစတော်မူပါ။ အာမင်။



အင်္ဂါ၊ မေ (၅)
**မသဲ ၂၂း၁၁-၁၄**
ကျက်မှတ်ရန်၊ မသဲ ၂၂း၁၂

*“ထိုသူ၏လက်ခြေကို တုပ်နှောင်လော့။ . . . ပြင်အရပ်မှောင်မိုက်ထဲသို့ ယူသွား ချလိုက်ကြ”*

## မင်္ဂလာဆောင်ပွဲ ဥပမာ၊ တပါးအမျိုးသားများအား ဖိတ်ခေါ်ခြင်း

မင်္ဂလာဆောင်ပွဲ အဆင်သင့် ရှိခဲ့ပါပြီ။ ရှင်ဘုရင်က ငယ်သားများအား လမ်းများပေါ်သို့ သွား၍ များစွာသောလူများကို ခေါ်လာဖို့ရန် မိန့်တော်မူခဲ့၏။ လူကောင်း၊ လူဆိုး နှစ်မျိုးစလုံး လက်ခံတော်မူ၏။ ဧည့်သည်များအား ရှင်ဘုရင် ကြည့်ရှုသောအခါ၊ မင်္ဂလာဆောင်အဝတ် မဝတ်သော လူတဦးကို မြင်တွေ့ခဲ့ပါသည်။ ထိုသို့သော ဘုရင့်သားတော်၏ မင်္ဂလာပွဲတွင် ဧည့်သည်များအား အချင်းချင်း ခွဲခြား ဆက်ဆံခြင်း မရှိစေခြင်းငှါ တူညီသော မင်္ဂလာဆောင်အဝတ်ကို ပေးဝတ်စေခြင်း ထုံးစံ ဓလေ့ရှိခဲ့ပါသည်။ ရှင်ဘုရင်က၊ “အဆွေ” ဟု ထိုသူကို ခေါ်လျက်၊ အဘယ့်ကြောင့် မင်္ဂလာဆောင် အဝတ် မဝတ်ပါသနည်းဟု မေးခဲ့ပါသည်။ ထိုသူ၌ ပြောစရာ စကား မရှိခဲ့ပါ။ ထို့နောက်၊ ဘုရင်က အခြွေအရံများအား ခေါ်လျက်၊ သူ၏ ခြေလက်များကို ချည်နှောင်ပြီး၊ ခေါ်ထုတ်၍ ငိုကြွေးခြင်းနှင့် အံသွားခဲကြိတ်ခြင်းရှိရာ ပြင်အရပ်၌ (ငရဲ) ပစ်ထားဖို့ရန် စေခိုင်း တော်မူခဲ့ပါသည်။

ဤဥပမာက ရှင်ဘုရင်၏ ဖိတ်ခေါ်မှုကို လက်ခံမည့် တပါးအမျိုးသားများစွာ ပါဝင်သော ခရစ်ယာန် အသင်းတော်ကို ရည်ညွှန်းပါသည်။ ခရစ်တော်က တပါးအမျိုးသားများအား၊ “ကောင်း မကောင်း” ဟု ဖော်ပြခဲ့ပါသည်။ ဤ “ကောင်း မကောင်း” က လူ့အဖွဲ့အစည်း၌ ရှိသော ကောင်းသောသူ၊ ထောင်မကျသောသူ နှင့် မကောင်းသောသူ၊ ထောင်ကျဖူးသောသူများကို ရည်ညွှန်းပါ၏။ ထိုသူတို့သည် ဆင်ခြေ မပေး၊ ငယ်သားများကိုလည်း မသတ်ဘဲ၊ ဖိတ်ခေါ်မှုကို လက်ခံခဲ့ကြပါသည်။ ဤအချက်က တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းသွားပြီး၊ ဘုရားသခင်အား ဝတ်ပြုကိုးကွယ်သော သူများကို ရည်ညွှန်းပါသည်။ သူတို့သည် အသင်းတော်၏ အမှုတော်များ၌ ပါဝင်ကြလျက်၊ အသင်းတော် ခေါင်းဆောင်များလည်း ဖြစ်နိုင်ပါသည်။ အချို့သည် သင်းအုပ်ဆရာ၊ ကျမ်းစာကျောင်းဆင်း၊ နှုတ်ကပတ်တော် ဟောပြောသောသူများလည်း ဖြစ်နိုင်ပါသည်။ သို့သော်လည်း၊ အချို့သည် ခရစ်တော်၌ ဒုတိယ မွေးဖွားခြင်းမခံရသော၊ ခရစ်တော်၏ ဖြောင့်မတ်ခြင်း ဝတ်လုံ တည်းဟူသော မင်္ဂလာဆောင်အဝတ် မပိုင်ဆိုင်သော သူများဖြစ်ပါသည်။

ကောင်းကင်နိုင်ငံ ဝင်ခွင့်ရမည်အကြောင်း၊ ခရစ်တော်၏ အသွေးတော်၏ ဆေးကြောသန့်စင်ခြင်းကို ခံရမည်ဖြစ်ပါသည်။ ဘုရားကျောင်းတတ်ခြင်း၊ အသင်းတော်၌ သင်းအုပ်လူကြီးနှင့် သင်းထောက်ဖြစ်ခြင်း၊ ဘိသိက်ခံ သင်းအုပ်ဆရာဖြစ်ခြင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော် ဟောပြော သင်ကြားပေးခြင်းတို့သည်၊ ခရစ်တော်၏အဝတ်ကို မဝတ်ဆင်သော အပြစ်သားဖြစ်လျှင် ဘုရားသခင် ရှေ့၌ လုံးဝအဓိပ္ပါယ် မရှိပါ။ ထိုသူသည် အပြစ်သားအဖြစ် သေခဲ့လျှင် ငရဲ အမှန်ကျမည်ဖြစ်ပါသည်။

ဖောက်ပြန်လျက် ရှိသော ယခုခေတ် ခရစ်ယာန်လောကတွင်၊ အသင်းတော် အတွင်းအပင်၌ ယုံကြည်သူများ၏ ပတ်လည်တွင် အမည်ခံ ယုံကြည်သူများစွာ ရှိကြပါသည်။ ခရစ်တော်၏ ဝတ်လုံ အမှန် ဝတ်ဆင်သောသူ ဖြစ်ဖို့ လိုအပ်ပါသည်။

**ဆင်ခြင်ရန်** - သင်၏ကယ်တင်ခြင်း စိတ်ချမှုကို ကြောက်ရွံ့ တုန်လှုပ်ခြင်းဖြင့် ပြုသပါလော့။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်တော် ကယ်တင်ခြင်း စိတ်ချမှု ရှိမည်အကြောင်း မစတော်မူပါ။

*"နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို လောကီနိုင်ငံ အရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်"*

## သတို့သမီးတကျိပ်နှင့်ငွေ ဥပမာများ၊ အခြေအနေ (၁)

သမ္မာကျမ်းစာတခုလုံး၌ တွေ့ရသော ဘုရားသခင်၏ရည်ရွယ်ချက်တွင် ခရစ်တော် ကြွလာတော်မူခြင်းက အဓိကနေရာ ယူခဲ့ပါသည်။ ကယ်တင်ခြင်းအတွက် ခရစ်တော် ပထမအကြိမ်ကြွလာတော်မူခြင်းသည် ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာတော်မူခြင်း၌ အဆုံးသတ်မည်ဖြစ်ပါသည်။ ပထမအကြိမ် ကြွလာတော်မူခြင်းသည် အပြစ်သားများကို ကယ်တင်ဖို့ရန်ဖြစ်ပြီး၊ ဒုတိယအကြိမ် ကြွလာတော်မူခြင်းသည် အပြစ်နှင့်ပြည့်နှက်နေသော ဤလောကကို စီရင်ရန်ဖြစ်ပါသည်။

ဘုရားသခင်၏ တရားစီရင်ခြင်းသည် အဆုံးသတ်ဖြစ်လျက်၊ ဤလောကသည် ဘယ်တော့မှ ပုံမှန်ပြန်ဖြစ်တော့မည် မဟုတ်ပါ။ ထိုစီရင်ခြင်းသည် မီးအားဖြင့်ဖြစ်ပါလိမ့်မည်။ ဤကမ္ဘာမြေကြီးနှင့်အထဲရှိ အရာအားလုံးတို့သည် လောင်ကျွမ်းကြလိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင် သတိပေးတော်မူခြင်းသည် အပြစ်သားတိုင်းကို ဂရုစိုက် တော်မူသောကြောင့် ဖြစ်ပါသည်။ ယေရှုက သတို့သမီးတကျိပ်နှင့်ငွေ ဥပမာများ မပြောမီ အခြေအနေကို အရင်ဖော်ပြတော်မူ၏။ ဥပမာများကို မှန်ကန်စွာ နားလည် သဘောပေါက်ဖို့ရန် အခြေအနေကို နားလည် သဘောပေါက်ဖို့ အလွန်အရေးကြီးပါသည်။

ဗိမာန်တော် ဖျက်ဆီးခြင်း မခံရမီနှင့် ခရစ်တော် ဒုတိယအကြိမ် ကြွလာတော်မမူမီ ဖြစ်ပျက်မည့် နိမိတ်လက္ခဏာများနှင့် ဆက်နွယ်မှုရှိပါသည်။ မသဲ ၂၄း၅-၁၃ က ဗိမာန်တော် ဖျက်ဆီးခြင်း မခံမီ ဖြစ်ပျက်မည့် နိမိတ်လက္ခဏာများကို ဖော်ပြလျက်ရှိ၏။ ယုဒလူများက ပုန်ကန်သောကြောင့်၊ ဗိမာန်တော်သည် အေဒီ ၇၀ တွင် ရောမလူမျိုးများ၏ ဖျက်ဆီးခြင်း ခံခဲ့ရပါသည်။ ထိုနိမိတ်လက္ခဏာများသည် ပြည့်စုံပြီဖြစ်ပါသည်။ မသဲ ၂၄း၁၄-၂၈ က ခရစ်တော် ဒုတိယအကြိမ်ကြွလာတော်မမူမီ ဖြစ်ပျက်မည့် နိမိတ်လက္ခဏာများကို ဖော်ပြခဲ့ပါသည်။ အချို့သော နိမိတ်လက္ခဏာများသည် ယနေ့ ပြည့်စုံလျက်ရှိပါသည်။ ထိုအထဲတွင်၊ သတင်းကောင်း ကမ္ဘာအနှံ့ ဟောပြောခြင်း (အငယ် ၁၄)၊ မှားယွင်းသော ခရစ်တော်နှင့် မှားယွင်းသော ပရောဖက်များ ပေါ်ထွန်းလျက်၊ လောကလူများကို လှည့်စားဖို့ရန် အံ့ဘွယ်နိမိတ်လက္ခဏာများ ပြသခြင်း (အငယ် ၂၄) တို့ဖြစ်ပါသည်။ ကမ္ဘာတဝန်း ခရစ္စမတ် အကြိမ်ကြိမ် ဆင်နွှဲခြင်းဖြင့် သတင်းကောင်းသည် ကမ္ဘာ့တိုက်ကြီးများ အားလုံးသို့ ရောက်ရှိလျက်ရှိပါသည်။ သို့သော်လည်း၊ ကမ္ဘာတခုလုံး ကယ်တင်ခြင်း ခံရမည်ဟု မဆိုလိုပါ။ မှားယွင်းသော ခရစ်တော်များ၊ မှားယွင်းသော ပရောဖက်များကို တကမ္ဘာတဘာသာ လှုပ်ရှားမှု၊ အထူးသဖြင့် ရောမန်ကာသိုလစ် အသင်းတော်၊ Charismatics နှင့် neo-evangelicals လှုပ်ရှားမှုများ၌ တွေ့ရပါသည်။ သူတို့သည် သမ္မာကျမ်းစာမှ ခရစ်တော် မဟုတ်ဘဲ၊ မှားယွင်းသော ခရစ်တော်ကို ဟောပြောကြပါသည်။

သို့သော်လည်း၊ ဒံယေလ၏ ပရောဖက်ပြုချက်ဖြစ်သော ဖျက်ဆီးတတ်သော ရွံ့ရှာဘွယ်အရာ နိမိတ်လက္ခဏာ (အငယ် ၁၅) နှင့် ဘေးဒဏ်ကြီးကာလ (အငယ် ၂၁) တို့သည် ပြည့်စုံလိမ့်မည့်အရာ ဖြစ်ကြပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော် ကြွလာတော်မူမည့်အချိန်အတွက် သင်အဆင်သင့် ရှိပါသလား။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ခရစ်တော် ကြွလာတော်မူမည့်အချိန်၏ လက္ခဏာများကို သိမြင်လျက် အဆင်သင့် ရှိမည်အကြောင်း မစတော်မူပါ။ အာမင်။





*"ပညတ္တိကျမ်း၌ အဘယ်သို့လာသနည်း။ သင်သည် အဘယ်သို့ ဖတ်သနည်း"*

## ကောင်းသော ရှမာရိလူ ဥပမာ၊ ကယ်တင်ခြင်း ရှာဖွေခြင်း

ကောင်းမှုပြုခြင်းအား ကောင်းကင်ဘုံ ဝင်ရသောအခွင့်ကဲ့သို့ သင်ကြားခဲ့ကြပြီး၊ ရာစုနှစ်များစွာ ထိုသို့ ယုံကြည်ခဲ့ကြပါသည်။ ကောင်းမှုကို နှစ်မျိုး ခွဲ၍ ဖော်ပြနိုင်ပါသည်။ လူတို့သတ်မှတ်သော ကောင်းမှုသည် လူ့အမြင်၌ ကောင်းသောအမှုကို ဆိုလိုပါသည်။ လူက ကောင်းသည်ဟု နားလည်ပြီး၊ ပြုသောအမှုကို၊ ဘုရားသခင်ကလည်း ကောင်းသောအမှုဟု သတ်မှတ်လိမ့်မည်ဟု လူက ယုံကြည်ခဲ့၏။ ထို့ကြောင့်၊ ထိုကောင်းသောအမှုများကို စိတ်ထားဖြူစင်စွာ အကောင်းဆုံး ဆောင်ရွက်ခဲ့လျှင်၊ ဘုရားသခင်သည် ထိုအမှုကို နှစ်သက်လျက်၊ ထိုသူကို ကောင်းကင်ဘုံ ဝင်ခွင့်ပေးမည်ဟု လူက ယုံကြည်၏။ ကာဣန၏ခြေရာကို လူက လိုက်လျှောက်၏။ သူ့ကို ပြုသောအမှုနှင့်အတူ ဘုရားသခင် ငြင်းပယ်တော်မူခဲ့၏။ ဒုတိယ အမျိုး ကောင်းမှုသည် လူတို့ထံ ဘုရားသခင် ဖော်ပြတော်မူသော ကောင်းမှုဖြစ်ပါသည်။ ထိုကောင်းမှုကို ကျမ်းစာထဲ၌ တွေ့ရပါသည်။ ထိုကောင်းမှုကို ခရစ်ယာန် ပြုသော ကောင်းမှုဟု ခေါ်ကြပါသည် (ဓမ္မဟောင်းဖြစ်ဖြစ်၊ ဓမ္မသစ်ဖြစ်ဖြစ်)။ ခရစ်တော် ခေတ်ကာလတွင်၊ ဖာရိရှဲနှင့် ကျမ်းပြုဆရာများထက် ပိုကောင်းသောသူ မရှိကြပါ။ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော် လေ့လာသောသူ၊ သင်ပေးသောသူ၊ ကာကွယ်သောသူ ဖြစ်ကြပါသည်။ ကျမ်းပြုဆရာများသည် ကျမ်းစာကို ကူးယူရေးသားသောသူများ ဖြစ်ကြသောကြောင့်၊ ကျမ်းစာကို သိကြပါသည်။ ခရစ်ယာန် ကောင်းမှု ပြုခြင်းဖြင့် ကောင်းကင်နိုင်ငံ ဝင်ခွင့်ရှိသည်ဟု ယုံကြည်သောသူများသည် ကျမ်းပြုဆရာများ၊ ဖာရိရှဲများထက် ပိုမကောင်းကြပါ။ ထို့ကြောင့်၊ ခရစ်တော်က၊ ဖာရိရှဲနှင့်ကျမ်းပြုဆရာများ၏ ဖြောင့်မတ်ခြင်းထက် သာလွန်သော ဖြောင့်မတ်ခြင်း မရှိသောသူသည် ကောင်းကင်နိုင်ငံတော် ဝင်ခွင့်မရှိဟု ဆိုခြင်းဖြစ်ပါသည် (မသဲ ၅း၂၀)။

လုကာ ၁၀း၂၅ တွင်၊ ထိုသို့သော ကျမ်းတတ်တဦးသည် ထ၍ ယေရှုကို စုံစမ်းနှောင့်ယှက်ခဲ့ပါသည်။ "အရှင်ဘုရား၊ ထာဝရအသက်ကို အမွေခံရအံ့သောငှါ အကျွန်ုပ်သည် အဘယ်အမှုကို ပြုရပါမည် နည်း" ဟု ယေရှုအား မေးခဲ့ပါသည်။ သူသည် ခရစ်တော်ထက် မောရှေ၏ ပညတ္တိကျမ်းကို ပိုသိသည်ဟု ထင်မှတ်လျက်၊ ပညတ္တိကျမ်း၏သွန်သင်ချက်နှင့် ဆန့်ကျင်လျက် အဖြေပေးလိမ့်မည်ဟု ထောင်ချောက် ဆင်ခြင်းဖြစ်နိုင်ပါသည်။ ထို့ပြင်၊ ခရစ်ယာန် ကောင်းမှု ပြုခြင်းဖြင့် ကောင်းကင်နိုင်ငံ ဝင်ရာလမ်းသို့ ဤကျမ်းပြုဆရာ လိုက်လျှောက်လျက်ရှိကြောင်း ယေရှု ဖော်ပြလျက်၊ မိမိဘက်၌ ရပ်တည်မည်အကြောင်း မျှော်လင့်လျက် မေးခြင်းလည်း ဖြစ်နိုင်ပါသည်။ သူသည် ယေရှုအား၊ နိကောဒင် ခေါ်သကဲ့သို့ "rabbi" ဟု မခေါ်ဘဲ၊ "master" (သင်ပေးသောဆရာ) ဟု ခေါ်ခဲ့ပါသည်။ ထိုသို့ ခေါ်ခြင်းသည် ယေရှု ခရစ်တော်အား သာမန်ဆရာများထက် မပိုသောသူ ဟုဆိုလိုခြင်းဖြစ်ပါသည်။ Rabbi သည် လေးစားထိုက်သော ဘုရားသခင်၏နှုတ်ကပတ်တော် သွန်သင်ပေးသောဆရာ ဖြစ်ပါသည်။ ဝမ်းနည်းစရာ ကောင်းသည်မှာ၊ ဤကျမ်းပြုဆရာသည် ယေရှုအား စုံစမ်းနှောင့်ယှက်ဖို့ရန် ကယ်တင်ခြင်းတရား ရှာသောသူ ကဲ့သို့ ဟန်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏ ကယ်တင်ခြင်းကို သင် အမှန် ရှာပါသလား။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ အကျွန်ုပ်၏ မယုံကြည်ခြင်းကို မစတော်မူပါ၊ ခရစ်တော်၌ အကျွန်ုပ်၏ ကယ်တင်ခြင်း စိတ်ချမှုကို ယခု ရှာပါမည်။ အာမင်။

**လု ၆း၃၇-၄၅**

ကျက်မှတ်ရန်၊ လု ၆း၄၅ *"အသီးကိုထောက်၍ အပင်ကို သိရ၏"*

## လူကန်းသည် လူကန်းအား လမ်းပြ၏၊ ကောင်းသောသူ ဘယ်သူလဲ

ဖန်ဆင်းခံအရာသည် မိမိ၏တည်ရှိမှုနှင့် မိမိ၏သမ္မာတရားကို ဖော်ပြသော ဘုရားသခင်၏ သက်သေဖြစ်ပါသည်။ လူကန်း၏ လူကန်း လမ်းပြခြင်း ဥပမာတွင်၊ ယေရှုက ကောင်းသောအပင်က မကောင်းသောအသီးကို မသီးနိုင်၊ မကောင်းသောအပင်ကလည်း ကောင်းသောအသီးကို မသီးနိုင်ဟု သွန်သင်ခဲ့ပါသည်။ ဤမဖြစ်နိုင်သော အသီးသီးခြင်းသည် ဝိညာဉ်နှင့်ဆိုင်သောအသီး သီးခြင်းနှင့် လည်း သက်ဆိုင်မှု ရှိပါသည်။ အသီးသီးသော အပင်တိုင်းကို ထိုအသီးအားဖြင့် လူတို့ သိကြပါသည်။ ဘယ်သူကမှ သဘော်သဖန်းသီးကို ဆူးပင်မှ မခူး၊ စပျစ်သီးကိုလည်း ချုံပင်မှ မခူးယူကြပါ။ လုံးဝ မဖြစ်နိုင်ပါ။

ထိုနည်းတူ၊ ကောင်းသောသူသည် ကောင်းသော မိမိစိတ်နှလုံး ဘဏ္ဍာတိုက်ထဲမှ ကောင်းသောအရာကို ထုတ်ဘော်တတ်၏။ မကောင်းသောသူသည် မကောင်းသော မိမိစိတ်နှလုံး ဘဏ္ဍာတိုက်ထဲက မကောင်းသောအရာကို ထုတ်ဘော်တတ်၏။ ဤတရားသည် အသီးသီးသော အပင်များနည်းတူ၊ ပြောင်းလဲ၍ မရသော သမ္မာတရားဖြစ်ပါသည်။

အဘယ်အပြစ်သားမှ အစ၌ ကောင်းသောစိတ်နှလုံး မရှိခဲ့ကြပါ။ အပြစ်သားအပေါင်းတို့ သည် မကောင်းသောစိတ်နှလုံးရှိလျက် မွေးဖွားခဲ့ကြပြီး၊ မကောင်းသောအသီးကိုသာ သီးနိုင်၏။ ပြုသောအမှုများသည်လည်း လူ့အမြင်၌ ကောင်းသည်ဟု ထင်ရသော်လည်း၊ ဘုရားသခင် အမြင်တွင် အဝတ်ဆုတ်သာသာ ဖြစ်ပါသည်။ သူပြုသော "ကောင်းမှုများ" အားဖြင့် ကောင်းကင်ဘုံ မဝင်နိုင်ပါ။

ခရစ်တော်၌ အမှန်တကယ် ဒုတိယမွေးဖွားခြင်း ခံရသောအခါ၊ သန့်ရှင်းသော ဝိညာဉ်တော် ကျိန်းဝပ်တော်မူခြင်း ခံရ၏။ ခရစ်တော်က သူ့ကိုယ်စား ပြုပေးတော်မူသောအမှုအားဖြင့် သူသည် ကောင်းသောသူဖြစ်လာခဲ့ပါသည်။ ဝိညာဉ်တော်က သန့်ရှင်းသောအမှုကို ဆောင်ရွက်နိုင် ဖို့ရန် သူ့ကို ခွန်အားပေးတော်မူ၏။ ယုံကြည်သူ ပြုသော ထိုသန့်ရှင်းသော၊ ကောင်းသောအမှုကို လူတို့သည် မြင်ကြသောအခါ၊ ခရစ်တော်ကို သိမြင်နိုင်ကြပြီး၊ ဘုရားသခင်၏ဘုန်းတော်ကို ချီးမွမ်းနိုင် ကြပါသည်။ အပြစ်သားများသည် သန့်ရှင်းသူဖြစ်လာသောအခါ၊ ဘုရားသခင်၏ဘုန်းတော် ကို ထင်ရှားစေခဲ့ကြပါသည်။ ဘုရားသခင်၏သားသမီးတို့သည် ယုံကြည်သူများပြုသည့် ကောင်းမှု မင်္ဂလာ ခံစားကြသောအခါ ဘုရားသခင်၏ဘုန်းတော်ကို ချီးမွမ်းကြပါသည်။ ကောင်းသောစိတ်နှလုံး ထဲမှ ကောင်းသော စကားများနှင့် သမ္မာကျမ်းစာအတိုင်း ပြုသော ကောင်းသောအမှုများ ပေါ်ထွက် လာပါသည်။ သူတို့၏အတွေးအခေါ် သည်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်၌ အခြေခံထားပါသည်။ ယုံကြည်သူအားလုံးသည် သူတို့၏အသက်တာ၌ ထိုအမှုကို ကယ်တင်ခြင်း သက်သေအဖြစ် ခံစားရမည်ဖြစ်ပါသည်။

လူတဦးသည် သမ္မာကျမ်းစာနှင့်အညီ အသက် မရှင်၊ သူ၏အတွေးအခေါ် သည်လည်း ကျမ်းစာ နှင့် ကိုက်ညီမှု မရှိလျှင်၊ ထိုသူသည် ဘုရားသခင်၏သား မဟုတ်ပါ။ လူကန်း၏ လမ်းပြခြင်း ခံသောသူဖြစ်ပါသည်။ အကြောင်းမှာ၊ လူကန်း ဟောသော သတင်းကောင်းသည် သူ့ကို ကယ်တင်ခြင်း မပေးနိုင်ပါ။ ကျွန်ုပ်တို့အား ကယ်တင်လျက်၊ ကောင်းကင်ဘုံသို့ မခေါ်ဆောင်သေးဘဲ၊ ဤလောက၌ ဘုရားသခင် ထားရခြင်းမှာ ကျွန်တော်တို့ပြုသော ကောင်းသောအမှုများအားဖြင့် သူတပါးကို ခရစ်တော်ထံ ခေါ်ဆောင် ဖို့ရန်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သင့် စိတ်နှလုံးနှင့်အသက်တာကို ကောင်းသောအမှုပြုခြင်းက ဖော်ပြပါသလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ သမ္မာတရားတည်းဟူသော၊ ကိုယ်တော်၏ နှုတ်ကပတ်တော်၌ ကျွန်ုပ်၏ ယုံကြည်ခြင်းကို မြဲမြံစေတော်မူပါ။





**မသဲ ၂၅း၁-၁၃**

ကျက်မှတ်ရန်၊ မသဲ ၂၄း၃၆ *"ငါအမှန်ဆိုသည်ကား၊ သင်တို့ကို ငါမသိဟု ပြန်ပြောလေ၏"*

## သတို့သမီးတကျိပ်နှင့် ငွေ ဥပမာများ၊ အခြေအနေ (၂)

တပည့်တော်များ၏ မေးခွန်းနှစ်ခု အဖြေပေးခြင်းဖြင့် ဖြစ်ပျက်လာမည့် နိမိတ်လက္ခဏာများ ဖော်ပြပြီးနောက်၊ ယေရှုသည် အစဉ်အသင့်ရှိဖို့ လိုအပ်ကြောင်း သူတို့အား သတိပေးတော်မူခဲ့၏။ ခရစ်တော်သည် အမှန် တဖန်ကြွလာတော်မူမည်။ ခရစ်တော် တဖန်ကြွလာတော်မူခြင်း၌ အချက် နှစ်ချက် ပါဝင်ပါသည်။ ပထမအချက်မူကား၊ မိမိ၏အသင်းတော်အတွက် ခရစ်တော် ကြွလာတော် မူခြင်းဖြစ်ပြီး၊ ခရစ်တော်၌ သေသောသူများ ရှင်ပြန်ထမြောက်ခြင်းဖြစ်သော၊ ပထမအကြိမ် ရှင်ပြန် ထမြောက်ခြင်း (သို့) အသက်ရှင်သော ယုံကြည်သူများ ချီဆောင်ခြင်းလည်း ဖြစ်ပါသည်။ မျက်စိ တမှိတ်အတွင်း ဖြစ်ပျက်မည်ဖြစ်သောကြောင့်၊ လောကလူများက သိမြင်မည် မဟုတ်ပါ။ ဒုတိယ အချက်မူကား၊ အာမဂေဒုန် စစ်ပွဲ၌ များစွာသော ရန်သူများကို တိုက်ဖို့ရန်၊ ဘုန်းတော်ဝင်စားသော မိမိ၏ သန့်ရှင်းသူများနှင့် ကောင်းကင်တမန်များနှင့်အတူ ကောင်းကင်ဘုံမှ ဘုန်းတော်နှင့်တကွ ဤလောကသို့ ခရစ်တော် ကြွလာတော်မူခြင်းဖြစ်ပြီး၊ ဤလောကလူများက မြင်ကြပါလိမ့်မည်။ မသဲ ၂၄း၂၉-၃၅ တွင် ဤဒုတိယ အချက်ကို ဖော်ပြခြင်းဖြစ်ပါသည်။ ဤလောက ကုန်ဆုံးသောအခါ၊ ကယ်တင်ခြင်း ကာလသည် ကုန်ဆုံး၍ တရားစီရင်ခြင်း စတင်မည်ဖြစ်ပါသည်။ ဖြောင့်မတ် သန့်ရှင်း သောသူ အပေါင်းတို့သည် ထာဝရ သန့်ရှင်း ဖြောင့်မတ် လိမ့်မည်ဖြစ်ပါသည်။ ဆိုးသွမ်း မိုက်မဲသော သူအပေါင်းတို့သည် ထာဝရ ဆိုးသွမ်းလျက်၊ ငရဲသို့ ပစ်ချခြင်း ခံရကြလိမ့်မည်။ ကယ်တင်ခြင်း ခံရမည်အကြောင်း ခရစ်တော်၏ ဖိတ်ခေါ်ခြင်းကို အလျင်အမြန် လက်ခံဖို့ လိုအပ်ပါသည်။

ခရစ်တော် တဖန်ကြွလာတော်မူမည့်အချိန် အတိအကျကို ဖော်ပြတော်မမူခဲ့ပါ။ ဘုရား သခင်သည် မိမိ၏ အဆုံးမဲ့ ဉာဏ်တော်အားဖြင့်၊ မိမိ၏သားသမီးများ ဝိညာဉ်အကျိုးအတွက် ထို နေ့ရက် အချိန်ကို မဖော်ပြဘဲ နေတော်မူ၏။ ခရစ်တော် ကြွလာတော်မူမည့် အချိန် နာရီကို ယုံကြည်သူများ သိခဲ့ပါလျှင်၊ သူတို့သည် ပျင်းရိစွာ နေလျက်၊ ခရစ်တော် မကြွလာမီ တရက်အလို တွင် နောင်တရခဲ့ကြပါလိမ့်မည်။ ထိုသို့သော ဇာတိသဘောကို စစ်မှန်သော ယုံကြည်သူ၏ စိတ်နှလုံး ထဲ၌ မရှိရပါ။ ခေတ်အဆက်ဆက် ယုံကြည်သူအပေါင်းတို့အား၊ အစဉ် သတိရှိသောသူ၊ သမ္မာ ကျမ်းစာအတိုင်း သန့်ရှင်း ဖြောင့်မတ်စွာ နေထိုင်လျက်၊ ဘယ်အချိန်ဖြစ်ဖြစ် ခရစ်တော် ကြွလာတော် မူခဲ့လျှင်လည်း၊ အစဉ် အသင့်ရှိနေကြဖို့ ဘုရားသခင် အလိုရှိတော်မူ၏။ ထို့ကြောင့်၊ သူတို့သည် ဘုရားသခင် သန့်ရှင်းသည်နည်းတူ၊ သူတို့၏အသက်တာ အကျင့်တို့သည် သန့်ရှင်းခြင်းရှိဖို့လိုပါ၏။

ဤပရောဖက်ပြုချက်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ လောက်၌ ပြုခဲ့ခြင်းဖြစ်သည်နှင့် အညီ၊ ကျွန်တော်တို့သည် ခရစ်တော် ကြွလာမည်အချိန်အတွက် အစဉ် အသင့်ရှိဖို့ လိုပါသည်။ တနင်္ဂနွေနေ့ ဝတ်ပြုခြင်းတိုင်းသည် ကျွန်ုပ်တို့၏ နောက်ဆုံး ဝတ်ပြုခြင်း ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်း သေချာဖို့ လိုပါသည်။ ထို့နောက်၊ ကျွန်တော်တို့သည် အမှုတော်ကို သစ္စာရှိစွာ ဆောင်ရွက်လျက်၊ တပည့်တော်တို့အား မိန့်တော်မူသကဲ့သို့ ခရစ်တော်၏ကားတိုင်ကို သစ္စာရှိစွာ ထမ်းရွက်ရပါမည်။

**ဆင်ခြင်ရန်** - မနက်ဖြန် ခရစ်တော် ကြွလာမည်ဆိုလျှင်၊ ယနေ့ ကျွန်တော် ဘာလုပ် လိမ့်မည် နည်း။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ခရစ်တော် မကြာမီ ကြွလာတော်မူမည် ဟူသော အသိတရားဖြင့် အစဉ် နေထိုင်ကျင့်ကြံမည်အကြောင်း မစတော်မူပါ။ အာမင်။

သောကြာ၊ မေ (၈)
**မသဲ ၂၅း၁-၁၃**
ကျက်မှတ်ရန်၊ မသဲ ၂၅း၂-၃

*"ထိုသတို့သမီးတို့တွင် ငါးယောက်သည် ပညာသတိရှိကြ၏။ ငါးယောက်မူကား အမိုက်ဖြစ်ကြ၏"*

## သတို့သမီးတကျိပ် ဥပမာ၊ ထိမ်းမြားခြင်း

သတို့သမီးတကျိပ် ဥပမာသည် ကယ်တင်ခြင်းအကြောင်း ကောင်းကင်နိုင်ငံတော် ဥပမာ ဖြစ်ပါသည်။ သတို့သမီးတကျိပ်သည် ဒေသန္တရအသင်းတော်ရှိ အမည်ခံ ယုံကြည်သူများဖြစ်ပါသည်။ သတို့သားသည် ယေရှုခရစ်တော် ဖြစ်ပါသည်။ ထိမ်းမြားခြင်းသည် အသင်းတော် အတွက် ခရစ်တော် ကြွလာတော်မူခြင်း ဖြစ်ပါသည်။ ဤဥပမာ၏အဓိကရည်ရွယ်ချက်သည် သမ္မာသတိရှိခြင်းဖြစ်ပါ၏။ စစ်မှန်သော ယုံကြည်သူတိုင်းသည် သတို့သား ကြွလာတော်မူမည့်အချိန်အတွက် အစဉ် အသင့်ရှိ၍ သမ္မာသတိရှိရမည်ဖြစ်ပါသည်။

ယေရှု ခေတ်ကာလ ယုဒလူများ၏ ထိမ်းမြားခြင်းကို Albert Barnes က ဤသို့ဖော်ပြခဲ့ပါသည်၊ "အရှေ့ပိုင်း ထိမ်းမြားခြင်း အခမ်းအနားကို အလွန် ကြီးကျယ်စွာ ပြုခဲ့ကြပါသည်။ ထိမ်းမြားခြင်း အခမ်းအနားကို လေဟာပြင်၊ စမ်းချောင်းနား၌ များသောအားဖြင့် ပြုလုပ်တတ်ကြပါသည်။ သတို့သားနှင့် သတို့သမီးတို့ကို သူတို့၏ မိတ်ဆွေများက စောင့်ရှောက် ခြံရံခဲ့ကြပါသည်။ သူတို့အား လူလေးယောက် (သို့) လေးယောက်ထက်များသော လူများက ထမ်းစင်ဖြင့် ထမ်းခဲ့ကြပါသည်။ ထိုထိမ်းမြားခြင်း အခမ်းအနား အပြီးတွင် သူတို့သမီးသည် အပျိုကညာ ဖြစ်လျှင် ခုနစ်ရက်ပွဲ ကျင်းပကြပြီး၊ မုဆိုးမ ဆိုလျှင် သုံးရက် ကျင်းပကြပါသည်။ ဤပွဲကို သူမ၏ ဖခင်အိမ်၌ ကျင်းပကြပါသည်။ ထိုပွဲအပြီးတွင်၊ သတို့သားသည် သတို့သမီးကို ခမ်းနားစွာ မိမိအိမ်သို့ ခေါ်ဆောင်ခဲ့ပါသည်။ ထိုအမှုကို ညနေပိုင်း (သို့) ည၌ ပြုလုပ်ခဲ့ကြပါသည်၊ ယေရမိ ၇း၃၄၊ ၂၅း၁၀၊ ၃၃း၁၁။ များစွာသော မိတ်ဆွေ သူငယ်ချင်းများနှင့် အမျိုးများက သူတို့ကို လိုက်ပါခဲ့ပြီး၊ သတို့သမီးအိမ်မှ ထွက်လာသောသူ အပြင်၊ သတို့သားအိမ်မှ ကြိုဆိုမည့် အဖွဲ့များလည်း ရှိပါသည်။ ဤကြိုဆိုမည့်အဖွဲ့သည် သတို့သမီး၏ သူငယ်ချင်းများနှင့် သတို့သား၏ ဆွေမျိုးများဖြစ်ကြပါသည်။ ထိုသူများသည် ဤဥပမာ၌ ဖော်ပြသော အပျိုကညာများပင်ဖြစ်ပါသည်။ ဘယ်အချိန်၌ လာကြမည်ကို မသိဘဲ၊ သူတို့သည် စောစော ထွက်ခဲ့ကြပြီး၊ စောင့်နေခဲ့ကြသည်ဟု ထင်မှတ်ရပါသည်။"

သတို့သမီးတကျိပ်၏ တာဝန်သည် သတို့သား ကြွလာမည့်အချိန်ကို အစဉ် စောင့်ဖို့ဖြစ်ပါသည်။ အမှန် ကြွလာတော်မူမည်အကြောင်း ယုံကြည်ခြင်း ရှိမရှိကို သတို့သမီးတကျိပ်၏ ပြင်ဆင်မှုကပေါ်လွင်စေလိမ့်မည်ဖြစ်ပါသည်။ သူတို့သည် အမှန် ယုံကြည်ခြင်းရှိလျှင်၊ သတို့သား ဘယ်အချိန်လာလာ၊ လုံလောက်သောဆီ ပြင်ဆင်ခဲ့ကြပါလိမ့်မည်။ သတို့သားသည် မိမိလာမည့်အချိန်ကို မိမိသဘော စိတ်ကြိုက် ရွေးချယ်ပိုင်ခွင့် ရှိပါသည်။ သတို့သမီး၏ တာဝန်သည် သတို့သား လာသောအချိန်၌ ထိမ်းမြားခြင်းပြုဖို့ရန်အတွက် စောင့်နေဖို့ပင်ဖြစ်ပါသည်။ ဆီမီးခွက် အလင်း မရှိလျှင်၊ ပါဝင်ခွင့် ရမည် မဟုတ်ပါ။

**ဆင်ခြင်ရန်** - ဘယ်အချိန်ဘဲ ခရစ်တော် ကြွလာလာ သင်အဆင်သင့် ရှိပါသလား။
**ဆုတောင်းချက်-** အဖဘုရား၊ ခရစ်တော် ကြွလာတော်မူမည့်အချိန်အတွက် အကျွန်ုပ်ကို အစဉ် အသင့်ရှိမည်အကြောင်း မစတော်မူပါ။



တနင်္လာ၊ မေ (၂၅)
**လု ၆း၃၇-၄၅**
ကျက်မှတ်ရန်၊ လု ၆း၄၁

*"ကိုယ်မျက်စိ၌ ရှိသော တံကျင်ကို ရှေ့ဦးစွာ ထုတ်လော့။ နောက်မှ ညီအစ်ကို မျက်စိ၌ ရှိသော ငြောင့်ငယ်ကို ထုတ်ခြင်းငှါ ရှင်းလင်းစွာ မြင်လိမ့်မည်"*

## လူကန်းက လူကန်းအား လမ်းပြ၍၊ မိမိကိုယ်ကို အရင်စစ်ကြောလော့

သူတပါးအား စစ်ကြောခြင်း မပြုမီ၊ မိမိကိုယ်ကို စစ်ကြောခြင်းသည် အလွန်ခက်ခဲလှသော အမှု တခုဖြစ်ပါသည်။ အပြစ်တင် စစ်ကြောခြင်းကို ဤလောကီလူများအကြား များစွာ တွေ့ရပြီး၊ ဝမ်းနည်းစရာကောင်းစွာ အသင်းတော်ထဲ၌လည်း တွေ့ရပါသည်။ လူတို့အား အချင်းချင်း စစ်ကြော ခြင်း မပြုဖို့ ဘုရားသခင် မိန့်တော်မူခဲ့၏ဟု ဆိုသောသူများသည် ဟန်ဆောင်အကျင့်ကို အကျင့်လျက်၊ မှသားပြောတတ်ကြပါသည်။ ဘုရားသခင်က မိမိသားသမီးများအား ဖြောင့်မတ်မှန်ကန်သော စစ်ကြောခြင်း ပြုဖို့၊ မှန်ကန်သောနည်းလမ်းဖြင့် စစ်ကြောဖို့ အစဉ် သွန်သင်တော်မူ၏။ လုကာ ၆း၄၁-၄၂ က ယုံကြည်သူများအား မှန်ကန်သောနည်းလမ်းဖြင့် မည်သို့ စစ်ကြောခြင်းပြုရမည် အကြောင်း သွန်သင်ပါသည်။

ယုံကြည်သူသည် သူတပါးကို မစစ်ကြောမီ၊ မိမိကိုယ်ကို အရင် စစ်ကြောရပါမည်။ ထိုသို့ စစ်ကြောသောအခါ၊ ဘုရားသခင်၏ ကျေးဇူးတော်တပါးတည်းအားဖြင့်သာ ရရှိနိုင်သော ကယ်တင်ခြင်း ခံရခြင်း ရှိမရှိဖြင့် စတင်ရပါမည်။ ဘုရားသခင်၏ ဂရုဏာတော်သည် သူ့ကို ငရဲ မကျအောင် လွတ်မြောက်စေပါသည်။ ဘုရားသခင်၏ကျေးဇူးတော်သည် သူ့ကို ငရဲမှ ကယ်နှုတ်တော် မူလျက်၊ ကောင်းကင်ဘုံသို့ ခေါ်ဆောင်ပါသည်။ သူသည် မွေးကတည်းမှစ၍ ကယ်တင်ခြင်းခံရသော နေ့အထိ ဆိုးသွမ်းသေ အပြစ်သားဖြစ်ခဲ့ပါသည်။ သူ့မျက်စိ၌ရှိသော တံကျင်သည် အပြစ်ကြောင့် ခံခဲ့ရသော အခက်အခဲနှင့် သူ၏အားနည်းမှုကို ရည်ညွှန်းပါသည်။ ထိုသို့ဖြင့်၊ မိမိကိုယ်ကို ဖြောင့်မတ် သောသူဟု ထင်မှတ်လိမ့်မည် မဟုတ်ပါ။ ထိုအခါ၊ "သင်ထက် ငါပိုကောင်းတယ်" ဟူသော အမြင် ရှိလိမ့်မည် မဟုတ်ပါ။ ဤသို့ဖြင့်၊ ယုံကြည်သူ၏ သူတပါးအပေါ် စစ်ကြောခြင်းသည် ကိုယ်ချင်းစာ တရားဖြင့် စစ်ကြောခြင်းဖြစ်လာလိမ့်မည် ဖြစ်၏။ ညီအစ်ကိုသည် အပြစ်ကို မည်သို့ ရင်ဆိုင်နေရ ကြောင်း သူအမှန်တကယ် နားလည်သဘောပေါက် လာမည်ဖြစ်ပါသည်။ ထိုသို့အပြစ်ကို အောင်နိုင် ဖို့ရန် သူကိုယ်တိုင်လည်း ကူညီမစလိမ့်မည်ဖြစ်ပါသည်။ ထိုသို့ ပြုခြင်းသည် အခြားဘာ အကြောင်း ကြောင့်မှ မဟုတ်ဘဲ၊ ချစ်ခြင်းမေတ္တာအားဖြင့် ဖြစ်ပါလိမ့်မည်။

သူသည် မည်သို့ အပြစ်ကို ရင်ဆိုင်ခဲ့လျက်၊ ဘုရားသခင်က မည်သို့ အောင်နိုင်ခြင်း ပေးသနားလျက် မစတော်မူကြောင်းကို ညီအစ်ကို ဝေငှလာပါလိမ့်မည်။ ဘုရားသခင်က သူ့ကိုလည်း မစတော်မူနိုင်၏။ ထို့ကြောင့်၊ အပြစ်တင်ခြင်းကို မပြုတော့ဘဲ၊ အပြစ်မှ ကယ်တင်ဖို့ရန် ကြိုးစားလာပါသည်။ သေခြင်းနှင့် ပျက်စီးခြင်းထဲမှ ညီအစ်ကိုအား ဆွဲထုတ်ဖို့ရန် ကူညီလျက်၊ မာရ်နတ်ကို အနိုင်ယူဖို့ ကူညီရိုင်းပင်း လိမ့်မည်ဖြစ်ပါသည်။ ထိုစိတ်သဘောထားဖြင့်၊ ညီအစ်ကို အပေါ် သည်းခံ စိတ်ရှည်ခြင်းရှိပြီး၊ နောင်တရမည့်အချိန်ကို စောင့်လျက်၊ အကူအညီပေးလိမ့်မည်ဖြစ်ပါသည်။ ညီအစ်ကိုသည် အပြစ်ကို ရင်ဆိုင်ကျော်လွှားဖို့ ကြိုးစားအားထုတ်နေကြောင်း မြင်သောအခါ၊ သူသည် မစကူညီဖို့ အစဉ်ရှိခဲ့လိမ့်မည်ဖြစ်ပါသည်။

သို့သော်လည်း၊ ညီအစ်ကိုသည် အပြစ်မှ နောင်တ မရလိုဘဲ၊ ခေါင်းမာလျက်ရှိခဲ့လျှင်၊ အသင်းတော်၏ ဆုံးမ စီရင်ခြင်းခံဖို့ရန် သင်းအုပ်လူကြီးများထံ ခေါ်ဆောင်ဖို့ လိုပါသည်။ ညီအစ်ကိုသည် မိမိ၏ ဝိညာဉ်အသက်တာ ကောင်းစားဖို့ရန် မိမိအပေါ် ဘုရားသခင် ခန့်ထားတော်မူသော ခေါင်းဆောင်များ၏ လမ်းပြမှုကို ခံယူမည်အကြောင်း၊ အသင်းသားဖြစ်ခြင်း ကတိကဝတ် ပြုခဲ့ပြီးဖြစ်ပါသည်။ ထိုညီအစ်ကိုအား မစကူညီဖို့ရန် သူတို့သည် ပိုကောင်းသော ပုဂ္ဂိုလ်များ ဖြစ်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဝေဖန်ခြင်း ကဲ့ရဲ့ခြင်းနှင့် ဖြောင့်မတ်စွာ စစ်ကြောခြင်းသည် ကွဲပြားလှပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ သူတပါးကို မစစ်ကြောမီ မိမိကိုယ်ကို စစ်ကြောမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ မေ (၂၄)

**လု ၆း၃၇-၄၅**

ကျက်မှတ်ရန်၊ လု ၆း၄၀

*"အပြီးသင်ပြီးသော တပည့်တိုင်း၊ မိမိဆရာကဲ့သို့ ဖြစ်လိမ့်မည်"*

## လူကန်းသည် လူကန်းအား လမ်းပြ၍၊ နှစ်ဦးစလုံး တွင်းထဲကျလိမ့်မည်

ယေဘုယျအားဖြင့်၊ သူတပါးအား ထိုသို့ပြုပါ၊ ဤသို့ပြုပါဟု ပြောပြခြင်းကို လူတို့ နှစ်သက်ကြ၏။ ထိုသို့ ပြုခြင်းသည် သူတပါးအား မိမိသဏ္ဍာန် ဆောင်စေခြင်း ဖြစ်ကြောင်းကို သတိ မပြုမိကြပါ။ သို့သော်လည်း၊ ပြုစေသည့်အမှုသည် သမ္မာကျမ်းစာအတိုင်း ဖြစ်ခဲ့လျှင်၊ ထိုသူအား ခရစ်တော်၏ သဏ္ဍာန်ကို ဆောင်ဖို့ရန် သွန်သင်ရာရောက်၏။ ထိုဘုရားသခင်နှင့် ဆိုင်သော အကြံပေးမှုကို နာခံလိုက်လျှောက်သောအခါ၊ ထိုသူသည် ခရစ်တော်၏ သဏ္ဍာန်တော်နှင့် ပို၍ တူညီမှု ရှိလာမည်ဖြစ်၏။

သို့သော်လည်း၊ မယုံကြည်သူက လောကီနှင့်ဆိုင်သော အကြံ (သို့) လူ့အကြံကို ပေးသောအခါ၊ လူကန်းသည် လူကန်းကို လမ်းပြရာရောက်၏။ နှစ်ဦးစလုံး ထွင်းထဲ (ငရဲ) ကျမည်ဖြစ်ပါသည်။ သူ၏ လူ့အသိပညာအားလုံးသည် အချည်းနှီးသက်သက်ဖြစ်ပါလိမ့်မည်။ သမ္မာကျမ်းစာ၌ ဖော်ပြ သည့် ခရစ်တော်မှအပ၊ သေခြင်းနှင့်အပြစ်မှ ကယ်လွှတ်နိုင်သောသူ မရှိပါ။ ခရစ်ယာန် အမည်ခံ မည်သူမဆို ကျမ်းစာ ပြင်ပ ဩဝါဒတရားကို သွန်သင်လျှင်၊ မိမိသခင် ယေရှု ခရစ်တော် ထက် မိမိ ကြီးမြတ်သည်ဟု ဆိုရာရောက်၏။ သို့သော်လည်း၊ ထိုသို့ မဖြစ်နိုင်ပါ၊ အကြောင်းမှာ၊ ခရစ်တော် ထက် ဘယ်သူမှ ကြီးမြတ်ခြင်း မရှိကြပါ။

ယုံကြည်သူသည် စုံလင်ခြင်း ရှိသောအခါ (ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံခြင်း ရှိလျှင်)၊ ယေရှုက သူသည် မိမိသခင် (ခရစ်တော်) ကဲ့သို့ ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ သူသည် ကယ်တင်ခြင်း ခံရစဉ်၊ ခရစ်တော်၏ စိတ်သဘော လက်ခံရရှိခဲ့ပါသည်။ သူသည် သမ္မာကျမ်းစာကို နားလည်သဘော ပေါက်နိုင်ခြင်း ရှိလျက်၊ မိမိ၏ အသစ်သော စိတ်နှလုံးအား ဘုရားသခင် အကြောင်း ဖြင့် ပြည့်ဝစေမည် ဖြစ်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တရား၏အလင်းထဲ၌ ကျင်လည်ခြင်းဖြင့် ခရစ်တော်ကဲ့သို့ ပြောဆို ကျင့်ကြံနေထိုင်လျက်ရှိ၏။ သူသည် ဝိညာဉ် မျက်ကန်း မဖြစ်သောကြောင့်၊ မိမိသခင်နည်းတူ၊ သူတပါးအား လမ်းပြနိုင်သောသူဖြစ်ပါသည်။ သူသည် အပြစ်သားအား ခရစ်တော် ၏သတင်းကောင်းကို ဝေငှတတ်၏။ အခြားသော ယုံကြည်သူများအား ဘုရားသခင်၏သမ္မာတရားကို သွန်သင်လျက်၊ ခရစ်တော်၏ သဏ္ဍာန်တော်ကို ဆောင်ကြဖို့ရန် ကူညီမစတတ်ပါသည်။ သူ၏ သန့်ရှင်းသော အသက်တာက မိမိ၌ ကိန်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော် ပြုတော်မူသော အမှုကို သက်သေ ပြလျက်ရှိပါသည်။

ဒုတိယမွေးဖွားခြင်း ခံရသော ယုံကြည်သူအပေါင်းတို့သည်၊ သမ္မာကျမ်းစာအတိုင်း ခရစ်တော် အကြောင်း သူတပါးထံ သွန်သင်သောသူဖြစ်ကြသောကြောင့်၊ သန့်ရှင်းသော အသက်တာ ကို ကျင့်ကြရမည်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အသေးစိတ် ကြိုးစားအားထုတ် လေ့လာကြရပါမည်။ မျက်ကန်းသည် မျက်ကန်းကို လမ်းပြသကဲ့သို့ မဖြစ်ရလေအောင်၊ သူတပါးအား သွန်သင်ခြင်း မပြုမှီ သေချာ စဉ်းစား သုံးသပ်ရမည်ဖြစ်ပါသည်။ စစ်မှန်သော ယုံကြည်သူထက်၊ အမည်ခံ ယုံကြည်သူ ပေါ်များသော ဤနောက်ဆုံးသော ကာလတွင်၊ ခရစ်ယာန် အမည်ခံ အားလုံး သည် သူတပါးအား ခရစ်တော်၌ ကယ်တင်ခြင်းရမည်အကြောင်း၊ ကယ်တင်ခြင်းတရား မဟောပြောမှီ၊ မိမိ၏ ကယ်တင်ခြင်း စိတ်ချမှု ရှိမရှိ အရင် သေချာဖို့ လိုပါသည်။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာအတိုင်း ကျွန်တော် အသက်ရှင်ပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ အဘယ်သူကိုမျှ ငရဲသို့ မိုက်ကန်းစွာ ကျွန်တော် မခေါ်သွားလိုပါ။



စနေ၊ မေ (၉)

**မသဲ ၂၅း၁-၁၃**

ကျက်မှတ်ရန်၊ မသဲ ၂၅း၄

*"မင်္ဂလာဆောင်လုလင်သည် လာပြီ။ ခရီးဦးကြိုပြုခြင်းငှါ ထွက်သွားကြကုန်"*

## သတို့သမီးတကျိပ် ဥပမာ၊ ပညာသတိရှိသော သတို့သမီးများ

ဖော်ပြခဲ့သည်အတိုင်း၊ ဥပမာသည် ဘဝ၌ လက်တွေ့ဖြစ်ပျက် ကြုံတွေ့ခဲ့သောအမှုကို ဝိညာဉ် ပိုင်းဆိုင်ရာ အနက်အဓိပ္ပါယ် သွန်သင်ခြင်းအတွက် ဖော်ပြပြောကြားခြင်းဖြစ်ပါသည်။ ဥပမာ၌ ပါဝင်သော သူများ၏ အကျင့်ကို ယေရှုက အဓိက အလေးထား ဖော်ပြခြင်း မဟုတ်ပါ။ ထို့ကြောင့်၊ ယေရှု ခေတ်ကာလ၏ ဘဝအဖြစ်အပျက်များကို အခြေခံလျက် ဝိညာဉ်နှင့်ဆိုင်သောတရားကို သွန်သင်ဖို့ရန် ဥပမာများကို အသုံးပြုခြင်းဖြစ်ပါသည်။ ထိုအချက်ကို သိမှတ်လျက်၊ ပညာသတိရှိသော သတို့သမီးများက သူတို့၏ဆီ မျှဝေခြင်း မပြုခြင်းကို အပြစ်မတင်သင့်ပါ။ သူတို့၏ ဓလေ့ထုံးစံ ဖြစ်ပါသည်။ ပညာသတိရှိသော သတို့သမီး ငါးဦးက ဒုတိယ မွေးဖွားခြင်းခံရသော ယုံကြည်သူများကို ကိုယ်စားပြုပါသည်။ သူတို့သည် သတို့သား အမှန် ကြွလာတော်မူမည်အကြောင်းကို ယုံကြည်ကြ ကြောင်း သူတို့၏ ပြင်ဆင်မှုက ထင်ရှားစေပါသည်။ သတို့သား ဘယ်အချိန်လာလာ၊ မီးအိမ်အတွက် လုံလောက်သောဆီကို သူတို့ ပြင်ဆင်ထားခဲ့ပါသည်။ သတို့သား ကြွလာတော်မူမည်ဟု ယုံကြည်ခြင်းရှိ ကြကြောင်းကို အစဉ် အသင့်ရှိခြင်းဖြင့် သက်သေပြရပါမည်။ သတို့သား ကြွလာခြင်းက ခရစ်တော် တဖန် ကြွလာမူခြင်းကို ကိုယ်စားပြုပါ၏။

ခရစ်တော် ပြန်လည် ကြွလာတော်မူမည်အကြောင်း ယုံကြည်ခြင်းက ခရစ်တော်၏ သေခြင်း နှင့် ရှင်ပြန်ထမြောက်ခြင်း ယုံကြည်ခြင်းရှိကြောင်း ဖော်ပြလျက်ရှိပါသည်။ သဘော တရားအားဖြင့် ယုံကြည်ခြင်းကို ဘုရားသခင် နှစ်သက်တော်မူသည် မဟုတ်ပါ။ နာခံ လိုက်လျှောက်ခြင်း ရှိရပါမည်၊ ပညာသတိရှိသော သတို့သမီးများ ဖော်ပြသော အသင့်ရှိခြင်း အသက်တာ ရှိရပါမည်။ ခရစ်တော် ပြန်လည် ကြွလာတော်မူမည်အကြောင်း ကျွန်တော်တို့ ယုံကြည်ခြင်းရှိခဲ့လျှင်၊ ကျွန်တော်တို့၏ အသက်တာ၊ အကျင့်နှင့်ဆိုင်သော စာရင်းကို တင်ပြရလိမ့်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အသက်တာ သည် ဘုရားသခင် ၏ ဘုန်းတော်ထင်ရှားစေဖို့ ဖြစ်ရပါမည်။ ဇနီးသည်အပေါ် ဆက်ဆံမှုသည် ခရစ်တော်က အသင်းတော်ကို ချစ်တော်မူလျက်၊ အသက်ပေးတော်မူသကဲ့သို့ ချစ်ခြင်း မေတ္တာ အားဖြင့် ဖြစ်ရပါမည်။ ဇနီးသည်ကလည်း၊ အသင်းတော်၏ ခေါင်းဖြစ်တော်မူသော ခရစ်တော်၏ စကားကို နာခံသကဲ့သို့ အိမ်ထောင် ဦးစီးဖြစ်သော မိမိ၏ယောကျ်ားအပေါ် နာခံခြင်းရှိရပါမည်။ သားသမီးတို့သည် ဘုရားသခင်၌ မိဘစကားကို နာခံကြရပါ မည်။ ယုံကြည်သူများသည် ကျွန်ုပ်တို့ ကို ချစ်တော်မူသော ခရစ်တော်အပေါ် ထားရှိသော ချစ်ခြင်း၏ နိုးဆော်မှုအားဖြင့် သန့်ရှင်းသော အမှုတော်ကို ဆောင်ရွက်ကြရပါမည်။ ခရစ်တော်၌ ကျွန်ုပ်တို့ကို ဘုရားသခင် ခွင့်လွှတ်တော်မူသ ကဲ့သို့ အချိန်တိုင်း၊ အခြေအနေတိုင်း၌ ခွင့်လွှတ်ခြင်း အကျင့် ကျင့်ခြင်းသည် ယုံကြည်သူတိုင်း ကျင့်ရမည့်အမှု ဖြစ်ပါသည်။

ပညာသတိရှိသော သတို့သမီးတို့သည် သူတို့ စောင့်ရခြင်း အကြောင်းရင်းကို သိလျက်၊ သေချာ ပြင်ဆင်ထားခဲ့ကြ၏။ သတို့သား အမှန် ကြွလာတော်မူမည်အကြောင်း နားလည်ခဲ့ကြပါသည်။ သန်းခေါင်ယံ အချိန်၌ သတို့သား ကြွလာလျက်ရှိပြီဟူသော ကြွေးကြော်သံ ပေါ်ထွက်လာသောအခါ၊ သူတို့သည် အသင့်ရှိ နေခဲ့ကြပါသည်။ ထိုသို့ အသိပေးခြင်းသည် သူတို့၏ မီးခွက်အတွက် လိုအပ်သောဆီ ပြင်ဆင်ဖို့ရန် ဖြစ်ပါ သည်။ ထိုအချိန်၌ အခြားနေရာသို့ ဆီသွားဝယ် ဖို့ရန် အချိန် မရှိတော့ပါ။ နောက်မှ ပြင်ဆင်မည်ဟု အချိန်ဆွဲ၍ မရပါ။ ယခု ပြင်ဆင်မည်လော (သို့) ထာဝရ ဆုံးရှုံးမည်လော။ သူတို့သည် အစဉ် အသင့် ရှိခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - ယခုည ခရစ်တော် ကြွလာတော်မူလျှင်၊ ကျွန်တော် အသင့်ရှိပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏ ကယ်တင်ရှင်ကို ခရီးဦးကြိုပြုခြင်းငှါ ပညာသတိရှိလျက်၊ အစဉ် အသင့်ရှိမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ မေ (၁၀)
**မသဲ ၂၅:၁-၁၃**
ကျက်မှတ်ရန်၊ မသဲ ၂၅:၉

*"မိုက်သောသူတို့က . . . သင်တို့ဆီကို အနည်းငယ်ပေးပါဟု ပညာရှိသောသူတို့အား တောင်းကြ၏"*

## သတို့သမီးတကျိပ် ဥပမာ၊ မိုက်သော သတို့သမီးများ

ရှူးအသောသူကို ရည်ညွှန်းသော "moron" ဟူသည့် အင်္ဂလိပ် စကားလုံးတခု ပေါ်ထွက်ခဲ့ပါသည်။ ထိုစကားလုံးက မိုက်မဲသောသူကို ရည်ညွှန်းပါသည်။ သူသည် အသိဉာဏ်မရှိသောကြောင့် မိုက်မဲသောသူဖြစ်သည် မဟုတ်ပါ။ ကျမ်းစာသည် လူ၏အသိဉာဏ်နှင့် မဆိုင်ပါ။ ထိုသူသည် ဝိညာဉ်နှင့်ဆိုင်သော အသိဉာဏ် မရှိခြင်းဖြစ်ပါသည်။ ဘုရားသခင်က ဤသတို့သမီး ငါးဦးအား မိုက်မဲသောသူဟု ဖော်ပြတော်မူခဲ့ပါသည်။ အကြောင်းမှာ၊ သူတို့သည် သတို့သား အမှန် ကြွလာမည်ကို ယုံကြည်ခဲ့ကြပါသည်။ သူတို့ ပြုသောအမှု၌ ထင်ရှားခဲ့ပါသည်။ မယုံလျှင် အခြား သတို့သမီး ငါးဦးနှင့်အတူ တညလုံး စောင့်နေမည် မဟုတ်ပါ။ သူတို့သည် ယုဒ ထုံးစံ ထိမ်းမြားခြင်းကို နားလည်ခဲ့ကြပါသည်။ သတို့သားသည် နေ့ ည အချိန် မရွေး ကြွလာနိုင်ကြောင်း သိခဲ့ကြပါသည်။ ပြင်ဆင်ရမည့်အရာများကိုလည်း သူတို့ ကြုံတွေ့ခဲ့ပြီးသော ယုဒ ထုံးစံ ထိမ်းမြားခြင်းများမှ သိခဲ့ကြပါသည်။ အခြားသူများ ထံမှ မီးခွက် ဆီ တောင်း၍ မရကြောင်း၊ အငြင်းခံရမည်အကြောင်း သိခဲ့ကြပါ၏။ မိမိကိုယ်တိုင် အရာရာအတွက် ပြည့်စုံစွာ ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ပြုဖို့ရန် မိမိ၌သာ တာဝန်ရှိကြောင်း သိခဲ့ကြပါသည်။ သတို့သား ကြွလာနေပြီဟူသော ကြွေးကြော်သံ ကြားရသောအခါ၊ သူတို့သည် နောက်ကျခဲ့ပြီး၊ တံခါး ပိတ်ခဲ့ပါလျှင်၊ ဝင်ခွင့်ရကြမည် မဟုတ်တော့ပါ။ နောက်ဆုံးအချိန်၌ ဆီဝယ်ခဲ့လျှင်၊ တံခါး ပိတ်ခြင်း ခံလျက် ဝင်ခွင့်ရကြမည်တော့မည် မဟုတ်ဟု ထင်ရပါသည်။ ထိုသို့ ဝင်ခွင့် မရခဲ့ကြလျှင်၊ စောင့်နေခဲ့သော အချိန်များသည် အချည်းနှီးဖြစ်ပါလိမ့်မည်။ ဤအချက် အားလုံးကို သိလျက်ပင်၊ အဘယ်ကြောင့် သူတို့သည် ပြင်ဆင်ခြင်း မပြုခဲ့ကြပါသနည်း။ မိုက်မဲမှုပင် မဟုတ် သလော။

တံခါး ပိတ်ခံရခြင်းသည် ကောင်းကင်ဘုံ ဝင်ခွင့် မရခြင်းကို ဆိုလိုပါသည်။ မိုက်မဲသော သတို့သမီးများသည် ဘုရားကျောင်း မှန်မှန် တတ်သော အမည်ခံ ယုံကြည်သူများဖြစ်ကြပါသည်။ ကျမ်းစာ လေ့လာခဲ့ကြပါသည်။ တနင်္ဂနွေနေ့တိုင်း ဘုရားသခင်၏နှုတ်ကပတ်တရားတော် ဟောပြောချက်ကို နားထောင်ခဲ့ကြပါသည်။ ဘုရားသခင် ချီးမွမ်းခြင်း သီချင်းများကိုလည်း ဆိုခဲ့ကြပါသည်။ ဗတ္တိဇံ မင်္ဂလာကိုလည်း ခံလျက်၊ ပွဲတော်ကိုလည်း မှန်မှန် သုံးဆောင်ခဲ့ကြပါသည်။ ကျမ်းစာကျောင်းမှ ဘွဲ့ပင် ရလျက်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြိုးစား ဟောပြောခဲ့ကြပါလိမ့်မည်။ ဘိသိက်ခံ သင်းအုပ်လူကြီး၊ သင်းအုပ်ဆရာများဖြစ်လျက်၊ သေသောသူ၊ အသက်ရှင်သောသူများကို တရားစီရင်ဖို့ရန် ခရစ်တော် ကြွလာတော်မူမည်အကြောင်း သူတပါးအား သတိပေးသောသူများ ဖြစ်ကြပါလိမ့်မည်။ ထိုသို့ သူတပါးအား ကောင်းကင်ဘုံ ဝင်ခွင့်ရအောင် မစကူညီခဲ့ကြသော်လည်း၊ သူတို့ကိုယ်တိုင်သည် ဝင်ခွင့် မရသောသူ ဖြစ်ကြ၏၊ မိုက်မဲသောသူများ မဟုတ်ပါလော။ ကောင်းကင်ဘုံလမ်းကို သိလျက် ဝင်ဖို့ရန် နီးစပ်လျက် ရှိသော်လည်း၊ ထိုလမ်းထဲသို့ မလျှောက်လိုခဲ့ကြပါ။ အလွန် ဝမ်းနည်းစရာ ကောင်းလှပါ၏။ နောက်ဆုံးတွင်၊ ငရဲထဲသို့ ထာဝရ ပစ်ချခြင်း ခံရကြမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်သည် မိုက်သောသူ ဖြစ်ပါသလား။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ မိမိကိုယ်ကို မလှည့်စားဘဲ၊ မိမိ၏ ကယ်တင်ခြင်း စိတ်ချမှု အမှန် သိရှိမည်အကြောင်း မစတော်မူပါ။ အာမင်။



စနေ၊ မေ (၂၃)
**လု ၆:၃၇-၄၅**
ကျက်မှတ်ရန်၊ လု ၆:၃၈

*"သူတပါး၏အမှု၌ စစ်ကြောဆုံးဖြတ်ခြင်းကို မပြုကြနှင့်။ . . . စစ်ကြောဆုံးဖြတ်ခြင်းနှင့် ကင်းလွတ်ကြလိမ့်မည်။ . . . သူ့အပြစ်ကို လွှတ်ကြလော့၊ လွှတ်လျှင် ကိုယ်အပြစ် လွှတ်လိမ့်မည်"*

## လူကန်းသည် လူကန်းအား လမ်းပြ၏၊ သေခြင်းအန္တရာယ်

မြေပြန့် ဒေသနာ (လု ၆:၁၇) ဟောကြားစဉ်၊ ယေရှုခရစ်တော်သည် ဤလူကန်း၏ လူကန်း လမ်းပြခြင်း ဥပမာကို မိန့်တော်မူခဲ့ပါသည်။ တောင်ပေါ် ဒေသနာနှင့် ယခု ဒေသနာသည် တူညီမှု များ ရှိခဲ့ပါသည်။ သို့သော်လည်း၊ မတူညီသောအပိုင်းများကို ကျွန်ုပ်တို့၏ ဝိညာဉ် သင်ခန်းစာအတွက် အထူး သတိပြု မှတ်သားကြရပါမည်။ လုကာ ၆:၃၇-၃၈ တွင်၊ ယေရှုက ယုံကြည်သူများသည် စစ်ကြောခြင်း၊ စီရင်ခြင်းနှင့် ခွင့်လွှတ်ခြင်းအကြောင်း၌ သတိထားကြရမည်အကြောင်း သတိပေး တော်မူခဲ့ပါသည်။ အကြောင်းမှာ၊ ဘုရားသခင် ထိုနည်းတူ သူတို့အား စစ်ကြော၊ စီရင်လျက်၊ အပြစ် လွှတ်မည်ဖြစ်သောကြောင့်တည်း။ လုကာ အခန်းကြီး ၆ ၏ အစပိုင်းတွင်၊ ဖာရိရှဲများနှင့် ကျမ်းပြု ဆရာတို့က ယေရှုအား ဥပုသ်နေ့ ချိုးဖောက်သည်ဟု စီရင် စွပ်စွဲခဲ့ကြပါသည်။

ဖာရိရှဲများနှင့် ကျမ်းပြုဆရာများသည် မိမိကိုယ်ကို ဘုရားသခင်၏ ပညတ်တရား စောင့်ထိန်းသောသူများဟု ထင်မှတ်ခဲ့ကြပါသည်။ သူတို့၏ ထုံးတမ်းစဉ်လာအတိုင်း ပညတ်တော်ကို မှားယွင်းစွာ နက်ဖွင့်ကြပြီး လက်တွေ့ ကျင့်သုံးခဲ့ကြပါသည်။ သူတို့၏ အယူဝါဒနှင့် လွဲလျှင် အပြစ် ပြုသည်ဟု သတ်မှတ်ကြ၏။ ယေရှုက သူတို့၏အမှားကို ထောက်ပြခဲ့ပါသည်။ သူတို့က လက်မခံ ခဲ့ပါ။ တပည့်တော် ဆယ့်နှစ်ပါးကို ခေါ် ခဲ့ပြီးမှ ဤမြေပြန့် ဒေသနာကို ယေရှု ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။ တပည့်တော်များသည် ခရစ်တော်၏နောက်လိုက်များဖြစ်ကြသောကြောင့်၊ သမ္မာတရား သိကြဖို့လိုပါသည်။

ယေရှုက သူတို့အား သနား ကြင်နာခြင်းရှိဖို့ ခွင့်လွှတ်ခြင်း တတ်သော စိတ်ရှိဖို့ သူတပါး အပေါ် ပြစ်တင်စီရင်ခြင်းအမှု၌ သတိထားဖို့ သွန်သင်ခဲ့ပါသည်။ ယုံကြည်သူသည် သတပါးအပေါ် သနား ကြင်နာခြင်း ရှိလျှင်၊ များစွာသော သနား ကြင်နာခြင်း ခံရမည်ဖြစ်ပါသည်။ လု ၆:၃၈၊ "သူတပါးအား ပေးကြလော့။ ပေးလျှင် သူတပါးသည် သင်တို့အား ပေးကြလိမ့်မည်။ အမှန်ခြင်ရုံမျှ မက၊ သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့် သင်တို့ ရင်ခွင်၌ ပေးကြလိမ့်မည်။ အကြောင်းမူ ကား၊ အကြင်ချိန်၊ တင်းပမာဏနှင့် သင်တို့သည် သူတပါးအား ပေး၏၊ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်။" ယေရှုက ကုန်ခြောက် ချိန်တွယ်ရာ၌ အသုံးပြုသော တင်းတောင်းကို အသုံးပြုလျက် ရှင်းလင်း ဖော်ပြခဲ့ပါသည်။ စပါးကို တင်းတောင်းဖြင့် ချိန်လျက်၊ များစွာ ပေးလိုသောကြောင့်၊ များများ ဆံ့မည်အကြောင်း၊ ဖိလျက်၊ လှုပ်လျက်၊ လျှံအောင် ထည့်တတ်ပါသည်။ သခင် ယေရှု ခရစ်တော်ကို ချစ်သောကြောင့်၊ ဘုရားသခင်၏ အမှုတော်နှင့် ဘုရားသခင်၏လူတို့အတွက် စေတနာစိတ်ဖြင့် ပေးကမ်း သောအခါ၊ မိမိထံ ကောင်းကြီး မင်္ဂလာများစွာ ပြန်ခံစားမည်အကြောင်း ဖော်ပြခြင်း ဖြစ်၏။ ထိုကောင်းကြီးရလိုခြင်းဖြင့် ပေးကမ်းခြင်းသည် အပြစ်ဖြစ်ပါသည်။ ခရစ်တော်ကိုဌင်း၊ ဘုရားသခင်၏ အမှုတော်နှင့် ဘုရားသခင်၏လူတို့ကို ချစ်သောကြောင့် ပေးကမ်းခြင်း ဖြစ်ရပါမည်။

ဤအကြောင်းသည် မျက်ကန်းက မျက်ကန်း လမ်းပြခြင်း ဥပမာ၏ အခြေခံဖြစ်ပါသည်။ ကျွန်တော်တို့ သမ္မာတရား နာခံလိုက်လျှောက်ခြင်းသည် ချစ်ခြင်းမေတ္တာနှင့် သူတပါးအပေါ် သနား ကြင်နာသောစိတ်ဖြင့် ဖြစ်ရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ကပ်စေးနည်းသူလော (သို့) စေတနာစိတ်နှင့် ပေးကမ်းသူလော။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်တော်အား နှုတ်အားဖြင့်သာ မဟုတ်ဘဲ၊ ပေးကမ်းခြင်းဖြင့် ကျွန်တော် ချစ်မည်အကြောင်း မစတော်မူပါ။ အာမင်။

သောကြာ၊ မေ (၂၂)
**လု ၅း၃၃-၃၉**
ကျက်မှတ်ရန်၊ လု ၅း၃၈-၃၉

*"အသစ်သော စပျစ်ရည်ကို အသစ်သော သားရေဘူး၌ ထည့်ရသည်၊ ထိုသို့ ထည့်လျှင် နှစ်ပါးစလုံး မပျက်စီး"*

## အဟောင်းထဲ၌ အသစ်၊ သိုထား၍ မရ

ယေရှု၏ ဥပမာ ဒုတိယအပိုင်းသည် စပျစ်ရည် သိုထားခြင်းအကြောင်းဖြစ်ပါသည်။ ထိုခေတ်ကာလ၌ အသစ်သော စပျစ်ရည်ကို သားရေဘူးသစ်၌ သိုထားတတ်ကြပါသည်။ ထိုခေတ် ကာလ လူတို့သည် ထိုသို့ ထားရခြင်း အကြောင်းရင်းကို သိခဲ့ကြပါသည်။ စပျစ်ရည်သည် အေးသော နေရာ၌ မထားခဲ့လျှင် ပို၍ပြင်းလာတတ်ပါသည်။ ဤသည်ကား စပျစ်ရည်၏ သဘော သဘာဝဖြစ် ပါသည်။ စပျစ်ရည်သည်ကို ထိုသို့ သိုထားလျှင်၊ အယ်ကိုဟော ပါသော စပျစ်ဝိုင် ဖြစ်လာပါသည်။ ထိုအခါ၊ ကာဗွန် ဒိုင်အောက်ဆိုဒ် ထုတ်လွှင့်လျက်၊ သားရေဘူးကို ကြီးလာစေပါသည်။ အသစ်သော စပျစ်ရည်သည် သားရေဘူးသစ်၌ ထည့်လျှင်၊ အလိုက်သင့် ဆွဲဆန့်လျက်၊ မာသော သားရေဘူးဟောင်း ကဲ့သို့ ပေါက်ခြင်း မရှိပါ။ သို့သော်လည်း၊ သားရေဘူးဟောင်းသည် ပေါက်ကွဲတတ်ပါသည်။ ထို့ကြောင့်၊ သားရေဘူး အဟောင်းထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် မထုတ်လွှင့်တော့သော စပျစ်ရည်အဟောင်းကို ထည့်ရပါမည်။ ထို့ကြောင့်၊ ယေရှုက၊ "ဟောင်းသော သားရေဘူး၌ အသစ်သော စပျစ်ရည်ကို ထည့်လေ့မရှိ" ဟု မိန့်တော်မူ၏။ အသစ်သော စပျစ်ရည်ကို သားရေဘူးသစ်ထဲ၌ ထည့်ရမည်ဟု လည်း ဆိုခဲ့ပါသည်။ ထိုသို့ ထည့်ထားလျှင် နှစ်ခုစလုံး ပျက်စီးခြင်း ရှိမည် မဟုတ်ပါ။ ကယ်တင်ခြင်း ခံရဖို့ရန် ခရစ်တော်ကိုသာ ယုံကြည်သောသူ အပေါင်းတို့သည် သားရေဘူးသစ်ထဲသို့ ထည့်ထားသော စပျစ်ရည်အသစ်ကဲ့သို့ ဖြစ်ကြပါသည်။ သန့်ရှင်းသော ဝိညာဉ်တော် ကျိန်းဝပ်တော်မူခြင်းနှင့်အတူ ခရစ်တော်၏ သမ္မာတရားသည် သန့်ရှင်းသော သူကို ထာဝရ ကယ်တင်ခြင်း ခံရသောသူအဖြစ် စောင့်ရှောက်တော်မူလိမ့်မည်။ ထိုအခါ၊ ကယ်တင်ခြင်း သည် ဖာရိရှဲများ၏ ခရစ်ယာန် ကောင်းမှု ကျင့်ခြင်းဖြင့် ဖြစ်သည်ဟူသော အယူဝါဒကို ယုံကြည်မည် မဟုတ်တော့ပါ။ ကယ်တင်ခြင်းသည် ကောင်းမှု ကုသိုလ် အားဖြင့် ဖြစ်သည်ဟူသော သွန်သင်ခြင်းကို (စပျစ်ရည်ဟောင်း) သားရေဘူး အသစ် (ကယ်တင်ခြင်းသည် ခရစ်တော်၌ ကျေးဇူးတော်ကြောင့်ဖြစ်၏) ထဲသို့ ထည့်၍ မရပါ။ ထိုနှစ်ခုသည် ပေါင်းစပ်၍ မရပါ။

သို့သော်လည်း၊ ဖာရိရှဲများနှင့် သူတို့၏ တပည့်တို့သည် အမှားကို ဖယ်လျက်၊ အမှန် တွေ့ရမည်အကြောင်း အချိန် လိုအပ်ခဲ့ကြပါသည်။ ထိုအကြောင်းကို၊ ခရစ်တော်က၊ ဟောင်းသော စပျစ်ရည် သောက်သောသူသည်၊ အဟောင်းကို ပိုကောင်းသည်ဟု ထင်သောကြောင့်၊ စပျစ်ရည်သစ် ကို ချက်ခြင်း အလိုမရှိ ဟု အငယ် ၃၉ တွင် မိန့်တော်မူခဲ့ပါသည်။ ခရစ်တော်ကို ယုံကြည်မှသာ ကယ်တင်ခြင်း ရမည်အကြောင်း၊ ခရစ်တော်၏ သွန်သင်ချက်ကို ဖာရိရှဲတို့သည် ယုံကြည်ရန် အခက် တွေ့ခဲ့ကြသော ကြောင့် ထိုသို့ ရည်ညွှန်းလျက် ဖော်ပြခြင်းဖြစ်ပါသည်။ ကောင်းမှုပြုခြင်းအားဖြင့် ကယ်တင်ခြင်းရ၏ ဟူသော သူတို့၏ ဩဝါဒဟောင်းကို ပိုကောင်းသည်ဟု ထင်မှတ်ခဲ့ကြပါသည်။ ကယ်တင်ခြင်းနှင့် ပတ်သက်၍ လူများတို့သည် ထိုသို့ ထင်မှတ်ကြပါသည်။ မိမိတို့ အသက်တာ တခုလုံး ကျင့်လာခဲ့သော တရားကို အမှားဟု ဝန်ခံလျက်၊ ခရစ်တော်အား မိမိတို့၏ ကယ်တင်ရှင် သခင်အဖြစ် လက်ခံဖို့ရန် အလွန် အခက်တွေ့ခဲ့ကြပါသည်။ သို့သော်လည်း၊ ဤသည်ကား စစ်မှန်သော ကယ်တင်ခြင်း ဖြစ်ပါသည်။ အသစ် သော စပျစ်ရည်ကို သားရေဘူးဟောင်းထဲ မထည့် သကဲ့သို့ အသစ်သောအသက်တာ သည် အသက်တာ ဟောင်းထဲ၌ မနေနိုင်ပါ။

**ဆင်ခြင်ရန်** - ခရစ်တော်သာလျှင် အကျွန်ုပ်၏ ကယ်တင်ရှင် သခင် ဖြစ်တော်မူသလော။
**ဆုတောင်းချက်-** အဖဘုရား၊ ခရစ်တော်သာလျှင် အကျွန်ုပ်၏ ကယ်တင်ရှင် သခင်ဖြစ်တော်မူ သောကြောင့် ကျေးဇူးတင်ပါ၏။



တနင်္လာ၊ မေ (၁၁)
**မသဲ ၂၅း၁-၁၃**
ကျက်မှတ်ရန်၊ မသဲ ၂၅း၁၃

*"သို့ဖြစ်၍ လူသားသည် ကြွလာအံ့သောနေ့ရက်အချိန်နာရီကို သင်တို့သည် မသိသောကြောင့် စောင့်နေကြလော့"*

## သတို့သမီးတကျိပ် ဥပမာ၊ သမ္မာသတိရှိခြင်း

သမ္မာသတိရှိခြင်းသည် တသက်လုံး ကျင့်ရမည့်အရာ ဖြစ်ပါသည်။ တချက်ကလေး သတိ လက်လွတ်ဖြစ်ခြင်းက ထိန်းသိမ်းလာခဲ့သော သမ္မာသတိရှိခြင်းကို အချည်းနှီးဖြစ်စေနိုင်ပါသည်။ သတိလက်လွတ်ဖြစ်ခဲ့လျှင် သန့်ရှင်းသော အသက်တာကို ရန်သူသည် ယနေ့ (သို့) နက်ဖြန် ဖျက်ဆီး လိမ့်မည်ဖြစ်ပါသည်။

ယုံကြည်သူတိုင်းသည် မိမိ၏ဘဝအား အဆုံးသတ်ပန်းတိုင်သို့ ဦးတည်နေသော အပြေး ပြိုင်ပွဲကဲ့သို့ မှတ်ယူရပါမည်။ နောက်ဆုံးပန်းတိုင် မရောက်မချင်း ပြိုင်ပွဲ၌ ပြေးနေရပါဦးမည်။ အစ၌ ပိုင်ဆိုင်ခဲ့သော ကြိုးစားအားထုတ်မှုကို အဆုံးတိုင်အောင် ဆက်လက် စွဲကိုင်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆက်လက် စွဲကိုင်ဖို့ရန် သမ္မာသတိရှိခြင်း လိုအပ်ပါသည်။ ပြိုင်ပွဲဝင်တဦးသည် ပြိုင်ပွဲ၏ ၉၉ ရာခိုင်နှုန်း ကောင်းကောင်း ပြေးခဲ့ပြီး၊ ပန်းတိုင် ရောက်ဖို့ ၁၀ မီတာ အလိုတွင် မောပန်းလျက် လဲကျခဲ့လျှင် အလွန်ဝမ်းနည်းစရာ ကောင်းလိမ့်မည် မဟုတ်လော။ သူသည် အားနည်းသောကြောင့် ထိုသို့ အမော ဖောက်ခြင်း ဖြစ်ပါသည်။

ယုံကြည်သူတဦးသည် ကယ်တင်ခြင်း ခံရသောနေ့မှ စ၍ သန့်ရှင်းသော အသက်တာဖြင့် အသက်ရှင်လျက် ခရစ်တော်အတွက် ကောင်းသော သက်သေပြုပြီး၊ လူများတို့၏ စံနမူနာ ဖြစ်ခဲ့ပါ သည်။ ပန်းတိုင် ရောက်ခါနီး၌ ဖောက်ပြန် လဲကျခဲ့ပါလျှင် အလွန်ဝမ်းနည်းစရာ ကောင်းပါလိမ့်မည် မဟုတ်လော။ အမှုတော်ဆောင်ခြင်း၌ သူ၏ ကြိုးစားအားထုတ်မှု၊ နှုတ်ကပတ်တော် လေ့လာမှုနှင့် ကာကွယ်လျက် စစ်မှန်သော ဩဝါဒများ ဟောပြော သွန်သင်မှုနှင့် ရေးသားထားသော ခရစ်ယာန် စာပေများကို လူများက သိမြင်ခဲ့ကြပြီဖြစ်ပါသည်။ သူ၏ဘဝ ကုန်ဆုံးခါနီးတွင် ထိုသို့ လဲကျ သောကြောင့် ထိုအရာအားလုံးကို လွှင့်ပစ်ဖို့ ဖြစ်လာခဲ့ပါသည်။ များစွာသောလူတို့သည် ခလေး ဆေးကြောခြင်း၌ အသုံးပြုခဲ့သော ညစ်ပတ်သည့်ရေနှင့်အတူ ထိုခလေးကို လွှင့်ပစ်ကြပါလိမ့်မည်။

သူ ပြုခဲ့သော သန့်ရှင်းသည့် ခရစ်တော်၏ သဏ္ဍာန်တော်သည် သမ္မာသတိမရှိခြင်းကြောင့် ဆိုးရွားစွာ ဖျက်ဆီးခံရခဲ့ပါသည်။ သူသည် မိမိကိုယ်ကို မထိန်းသိမ်း၊ မကာကွယ်ခဲ့ပါ။ သူသည် ဘုရားသခင်နှင့် ဘုရားသခင်၏လူများအပေါ် အလွန် မှားယွင်းခဲ့ပါပြီ။ နောင်တရသည့်တိုင်၊ သူ ဖျက်ဆီးခဲ့သည့် ခရစ်တော်အတွက် ခံခဲ့သော အကျင့် သက်သေသည် ပြန်ပြင်၍ မရလောက်အောင် ပျက်စီးခဲ့ပြီဖြစ်ပါသည်။ နုပျိုစဉ်အခါ ပြုခဲ့သည်အတိုင်း ယခု ကောင်းသောအကျင့်ဖြင့် သက်သေ ပြ နေထိုင်ဖို့ရန် အချိန် နည်းငယ်သာ ကျန်ပါတော့၏။ ယုံကြည်ခြင်းဘက်မှ ကောင်းသော တိုက်လှန် ခြင်း ပြုဖို့ရန် အားအင် နည်းလာခဲ့ပြီဖြစ်ပါသည်။ ဘုရားသခင်နှင့် ဘုရားသခင်၏လူများက သူ့ကို ခွင့်လွှတ်ခဲ့ကြပါသည်။ သို့သော်လည်း၊ သူသည် သမ္မာသတိမရှိလျှင် ဤသို့ဖြစ်နိုင်၏ဟူသော သတိပေးခြင်း သင်ခန်းစာတခု ဖြစ်လာလိမ့်မည်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ခရစ်တော်၏ သဏ္ဍာန်တော်ကို ဆောင်သောသူဖြစ်သောကြောင့် သမ္မာသတိရှိဖို့ မဖြစ်မနေ လိုအပ်ပါသည်။ အပြစ် သားများနှင့် ယုံကြည်သူ များအတွက် ကျွန်တော်တို့ သမ္မာသတိရှိဖို့ လိုအပ်ပါသည်။ ခရစ်တော်ကလည်း အလိုရှိတော်မူ၏။

**ဆင်ခြင်ရန်** - ကျန်ရှိသော သင့်ဘဝတခုလုံး သင် သမ္မာသတိရှိပါမည်လား။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကျွန်ုပ်ဘဝ အသက်တာတခုလုံး သမ္မာသတိရှိမည် အကြောင်း မစတော်မူပါ။ ထိုအရာသည် အကျွန်ုပ်၏ ဆန္ဒဖြစ်ပါ၏။ အာမင်။

## ငွေ ဥပမာ၊ ဝေးလံသောပြည်သို့

သတို့သမီးတကျိပ် ဥပမာက သမ္မာသတိရှိခြင်း အရေးပါမှုကို ဖော်ပြခဲ့ပါသည်။ ငွေ ဥပမာက မည်သို့ သမ္မာသတိရှိရမည်အကြောင်း ဖော်ပြ၏။ ဘုရားသခင်ကို နာခံလျက် သမ္မာသတိရှိမည်ဟု သဘောတူခြင်းသည် သမ္မာသတိရှိဖို့ရန် မလုံလောက်သေးပါ။ မည်သို့ သမ္မာသတိရှိရမည်အကြောင်း ဘုရားသခင်၏ သွန်သင်မှု ကျွန်တော်တို့ လိုအပ်လျက်ရှိသေး၏။

ဤငွေ ဥပမာသည် လူတဦး ဝေးလံသောပြည်သို့ ခရီးထွက်ခြင်းဖြင့် စခဲ့ပါသည်။ သူသည် မိမိငယ်သားများကို ခေါ်လျက်၊ မိမိ၏ငွေများကို ပေးအပ်ခဲ့ပါသည်။ တဦးအား ငွေအခွက် ငါးဆယ်၊ နောက်တဦးအား ငွေအခွက် နှစ်ဆယ်နှင့် အခြားတဦးအား ငွေအခွက် တဆယ် ပေးအပ်ခဲ့ပါသည်။ မိမိငယ်သားများ၏ လုပ်နိုင်စွမ်းရည်အတိုင်း ထိုသို့ ပေးအပ်ခြင်းဖြစ်ပါသည်။ ထိုသို့ မိမိဥစ္စာများကို အပ်ခဲ့ပြီးနောက်၊ ဝေးလံသောပြည်သို့ ခရီးထွက်ခဲ့ပါသည်။

ထိုသူသည် ယေရှုခရစ်တော်ဖြစ်ပါသည်။ ထိုငယ်သားတို့သည် ခရစ်ယာန် အမည်ခံအားလုံးကို ကိုယ်စားပြုပါသည်။ ငွေ အခွက် တခွက်သည် ၃၄ မှ ၄၀ ကီလိုဂရမ် ကြား အလေးချိန်ရှိပါသည်။ ရွှေ အခွက် တခွက်သည် ငွေ အခွက် တခွက် ထက်များစွာ တန်ဖိုးကြီးလှပါသည်။ ထိုငွေအခွက်သည် ယုံကြည်သူများ၏ ဥစ္စာများ၊ အချိန်နှင့် အရည်အချင်းများကို ကိုယ်စားပြုပါသည်။

ထိုသူသည် အမှန် ပြန်လာမည်အကြောင်း ငယ်သားအားလုံးက သိထားပါသည်။ ဘယ်အချိန်၌ ပြန်လာမည်ကို ပြောပြ မထားပါ။ ဘယ်အချိန် မဆို ပြန်လာနိုင်ကြောင်း မျှော်လင့်လျက် သမ္မာသတိ ရှိကြရမည်ဖြစ်ပါသည်။ ထိုသို့ စောင့်နေကြစဉ်၊ သူတို့ထံ အပ်ခဲ့သော ငွေဖြင့် ကုန်သွယ်မှု ပြုကြမည်ဟု သခင် မျှော်လင့်ခဲ့ပါသည်။ ထိုငွေများကို သခင်ပိုင်ပါ၏။ ငယ်သားတို့သည် မိမိတို့၏ အရည်အချင်းအတိုင်း သူတို့လက်ထဲ၌ရှိသော ငွေဖြင့် အလုပ် မလုပ်ဘဲ မနေသင့်ပါ။ ထိုသို့ ကုန်သွယ်ဖို့ရန် မပေးအပ်ခဲ့လျှင် ငယ်သားတို့သည် ဘာမှ မလုပ်ဘဲ သခင်ပြန်လာချိန်ကို စောင့်နေဖို့သာ ဖြစ်ပါသည်။ ထိုသို့ စောင့်လျက် နေစဉ် ငယ်သားတို့သည် ပျင်းရိစွာ နေ၍ မရပါ။ ငယ်သားတို့သည် သူတို့၏သခင် မရှိသောလည်း၊ မိမိတို့ စိတ်ကြိုက် ကြိုက်သလို နေထိုင်၍ မရပါ။ အကြောင်းမှာ သူတို့သည် သခင်၏ငယ်သားများဖြစ်ကြ၏။ သခင် စောင့်ကြည့်နေသောအချိန်၌သာ မဟုတ်ဘဲ၊ မရှိသော အချိန်၌ပင် ငယ်သားတို့သည် သမ္မာသတိ ရှိကြဖို့ လိုပါသည်။ ငယ်သားဖြစ်ကြသောကြောင့်၊ မိမိတို့၏ အချိန်ကို အကျိုးရှိစွာ အသုံးပြုလျက်၊ နေ့စဉ် ကြိုးစား အလုပ်လုပ်ကြရပါမည်။ ညအချိန်၌ အနားယူလျက် အိပ်စက်ခွင့် ရှိကြပါသည်။ ထိုအနားယူချိန်ကိုလည်း အကျိုးရှိစွာ အသုံးပြုကြရမည် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏ အသက်၊ အချိန်၊ ပိုင်ဆိုင်မှု၊ အရာအားလုံးကို ဘုရားသခင် ပိုင်တော်မူ၏။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ အကျွန်ုပ်၏ နေ့ရက်များကို ကိုယ်တော်၏ ဘုန်းတော် ထင်ရှားစေဖို့ရန်နှင့် သူတပါးအတွက် ကောင်းကြီးအဖြစ် ဉာဏ်ပညာနှင့် ယှဉ်လျက် အသုံးပြုမည်အကြောင်း မစတော်မူပါ။ အာမင်။





## အဟောင်းပေါ်၌ အသစ်၊ ပေါင်းစပ်ခြင်း မရှိ

သခင်ယေရှုသည် ဥပမာ မပေးဘဲ နေ၍ ရသော်လည်း၊ သူ၏ရန်သူများ ကယ်တင်ခြင်း ရမည်အကြောင်း ဆန္ဒရှိတော်မူခဲ့၏။ ဤဥပမာက၊ တပည့်တော်များ၊ ဖာရိရှဲများနှင့် ကျမ်းပြုဆရာတို့အား၊ ခရစ်တော်၏ သွန်သင်ချက်နှင့် သူတို့၏အယူဝါဒသည် ဆန့်ကျင်မှုရှိကြောင်း ဖော်ပြခဲ့ပါသည်။ ဆိုလိုသည်မှာ၊ ခရစ်တော်သည် ဖာရိရှဲများနှင့် ကျမ်းပြုဆရာများ၏ အယူဝါဒကို အမှန်ပင်ဖို့ မကြိုးစား၊ သူတို့၏ အယူဝါဒသည် ဓမ္မဟောင်း၌ အခြေခံသော်လည်း၊ မိမိ၏သွန်သင်ချက်နှင့် မရောနှောလိုခဲ့ပါ။ အကြောင်းမှာ၊ သူတို့သည် နှုတ်ကပတ်တော်ကို လိုရာဆွဲခဲ့ကြ၏။ သူတို့၏ သွန်သင်ချက်မူကား၊ ယေရှုအား ခရစ်တော် မဟုတ်ဟု ငြင်းပယ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ ဓမ္မဟောင်းကို ဘယ်လိုဘဲ ကြိုးစား လေ့လာပြီး သွန်သင်ပါစေ၊ မျက်ကန်း ကဲ့သို့ ဖြစ်ကြပါသည်။ သူတို့၏ သွန်သင်ချက်သည်၊ ဝိညာဉ်အကျိုး မရှိသော အပေါ်ယံသာဖြစ်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော် ကျိန်းဝပ်ခြင်း မရှိကြသောကြောင့် မှားယွင်းလျက် ရှိကြပါသည်။

ဤယေရှု၏ ဥပမာတွင် အပိုင်း နှစ်ပိုင်းရှိပါသည်။ ပထမသည် အပ်ချုပ်ခြင်းနှင့် ဆိုင်၏။ အဝတ်ဟောင်း ပေါက်ပြဲလျှင်၊ ဖာဖို့ အထည် လိုပါသည်။ ထိုအထည်သည် အသစ် မဖြစ်ရပါ။ ထိုသို့ မဟုတ်၊ အထည်သစ်ဖြင့် ဖာခဲ့လျှင်၊ အဟောင်းနှင့် အသစ်၏ ဆန့်ကျင်မှု ဆွဲအားကြောင့် အပေါက်သည် ပို၍ ကြီးလာမည်ဖြစ်ပါသည်။ အဝတ်ဟောင်းကို ဖာဖို့ရန် အကောင်းဆုံးအထည်သည် အထည်ဟောင်းပင်ဖြစ်ပါသည်။ ယေရှု၏ သွန်သင်ချက်သည် အသစ်ဖြစ်၍ ဖာရိရှဲတို့၏ အယူဝါဒသည် အဟောင်းဖြစ်၏။ ထိုနှစ်ခုသည် ဘယ်လိုမှ ကိုက်ညီမှု မရှိပါ။ ဆန့်ကျင်လျက် ရှိသော သွန်သင်ချက် နှစ်ခုကို ပေါင်းစပ်ဖို့ ကြိုးစားသောသူသည် မိမိကိုယ်ကို စိတ်ထိခိုက်စေလိမ့်မည် ဖြစ်ပါသည်။ ထိုသူသည် ဟန်ဆောင်ခြင်း အသက်တာဖြင့် အသက်ရှင်ရလိမ့်မည်။ အကြောင်းမှာ၊ အတွင်း၌ မာရ်နတ်၏သားဖြစ်လျက်ပင်၊ အပြင်ပိုင်း၌ ဘုရားသခင်၏သားကဲ့သို့ ဟန်ဆောင် အသက်ရှင်သောကြောင့်ဖြစ်ပါသည်။

အယူဝါဒ လွဲမှားခြင်းသည် အလွန် အန္တရာယ်ရှိသည် မှန်သော်လည်း၊ ယနေ့ နောက်ဆုံးကာလတွင် များစွာ တွေ့ရပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် သမ္မာတရားနှင့် မှားယွင်းသော ဩဝါဒကို ထိမ်းမြားစေခြင်းအမှုကို ခရစ်ယာန် လောက၌ ဝမ်းနည်းစရာ တွေ့နေရပါသည်။ ထို့ကြောင့်၊ ခရစ်တော် ကြွလာတော်မမူမီ တွေ့ရမည့် ခရစ်ယာန် ဖေါက်ပြန် လွဲမှားခြင်းအမှုသည် ပြည့်စုံလျက် ရှိပါသည် (၂ သက် ၂:၁-၃)။ ဘုရားသခင်၏ နှုတ်ကပတ်တော် သမ္မာတရားကို မှန်ကန်စွာ နားလည်လျက်၊ နာခံ လိုက်လျှောက်ခြင်းဖြင့် သင်၏ ကယ်တင်ခြင်း စိတ်ချခြင်းရှိကြောင်း သေချာ စေပါလော့။

**ဆင်ခြင်ရန်** - သင်၏ သမ္မာကျမ်းစာ နားလည်သဘောပေါက်မှုသည် မှန်ကန်သော အနက်ဖွင့်ခြင်း ဖြစ်ကြောင်း အမှန်အကန် သေချာပါသလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်တော်၏ သမ္မာတရားကို နှစ်သက်ခြင်းဖြင့် ကိုယ်တော်ကို ကျွန်တော် ချစ်ကြောင်း အစဉ် ပြသနိုင်မည်အကြောင်း မစတော်မူပါ။ ကျွန်ုပ် ဆုတောင်းသံကို နားညောင်းတော်မူပါ။ အာမင်။

ဗုဒ္ဓဟူး၊ မေ (၂၀)
**လု ၅း၃၃-၃၉**
ကျက်မှတ်ရန်၊ လု ၅း၃၄-၃၅

*"ဖြောင့်မတ်သောသူတို့ကို နောင်တသို့ ခေါ်ခြင်းငှါ ငါလာသည် မဟုတ်။ ဆိုးသောသူတို့ကို ခေါ်ခြင်းငှါ ငါလာသတည်း"*

## အဟောင်းပေါ်၌ အသစ်၊ အချိန်မတန်သေး

ဤဥပမာစကားသည် ကျမ်းပြုဆရာများနှင့် ဖာရိရှဲများက မေးခွန်းမေးကြခြင်းမှ စတင်ခဲ့ခြင်းဖြစ်ပါသည်၊ "ယောဟန်၏တပည့်တို့နှင့် ဖာရိရှဲတို့သည် အစာရှောင်ခြင်းနှင့် ဆုတောင်း ခြင်းတို့ကို အဖန်တလဲလဲ ပြုကြသည်ဖြစ်၍၊ အဘယ်ကြောင့် ကိုယ်တော် တပည့်တို့သည် စားသောက် လျက် နေကြပါသနည်းဟု လျှောက်ကြ၏" (လု ၅း၃၃)။ ယေရှုအား ပြဿနာထဲသို့ တွန်းပို့ဖို့ရန် ကြံရွယ်လျက် မေးခဲ့ကြခြင်းဖြစ်ပါသည်။ သူတို့၏ တပည့်များနှင့် ဗတ္တိဇံဆရာ ယောဟန်၏ တပည့် များကို အတူအကွ ဖော်ပြလျက်၊ ယေရှု၏ တပည့်တော်များကို ဆန့်ကျင်ခဲ့ကြပါသည်။ မိမိတို့ မှန်ကန်ကြောင်း ဖော်ပြဖို့ရန် အမှားနှင့် အမှန် ရောနှောလျက် ဖော်ပြခဲ့ကြပါသည်။ ယေရှု၏ တပည့်တော်များနှင့် ဘုရားသခင်ထံမှ ဖြစ်သော ယောဟန်၏ တပည့်များကို ရန်တိုက်ပေးခဲ့ပါသည်။ ဖာရိရှဲတို့၏ တပည့်များသည်လည်း ဘုရားထံမှ မဟုတ်ဘဲ၊ လူမှ ဖြစ်ကြပါ၏။ ဗတ္တိဇံဆရာ ယောဟန် သည် ဣသရေလလူတို့အား ခရစ်တော်ကို ကယ်တင်ရှင် သခင်အဖြစ် လက်ခံဖို့ရန် သူတို့၏ စိတ်များကို ပြင်ဆင်ဖို့ ဘုရားသခင် စေလွှတ်တော်မူသော ရှေ့ပြေးဖြစ်ပါသည်။ ထို့ကြောင့်၊ သူသည် နောင်တရခြင်းနှင့်ဆိုင်သော ဗတ္တိဇံအကြောင်းကို ဟောခဲ့ပါသည်။ ဖာရိရှဲတို့၏ တပည့်များသည် ဘုရားသခင်၏ နှုတ်ကပတ်တော် မှန်ကန်စွာ နားလည်သဘောပေါက်ခြင်း မရှိသော လူတို့၏ ဓလေ့ ထုံးစံကို လိုက်လျှောက်သောသူ၊ ကယ်တင်ခြင်းသည် ကောင်းသောအမှု ပြုခြင်းဖြင့် ရ၏ဟူ သော သွန်သင်ချက်ကို ဟောပြောသောသူဖြစ်ကြပါသည်။

သူတို့၏ ပြင်းထန်သော တိုက်ခိုက်မှုကို ယေရှု လျစ်လျူ မရှုနိုင်ခဲ့ပါ။ ယောဟန်၏အမှုတော် သည် ဘုရားသခင်ထံမှ ဖြစ်ကြောင်းကို သိတော်မူသည် ဖြစ်သောကြောင့်၊ ယောဟန်ကိုလည်း ဆန့်ကျင်ခြင်း မရှိကြောင်း ဖော်ပြလိုခဲ့ပါသည်။ ထို့ပြင်၊ အစာရှောင်ခြင်းနှင့် ဆုတောင်းခြင်းသည် ကျမ်းစာနှင့်ကိုက်ညီသော အမှုဖြစ်ပါသည်။ ယေရှုသည် ဖာရိရှဲများ၏ အမှားကို အပြစ်တင်လိုခဲ့ပါ သည်။ တချိန်တည်းမှာဘဲ၊ ယောဟန်၏ သွန်သင်ချက်ကို ချီးကျူးလျက်၊ သူ့တပည့်များ၏ အစာရှောင် ဆုတောင်းခြင်းကိုလည်း သဘောတူကြောင်း ဖော်ပြလိုခဲ့ပါသည်။ ခရစ်တော်၏ အဖြေသည် အလွန် ပါးနပ်ခြင်း ရှိပါသည်။ လု ၅း၃၄-၃၅၊ "ကိုယ်တော်ကလည်း၊ မင်္ဂလာဆောင် လုလင်သည် မိမိ အပေါင်းအဘော်တို့နှင့်အတူ ရှိစဉ်အခါ သူတို့ကို အစာရှောင်စေနိုင်သလော။ မင်္ဂလာဆောင် လုလင်ကို သူ၏အပေါင်းအဘော်တို့နှင့် ခွဲ၍ ယူသွားသော အချိန်ကာလ ရောက်လိမ့်မည်။ ထိုကာလအခါ သူတို့သည် အစာရှောင်ကြ လိမ့်မည်။" ယေရှုက မိမိ၏ သွန်သင်ချက် အမှန်ကို ဖော်ပြတော်မူခဲ့ပါသည်။ ယေရှုက၊ လောကလူတို့အား မိမိသည် သူတို့နှင့် အတူ သွားလာလျက်ရှိသော၊ မောရှေလ ဘုရားဖြစ်တော်မူကြောင်း အသိပေး ဖော်ပြလိုခဲ့ပါသည်။ မိမိကိုယ်ကို သတို့သားကဲ့သို့ ဖော်ပြခြင်းမှာ၊ မိမိသည် ဓမ္မဟောင်းထဲ၌ ဂတိထား ဖော်ပြခဲ့သော မေရှိယ ဖြစ်လျက်၊ ယခု သူတို့ရှေ့၌ ရပ်လျက်ရှိကြောင်း ဖော်ပြလိုသောကြောင့် ဖြစ်ပါသည်။ မိမိ ကောင်းကင်ဘုံသို့ ကြွသွားတော်မူပြီးနောက်တွင်၊ သူ့တပည့်များသည် အစာရှောင် ဆုတောင်းလိမ့်မည်၊ ယခု မဟုတ်သေး။ ယေရှုက ရန်သူ၏မေးခွန်းကို၊ ယောဟန်ကို လက်ခံလျက်၊ ဖာရိရှဲတို့ကို ရှောင်ရှားခြင်းဖြင့်၊ စုံလင်စွာ အဖြေ ပေးတော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့်၊ ယုံကြည်သူအပေါင်းသည် ယေရှု၏ အသိဉာဏ်ကို ပိုင်ဆိုင်ကြပါလိမ့်မည်။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ သမ္မာကျမ်းစာအားဖြင့် ကျွန်ုပ်အသက်တာ၌ ကိုယ်တော်၏အလိုတော်ကို သိမြင်လျက် နာခံခြင်းရှိမည်အကြောင်း မစတော်မူပါ။ အာမင်။



ဗုဒ္ဓဟူး၊ မေ (၁၃)
**မသဲ ၂၅း၁၄-၃၀**
ကျက်မှတ်ရန်၊ မသဲ ၂၅း၂၉

*"သာဓု၊ သစ္စာရှိသော ငယ်သားကောင်း၊ သင်သည် အမှုငယ်၌ သစ္စာစောင့်လေပြီ"*

## ငွေ ဥပမာ၊ သစ္စာရှိသောသူ

သခင်သည် မိမိ၏ ငယ်သားသုံးဦးအား ထိုသို့ မတူညီသော ငွေ အရေအတွက်ကို ပေးအပ် ခဲ့ပါသည်။ ယုံကြည် စိတ်ချရသောသူ၊ လုပ်နိုင်စွမ်းရည် ရှိသောသူထံ ပိုများသော အရေအတွက်ကို ပေးအပ်ခဲ့ပါသည်။ သခင်သည် အလွန် ပညာရှိသောသူ ဖြစ်ပါသည်။ လူတိုင်း၌ တူညီသော အရည် အချင်း မရှိကြကြောင်း သိတော်မူခဲ့၏။ များစွာ ပေးအပ်ခြင်း ခံရသောသူသည် ပို၍ အလုပ်လုပ် ရပါမည်။ မိမိ၏အချိန်နှင့် အားအင်ကို ပိုအသုံးပြုရပါမည်။ သခင်က သူ့ကို များစွာ မျှော်လင့်သည် ဖြစ်သောကြောင့်၊ သူသည် အလုပ်ပိုကြိုးစားလျက်၊ ဆုံးဖြတ်ချက်ကိုလည်း မှန်ကန်စွာ ချဖို့လိုပါသည်။

ငွေ အခွက် ငါးဆယ်နှင့် နှစ်ဆယ် ပေးအပ်ခြင်း ခံရသော ငယ်သားနှစ်ဦးသည် ကောင်းစွာ ကုန်သွယ်မှုကို ပြုခဲ့ကြပါသည်။ ငါးဆယ် ရရှိသောသူသည် ကုန်သွယ်လျက်၊ အမြတ် ငါးဆယ် ရခဲ့ပါသည်။ နှစ်ဆယ် ရရှိသောသူသည်လည်း ထိုနည်းတူ၊ အမြတ် နှစ်ဆယ် ရခဲ့၏။ သခင် ပြန်လာ သောအခါ၊ ထိုငယ်သားနှစ်ဦးသည် သူတို့ ရသော အမြတ်ငွေကို ဖော်ပြပြောကြားခဲ့ကြပါသည်။ ထိုငယ်သားနှစ်ဦးထံ၊ သခင်၏ ချီးကျူးစကားမှုကား၊ "သာဓု၊ သစ္စာရှိသော ငယ်သားကောင်း။ သင်သည် အမှုငယ်၌ သစ္စာစောင့်လေပြီ။ များစွာသောအမှု အခွင့်ကို သင်၌ ငါအပ်ပေးမည်။ သင်၏သခင်နှင့်အတူ စည်းစိမ်ကို ဝင်စားလော့" ဟူ၍ဖြစ်ပါသည်။ သခင်၏ ချီးကျူးစကားသည် သစ္စာရှိခြင်း အပေါ်၌ အဓိက အခြေခံထားပါသည်။ ထိုသို့စာရင်း စစ်ပြီးသောအခါ၊ သခင်က၊ "အကြောင်းမူကား၊ အကြင်သူသည် ရတတ်၏၊ ထိုသူ၌ ကြွယ်ဝပြည့်စုံစေခြင်းငှါ ပေးဦးမည်။ အကြင်သူ သည် ဆင်းရဲ၏၊ ထိုသူ၌ ရှိသမျှကိုပင် နှုတ်လိမ့်မည်" (အငယ် ၂၉) ဟု မိန့်တော်မူ၏။

ယုံကြည်သူတိုင်းသည် ဘုရားသခင်၏အမှုတော် ဤလောက၌ ဆောင်ရွက်သောအခါ တာဝန်ကျေပွန်မှု ရှိရပါမည်။ ဘုရားသခင် ခေါ်တော်မူသော နေရာ၊ ဆောင်ရွက်စေတော်မူသောအမှု ၌ သစ္စာရှိရမည်ဖြစ်ပါသည်။ သူတို့၏အချိန်၊ ပိုင်ဆိုင်မှုနှင့် ဝိညာဉ်ဆုကျေးဇူးများကို အကျိုးရှိစွာ အသုံးပြုရမည်ဖြစ်ပါသည်။ ယုံကြည်သူတိုင်း သန့်ရှင်းသော ဝိညာဉ်တော်၏ မစကူညီမှု ရရှိကြပါ၏။ သစ္စာရှိမည်အကြောင်း ကြိုးစားအားထုတ်ကြရပါမည်။ ဘုရားသခင်သည် ယုံကြည်သူအပေါင်းအား ကျမ်းစာ နားလည်သဘောပေါက်လျက်၊ နာခံနိုင်ဖို့ရန် ခရစ်တော်၏ စိတ်သဘော ပေးသနား တော်မူ၏။ ထို့ပြင် ဖြောင့်မတ်ခြင်းတရားကြောင့် ညှဉ်းဆဲခြင်း ခံရသောအချိန်၌ပင်၊ ဘုရားသခင် အပေါ် အပြစ် မကျူးလွန်မည်အကြောင်း စောင့်ရှောက်ပေးမည့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ ပေးသနားတော်မူခဲ့ပါသည်။ အကျိုးရလဒ် မဟုတ်ဘဲ၊ သစ္စာရှိခြင်းသည် အဓိက ဖြစ်ပါသည်။ ဘုရားသခင်သည် အချို့ထံ ပို၍များသော အချိန်၊ ပိုင်ဆိုင်မှုနှင့် ဝိညာဉ်ဆုကျေးဇူး ပေးတော်မူ၏။ သို့သော်လည်း၊ တူညီစွာ စီရင်ခြင်း ခံရကြမည်၊ သစ္စာရှိ မရှိပင်ဖြစ်ပါသည်။ အချင်းချင်း နှိုင်းယှဉ်ခြင်း မပြုဘဲ၊ တဦးကိုတဦး အားပေးလျက် ဘုရားသခင်၏အမှုတော်ကို သစ္စာရှိစွာ ဆောင်ရွက်ကြလော့။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ သခင်အတွက် ကျွန်တော် အကောင်းဆုံး လုပ်ဆောင်ပြီးပြီလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ခရစ်တော် ကြွလာတော်မူသည့်အချိန်ထိ ကျွန်ုပ် ဘဝ အသက်တာ တခုလုံး သစ္စာရှိသောသူဖြစ်မည်အကြောင်း မစတော်မူပါ။ အာမင်။

ကြာသပတေး၊ မေ (၁၄)
**မသဲ ၂၅:၁၄-၃၀**
ကျက်မှတ်ရန်၊ မသဲ ၂၅:၃၀

*"အသုံးမရသော ထိုငယ်သားကို . . . ပြင်အရပ် မှောင်မိုက်ထဲသို့ နှင်ထုတ်ချလိုက်ကြ"*

## ငွေ ဥပမာ၊ သစ္စာမရှိသောသူ

သခင်က သစ္စာမရှိသော ငယ်သားကို ငွေအခွက် တဆယ် ပေးအပ်ခဲ့၏။ မိမိ၌ အဘယ် တာဝန်မျှ မရှိဟု ဆင်ခြေ မပေးနိုင်မည်အကြောင်း၊ သခင်က ထိုငယ်သားထံ အနည်းဆုံး ပမာဏ ကို ပေးခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ မပေးခဲ့လျှင်၊ ဘာမှ မလုပ်ဘဲ နေခြင်း၌ ဆင်ခြေ ပေးစရာ ရှိလာနိုင် ပါသည်။ ယနေ့ခေတ်၌လည်း ထိုသို့ ဖြစ်ပါသည်၊ အလုပ်သမားများအား ရုံး၌ ဘာမှ မလုပ်ဘဲ၊ ထိုင်လျက် မနေဖို့ရန်၊ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပေးကြပါသည်။

သခင်က သူ့ကို ငွေအခွက် ဆယ်ခွက် ပေးအပ်ခဲ့ပြီး၊ အခြားငယ်သား နှစ်ဦးထက် လုပ်ဆောင်မည့် တာဝန် ပိုပေါ့ပါ၏။ ထိုငယ်သားသည် ထိုငွေကို ပွဲစားလက်သို့ အပ်ခဲ့လျှင်ပင်၊ အတိုး ရပြီး၊ သခင်၏ ချီးကျူးမှုကို ခံရနိုင်ပါသည်။ ထိုသို့ ပွဲစားလက်သို့ အပ်ဖို့ရန် ဘယ်လောက် ကြိုးစားအားထုတ်မှု လိုအပ်ပါသနည်း။ အဘယ်အားထုတ်မှုမျှ မလိုပါ။ ထိုသို့ အပ်ခဲ့လျှင်၊ အရင်းနှင့် တကွ အတိုးကို သခင်ထံ အပ်လျက်၊ သခင်၏ ချီးကျူးစကားကို ကြားရမည်ဖြစ်ပါသည်။ ထိုငယ်သား သည် အလွန် ပျင်းရိခြင်းရှိ၏။

ထို့ပြင်၊ ငွေအခွက် တဆယ် ပြန်ပေးအပ်စဉ် မိမိ၏ပျင်းရိခြင်းအပြစ်အတွက် သူသည် ခွင့်လွှတ်ခြင်း တောင်းလျှောက်နိုင်ပါသည်။ သို့သော်လည်း၊ မတောင်းပန်ခဲ့ပါ။ မိမိသခင်၏ အကျင့်ဆိုး ကို ဆင်ခြေအဖြစ် အသုံးပြုခဲ့ပြီး၊ ထိုငွေအခွက် တဆယ်ကို မြေ၌ ဝှက်ထားခဲ့ပါသည်။ သူပြောသော သခင်၏အကျင့်သည် အမှန်ဖြစ်ခဲ့ပါလျှင်၊ အခြား ငယ်သားနှစ်ဦးသည် မည်သို့ ကုန်သွယ်မှုကို ကောင်းကောင်း ပြုခဲ့နိုင်ပါသနည်း။ သူပြောသောစကားကို အသုံးပြုလျက်၊ သခင်က သူပြောသော စကားအမှန် ဖြစ်ခဲ့လျှင်၊ သူသည် ပို၍ ကြိုးစားအားထုတ်လျက် အလုပ်လုပ်ခဲ့သင့်ပါသည်။ သို့သော်လည်း၊ ထိုသို့ မလုပ်ခဲ့ပါ။ သခင်က သူ့ကို ပြင်းထန်စွာ ပြစ်ဒဏ်ပေးခဲ့ပါသည်။ သူ့ထံမှ ရှိသမျှကို နုတ်ယူလျက်၊ ထိုအကျိုးမရှိသော ငယ်သားအား ငိုကြွေးခြင်းနှင့် အံသွားခဲကြိတ်ခြင်း ရှိရာ ပြင်အရပ် မှောင်မိုက်ထဲသို့ ပစ်ထား၏။ ဤအကျိုးမရှိသော ငယ်သားက ခရစ်တော်၏အမှုတော် ကို ဆောင်ရွက်သော၊ အမည်ခံ ယုံကြည်သူများကို ကိုယ်စားပြုပါသည်။ ပျင်းရိခြင်း၌ ဆင်ခြေ ပေးစရာ မရှိပါ။ ယုံကြည်သူတိုင်းသည် ဤလောက၌ အပြစ်သားများထံ ခရစ်တော်အကြောင်း ဟောပြောခြင်းဖြင့် ခရစ်တော်၏အမှုတော်ကို ဆောင်ရွက်လျက်ရှိကြ၏။ ထိုအမှုကို သန့်ရှင်းသော အသက်တာဖြင့် အသက်ရှင်ခြင်းအားဖြင့်လည်း ဆောင်ရွက်လျက်ရှိကြ၏။ ဝိညာဉ်ဆုကျေးဇူးများ လက်တွေ့ အသုံးချခြင်းဖြင့်လည်း အသင်းတော်၌ ခရစ်တော်၏အမှုတော်ကို ဆောင်ရွက်ကြပါသည်။ ယုံကြည်သူချင်းတို့၏ ယုံကြည်ခြင်းကို တည်ဆောက်လျက် အမှုတော် ဆောင်ရွက်ခဲ့ကြပါသည်။ ထိုနည်းတူ၊ ယုံကြည်သူချင်းများ၏ ပြုသောအမှုတော်အားဖြင့် သူတို့၏ အသက်တာသည်လည်း မြဲမြံတည်ကြည်ခြင်း ရှိလာခဲ့ပါသည်။ ထိုသို့ အချင်းချင်း ယုံကြည်ခြင်း၌ တည်ဆောက်ခြင်းအမှုသည် နှုတ်ကပတ်တော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဘုရားသခင် ပြုတော်မူသော အမှုဖြစ်ပါ သည်။

**ဆင်ခြင်ရန်** - သစ္စာရှိခြင်းသည် သန့်ရှင်းသော အသက်တာ၌ အစပျိုး၏။
**ဆုတောင်းချက်-** အဖဘုရား၊ လှည့်စားခြင်း မခံရမည်အကြောင်း အကျွန်ုပ်ကို မစတော်မူပါ။



အင်္ဂါ၊ မေ (၁၉)
**မာကု ၃:၂၂-၃၀**
ကျက်မှတ်ရန်၊ မာကု ၃:၂၈-၂၉

*"အပြစ်အမျိုးမျိုးရှိသမျှတို့နှင့် လွှတ်စေခြင်းအခွင့်ကို လူသားတို့သည် ရနိုင်ကြ၏"*

## မသင့်မတင့်ကွဲပြားသော တိုင်းနိုင်ငံ၊ ခွင့်လွှတ်၍မရသော အပြစ်

ခွင့်လွှတ်၍မရသော အပြစ်သည် ဘုရားသခင်ရှေ့တွင် ခရစ်တော်၌ နောင်တရလျှင်ပင် ခွင့်လွှတ်၍မရသော အပြစ်ဖြစ်ပါသည်။ ထိုသို့သောအပြစ်ရှိပါသလား။ အချို့က ထိုအပြစ်သည် သန့်ရှင်းသော ဝိညာဉ်တော် ဆန့်ကျင် ငြင်းပယ်ခြင်းအပြစ်ဖြစ်သည်ဟု ဆိုကြပါသည်။ သို့သော်လည်း၊ လူတို့ ကျူးလွန်သော အပြစ်တိုင်းသည် ခရစ်တော်နှင့် ဘုရားသခင် အပေါ် လွန်ကျူးသော အပြစ် ဖြစ်သည်အလျှောက်၊ သန့်ရှင်းသော ဝိညာဉ်တော်အပေါ် လွန်ကျူးသော အပြစ်ပင်ဖြစ်ပါသည်။ ပေတရုအား အာနန် မုသားပြောခဲ့စဉ်၊ သူ ကျူးလွန်သောအပြစ်ကို သန့်ရှင်းသော ဝိညာဉ်တော် ဆန့်ကျင်ခြင်းဟု ဆိုခဲ့ပါသည် (တမန် ၅:၃)။ ခွင့်လွှတ်၍မရသော အပြစ်ဟူ၍ မရှိပါ။ ခွင့်လွှတ်၍ မရသော အပြစ်ဟူသော သွန်သင်ချက်သည် သမ္မာကျမ်းစာ၌ မဟုတ်ဘဲ၊ လူအများလက်ခံမှု၌ အခြေခံထားသော သွန်သင်ချက်ဖြစ်ပါသည်။ အန္တရာယ်ရှိသည့် အမှားဖြစ်ပါသည်။ အကြောင်းမှာ၊ ထို သွန်သင်ချက်က ကားတိုင်ပေါ်၌ အသေခံတော်မူသော ခရစ်တော် သေခြင်း၏ အနှိုင်းမဲ့တန်ဖိုး ကို မထိမဲ့မြင်ပြုရာ ရောက်ပါသည်။ ကာရာနီတောင် ခရစ်တော်၏ အသေခံခြင်း၌ အပြစ်သား ပြုသော အဘယ်အပြစ်မဆို သန့်စင် ဆေးကြောလျက် ခွင့်လွှတ်နိုင်သော တန်ဖိုးရှိပါသည်။ ခရစ်တော် ပြုတော်မူသော ကယ်တင်ခြင်း အမှုတော်သည် အပြစ်အလုံးစုံကို ခွင့်လွှတ်နိုင်သည် ဖြစ်သောကြောင့်၊ ခရစ်တော်၏အသွေးတော် မသန့်စင်၊ မဆေးကြောနိုင်သော အပြစ်ရှိသည်ဟု ဆိုခြင်းသည်၊ ယေရှုခရစ်တော်ကို သေခြင်းမှ ရှင်ပြန်ထမြောက် စေတော်မူသော ဘုရားသခင်ရှေ့၌ စက်ဆုပ်ရွံရှာစရာ ဖြစ်ပါလိမ့်မည်။

မာကု ၃:၂၂-၃၀ တွင်၊ ကျမ်းပြုဆရာများသည်၊ ခရစ်တော်အား သူသည် ဗေလဇေဗုလ ဖြစ်သည်ဟု ဆိုလျက်၊ ငြင်းပယ်ခဲ့ကြပြီး၊ အပြစ်သားများ ကယ်တင်ခြင်း ခံရမည်အကြောင်း သူတို့၏ အပြစ်ကို ဖော်ပြဖို့ရန် ဘုရားသခင် စေလွှတ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်အပေါ် အပြစ် ကျူးလွန်ခဲ့ကြကြောင်း တွေ့ရပါသည်။ ထိုကျမ်းပြုဆရာတို့သည် သမ္မာတရားအလင်းကို မြင်လျက်၊ နောင်တရပြီး၊ ခရစ်တော်ကို ယုံကြည်ခဲ့ကြလျှင်၊ အခြားအပြစ်သားများနည်းတူ ကယ်တင်ခြင်း ခံကြရမည်ဖြစ်ပါသည်။ ကျွန်တော်တို့သည်လည်း ဘုရားသခင်၏ကျေးဇူးတော်ခံစားရလျက်၊ နောင်တရပြီး၊ ခရစ်တော်ကို မိမိ၏ကယ်တင်ရှင် သခင်အဖြစ် လက်မခံမီ သတင်းကောင်းကို အကြိမ်ကြိမ် ငြင်းပယ်ခဲ့ကြဖူး သည် မဟုတ်လော။ မသဲ ၁၂:၂၄-၃၂ တွင် ထိုအပြစ်အကြောင်းကို ဖော်ပြခဲ့ပါ သည်။ မသဲထဲတွင်၊ ယေရှုက၊ လူသားအပေါ် ပြစ်မှားသော အပြစ်ကို ခွင့်လွှတ်၍ရပြီး၊ သန့်ရှင်းသော ဝိညာဉ်တော် အပေါ် ပြစ်မှားသော အပြစ်ကို ခွင့်လွှတ်၍ မရကြောင်း သတိပေးခဲ့ပါသည်။ ဆိုလို သည်မှာ လူချင်းအပေါ် ကျွန်တော်တို့ အမှားပြုလျှင်၊ ထိုသူထံ သွား၍ ခွင့်လွှတ်ခြင်း တောင်းခံနိုင် ကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ သို့သော်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော် အပေါ် ပြစ်မှားလျှင်၊ ခွင့်လွှတ်ခြင်း တောင်းခံဖို့ရန် ဘယ်မှာ သွားရှာကြရပါမည်နည်း။ ရှာတွေ့နိုင်ရင်တောင်၊ ခွင့်လွှတ်ခြင်း ခံရမည်အကြောင်း အပြစ်၏အခ ဘာကို ပေးကြရပါမည်နည်း။ ဘုရားသခင်ထံ ပေးနိုင်သောအရာ ဘာမှ မရှိပါ။ အပြစ်သားသည် ခရစ်တော် အားဖြင့်သာ ကယ်တင်ခြင်း ရနိုင်၏။ သို့သော်လည်း၊ ကျမ်းပြုဆရာများက သူသည် ဗေလဇေဗုလ ဖြစ်၏ဟု ဆိုကြပါသည်။ ကျမ်းပြုဆရာတို့သည် ခရစ်တော်ကို မငြင်းပယ်ဘဲ၊ ကယ်တင်ခြင်း ရမည်အကြောင်း၊ သူတို့၏ မိုက်မဲမှုကို ခရစ်တော် ဖော်ပြလိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - ခွင့်လွှတ်၍မရသောအပြစ်ရှိပါလျှင်၊ ခရစ်တော် အသေခံခြင်း အဖိုးအခသည် အကန့်အသတ်ရှိပါလိမ့်မည်။
**ဆုတောင်းချက်** - အဖဘုရား၊ အပြစ်အားလုံးမှ အကျွန်ုပ်ကို လွှတ်စေတော်မူသော သမ္မာတရားကို သိမည်အကြောင်း မစတော်မူပါ။

**မာကု ၃း၂၂-၃၀**

ကျက်မှတ်ရန်၊ မာကု ၃း၂၇

*"စာတန်သည် မိမိတဘက်၌ ထ၍ မိမိနှင့် မသင့်မတင့်ကွဲပြားလျှင် မတည်နိုင်"*

## မသင့်မတင့်ကွဲပြားသော တိုင်းနိုင်ငံ၊ မိုက်မဲသော အတွေးအခေါ်

ယေရှုက ကျမ်းပြုဆရာများ၏ မဖြစ်နိုင်သော အတွေးအခေါ်ကို အချက်သုံးချက်ဖြင့် ဖော်ပြခဲ့ပါသည်။ စာတန်က စာတန်ကို မည်သို့ နှင်ထုတ်နိုင်မည်နည်း။ ယေရှုသည် စာတန်ဖြစ်၍ နတ်ဆိုးသည် စာတန်ဖြစ်လျှင်၊ အဘယ်သူသည် မိမိကိုယ်ကို နှင်ထုတ်မည်နည်း။ မဖြစ်နိုင်ပါ။ ထို့နောက်၊ ယေရှုက တိုင်းနိုင်ငံ ဥပမာ ဆက်လက်ဖော်ပြခဲ့ပါသည်။ စာတန်သည် ကမ္ဘာ့လူသား အားလုံးကို မကောင်းမှုပြုစေဖို့ နတ်ဆိုးများ စေလွှတ်လျက် ဝင်ပူးဖို့စေခဲ့ပြီး၊ ထိုလူများကို ကယ်တင်ဖို့ ထိုနတ်ဆိုးများကို နှင်ထုတ်ပြန်လျှင်၊ ထိုသို့သော တိုင်းနိုင်ငံသည် မိမိကိုယ်ကို ဆန့်ကျင်လျက်ရှိသော ကြောင့်၊ ရပ်တည်နိုင်မည် မဟုတ်ပါ။ ယေရှု၏ နောက်ဆုံး ဥပမာသည် အိမ်ဖြစ်ပါသည်။ စာတန် နတ်ဆိုးများကို စေလွှတ်လျက် လူတဦးကို ဝင်ပူးစေပြီး၊ ထိုနတ်ဆိုးများကို ပြန်နှင်ထုတ်လျှင်၊ မိမိ ပြုသောအမှုကို ဖျက်ဆီးရာရောက်ပါသည်။ ထိုနည်းတူ၊ ထိုကဲ့သို့သော မိုက်မဲသည့် အပြုအမူသည် မိမိအိမ်ကို မိမိကိုယ်တိုင် ဖျက်ဆီးရာရောက်လိမ့်မည်။ မိမိကြိုးစား လုပ်ဆောင်ခဲ့သောအမှုကို မိမိကိုယ် တိုင် ထိုသို့ ပြန်လည် ဖျက်ဆီးခဲ့လျှင်၊ စာတန်သည် ရပ်တည်နိုင်မည် မဟုတ်ပါ။ အားကြီးသောလူ၏ အိမ်ကို ဖျက်ဆီး (သို့) လုယူဖို့ရန် ထိုအားကြီးသောသူကို အရင် ချည်နှောင်ရပါမည်။ ထိုသို့ လုယူသော သူသည် အိမ်ထဲက မဟုတ်ဘဲ အိမ်ပြင်ကလူ ဖြစ်ရပါမည်။ အားကြီးသောသူသည် မိမိကိုယ်ကို ချည်နှောင်လိမ့်မည် မဟုတ်ပါ။ ထိုသို့ မိမိကိုယ်ကို ချည်နှောင်ခဲ့လျှင် အဘယ်သူက အိမ်ကို ဖောက်ထွင်း မည်နည်း။ ထိုသို့ ယေရှုက မဖြစ်နိုင်သော ဥပမာများကို အသုံးပြုလျက် ကျမ်းပြုဆရာ များ၏ မိုက်မဲသော၊ မဖြစ်နိုင်သော အတွေးအခေါ် ကို ထောက်ပြတော်မူခဲ့၏။ ယေရှုသည် ဗေလဇေဗုလ မဟုတ်၊ ဗေလဇေဗုလထံမှလည်း တန်ခိုးရသည် မဟုတ်ပါ။ သူသည် စာတန်ကို ဆန့်ကျင်သောသူ၊ နတ်ဆိုးများ၏ တန်ခိုးနှင့်ပြုသောအမှုကို ဆန့်ကျင်တော်မူသောသူဖြစ်ပါသည်။

ယေရှု၏ ထောက်ပြချက်များသည် အမှန်ဖြစ်လျှင်၊ ယေရှု ပြုတော်မူသော အံ့ဘွယ်အမှုကို ငြင်း၍ မရသောကြောင့်၊ ကျမ်းပြုဆရာများက ဘုရားသခင်သည် မိမိတို့ဘက်၌ ရပ်တည်၏ ဟူသော ယူဆချက်သည် အမှားဖြစ်ရပါမည်။ ဘုရားသခင်သည် ယေရှုဘက်၌ ရပ်တည်လျှင်၊ ယေရှု၏ သွန်သင်ချက်အားလုံးသည် ဘုရားသခင်ထံမှလာသော သွန်သင်ချက်ဖြစ်ပြီး၊ အမှန်ဖြစ်ရပါမည်။ ယေရှုသည် မိန့်တော်မူသည်အတိုင်း၊ ဘုရားသခင်၏သားတော် ဖြစ်တော်မူ၏။ စာတန်အပါအဝင်၊ နတ်ဆိုးတို့သည် မိမိတို့ကို ဖန်ဆင်းတော်မူသော ဖန်ဆင်းရှင် တပါးတည်းကိုသာ နာခံခဲ့ကြ၏။ ခရစ်တော်က၊ မိမိသည် ဘုရားသခင်၊ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော ဖန်ဆင်းရှင် ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ သူတို့ဘက်၌ ဘုရားသခင် ရပ်တည်သည် ဖြစ်သောကြောင့်၊ သူတို့ကို ဆန့်ကျင်သောသူတိုင်းသည် စာတန်ဘက်လိုက် ဖြစ်ပြီး၊ ရန်သူဖြစ်သည် ဟူသော ကျမ်းပြုဆရာများ၏ မာနထောင်လွှားသောအတွေးကို သူတို့ ပြန်လည်သုံးသပ်ဖို့ လိုပါသည်။ ဘုရားသခင်က ကျွန်တော်တို့ကို ဆုံးမ အပြစ်တင်သောအခါ၊ ကျမ်းပြုဆရာများ ထင်မှတ်သကဲ့သို့ ဘုရားသခင်အား ရန်သူအဖြစ် ကျွန်တော်တို့ မသတ်မှတ်သင့်ပါ။ ဘုရားသခင်၏စကားကို အစဉ် နာခံမှု ရှိရပါမည်။

**ဆင်ခြင်ရန်** - ခရစ်တော်ဘက်၌ ကျွန်တော်ရပ်တည်ကြောင်း ကျွန်တော် သေချာ ပါသလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ အကျွန်ုပ်သည် အစဉ်နာခံ သင်ယူသောသူ ဖြစ်မည်အကြောင်း၊ အကျွန်ုပ်၏ယုံကြည်ခြင်းသည် သမ္မာကျမ်းစာ ဟောပြော သော ခရစ်တော်၌ တည်သော ယုံကြည်ခြင်းဖြစ်မည်အကြောင်း မစတော်မူပါ။





**မသဲ ၁၅း၁၄-၃၀**

ကျက်မှတ်ရန်၊ မသဲ ၂၅း၂၉

*"အကြင်သူသည် ဆင်းရဲ၏။ ထိုသူ၌ရှိသမျှကိုပင် နုတ်လိမ့်မည်"*

## ငွေ ဥပမာ၊ ကြိုးစားအားထုတ်မှု

ကြိုးစားအားထုတ်ခြင်းသည် သမ္မာသတိရှိခြင်း၏ ကျမ်းစာသွန်သင်ချက် သက်သေ ဖြစ်၏။ သမ္မာသတိရှိခြင်းသည် ရှိသမျှအရာကို ရောင်းလျက်၊ ဝတ်လုံဖြူကို ဝတ်ဆင်ပြီး၊ တောင်ကုန်းပေါ် သို့ တက်၍ ခရစ်တော် ကြွလာမည့်အချိန်ကို အထက် ကောင်းကင် မျှော်ကြည့်လျက် စောင့်နေခြင်း မဟုတ်ပါ။ ထိုသို့သော ရုပ်ရှင်ဆန်ဆန် မိုက်မဲမှုက ခရစ်တော် ကြွလာတော်မူခြင်းကို ပြက်ရယ်ပြု လျက်ရှိပါသည်။ ထိုအမှုသည် မာရ်နတ် ပြုသောမှုဖြစ်ပါသည်။ မယုံကြည်သူများစွာက၊ ခရစ်ယာန် ဘာသာတရားသည် မိုက်မဲသောသူများ၏ ဘာသာရေးဟု ထင်မှတ်ကြပါလိမ့်မည်။

သို့သော်လည်း၊ ဒုတိယ မွေးဖွားခြင်း ခံရသော ယုံကြည်သူများက ခရစ်တော် ကြွလာတော်မူ ချိန်ကို သမ္မာသတိရှိလျက်၊ ကြိုးစားအားထုတ်ပြီး စောင့်လျက်နေသောအခါ၊ အကျိုးမှုကား ခရစ်တော် ၌ တည်သောဘုရားသခင်၏ တန်ခိုးတော် ထင်ရှားခြင်းဖြစ်ပါသည်။ ယုံကြည်သူများသည် သမ္မာ ကျမ်းစာအတိုင်း သန့်ရှင်းခြင်း၊ ဘုရားသခင် ကြောက်ရွံ့ခြင်းနှင့် ဖြောင့်မတ်ခြင်းတရား၌ အသက်ရှင် ကြ၏။ ထိုသူတို့၏ ဘုရားသခင် ကြောက်ရွံ့ခြင်းအသက်တာက ဘုရားသခင်အတူပါရှိတော်မူခြင်းနှင့် ချစ်ခြင်းမေတ္တာတော်ကို ထင်ရှားစေလျက်၊ ထိုအမှုအားဖြင့် အပြစ်မှ နောင်တရသောသူတို့သည် ကယ်တင်ခြင်းခံရကြ၏။ ဤသည်ကား ဘုရားသခင်သည် မိမိချစ်သော သားသမီးတို့ကို ကယ်တင် လျက်၊ ကောင်းကင်ဘုံရှိ အဖ၏ စကားကို နာခံခြင်းကြောင့် ညှဉ်းဆဲခြင်း ခံရမည့်နေရာ၊ ဝိညာဉ်အမှု ၌ သေလျက်ရှိသော၊ မိုက်မဲသောလူများဖြင့် ပြည့်လျက်ရှိသည့် မှောင်မိုက်သော ဤကမ္ဘာ၌ ထားခဲ့ရခြင်း၏ အဓိက ရည်ရွယ်ချက်ဖြစ်ပါသည်။ ခရစ်တော်အကြောင်းကြောင့် သူတို့နှိမ့်ချသော စိတ်ဖြင့် ခံစားနေရသော အခက်အခဲသည်၊ ကားတိုင်ပေါ်၌ လူဆိုးအတွက် ဖြောင့်မတ်သော ခရစ်တော် အသေခံခြင်း သက်သေကို ပေါ်လွင်စေလျက်ရှိပါသည်။ ထိုသို့သော နှိမ့်ချသည့် ခရစ်တော် အဓိကထားခြင်း အသက်တာအားဖြင့်၊ သတင်းကောင်းသည် သန့်ရှင်းသော ဝိညာဉ်တော် ၏တန်ခိုးတော်နှင့်တကွ ဟောပြောခြင်းခံလျက် ကယ်တင်ခြင်းအကျိုး ဖြစ်ပွားစေလျက်ရှိပါသည်။

ယုံကြည်သူတိုင်း၏ သတင်းကောင်း ဝေငှခြင်းနှင့် အမှုတော် ဆောင်ရွက်ခြင်းအမှု၌ ကြိုးစားအားထုတ်ခြင်းသည် မိမိအကျိုးအတွက် မဟုတ်ဘဲ၊ ဘုရားသခင် စေခိုင်းတော်မူချက်ဖြစ်သည့် ခရစ်တော်အတွက် သက်သေခံခြင်း တာဝန် သိစိတ်ကြောင့် ဖြစ်ရပါမည်။ ထိုသို့ ကြိုးစားအားထုတ် လျှင် မိမိကိုယ်ကျိုးအတွက်၊ မိမိ၏ အလိုကို လိုက်လျက် နေထိုင်နိုင်မည် မဟုတ်ပါ။ ခရစ်တော် အတွက် သက်သေခံဖို့ရန် ကယ်တင်ခြင်းခံရသည်ဖြစ်သောကြောင့်၊ ခမည်းတော်ဘုရား စေခိုင်းတော် မူသောအမှုကို ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေဖို့ရန် မိမိအစွမ်းရှိသမျှဖြင့် အကောင်းဆုံး ကြိုးစားဆောင်ရွက်ရမည်ဖြစ် ပါသည်။ ထိုကြိုးစားအားထုတ်ခြင်းက သူရရှိခဲ့သော ခရစ်တော်၏ ကယ်တင်ခြင်း ကြီးမြတ်တော်မူခြင်းကို ထင်ရှားစေပါသည်။ သမ္မာသတိရှိခြင်း၌ ကြိုးစားအားထုတ်ခြင်း မပါလျှင် အချည်းနှီးဖြစ်ပါသည်။ ကြိုးစားအားထုတ်ခြင်း၌ သမ္မာသတိရှိခြင်း မပါလျှင် အသက်တာ သန့်ရှင်းခြင်းသည် ခဏသာ ဖြစ်ပါသည်။ ခရစ်တော်ကြွလာတော်မူသောနေ့၌ ဘုရားသခင်နှစ်သက် တော်မူသော အသက်တာပိုင်ဆိုင်ဖို့ရန် ယုံကြည်သူအပေါင်းသည် သမ္မာသတိရှိလျက်၊ ကြိုးစားအား ထုတ်ခြင်း ရှိဖို့လိုပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော် ကြွလာတော်မူသည့်အချိန်ထိ ခရစ်တော်အတွက် သမ္မာသတိရှိလျက်၊ ကြိုးစားအားထုတ် ပါလော့။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ခရစ်တော်အတွက် အဆုံးတိုင်အောင် သစ္စာရှိလျက် အသင့်ရှိမည်အကြောင်း မစတော်မူပါ။ အာမင်။

စနေ၊ မေ (၁၆)
**မာကု ၃း၂၂-၃၀**
ကျက်မှတ်ရန်၊ မာကု ၃း၂၂

*"သူသည် ဗေလဇေဗုလ စွဲသောသူ ဖြစ်၏၊ နတ်ဆိုးမင်းကို အမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်သည်'*

## မသင့်မတင့်ကွဲပြားသော တိုင်းနိုင်ငံ၊ အခြေအနေ

မာကု ၃း၂၂-၃၀ ကို နားလည်သဘောပေါက်ဖို့ရန် နောက်ခံအခြေအနေ သိဖို့ အလွန်အရေးကြီးလှပါသည်။ သူသည် နတ်ဆိုးမင်း ဗေလဇေဗုလ၏ တန်ခိုးဖြင့် နတ်ဆိုးများကို နှင်ထုတ်သည်ဟူသော ခရစ်တော်အပေါ် ကျမ်းပြုဆရာများ၏ စွပ်စွဲချက်ကို အဘယ်ကြောင့် မာကု မှတ်တမ်းတင်ခဲ့ပါသနည်း။ ရှင်မဿဲ ခရစ်ဝင်ကျမ်း၌ ဤသို့ နောက်ခံအခြေအနေ ဖော်ပြခဲ့ပါသည်။ မဿဲ ၁၂း၂၂-၂၄၊ "ထိုအခါ နတ်ဆိုးစွဲသော လူကန်းလူအ တယောက်ကို အထံတော်သို့ ဆောင်ခဲ့ကြ လျှင်၊ ထိုလူကန်းလူအသည် မျက်စိမြင်၍ စကားပြောနိုင်အောင် ကယ်မတော်မူ၏။ လူအစုအဝေး အပေါင်းတို့သည် မိန်းမောတွေဝေ၍၊ ဤသူသည် ဒါဝိဒ်၏သားတော်ဖြစ်လိမ့်မည်လောဟု ပြောဆိုကြ ၏။ ဖာရိရှဲတို့သည် ကြားလျှင်၊ ဤသူသည် နတ်ဆိုးမင်း ဗေလဇေဗုလကို အမှီပြု၍သာ နတ်ဆိုးတို့ကို နှင်ထုတ်သည်ဟု ဆိုကြ၏။"

နတ်ဆိုးသည် ထိုလူကို ဝင်ပူးလျက်၊ လူကန်းလူအဖြစ်စေခဲ့ပါသည်။ သူတို့သည် ထိုလူအထဲ ရှိ နတ်ဆိုးကို မမြင်နိုင်ခဲ့ကြပါ။ သို့သော်လည်း၊ နတ်ဆိုး ဝင်ပူးခြင်းကြောင့် မျက်ကန်းဖြစ်လျက် လူအ ဖြစ်ခဲ့ပါသည်။ အခြားလူတို့က ကိုယ်ကာယနှင့်ဆိုင်သော ရောဂါ တခုဟုသာ ထင်မှတ်ကြ၏။ သို့သော်လည်း၊ ခရစ်တော်က ဤအမှုသည် ဝိညာဉ်နှင့်ဆိုင်သော၊ အလွန်အရေးကြီးသည့်အမှု ဖြစ်ကြောင်း သိမှတ်တော်မူ၏။ ရောဂါတိုင်းသည် နတ်ဆိုးစွဲသောကြောင့် မဟုတ်ပါ၊ မျက်ကန်းနှင့် လူအတို့သည်လည်း ထိုနည်းတူဖြစ်ပါသည်။ ကိုယ်ကာယနှင့်ဆိုင်သော ရောဂါလည်းဖြစ်နိုင်ပါသည်။ ထိုသို့သောရောဂါကို ဆေးဝါးကုသခြင်းဖြင့် ပြန်လည် ကျန်းမာလာနိုင်ပါသည်။

သို့သော်လည်း၊ ဘုရားသခင်၏သားသမီးတို့အတွက် အရာရာတိုင်းသည် ဝိညာဉ်နှင့် ဆိုင်သောအရာ ဖြစ်လာခဲ့ပါသည်။ အကြောင်းမှာ၊ ခရစ်တော်သည် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ကယ်တင်ခြင်း ရသောအချိန်၌ ဗတ္တိဇံ ခံစေတော်မူပြီဖြစ်သောကြောင့်၊ ဝိညာဉ်နှင့်ဆိုင်သောသူ ဖြစ်လာခဲ့ပါပြီ။ ကယ်တင်ခြင်း ခံရသောအချိန်မှစ၍ သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုသူ၌ ထာဝရ ကျိန်းဝပ်တော်မူသည်ဖြစ်၍ ဝိညာဉ်နှင့်ဆိုင်သောသူဖြစ်ခဲ့ပါပြီ။ သူသည် အသွေးအသား ရှိသောရန်သူကို တိုက်လှန်သည် မဟုတ်၊ အထက်အရပ်၌ ရှိသော နတ်ဆိုးများနှင့် ဆိုင်ပြိုင်တိုက်လှန် ကြရပါသည် (ဧဖက် ၆း၁၂)။ သူသည် ထိုဝိညာဉ် စစ်ပွဲကို မခြားမလပ် ဆုတောင်းခြင်းဖြင့် တိုက်ခိုက် လျက်ရှိပါသည်။ အကြောင်းမှာ ဘုရားသခင်သာလျှင် သူ့ကို မစတော်မူနိုင်၏။ ထိုယုံကြည်သူသည် သန့်ရှင်းသော ဝိညာဉ်တော် ကျိန်းဝပ်တော်မူခြင်းကြောင့် နတ်ဆိုး ဝင်ပူးခြင်း မခံနိုင်တော့ပါ။ ဘယ်သူ မဆို၊ မယုံကြည်သူ ဖြစ်ဖြစ်၊ ရာထူးမြင့်သောသူဖြစ်ဖြစ်၊ ဘုရားသခင်သည် ဆေးဝါးကုသမှုခံယူခြင်းဖြင့် သူတို့ကို ကျန်းမာစေတော်မူနိုင်ပြီး၊ အခြားသောအရာကို အသုံးပြုခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ ဘုရားသခင်သည် အနန္တတန်ခိုးရှင်ဖြစ်တော်မူပြီး၊ ယုံကြည်သူသည် ဘုရားသခင်၏ ကွယ်ကာမှုကို တသက်လုံး ခံစားရပါသည်။ နတ်ဆိုးကို နှင်ထုတ်လျက်၊ လူကန်းလူအကို ကျန်းမာခြင်း ပေးသနား တော်မူသော ခရစ်တော်၏တန်ခိုးတော်ကို ကျမ်းပြုဆရာတို့သည် မေးခွန်းထုတ်ခဲ့ကြ၏။ ဤလူအား မာရ်နတ်၏တန်ခိုးအားဖြင့် ကျန်းမာစေခြင်း ဖြစ်သည်ဟု ခရစ်တော်အား စွပ်စွဲခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - နတ်ဆိုးစွဲခြင်းသည် အရင်ကရှိခဲ့သလို၊ ယခုအချိန်၌လည်း ရှိ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၌ ကျိန်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်ကြောင့် ကျေးဇူးတင်ပါ၏။



တနင်္လာနေ့၊ မေ (၁၇)
**မာကု ၃း၂၂-၃၀**
ကျက်မှတ်ရန်၊ မာကု ၃း၂၃

*"တိုင်းနိုင်ငံသည် မိမိနှင့် မသင့်မတင့် ကွဲပြားလျှင် မတည်နိုင်ရာ"*

## မသင့်မတင့်ကွဲပြားသော တိုင်းနိုင်ငံ၊ နတ်ဆိုး၏ သံတမန်

ယေရုရှလင်မြို့မှ လာသော ကျမ်းပြုဆရာတို့သည် သန့်ရှင်းသော မြို့တော်မှ လာသောသူဖြစ်ကြသောကြောင့်၊ အလွန် လေးစားခြင်းခံရကြပါသည်။ သူတို့သည် ဘုရားသခင်ဘက်၌ ရပ်တည်လျက်၊ ဘုရားသခင်သည်လည်း သူတို့ဘက်၌ ရပ်တည်သည်ဟု ထင်မှတ်ကြပါသည်။ ယေရှုအား ရန်သူအဖြစ် သတ်မှတ်ကြသောကြောင့်၊ ယေရှုသည် ဘုရားသခင်ဘက်၌ ရပ်တည်သောသူ မဖြစ်နိုင်ပါ။ ကျမ်းပြုဆရာတို့သည် အံ့ဘွယ်အမှုကို မငြင်းပယ်နိုင်ကြပါ။ နတ်ဆိုးတို့သည် ယေရှု၏ စကားကို နာခံခဲ့ကြ၏။ သက်သေမူကား၊ ထိုသူသည် စကားပြောခြင်း၊ နားကြားခြင်း အခွင့်ကို ရခဲ့ပါသည်။ ထိုသူအထဲမှ နတ်ဆိုးများ ထွက်သွားခဲ့ခြင်းကို မျက်စိဖြင့် မမြင်ခဲ့ကြသော်လည်း၊ ထိုသူ ကျန်းမာခြင်း ရရှိခဲ့သည်ကို လုံးဝ ငြင်း၍မရပါ။ နတ်ဆိုးတို့သည် ယေရှု၏စကားကို နာခံခဲ့ကြပြီး၊ ယေရှုသည် ဘုရားသခင်ဘက်၌ ရပ်တည်သောသူ မဟုတ်ခဲ့လျှင်၊ ထိုတန်ခိုးကို နတ်ဆိုးများ၏ မစခြင်းဖြင့် ရသောတန်ခိုး ဖြစ်ရပါမည်။ ဗေလဇေဗုလ (အညစ်အကြေး၏ သခင်) အမည်သည် မာရ်နတ်ကို ဆိုလိုပါသည်။ ဗေလဇေဗုလ အမည်သည် ခါလဒဲ စကားမှ ဆင်းသက်ခြင်းဖြစ်ပါသည်။ ဗေလဇေဗုလအား ယင်ကောင်များ၏သခင်ဟု ဟာသအနေဖြင့် အတုခိုးခြင်းရှိပါသည်။

ယေရှုအား ပြင်းထန်စွာ စွပ်စွဲခဲ့ကြသောကြောင့်၊ သူတို့သည် နောင်တရလျက်၊ ယေရှုအား မိမိတို့၏ ကယ်တင်ရှင် သခင်အဖြစ် လက်မခံခဲ့လျှင်၊ ငရဲကျကြပါလိမ့်မည်။ ထိုသို့သော ခရစ်တော် တိုက်ခိုက်ခြင်းမျိုးကို ယနေ့၌လည်း တွေ့ရပါသည်။ ယေရှု ခရစ်တော်အား မဟုတ်မမှန် မှတ်ယူ ဖော်ပြ ဟောပြောခြင်းသည် အလွန်ကြီးမားသော ပြစ်မှုလွန်ကျူးခြင်းဖြစ်ပါသည်။ အကြောင်းမှာ၊ ငရဲမှ အပြစ်သားကို ကယ်တင်နိုင်သော၊ တခုတည်းသော အမည်နာမသည် ခရစ်တော်သာလျှင် ဖြစ်တော်မူ၏။ အပြစ်သားသည် နှစ်ပေါင်းများစွာ စွဲကိုင်လာခဲ့သော မိမိ၏အယူဝါဒကို ပြောင်းလဲပစ်ဖို့အလွန်ခက်ခဲလှပါသည်။ တစ်နှစ်မျှသာ စွဲကိုင်သည့် အယူဝါဒ ပြောင်းလဲခြင်းကိုပင် မိမိ၏ဘဝတလုံး မိမိကိုယ်ကို ငြင်းပယ်ခဲ့သလို ထင်မှတ်ရပါသည်။ မိမိ မှားယွင်းခဲ့ကြောင်း ဝန်ခံလျက်၊ သူတပါးအား မှားယွင်းစွာ သင်ပေးခဲ့ကြောင်း ဝန်ခံရမည်ဖြစ်၏။ ထိုသို့ ဝန်ခံခြင်းသည် အလွန် ခက်ခဲလှသော၊ စိတ်နှိမ့်ချခြင်း အမှန် လိုအပ်သော အမှုဖြစ်ပါသည်။ မိမိ၏ မာနသည် ဧဝရက်တောင်လောက် ကြီးမားလျက်၊ ကောင်းကင်နိုင်ငံ မဝင်နိုင်အောင် ဆီးကာထားပါသည်။ အကြောင်းမှာ၊ ခရစ်တော်အပေါ် မိမိ၏မှားယွင်းသော အယူဝါဒကို ဝန်မခံလိုသောကြောင့်ဖြစ်၏။

ကျမ်းပြုဆရာများသည် ထိုသို့ဖြစ်ကြပါသည်။ ခရစ်တော်အား ဗေလဇေဗုလ စွဲသောသူဟု စွပ်စွဲခဲ့သော်လည်း၊ ကျေးဇူးတော်နှင့် ပြည့်စုံတော်မူသော ခရစ်တော်သည် ကယ်တင်ခြင်း အကြောင်း ဝေငှတော်မူခဲ့၏။ သူတို့သည် သူ့ကို သတ်လိုခဲ့ကြသော်လည်း၊ ခရစ်တော်သည် သူတို့အား ကယ်တင်လိုခဲ့ပါသည်။ ထိုအကြောင်းသည် ခရစ်တော်၏ ထူးခြားသော ဤဥပမာ၏ အနက်ကို မှန်ကန်စွာ နားလည်ဖို့ရန် အရေးကြီးသော အခြေခံအချက်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏နိုင်ငံတော်သည် ကွဲပြားပါသလား။ မကွဲပြားလျှင် အဘယ့်ကြောင့် အသင်းတော်၌ ကွဲပြားခြင်း ရှိရပါသနည်း။
**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ သမ္မာကျမ်းစာအတိုင်း ခရစ်တော်အကြောင်းကို သိမြင်မည်အကြောင်း အကျွန်ုပ်၏မျက်စိကို ဖွင့်ပေးတော်မူပါ။ အာမင်။